ညဖြူဖြူ
သူတော်စင်ရူး
သူခိုးငရိုး

တင်ဦးခက်

White nights & other stories
FYODOR DOSTOEVSKY

တတိယအကြိမ်

ပုံနှိပ်မှတ်တမ်း

ပါရီစာပေ

PARIS PUBLISHING HOUSE

စာအုပ် (၁၂)

အမှတ် - ၇၉၁ B၊ စတုတ္ထထပ်၊ ကျော်သူ ၂၁ လမ်း၊ ၉ ရပ်ကွက်၊

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉၈၈၂၆၈၂၆၀၄

ဖြန့်ချိရေး - Genius Book House

အမှတ် ၂၉၄ (ပ) ထပ်၊ လမ်း (၄၀) အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ဖုန်း - ၀၉၇၉၄၅၅၉၆၃

ပုံနှိပ်ခြင်း - တတိယအကြိမ်၊ အုပ်ရေ ၁၀၀၀

ထုတ်ဝေခြင်း - ဇွန်လ၊ ၂၀၂၅

မျက်နှာဖုံး - ပန်းချီ - စိုးနိုင်၊ ဒီဇိုင်း - အံ့ဘွယ်ဇင်။

ထုတ်ဝေသူ - ဦးဘိုဘိုမျိုးကြည် (၀၃၂၀၄)၊ ပါရီစာပေ (Paris Publishing House)

အမှတ် - ၇၉၁ B၊ စတုတ္ထထပ်၊ ကျောင်းသူ ၂၁ လမ်း၊ ၉ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ - ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက် (မြဲ-၀၀၁၃၅)၊ အမှတ်-၁၄၀၊ ၄၅ လမ်း၊
ဗိုလ်တထောင်မြို့နယ်။

ဖြန့်ချိရေး - ပါရီစာပေ၊ Paris Publishing House၊ ဖုန်း - ၀၉၈၈၂၆၈၂၆၀၄

အဖုံးနှင့် အတွင်းဖလင် - Eagle

ကွန်ပျူတာစာစီ - Dream City-09 891259944

တန်ဖိုး - ၈၀၀၀ ကျပ်

တင်ဦးခက်

**ညဖြူဖြူ သူတော်စင်ရှုး သူခိုးငရိုး/ တင်ဦးခက်။ - ရန်ကုန် ပါရီစာပေ၊
ဒုတိယအကြိမ်၊ ၂၀၂၅။**

၁၆၇ စာ၊ ၂၁ × ၁၃.၅ စင်တီ။ (၁) ညဖြူဖြူ သူတော်စင်ရှုး သူခိုးငရိုး

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

ညဖြူဖြူ သူတော်စင်ရူး သူခိုးငရိုး

တင်ဦးခက်

White Nights and Other Stories

Fyodor Dostoevsky

မာတိကာ

အမှာစာ

ဒေါ်စတိုယက်စကီး အတ္ထုပ္ပတ္တိ

၁။ ညဖြူဖြူ

* ပထမည

* ဒုတိယည

* တတိယည

* စတုတ္ထည

* နံနက်ခင်း

၂။ သူတော်စင်ရှူး

၃။ သူခိုးငရိုး

တင်ဦးခက်၏ တင်ဦးခက်အတွက် အမှာစာ

အမှာစာရေးသားခြင်းတွင် ကျွန်တော့်၌ အကြောင်းနှစ်ကြောင်း ရှိ၏။ တစ်ကြောင်းသည် ဒေါ်စတိုယက်စကီး အကြောင်းဖြစ်၍ ကျန်တစ် ကြောင်းသည် ကျွန်တော့်အကြောင်း ဖြစ်သည်။

အမှာစာရေးသားရသော ရည်ရွယ်ချက်၏ ရိုးစင်းသောအနက်သည် စာဖတ်သူများအတွက် ကြိုတင်သိစေအပ်သော အကြောင်းအချက်များအား စာရေးဆရာဆိုသူက တင်ကူးသတိပေးခြင်းဟု ဆိုပါလျှင် သို့တည်းမဟုတ်၊ စာရေးသူ (သို့) သူ၏ စာအုပ်အား တစ်နည်းနည်းနှင့် ဝေ့လည်လည်နှင့် ကြော်ငြာပေးလိုက်ခြင်းဖြစ်သည်ဟု ဆိုပါလျှင် ကျွန်တော်၏ စာအုပ်အတွက် အသိပေးစရာ အကြောင်းအချက်များအား ကျွန်တော်က ရေးသားအသိပေး၍ မိမိ၏ ကလောင်အမည်နှင့် စာအုပ်ကိုလည်း မိမိကိုယ်တိုင် အမှာစာရေးသား ကြော်ငြာလိုက်ရခြင်းသည် လွန်သည်ဟုမထင်ပါ။

အစဉ်အလာကြီးမားသောမြန်မာစာပေ၌ လူမသိသေးသော ကလောင် သစ်တစ်ချောင်း၏ ပွဲဦးထွက်စာအုပ်၌ လူသိများသော ကလောင်အိုကလောင် ကြီးတစ်ချောင်းက မိတ်ဆက်အမှာ ရေးသားခြင်းကိစ္စသည် ဘယ်ခေတ်၊ ဘယ်အခါ ဘယ်သူ့စာအုပ်၌ စတင်ခဲ့သည်တော့မသိ။

ကျွန်တော် ရေရေရာရာသိသောအချက်မှာ မည်သည့်စာရေးသူမဆို ကိုယ်တိုင်ရေးသားပြုစုသော စာအုပ်အား စာဖတ်သူများနှင့် မိတ်ဆက်နိဒါန်း ပျိုး၍ ပြောလိုသည်များကို ပြောချင်ကြပေလိမ့်မည်။

ထိုစိတ်၊ ထိုဆန္ဒသည် စာရေးသူတစ်ဦးအနေနှင့် ကျွန်တော့်၌လည်း ရှိ၏။ အထူးသဖြင့် ဒေါ်စတိုယက်စကီးကဲ့သို့ ဘဝနှင့်စာပေပါ လေးနက် ရှုပ်ထွေးသော ဝတ္ထုအတွက် အမှာစာရေးချင်သော ဆန္ဒသည် ကျွန်တော့်၌ ပို၍ပင် ဖောက်နက်နက် အမြစ်တွယ်ခဲ့၏။

တကယ်တော့ ကျော်ဇောခြင်းကြီးလှသော ဆရာကြီးများ၏ အမှာဖြင့် စာတစ်ပုဒ်အား မည်မျှပင်ကြော်ငြာ ကြော်ငြာ၊ စာပေနှင့် အနုပညာ ကိစ္စများ၌ မိမိ၏ အတတ်ပညာနှင့် အနုပညာအစွမ်း၊ တစ်စွန်းတစ်စမျှ မရှိပါဘဲ မည်သည့်အနုပညာနှင့် စာပေသည် အောင်မြင်ရိုးထုံးမရှိဟု ရိုးစင်း စွာ ကျွန်တော်က ယုံသည်။

ဤအထင်နှင့် ဤယုံကြည်မှုသည်ပင် ကျွန်တော်၏ အမှာကို ကျွန်တော်

ကိုယ်တိုင် ရေးသားရခြင်း၏ အကြောင်းရင်းခံ ဖြစ်လာခဲ့၏။ သို့ အတွက် ကိုယ်ရေးမိခဲ့သောစာ၏ အပြစ်နှင့် အကျိုးအတွက်လည်း ကိုယ့်၌ တာဝန်ယူမှု ရှိရပေလိမ့်မည်။

ဤသို့ ညစ်ကျယ်ကျယ်နှင့် ကိုယ့်အမှာ ကိုယ်ရေး၍ ကိုယ့်စာအုပ် ကိုယ်ကြော်ငြာလိုက်ရသော အမှုကိစ္စသည်လည်း အချို့ အချို့သော လူပညာရှိများ၏ အမျက်သင့်စရာ ဖြစ်ကောင်း ဖြစ်နေလိမ့်မည်ဟု ထင်၏။

သို့သော် မျက်မှောက်ခေတ်၏ အသိတရားပြဿနာနှင့် အနုပညာ ရပ်များအား ကိုယ့်အကြောင်းနှင့်ကိုယ် ပါဝင်ထိတွေ့ ရေးသားရသောအခါ တစ်စုံတစ်ဦး၏ လွှမ်းမိုးမှုအောက်မှ ကင်းကင်းရှင်းရှင်း၊ လွတ်လွတ်လပ်လပ် နေလို၏။

ကိုယ်ခြေနဲ့ကိုယ်ရပ်၊ ကိုယ့်ပြဿနာ ကိုယ်ရှင်းလို၍လည်း ဖြစ်ပါ၏။ ဒေါ်စတိုယက်စကီး၏ စာပေများနှင့် ပတ်သက်၍ ဆရာဦးဆန်းလွင် ပြန်ဆိုသော ဖဲသမား၊ ဆရာနတ်နွယ်က မြန်မာမှုပြုထားသော မိုးညဖြူဖြူ ဟု ထင်သည်။

ဤမျှလောက်သာ ကျွန်တော်တို့ ငယ်စဉ်က ဖတ်ဖူး၏။ သို့သော် သူ၏ အတွေးအခေါ်၊ သူ၏ ဘဝကို ပြည့်စုံစွာ သိခွင့်မရခဲ့။ နောက်ပိုင်း တက္ကသိုလ်၌ ဒဿနိကဗေဒကို သင်ယူသောအခါ ဒေါ်စတိုယက်စကီး၏ အတွေးအခေါ်အချို့ကို သိလာခဲ့၏။

အထူးသဖြင့် ဌာနမှ ကျွန်တော်တို့ ဆရာများ လက်ဖက်ရည်ဝိုင်းများ တွင် အလွတ်ပြောဆို ဆွေးနွေးကြသည့်အခါများ၌ ကြားနာခွင့်၊ သိခွင့်ရခဲ့၏။ ထိုအချိန်၌ပင် သူ၏ဝတ္ထုနှစ်အုပ်သည် ကျွန်တော့်လက်ဝယ်၌ ရှိနေ ပြီးဖြစ်၏၊ တစ်အုပ်သည် ဝတ္ထုတိုများ စုပေါင်းထားသော စာအုပ်ဖြစ်ပြီး ကျန်တစ်အုပ်မှာ Notes from the dead house ဖြစ်၏၊ စာအုပ်များမှာ ဆိုဗီယက်ထုတ် စာအုပ်များ ဖြစ်ကြသည်။ ထုံးစံအတိုင်း ကတ္တူဖုံးနှင့် အခန့်ချုပ်ဖြစ်၏၊ သို့သော် ကျွန်တော့်စိတ်တွင် ဖတ်လိုသည့်ဆန္ဒမရှိခဲ့၊ ရုရှားစာအုပ် များကြောင့်ဟု ထင်မိသည်။

ပြီးခဲ့သော မြန်မာ့သမိုင်း၏ နှစ် ၃၀ အတွင်းလူဖြစ်ခဲ့ရသော ကျွန်တော် တို့မျိုးဆက်သည် အထူးသဖြင့် လက်ဝဲစာပေ၊ ရုရှားစာပေ အများစုနှင့်သာ ရင်နှီးလာခဲ့ရ၏။

ထပ်ချီးတလဲလဲ ဖန်တရာတေနေသော ဆိုရှယ်လစ် သရုပ်မှန်စာပေ များကို မမုန်းသည့်တိုင် ကျွန်တော်တို့၏ ရသခံတွင်းတွင် သရုပ်ဖော်ချင်ခြင်း သည် ပျက်ယွင်းနေပြီဟုထင်၏။ သို့တည်းမဟုတ် တင်းကြပ်သော ယုတ္တိနှင့်

ဆင်ခြင်တုံတရားတို့အောက်၌ သမိုင်းစဉ်နှင့် အန္တိမပန်းတိုင်သည် ရှိ၏ဆို သော အဘိဓမ္မာ၏ အနိုင်ကျင့်ခြင်းအောက်မှ ရုန်းထွက်ရန်လည်း အားသစ် ပျိုးနေချိန်ဟု မြင်မိ၏။

ဤနေရာတွင် အတွေးခေါ်ဒဿနအယူဝါဒတစ်ရပ်ကို မှားယွင်းစွာ လက်ခံမိခြင်းသည်လည်းကောင်း၊ မှားယွင်းစွာ ငြင်းပယ်မိလိုက်ခြင်းသည် လည်းကောင်း မိမိဘဝနှင့် အလျော်အစားလုပ်လိုက်ရခြင်းပင် ဖြစ်ပါသည်ဆိုသော ကျွန်တော်တို့၏ ဒဿနိကဗေဒဌာနမှ ဆရာဦးအေးကျော် (မောင်ကြည်သစ်) ၏ ကျမ်းထွက်စာတစ်ပိုဒ်သည်သာ ကျွန်တော့်ရင်၌ စူးငြိနေခဲ့၏။

ဤသို့သော အကြောင်းများကြောင့် စာအုပ်ဖတ်ရန် ပြင်သော ကျွန်တော့်စိတ်သည် ပေါ့ပါးသွက်လက်ခြင်း မရှိ၊ နွေနွေးလယ်ခင်း၌လည်း ဖြစ်၏။ သို့သော် ဖင့်တွဲလေးကန်သော လက်များနှင့်တော့ လှန်လှောကြည့် မိ၏။

မာတိကာအစဉ်၌ ညဖြူသည် နံပါတ် (၂) ၌ ရှိသော်လည်း မဖတ်မိ၊ နောက်ဆုံး နံပါတ် (၆) ၌ ကြောင်တောင်တောင် လူတစ်ယောက်ရဲ့ အိပ်မက် ဟု ဆိုထား၏၊ စိတ်ဝင်စားမိ၏၊ ဖတ်ဖြစ်၏၊ ဤသို့ဖြင့် သူ၏ အရေးသားများ က ကျွန်တော့်အား အဆုံးတိုင် ဆွဲခေါ်သွား လေတော့သည်”ဟု သမ္မာဇဉ်အား ဖြင့် ကျွန်တော် ရေးလိုက်ချင်ပါသည်၊ သို့သော် မဟုတ်ပါ၊ ကျွန်တော့်အား လုံးလုံး ဆွဲခေါ်မသွားပါ၊ စိတ်ပျက်လက်ပျက်နှင့်၍သာ ကျွန်တော် ကျန်ရစ်ခဲ့ ၏။ အင်အားအရာ၌လည်း မတ်မတ်ရပ်စာမျှပင်မကျန်၊ နှုံးခွေချိနဲ့သွားခဲ့၏။

တစ်ပုဒ်ပြီး တစ်ပုဒ် ကြိုးစား ဆက်ဖတ်ကြည့်မိပြန်၏။

ဖတ်ရင်းနှင့်ပင် ကျွန်တော် ကြောက်လန့်လာခဲ့ရ၏၊ ဒေါ်စတိုယက်စကီး တစ်ယောက် ဝတ္ထုရေးခဲ့တာမှ ဟုတ်ရဲ့ လားဟု ကျွန်တော် သံသယ ဝင်လာ၏။ သူ ဝင်ချင်သော သူတစ်ယောက်၏ ဝမ်းခေါင်းထဲဝင်ကာ သူပြော ချင်တာတွေကို တတွတ်တွတ် ပြောနေသည်ဟု ထင်လိုက်မိ၏၊ ဖုံးကွယ်ထား သော လူ၏ ဝိညာဉ်အား အကြောက်အလန့်မရှိ တူးဆွနေသူဟုလည်း မြင် မိ၏။

တစ်ခါတစ်ခါ ထိုလူ၏ရင်ညွန့်ကို ခွဲထွက်ကာ သွေးသံရဲရဲနှင့် လက် ထဲမှာ လှုပ်အသဲနှလုံးကို ဆုပ်ကိုင်ပြနေသော ဒေါ်စတိုယက်စကီးကို တွေ့လိုက်ရ၏။ ဘဝ၏အမှောင်ဘက်အခြမ်း၌ စုတ်စုတ်ပြတ်ပြတ်၊ ထိပ်ထိပ်ပြာပြာ နှင့် စိမ်းစိမ်းကြီး ရပ်ကြည့်နေသော လူတစ်ယောက်အဖြစ်လည်း တွေ့လိုက် ရပြန်၏။

နောက်တစ်ကြိမ် ဖတ်ကြည့်မိ၏။ တွေ့ကြည့်၏။ ရေးရေးနှင့် ကျွန်တော့်အတွေးများ မှို့မောက် လှုပ်ခတ်လာတော့သည်။ ထိုတစ်ကြိမ် ဇာတ်လမ်းဆုံးသွားသည့်အချိန်မတော့ ချက်ချင်း ဘာသာပြန် ရေးချမိသည့် တိုင်

အင်အားများက တွန်းကန် ဖြည့်တင်းပေးလိုက်ပြီလည်း ဖြစ်၏။

ပြန်ဆိုစဉ်က ကျွန်တော့်၌ ရည်ရွယ်ချက် မည်မည်ရရမရှိ၊ ထိုအတော အတွင်း အမေရိကန် စင်းနက်တိုက်မှ ထုတ်ဝေသော သူ၏ ဝတ္ထုတိုများ တစ်အုပ် ကျွန်တော် ရလိုက်ပြန်သည်။ ထုတ်ဝေသူ ကွဲလွဲသလို ပြန်ဆိုသူ ကွဲလွဲ၏၊ အရေးအသား ကွဲလွဲသလို အယူအဆနှင့် ချဉ်းကပ်မှုပါ ကွဲလွဲနေ၏၊ အယူအဆဆိုရာ၌ သဘောမျှသာ ကွဲလွဲသည်မဟုတ်၊ ဆန့်ကျင်ဘက် ကွဲလွဲခြင်းဖြစ်၏။ ရန်သူနှင့် မိတ်ဆွေ၏ အကွဲအလွဲလည်း ဖြစ်၏။

ထုံးစံအတိုင်း ဆိုဗီယက်မူသည် လူတန်းစားပြဿနာနှင့် ပဒေသရာဇ် အဖွဲ့ အစည်းဟောင်းအား ဝေဖန်တိုက်ခိုက်သော ရှုမြင်ချက်ဖြင့် သူ့ ဝတ္ထုများ ကို ချဉ်းကပ်ပြန်ဆို၏၊ စကားလုံးများသည် ရုပ်ဆန်၏၊ မာကြော၏၊ ကြိုတင် ပြဋ္ဌာန်းထားသော အယူအဆနောက်သို့ ကောက်ကောက်ပါအောင် လိုက်၏၊ စင်းနက်မူသည် ပြောင်းပြန်၊ စကားလုံးများသည် ပျော့၏၊ ဖွဲ့ နွဲ့ မှုရှိ၏၊ လူ၏ တည်ရှိခြင်း၊ လွတ်လပ်ခြင်း၊ ဆောက်တည်ရာမဲ့ခြင်း စသည့် ဝါစကာများဖြင့် ဖွဲ့စည်းထားသော လူ၏ဆန့်ကျင်ဘက် မျက်နှာပြင်တန်ဖိုး ရှုထောင့်မှ ချဉ်း ကပ် ပြန်ဆိုထားပြန်၏။ အဘယ်နည်း။

တကယ်တော့ ဒေါ်စတိုယက်စကီး၏ စာပေများအား ကိုယ်သန်ရာအမြင်နှင့် ချဉ်းကပ် ထုတ်ဝေလိုက်သော ရုရှားစာမူအား အံ့သြစရာမလို ဟု ထင်မိသည်၊ ရုရှား၌ ကွန်မြူနစ်တို့ အာဏာရလာသည့်အချိန်တွင် ဒေါ်စတိုယက်စကီး၏ စာများအား ပိတ်ပစ်လိုက်၏။

ကွန်မြူနစ်အတွေးအခေါ်အား သေးသိမ်စေသူ၊ တန်ပြန်တော်လှန်သူ အဖြစ် စွပ်စွဲ၏။ သမိုင်း၏ အမှိုက်ခြင်းထဲရောက်နေသော လူတန်းစားအတွေး အခေါ်များသည် သူ၏စာပေ၌ ထင်ဟပ်နေသည်ဟု ဆိုကြပြန်၏။ သို့သော် ဆိုဗီယက်အစိုးရ၏ ပိတ်ပင်မှုသည် မထိရောက်ခဲ့၊ ထိုခေတ်တစ်လျှောက်လုံး သူ၏စာပေများသည် တိုးတိုးတိတ်တိတ်နှင့် လူငယ်များအကြား သက်ဝင် ပြန့်နှံ့ နေခဲ့၏၊ သတ်၍ မသေသော အနုပညာ၏ ရှင်သန်ခြင်း ဟူ၍လည်း ဆိုနိုင်၏။

သို့သော် ၁၉၇၁ ခုနှစ်တဝိုက်တွင် သူ့အား ဆိုဗီယက်အစိုးရက သူ့အကြောင်းနှင့်သူ ပြန်၍ အသိမှတ်ပြုခဲ့ရပြန်သည်။ ဤသို့ပြုသည် ဆိုသော်လည်း သူ့စာပေများ အားလုံးကို စင်းလုံးချော လက်ခံပုံနှိပ်၍ အသိအမှတ်ပြုလိုက်သည်တော့ မဟုတ်၊ ဆိုဗီယက်အစိုးရ၏ မူဝါဒနှင့်အညီ ချွင်း ချက်နှင့်သာ လက်ခံလိုက်ခြင်း ဖြစ်နိုင်၏။

ထို့ပြင် ရုရှားစာပေ၏ မဟာဂန္ထဝင်စာရင်း၌လည်း ထည့်သွင်းဖော် ပြလိုက်ကြပြန်၏၊ ကမ္ဘာ၏ တစ်ဖက်ခြမ်းတွင် သူ့အား

ဤသို့သဘောထားကြသော်လည်း အခြားတစ်ဖက်တွင်ကား ဤသို့မဟုတ်။ ကမ္ဘာ့ဂန္ထဝင်စင်မြင့် တွင် စောစောစီးစီး နေရာပေးခြင်းခံရ၏၊ သူ့ စာပေများအား အကြိမ်ပေါင်း များစွာ ပြန်လည်ထုတ်ဝေခဲ့ပြီး ရသစာပေ သက်သက်သာမဟုတ်၊ လူနှင့် ပတ်သက်၍ စဉ်းစားစရာများ ပေးထားသော ဒဿနိကဗေဒ၏ စည်းဝိုင်း အတွင်းသို့ပင် တိုးဝင်တွင်ကျယ်လာသော၊ စိတ်ပညာဆိုင်ရာ စာပေတစ်ရပ် ဟူ၍ပင် သဘောထားခြင်းခံရ၏။ အထူးသဖြင့် ပညာရှင်များဖြစ်ကြသော စိတ်ခွဲပညာရှင် ဖရိုက်နှင့် ဖြစ်တည်မှုဒဿနပညာရှင် ယမ်းပေါဆတ်ထတို့ သည်ပင် သူ၏စာပေများအား တလေးတစား ကိုင်တွယ် လေ့လာခဲ့သည်ဟု ဆို၏။

ထို့ပြင် ကမ္ဘာ့အတွေးအခေါ် အသိုင်းအဝိုင်းက သူ့ အား ဖြစ်တည်မှု ဝါဒီတို့၏ ရှေ့ပြေးဟူ၍လည်း နေရာပေးခဲ့ကြ၏။ တကယ်တော့ သူ့စာများ ထက် သူ့ဘဝကို ပို၍ပင် ကျွန်တော် စိတ်ဝင်စားမိသည်။

နဖူးကျယ်ကျယ်၊ မျက်လုံးအိမ်ကျဉ်းကျဉ်း၊ အသားဖြူရော်ရော်၊ မှုန် ကုပ်ကုပ်၊ အကြည့်တို့မှာ အမြဲဂဏှာမငြိမ်၊ ကျီးကန်းတောင်းမှောက်၊ အတ္တ မာနအပြည့်နှင့် ကမ္ဘာ့စာပေ ဘီလူးကြီးများကြား၌ ပွဲဦးထွက် ဝတ္ထုတစ်ပုဒ် တည်းနှင့်ပင် လူစွာလုပ်နေသော ဒေါ်စတိုယက်စကီး။

ကျုပ် တွေ့ဖူးသမျှ လူတွေထဲမှာတော့ စိတ်ပျက်စရာ အကောင်းဆုံး လူပဲဗျာဟူ၍ ရုရှားဂန္ထဝင်စာပေ၏ ဘိုးအေကြီး "တူဂေးနပ်ဖ်"ကပင် သြချ ခဲ့ရသောသူ။

"သားချော့တေးကို သီဆိုချင်ပါသော်လည်း မည်သို့မျှ မစွမ်းသာသည့် သူ့အဖြစ်ကို သူ ဝန်ခံထားသော သူ၏ စာတစ်ပိုဒ်ကို ကျွန်တော် ဖတ်လိုက် ရစဉ်က စာရေးဆရာတွေ ဒီလိုပဲ ပြောနေတာပဲ" ဟူ၍သာ ကျွန်တော်က ထင်၏။

တကယ်တော့ ဒေါ်စတိုယက်စကီးသည် သားချော့တေးကိုသာ မဟုတ် စ၊ လယ်၊ ဆုံး သုံးပါးညီညွတ်ပြေပြစ်၍ ပျော်ရွှင်စွာ နိဂုံးချုပ်ကြလေ သတည်းဟူသော အိပ်ရာဝင် ပုံပြင်တစ်ပုဒ်မျှကိုပင် ပြောနိုင်စွမ်း မရှိမှန်း နောင်မှ ကျွန်တော် သိလိုက်ရ၏။

အကြင်စာရေးဆရာတစ်ဦးသည် သေတွင်းဝ၌ ချွေးစီးပြိုက်ပြိုက်နှင့် မူးမိုက်ပြိုလဲကာ ကန်ကြောက် ရူးသွပ်သွားစေသော သေခြင်းတရားအား မည်မျှ စျာန်ဝင်စားနိုင်သနည်း။

ဤအမေးကို ဒေါ်စတိုယက်စကီးလောက် ကျွမ်းကျင်စွာ ဖြေဆိုနိုင် သူသည် တော်တော်ပင် ... ရှားလိမ့်မည်ဟု ကျွန်တော် ထင်၏။

ကေရာဇ်မင်းမြတ်၏ အာဏာစက်အား ထောင်ထား ခြားနားရန် ကြံစည်မှုဖြင့် ဒေါ်စတိုယက်စကီးနှင့် အပေါင်းပါတို့ကို ဖမ်းဆီးလိုက်၏၊ ထို့အတွက် အပြစ်ဒဏ်သည် "သတ်မိန့်" ဖြစ်၏။ သတ်မိန့်ကို ကြိုးဖြင့် မစီ ရင်စေရ၊ ရင်ဝတည့်တည့် သေနတ်နှင့်ပစ်၍ အဆုံးစီရင်ရန်ဖြစ်၏။

၁၈၄၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် ဝေလီဝေလင်းအချိန် သူနှင့် အပေါင်းပါများအား လူသတ်ကုန်း၌ မတ်မတ်ရပ်တန်းစီနေကြသည်ကို တွေ့ နိုင်၏။

အချိန်ကျပြီဖြစ်၏။

ရှေ့တည့်တည့်ဆီမှ ဇာဘုရင်၏ သေနတ်သမားများသည် သေနတ် ကိုပြင် ပခုံးပေါ်တင်လိုက်ကြ၏၊ သေနတ်ပြောင်းဝများကိုလည်း အကျဉ်း သားများ၏ ရင်ညွန့်တည့်တည့်သို့ ချိန်ရွယ်လိုက်ကြ၏၊ ခေါင်းကို သေနတ်ဒင် ပေါ် ငုံ့စောင်း၊ မျက်လုံးတစ်ဖက်မှိတ်၊ ချိန်သီး၊ ရင်ဝ၊ မျဉ်းတဖြောင့်တည်း ကျ မကျ ကြည့်"ဟုတ်ပြီ" ခလုပ်မောင်းပေါ်က လက်ညှိုးတကွေး၊ အသက် အောင့်၊ မောင်းဖြုတ်တော့မယ့်အချိန်...

"ကျုပ်ဟာ နောက်ထပ် တစ်မိနစ်တောင် မနေရတော့ဘူးလေ၊ အဲဒီ အချိန်မှာပဲ ဇာဘုရင်ရဲ့ မြင်းစစ်သည်တစ်ဦး ရေးကြီးသုတ်ပြာနဲ့ ရောက်လာ ခဲ့တယ်"

နောက်ပိုင်းတွင် ဒေါ်စတိုယက်စကီးက ဤသို့ပြန်လည်ပြောပြခဲ့၏။ ထိုနေ့က ဒေါ်စတိုယက်စကီး မသေခဲ့၊ ကမ္ဘာ့စာပေ ဘဏ္ဍာတိုက် အတွက် အမွေရလိုက်ခြင်းပင် ဖြစ်သည်။ ထို့အချိန်မှစ၍ သူနှင့် အပေါင်းပါ တစ်စု၏ ဘဝအတ္ထုပ္ပတ္တိသည်လည်း စိတ်ကူးယဉ်ပြဇာတ်တစ်ပုဒ်လို ရုတ် တရက် ချိုးကွေ့သွားခဲ့ရ၏။

ကေရာဇ်၏ မဟာကရုဏာတော်ဖြင့် ဒေါ်စတိုယက်စကီးတို့ လူစုအား သေဒဏ်အစား ထောင်ဒဏ်သို့ပြောင်း၍ စီရင်ခဲ့၏။

ထို့ကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်လေးနှစ်အပြင် ဆိုက်ဗေးရီး ယားရှိ မြို့စောင့်တပ်တွင် ခြောက်နှစ်ထပ်မံ၍ အရပ်သားအနေနှင့် တာဝန် ထမ်းဆောင်ရမည်ဖြစ်၏။

ဇာဘုရင်၏အမိန့်ကို ဖတ်ကြားပြီးသည်နှင့် အချို့အကျဉ်းသားများ သည် ပြိုလဲမူးမေ့သွား၏။ အချို့သည် ယာယီရူးသွပ်သွားကြသည်ဟု ဆို၏။ ဒေါ်စတိုယက်စကီးသည်လည်း ထိုအချိန်မှစ၍ သေသည့်တိုင် သူ ၏ စိတ်နှလုံးသားတွင် အိပ်မက်ဆိုး အမာရွတ်ကြီးတစ်ခုအဖြစ် စွဲကျန်နေ ခဲ့၏။

ထို့အပြင် သူ့၌ ငယ်စဉ်ကပင် စွဲကပ်နေသော ဝက်ရူးပြန်ရောဂါသည်လည်း

ပို၍ ပြင်းထန်ဆိုးရွား လာခဲ့၏။ သူ့ကို မော်စကိုမြို့တွင် ၁၈၂၁ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် မွေးခဲ့သည်၊ မွေးချင်း ခုနစ်ယောက်ရှိ၏။ ဖခင်သည် မော်စကို ပြည်သူ့ဆေးရုံတစ်ရုံမှ ကျန်းမာရေးအမှုထမ်းတစ်ဦး ဖြစ်၏၊ ဖခင်စရိုက်မှာ ကြမ်းတမ်း၏၊ မောက်မာ၏။ အရက်ကို အလွန်အကျွံ သောက်သူလည်း ဖြစ်၏။ ထို့ကြောင့်ပင် လက်အောက်ငယ်သားတစ်ဦး၏ လက်ချက်နှင့် သေဆုံးခဲ့၏။ မိခင်မှာ ဘာသာတရားကိုင်းရှိုင်းသူဖြစ်ပြီး နူးညံ့ သိမ်မွေ့မှုရှိ၏။

ဆေးရုံဝင်းအတွင်း ကျဉ်းကျပ်ညစ်ပတ်နေသော အလုပ်သမားတန်း လျားတွင် နေထိုင်ရပြီး နေ့စဉ်နှင့်အမျှ ရောဂါဝေဒနာဆိုးများ၊ သွေးရဲရဲ သံရဲရဲဝေဒနာများ၊ ဆင်းရဲမွဲတေ၍ စိတ်မချမ်းသာမှုများနှင့်သာ ကြီးပြင်း လာခဲ့ရသူလည်း ဖြစ်၏။ သို့သော် ဒေါ်စတိုယက်စကီးသည် ငယ်စဉ်ကပင် လေးနက်သော စာပေများကို ရွေးချယ်ဖတ်သူတစ်ဦး ဖြစ်၏။ အသက် ဆယ့်ခြောက်နှစ်တွင် သူနှင့် အစ်ကိုဖြစ်သူ မစ်ခေးတို့ကို စစ်အင်ဂျင်နီယာ ကျောင်းသို့ ပို့ခဲ့၏။

စစ်ကျောင်း၌ သူမပျော်၊ ထိုအတတ်ကိုလည်း ဘယ်လိုမှ စိတ်မဝင်စား၊ အချိန်ရသမျှ စာသာဖတ်နေခဲ့၏၊ သို့သော် လေးနှစ်ကြာသည့်အခါ ကျောင်းပြီးသွား၏၊ စစ်ဘက်တွင် နှစ်နှစ် တာဝန်ထမ်းဆောင်ပြီးသည်နှင့် အလုပ်မှထွက် လိုက်သည်။ ထိုအချိန်တွင် သူ့အဖေမှာလည်း မရှိတော့။ အသတ်ခံလိုက်ရပြီး ဖြစ်၏၊ သူ၌ ပိုက်ဆံလည်း တစ်ပြားမှမရှိ။ ထို့ကြောင့် စာရေးခြင်းဖြင့် အသက်မွေးရန် ဆုံးဖြတ်လိုက်၏၊ ခြောက်လလုံးလုံး စာထိုင်ရေးပြီးသည့်နောက်တွင် တော့ သူ၏ ပထမဦးဆုံးဝတ္ထု Poor Folk ထွက်လာခဲ့၏။ ၎င်းဝတ္ထုမှာ အံ့သြစရာကောင်းလောက်အောင် အောင်မြင်မှုရခဲ့၏။

ထို့ပြင် ဒေါ်စတိုယက်စကီးအား ထိုခေတ်က ထင်ရှားလှသော စာရေးဆရာကြီး ဂိုဂိုးနှင့်ပင် တစ်တန်းတည်းထား၍ ဝေဖန် သုံးသပ်ကြသည် ဟု ဆို၏။

အသက် ၂၈ နှစ်တွင် ဒေါ်စတိုယက်စကီးသည် တိုးတက်သော နိုင်ငံရေး အတွေးအခေါ်ရှိသည့် လူငယ်အဖွဲ့ တစ်ဖွဲ့ နှင့် ဆက်သွယ်မိ၏။ သူတို့ နှင့်အတူ ဆိုရှယ်လစ်သဘောတရားများကို လေ့လာခဲ့၏။

ထိုအချိန်တွင် ရုရှားနိုင်ငံ ဇာဘုရင်၏ ထီးနန်းမှာ လှုပ်ခါစပြုနေပြီ ဖြစ်၏။ ၁၈၄၈ ခုနှစ် ရုရှားတော်လှန်ရေးသည် လူငယ်များအား မျက်စိဖွင့် ပေးလိုက်ခြင်းလည်း ဖြစ်၏။ ထိုအချိန်က ဆိုရှယ်လစ်စာပေများကို လေ့လာ ခြင်းသည် အလွန်အန္တရာယ်ကြီးသော အလုပ်တစ်ခုလည်းဖြစ်၏၊ နိုင်ငံတော်

သစ္စာဖောက်မှုဟူ၍ပင် သဘောထားခဲ့ကြ၏။

သို့ဖြင့် မကြာမီ သူနှင့် သူ့အဖွဲ့သားအားလုံး အဖမ်းခံလိုက်ရ၏။ အစတွင် သူတို့တစ်ဖွဲ့လုံးကို သေဒဏ် ပေးလိုက်သော်လည်း သတ်မည့်နေ့ တွင် သေဒဏ်အစား ထောင်ဒဏ်သို့ ပြောင်းလဲစီရင်ခဲ့၏။ ထို့ကြောင့် သူ့ဘဝ၏ အနုပညာဖန်တီးမှု နှစ်ကာလ ဆယ်စုတစ်ခုနီးပါးသည် ဆိုက်ဗေးဒီးယား တွင် အကျဉ်းစံဘဝဖြင့်သာ ဆုံးရှုံးခံလိုက်ရ၏။

ဆိုက်ဗေးဒီးယား မြို့စောင့်တပ်တွင် တာဝန်ထမ်းဆောင်နေစဉ် "အီရှာရေဗာ"ဆိုသူ မုဆိုးမတစ်ဦးကို လက်ထပ်လိုက်၏။သူတို့အိမ်ထောင် ရေးသည် အဆင်မပြေ။ သို့သော် ထိုမိန်းမကို နှစ်နှစ်ကာကာ သူ ချစ်၏။

၁၈၅၉ ခုနှစ်တွင် အကျဉ်းစခန်းမှ လုံးဝ လွတ်မြောက်လာခဲ့၏။ ပီတာစပတ်သို့ ပြန်ရောက်ရောက်ချင်း စာပြန်ရေးဖို့ ကြိုးစား၏၊ ကျန်းမာရေး အခြေအနေသည်လည်း အတော်ပင် ဆိုးဝါးလာခဲ့၏၊ လောင်းကစားကို အလွန်အကျွံ စွဲလန်းလွန်း၍ ငွေကြေးအကျပ်အတည်းများ မကြာခဏဖြစ်ကာ ထုတ်ဝေသူများနှင့် အဆင်မပြေဖြစ်ခဲ့ရသည်ဟု ဆို၏။

၁၈၆၄ ခုနှစ်တွင် ဒေါ်စတိုယက်စကီးသည် အကြီးအကျယ် စိတ် ထိခိုက်စရာနှစ်ခုနှင့် ကြုံလာရ၏၊ သူ သိပ်ချစ်သော ဇနီးနှင့် အစ်ကိုနှစ်ဦးလုံး သေဆုံးခဲ့ခြင်းဖြစ်၏။

သို့သော် နောင်သုံးနှစ် အကြာတွင် သူ့ဘဝအတွက် အလင်းရောင် တစ်ခုရခဲ့၏၊ အင်နာနီကီတာ ဆိုသော အမျိုးသမီးငယ်တစ်ဦးနှင့် လက်ထပ် လိုက်ခြင်းဖြစ်၏၊ နှစ်ပေါင်း ၄၀ နီးပါးမျှ ထို ဇနီးသည်နှင့် ပေါင်းသင်းခဲ့ပြီး သားသမီးများနှင့် အိမ်ထောင်ရေးသုခ ရရှိခဲ့သည်ဟု ဆို၏။

ထိုအချိန်တွင် ဒေါ်စတိုယက်စကီး၏ စာပေစာရင်းတွင် အဓိကကျသော ဝတ္ထုများဖြစ်သည့် Crime and Punishment (1886), The Brothers Karamazov (1880), Notes from Underground(1864), The Idiot (1864), The possessed (1871) စသည့် ဝတ္ထုရှည်ကြီးများကို ရေးသားပြီးခဲ့ပြီလည်း ဖြစ်၏ ။ တကယ်တော့ ကျွန်တော် ပြန်ဆိုထားသော (White-night) နှင့် (The Dream of A Ridiculous Man)သည် ဒေါ်စတိုယာက်စကီး၏ အတွေးအခေါ်လမ်းကြောင်းအား အလျားလိုက်မြင်နိုင်သော ဝတ္ထုများဖြစ်၏။ အဘယ်ကြောင့်ဆိုသော် "ညဖြူ"ပေါ်ထွက်လာသောအချိန်၌ သူ၏အသက် မှာ ၂၇ နှစ်သာ ရှိသေး၍ အတွေးအခေါ်အားဖြင့်လည်း ဆိုရှယ်လစ်စနစ်ကို သက်ဝင်ယုံကြည်နေသောအချိန် ဖြစ်၏။

The Dream of A Ridiculous Man ကို ရေးသားသော အချိန်သည် သူ့ဘဝ၏ နောက်ဆုံးနှစ်ကာလများတွင်း ဖြစ်၏။ ယုံကြည်မှုသည်လည်း ပြောင်းလဲလာခဲ့ပြီး အနည်ထိုင်ချိန်ဟုလည်း ဆိုနိုင်၏။ အထူးသဖြင့် ဒေါ်စတိုယက်စကီး၏ နိုင်ငံရေး အတွေးအခေါ်သည် လုံးဝပြောင်းလဲသွားပြီ ဖြစ်၏။

ညဖြူကို ရေးသားပြီးချိန်အထိ သူ့အနေနှင့် ဆိုရှယ်လစ်စနစ်ကို သက် ဝင်ယုံကြည်နေဆဲဖြစ်၏။ လူ့ဘဝ၏ ဒုက္ခဆင်းရဲမှုများနှင့် အကျပ်အတည်း များကို ဆိုရှယ်လစ်စနစ်က အပြီးတိုင် ဖြေရှင်းနိုင်လိမ့်မည် ဟုလည်း ယုံကြည် ထား၏။

သို့သော် အဖမ်းခံရပြီးသည့် နောက်ပိုင်းတွင် သူ၏ နိုင်ငံရေးအတွေး အခေါ်နှင့် လူ့ဘဝအပေါ် ရှုမြင်ပုံတို့သည် ပြောင်းလဲလာခဲ့၏။

အဘယ့်ကြောင့် ဒေါ်စတိုယက်စကီး၏ အတွေးအခေါ်လမ်းကြောင်း သည် ပြောင်းလဲလာခဲ့ရသနည်း။

ဤအချက်သည် နောက်ပိုင်း စာပေပညာရှင်များ၊ အတွေးအခေါ် ပညာရှင်များ၏ စကားဝိုင်း၌ ကျယ်ကျယ်လောင်လောင် အငြင်းပွားခံရသော ပြဿနာတစ်ရပ်လည်း ဖြစ်၏။ ဤနေရာတွင် ရုရှားအမျိုးသား ကမ္ဘာ့ဇီဝ ပညာရှင် အိုင်ဗင်ပါးပလော့၏ လေ့လာမှုသည် စိတ်ဝင်စားစရာကောင်း၏။ ပါးပလော့၏ သီအိုရီအရ တိရစ္ဆာန်တစ်ကောင်၏ စိတ်ပိုင်း သို့မဟုတ် ရုပ်ပိုင်း ဘဝအား ပြင်းထန်သောဒဏ်တစ်ခု သက်ရောက်ခံလိုက်ရသောအခါ တိရစ္ဆာန်၏အာရုံကြောစနစ်များသည် ပြိုကွဲပျက်သွားပြီး အိမ်မွေ့ ချခံလိုက်ရသည့် အဆင့်သို့ ရောက်ရှိသွားသည်ဟု ဆို၏။

ထိုအဆင့်တွင် ယင်းသတ္တဝါအား လွယ်ကူစွာ အမိန့်ပေးနိုင်တော့သည် ဟူ၍လည်း ဆို၏။

ဤသီအိုရီကို နောက်ပိုင်းတွင် လူသားများက အသုံးချကာ ဦးနှောက် ဆေးကြောခြင်း (Brain Washing) ဟူ၍ တွင်ကျယ်လာခဲ့၏။

ဒေါ်စတိုယက်စကီးနှင့် အဖွဲ့သည် လူသတ်ကုန်းတွင် တန်းစီ၍ ရှေ့တည့်တည့် သေနတ်ပြောင်းဝများမှ ခန္ဓာကိုယ်ကို ခွဲထွက်၍ အသက်ကို ဆွဲ နုတ်ယူသွားမည့် ကျည်ဖူးများကို စောင့်နေရဆဲအချိန်က တချို့ မူးမိုက်ပြိုလဲ၍၊ အချို့ ယာယီ ရူးသွပ်သွားကြသည်ဟူ ဆိုခဲ့ခြင်းမှာ တကယ်တော့ မဆန်းပေ၊ သူကဲ့သို့ ငြိတွယ်လွယ်သော၊ ထိရှလွယ်သော နှလုံးသားနှင့် စိတ်ခံစားမှု မြင့်မားလွန်းသော အနုပညာရှင်တစ်ဦးအနေနှင့် ထိုအချိန်က သူ၏ အာရုံကြောစနစ်များ ထိခိုက်သွားနိုင်သည် ဟု အချို့ပညာရှင်များက စဉ်းစားခဲ့ကြ၏။

ထိုအချက်အပြင် ဆိုက်ဖေးဒီးယား အကျဉ်းစခန်းတွင် သူ ဖြတ်သန်းခဲ့ရသော အခြေအနေများ ကိုလည်း ထည့်သွင်း စဉ်းစားခဲ့ကြ၏၊ ဆိုက်ဖေးဒီးယားတွင် ကြုံတွေ့ခဲ့ရသောသူများမှာ ရာဇဝတ်သားများသာ ဖြစ်၏။ ရုရှား လူ့အဖွဲ့ အစည်း၏ အောက်ဆုံးအလွှာမှ လူငမွဲများ၊ ပညာမဲ့များ၊ အလုပ်ကြမ်း သမားများသာ ဖြစ်၏။

သို့သော် ထိုသူများ၏ ဘဝသည် သူ့အား ဆွဲဆောင်နိုင်ခဲ့၏။ စိတ်ဝင်စားစေ၏။ ထိုထိုသော ဘဝပေါင်းများစွာကိုလည်း လေ့လာခွင့်ရ၏။

သို့သော် ထိုအချိန်မှစ၍ ဒေါ်စတိုယက်စကီး၌ စံပြလူ့အဖွဲ့အစည်း အဖြစ် ပြောင်းလဲလိုသော အယူအဆများ၊ တော်လှန်လိုသော အတွေးအခေါ်များ မရှိတော့၊ ဆုံးရှုံးဖို့ ဖန်လာသမျှ အကြောင်းတရားများအား တားဆီးရန် ကြိုးစားအားထုတ်မှု မှန်သမျှသည် အချည်းနှီးသာ ဟူ၍လည်းကောင်း၊ လူ၏ ဆောက်တည်ရာနှင့် လျှောက်ရမည့် တစ်ခုတည်းသော လမ်းကြောင်းသည် ဘုရားသခင်၏ အလိုအတိုင်းသာ ဖြစ်သည် ဟူ၍လည်းကောင်း သူ၏လူ့ဘဝ အမြင်အား ဤသို့ နိဂုံးချုပ်ကာ ဘုရားသခင်လက်သို့ ထိုးအပ်လိုက်ပုံလည်း ရ၏။ ထို့အပြင် ဘဝ၏ တစ်ခုတည်းသောအချက်သည် ချစ်ခြင်းမေတ္တာနှင့် ဒုက္ခဝေဒနာများမှ ရွေးနုတ်ယူခြင်းဖြစ်သည် ဟူ၍လည်း ယုံကြည်လာခဲ့၏။

တကယ်တော့ သူ၏ ယုံကြည်မှုသည် ဆင်ခြင်တုံတရားမှ ရရှိသော အသိထက် ခံစားမှုသက်သက်မှ ရရှိလာသော ဘဝအမြင်တစ်ရပ်လည်းဖြစ်၏။

လူ့ဘဝ၌ ရှောင်လွှဲမရနိုင်သော ဒုက္ခဝေဒနာဆိုးများ၊ ကောက်ကျစ်ယုတ်မာမှုများ၊ ရက်စက်ရိုင်းစိုင်းမှုများ၊ လူ၏ ချစ်ခြင်းမေတ္တာနှင့် မျှော်လင့်ရာမဲ့သော ဘဝ၏ အနာဂတ်တို့အား သူ့ရင်တွင်းသို့ အလျှင်မြန် ကူးစက်ခံစား နိုင်ပြီး ထိုဝေဒနာများကို ဇာတ်ကောင်များတွင် ထိတ်လန့် ကြောက်ရွံ့စရာ ကောင်းလောက်အောင် သွတ်သွင်း ဖန်တီးနိုင်သူတစ်ဦးလည်း ဖြစ်၏။

သို့သော် သူကိုယ်တိုင် ခံစား၍ သူကိုယ်တိုင် ဖန်တီးလိုက်သော ဇာတ်ကောင်များမှတစ်ဆင့် ဝိညာဉ်၏ လွတ်မြောက်ခြင်းနှင့် ဝေဒနာဆိုးများမှ ရွေးနုတ်ခြင်းဟူသော အယူအဆများ တင်ပြ ဆွေးနွေးခဲ့သည် ဆိုသော်လည်း ထာဝရဘုရားသခင်၏ တည်ရှိခြင်းကိုတော့ သူ့အနေနှင့် အတော်ကြိုးစား နားလည်ယူနေရဆဲ ဖြစ်၏။ တစ်နည်းအားဖြင့် ဤအချက်ကို ဒေါ်စတိုယက်စကီးတစ်ယောက် နာကျင်စွာ လက်ခံထားခဲ့ရသည် ဟုလည်း ဆို၏။

အဘယ်ကြောင့်ဆိုသော် ဘုရားသခင်အား ငြင်းပယ်လိုက်သည်နှင့် ဝိညာဉ်၏ လွတ်မြောက်ခြင်းဟူ သော ခရစ်ယာန်တရား၏ ရပ်တည်ချက်အောက်၌ ဒုက္ခဝေဒနာများကို လက်ခံထားခြင်းမှာ အဓိပ္ပာယ်မဲ့သွားသော ကြောင့်လည်း

ဖြစ်နိုင်၏။

ဒေါ်စတိုယက်စကီး၏ အယူအဆနှင့်ပတ်သက်၍ ဆန့်ကျင် ဝေဖန်သူ ပညာရှင်များလည်း များစွာရှိခဲ့၏။

ထိုသူများထဲတွင် သူနှင့် ခေတ်ပြိုင် စာပေပညာရှင်တစ်ဦးဖြစ်သော အလက်ဇန်းဒါးဟာမန်က……

"ကရုဏာတရားတွေ ဆွတ်ပျံ့နေတဲ့ ချစ်ခြင်းမေတ္တာဆိုတာကတော့ လောကမှာ အင်အားအကြီးဆုံး အရာတစ်ခုပဲပေါ့၊ ဒီအတွက် သောကတွေနဲ့ လောင်ကျွမ်းပူဆွေးကြရတယ်၊ ရင်ကွဲမတတ် ငိုကျွေးကြရတယ်။ အဲနောက် တော့… ဘာမှ မကျန်တော့ဘူး" လေဟု ခပ်ထေ့ထေ့ သရော်ခဲ့၏။

တစ်ခါ ဂျာမန် ဒဿနပညာရှင် ဖရက်ဒရစ်နစ်ချေး (၁၈၄၄-၁၉၀၀) သည်လည်း သူ့ အား ပြင်းထန်စွာ ဝေဖန်ရှုတ်ချခဲ့သူတစ်ဦးဖြစ်၏။

တကယ်တော့ ထိုသူနှစ်ဦး၏ အယူအဆများသည် ဆက်စပ်၍ မရ နိုင်လောက်အောင် ပြဒါးတစ်လမ်း သံတစ်လမ်းလည်းဖြစ်၏။

ထို့ကြောင့် ဒေါ်စတိုယက်စကီး၏ စာပေနှင့် အတွေးအခေါ်တို့အား ညစ်ပတ်ယုတ်ညံ့သော ကိုယ်ကျင့်တရား နှိပ်စက်မှုများဟူ၍လည်းကောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်လောက် ခရစ်ယာန်သာသနာ၌ ခန္ဓာ ကိုယ်ကို အရှင်လတ်လတ် ခွဲစိတ်၍ ဘာသာရေးအတွက် ကိုယ့်ကိုယ်ကိုယ် ကားစင်တင် စတေးခံခဲ့ရသူတစ်ဦးအနေနှင့်လည်းကောင်း ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချခဲ့၏။ သို့သော် ဒေါ်စတိုယက်စကီးသည် ကျွန်တော်တို့အား ရှုးသွပ်၍ ဖြစ်နိုင်စရာမရှိသော လောကတစ်ခုကို ဖန်ဆင်းပြခဲ့၏။ ထိုလောက ထဲတွင် တစ်လောကလုံးနှင့် အကျုံးဝင်သော ဥပဒေသများနှင့် စီမံဖော်စပ် ထားသော စိတ်ကူးဆန်းများ၊ အတွေးစိမ်းများအား ကြောက်စရာကောင်း လောက်သော သူ၏ အနုပညာလက်ဖြင့် ထုဆစ်ခဲ့သူလည်း ဖြစ်၏။

လူ၏ စိတ္တဘဝအမှောင်ဘက်ခြမ်း၌ ငုံ့လျှိုးဖုံးကွယ်ထားသော ထိတ် လန့် ရွံ့ရှာဖွယ်ကောင်းသည့် ယုတ်မာကောက်ကျစ်မှုများ၊ အတ္တနှင့် ရမ္မက် စိတ်ရိုင်းများအား ဦးဆုံး တူးဆွဖော်ထုတ်ခဲ့သော စိတ်ပညာစာပေတစ်ရပ်ဖြစ်၏။

ထို့ပြင် အခွင့်အလမ်းမဲ့သော ဟင်းလင်းပြင်ထဲ၌ ဆောက်တည်ရာ မဲ့သော ဘဝ၏ဖြစ်တည်မှု၊ သက်သာခွင့်မပေးသော ဝေဒနာများနှင့် မျှော်လင့် ချက် ကင်းမဲ့လွန်းလှသော ဘဝ၏ အနာဂတ်အား ပုံဝတ္ထုတစ်ပုဒ်အနေနှင့် ဦးဆုံး ခင်းကျင်းပြခဲ့သူလည်း ဖြစ်၏။

ဤသို့ ဆိုသည့်အတွက် သူ၏ အယူအဆ အတွေးအခေါ်များအား ဒဿနိကစနစ်တစ်ရပ်အနေနှင့် စုစည်းတည်ပြု၍ ရနိုင်သည်တော့ မဟုတ်၊ အထူးသဖြင့် သူ၏ စာပေများတွင် ပဋိပက္ခများ၊ ရှေ့နောက် မညီညွတ်မှုများ နှင့် ရယ်စရာကောင်းသော မိုက်မဲမှုများ ရောပြွမ်းနေခြင်းကြောင့်လည်းဖြစ်၏။

သို့သော် သူ့ဝတ္ထုများမှတဆင့် တင်ပြထားသည့် လူ၏ ကံကြမ္မာနှင့် သက်ဆိုင်သော သူ၏ သဘောထားအမြင်တစ်ရပ်အား အကြင်သူတစ်ဦးသည် ခေါင်းမာမာနှင့် မျက်ကွယ်ပြုနိုင်သော်လည်း ငြင်းပယ်၍တော့ ရနိုင်ကောင်း သည် မဟုတ်ဟု ထင်လိုက်မိပါသည်။

တင်ဦးခက်

(၁၄-၇-၉၆)

ဒေါ်စတိုယက်စကီး၏ ဘဝနှင့် စာပေမှ အရေးပါသော အဖြစ်အပျက်များ



၁၈၂၁-အောက်တိုဘာ ၃၀၊ ဖျိုဒါ မစ်ခေးလိုဗစ် ဒေါ့စတာ ယက်စကီကို မော်စကိုမြို့တွင် မွေးဖွားသည်။
၁၈၃၃-၃၇ မော်စကိုမြို့ရှိ ကျောင်းအိပ်ကျောင်းစား ကျောင်းများတွင် ပညာ သင်ကြားခဲ့ သည်။
၁၈၃၇-မေ၊ ဒေါ့စတာယက်စကီနှင့် သူ၏အစ်ကို မစ်ခေးတို့ စိန့်ပီတာစဘတ်မြို့သို့ ပြောင်းရွှေ့ကြသည်။
၁၈၃၈-ဇန်နဝါရီ၊ ဗဟိုအင်ဂျင်နီယာကျောင်းသို့ တက်ရောက်သည်။
၁၈၄၃-ဩဂုတ်၊ အရာရှိသင်တန်း ပြီးဆုံး၍ အင်ဂျင်နီယာဌာနတွင် အမှုထမ်းရသည်။
၁၈၄၄-ဇွန်- ဇူလိုင်၊ ဒေါ့စတာယက်စကီ ဘာသာပြန်ဆိုသော ပြင်သစ် စာရေးဆရာကြီး ဘောလ်ဇက်၏ ယူဂျင်း ဂရင်းဒစ် Eugenie Grandet ထုတ်ဝေသည်။
၁၈၄၅-မေ၊ ၎င်း၏ ပထမဆုံးဝတ္ထုရှည် ဖြစ်သော ဆင်းရဲသား Poor Folk ရေးသား ပြီးစီးသည်။
၁၈၄၆-ဇန်နဝါရီ၊ နီကရာဆော့ တည်းဖြတ်ထုတ်ဝေသော "ပီတာစဘတ် မဂ္ဂဇင်း" တွင် ဆင်းရဲသားဝတ္ထု ဖော်ပြပါရှိသည်။
၁၈၄၇-နွေဦး၊ ရုရှား တော်လှန်ရေးသမား မစ်ခေး ပီထရာရှက်စကီ၏ လျှို့ဝှက် အစည်း အဝေးများသို့ ဒေါ့စတာယက်စကီ တက်ရောက်သည်။
၁၈၄၈-ဒီဇင်ဘာ၊ ညဖြူဖြူများ White Nights ထုတ်ဝေသည်။
၁၈၄၉-ဧပြီ ၂၃၊ ပီထရာရှက်စကီ အုပ်စုဝင်တစ်ဦးအဖြစ် အဖမ်းခံရသည်။ ဧပြီ ၂၉ - နိုဝင်ဘာ ၁၆၊ ပီထရာရှက်စကီနှင့် နောက်လိုက်များကို ရုံးတင် စစ်ဆေးသည်။ (ဒေါ့စတာယက်စကီ အပါအဝင်) "အဓိက တရားခံများ" ကို သေဒဏ်ပေးသည်။ ဒီဇင်ဘာ ၂၂၊ ဆီမျိုနော့စကီ ရင်ပြင်တွင် တရားခံများကို သေဒဏ် အမိန့်ဖတ် ပြပြီး ကွပ်မျက်ရန် စီစဉ်သည်။ နောက်ဆုံး "ပစ်"ဟူသော အမိန့်ပေးခါနီးတွင်မှ သေဒဏ်မှ လွတ်ငြိမ်းခွင့်အမိန့် ရောက်ရှိလာသည်။ ဒီဇင်ဘာ ၂၄ ည၊ ဒေါ့စတာယက်စကီ အပါအဝင် အကျဉ်းသားများကို သံခြေ ချင်းခတ်ပြီး အကျဉ်းထောင်မှ ဆိုက်ဗေးရီးယားသို့ ပို့သည်။

၁၈၅၀-ဇန်နဝါရီ ၂၃၊ ဒေါ့စတာယက်စကီကို အွန်မာ့စ် အကျဉ်းထောင်သို့ ပြောင်းရွှေ့ပြီး အလုပ်ကြမ်းနှင့် ပြစ်ဒဏ်ချခံစေသည်။
၁၈၅၀-၅၄အွန်မာ့စ် အကျဉ်းထောင်
၁၈၅၄-ဖေဖော်ဝါရီ၊ အလုပ်ကြမ်းနှင့်ပြစ်ဒဏ် နှစ်စေ့အောင် ကျခံပြီးသောအခါ စစ်တပ်တွင် သာမန်တပ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ပြုသည်။
၁၈၅၄-၅၉စစ်မှုထမ်း
၁၈၅၆-အောက်တိုဘာ၊ အရာရှိအဆင့်သို့ တိုးမြှင့်သည်။
၁၈၅၇-ဖေဖော်ဝါရီ၊ မုဆိုးမ မာရီယာ အိုင်ဆာယီဗာနှင့် ကုဇနက်မြို့ကလေးတွင် လက်ထပ်သည်။
၁၈၅၉-မတ်လ၊ စစ်တပ်မှ အငြိမ်းစားယူသည်။
မတ်လ၊ ဦးလေး၏ အိပ်မက် Uncle's Dream ထုတ်ဝေသည်။ နိုဝင်ဘာ ဒီဇင်ဘာ၊ မိသားစု၏ မိတ်ဆွေ Friend of the Family ထုတ်ဝေ သည်။ ဒီဇင်ဘာ ဒုတိယလက်၊ စိန့်ပီတာစဘတ်မြို့သို့ ပြောင်းရွှေ့သည်။
၁၈၆၀-စက်တင်ဘာ၊ ရုရှားကမ္ဘာ Russki Mir သတင်းစာတွင် မရဏဂေဟာ The House of the Dead ကို စတင်ဖော်ပြသည်။
ဇန်နဝါရီ၊ ဒေါ့စတာယက်စကီနှင့် သူ၏အစ်ကို မစ်ခေးတို့ ထုတ်ဝေသော “ခေတ်' Vremya မဂ္ဂဇင်းအမှတ် ၁ ထွက်သည်။ ယင်းလတွင် စော်ကားသူနှင့် အနိုမ်ခံ The Insulted and Injured အခန်းဆက် ဝတ္ထုရှည် စတင်ပါရှိသည်။
၁၈၆၁-၆၂ ‘ခေတ်” မဂ္ဂဇင်းတွင် “မရဏဂေဟာ” ကို ဖော်ပြသည်။ ဇွန်လ၊ နိုင်ငံခြားသို့ ခရီးထွက်သည်။
၁၈၆၃ မေလ၊ 'ခေတ်' မဂ္ဂဇင်း အပိတ်ခံရသည်။ ဩဂုတ်- အောက်တိုဘာ၊ နိုင်ငံခြားတွင် နေထိုင်သည်။
၁၈၆၄-ဇန်နဝါရီ၊ ‘ခေတ်သစ်” Epokha ထုတ်ဝေခွင့် ရသည်။မတ်လ၊ ‘ခေတ်သစ်” မဂ္ဂဇင်း အမှတ် ၁ တွင် မြေအောက်မှ မှတ်စုများ Notes from Underground ပါရှိသည်။ ဧပြီ၊ ဇနီးသည် မာရီယာ ကွယ်လွန်သည်။ ဇူလိုင်၊ ၎င်း၏အစ်ကို မစ်ခေး ဒေါ့စတာယက်စကီ ကွယ်လွန်သည်။
၁၈၆၅-ဇွန်၊ ခေတ်သစ်” ရပ်သွားသည်။ ဇူလိုင်-အောက်တိုဘာ၊ ဒေါ့စတာယက်စကီ နိုင်ငံခြားသို့ သွားပြန်သည်။
၁၈၆၆-ပြစ်မှုနှင့် ပြစ်ဒဏ် Crime and Punishment ထွက်သည်။ အောက်တိုဘာ၊ လောင်းကစားသမား The Gambler ဝတ္ထုကို သူ၏ လက်ရေးတို ဆရာမ အန်နာဆနစ်ကီနာကို နှုတ်မှ ပြောပြသည်။
၁၈၆၇-ဖေဖော်ဝါရီ၊ အန်နာဆနစ်ကီနာနှင့် လက်ထပ်သည်။
၁၈၆၈-အန္ဓ The Idiot ဝတ္ထုရှည်ကြီး ထွက်သည်။
၁၈၇၀-ဝတ္ထုလတ် ထာဝရခင်ပွန်း The Eternal Husband ထွက်သည်။
၁၈၇၁-ဇူလိုင်၊ အမှောင့်ပယောဂ The Possessed ကို စတင်ရေးသားသည်။ (၁၈၇၂

တွင် ပြီးသည်)။
၁၈၇၃-"နိုင်ငံသား” Citizen အပတ်စဉ်ကို စတင်တည်းဖြတ်သည်။
ယင်းဂျာနယ်တွင် စာရေးဆရာတစ်ဦး၏မှတ်တမ်း The Diary of a Writer
ဆောင်းပါးများ ပါရှိသည်။
၁၈၇၄-နိုင်ငံသား အယ်ဒီတာအဖြစ်မှ နုတ်ထွက်သည်။
၁၈၇၅-အရိုင်း A Raw Youth ဝတ္ထု ထွက်သည်။
၁၈၇၉-၈၀-ကာရာမာဇော့ ညီအစ်ကိုများ The Brother's Karamazov
ရေးသားပြီးစီးသည်။
၁၈၈၁-ဇန်နဝါရီ ၂၈၊ ဖျှော်ဒါ မစ်ခေးလိုဗစ် ဒေါ့စတာယက်စကီ ကွယ်လွန်သည်။

White Nights

ကျွန်တော်တို့ဟာ ဘ၀ကံကြမ္မာကို အလိုမကျနေသူတွေ၊ ဘ၀မောမောနေသူတွေလို့ သူက ခံစားမိပြန်တယ်။ တကယ်တော့ တစ်ချက်လေး စွေကြည့်လိုက်ရုံနဲ့ပဲ ဘ၀ ဆိုတာ အေးစက်အုံ့မှိုင်းနေပြီး ဖော်ရွေမှု ဆိတ်သုဉ်းနေတဲ့ အဖြစ်ကို သူက စဉ်းစားမိပါတယ်။

ညဖြူဖြူ

ပထမည

ဆန်းကြယ်ကြည်နူးဖွယ် ညတစ်ည…

ဒီလိုညမျိုး ဆိုသည်ကလည်း လတ်ဆတ်ပျိုရွယ်တဲ့ အချိန်မှာသာ တွေ့ကြုံရတတ်သည်ပဲ။ မိုးကောင်းကင်တစ်ခွင်လုံး ကြည်လင်စင်ကြယ်လို့ ကြယ်တွေစုံတဲ့ မိုးကောင်းကင်ကြီးကို မော့ကြည့်ရင်း ဒီလိုကောင်းကင်ကြီး အောက်မှာ တောင်တောင်အီအီ စဉ်းစားတတ်တဲ့လူတွေ ဘယ်လိုများနေထိုင်ကြပါလိမ့်လို့ မအံ့သြဘဲလည်း မနေနိုင်။

အမှန်တော့ ဒီလိုမေးခွန်းဆိုတာကလည်း ငယ်ရွယ်သူတွေအတွက် ပဲဖြစ်မယ်ထင်ပါရဲ့။ ဒါပေမဲ့ စောစောက ကျွန်တော်ပြောခဲ့တဲ့ လူတွေကပဲ ကျွန်တော့်ကို ဘယ်လိုနေထိုင်ရမလဲဆိုတာ သင်ကြားပေးနေ ကြပြန်ပါသည်။

နံနက်စောစောကတည်းက ထူးထူးဆန်းဆန်း ဝေဒနာတစ်ခုက ကျွန်တော့်ကို နှိပ်စက်နေခဲ့သည်။

ကျွန်တော် တစ်ဦးတည်းကိုပဲ လုံးလုံးလျားလျား စွန့်ပစ်သွားကြပြီ လားလို့ ခံစားနေရ၏။ လူတိုင်း လူတိုင်းကလည်း ကျွန်တော့်ကို ရှောင်ခွာ သွားနေကြပါပြီ။ ဘယ်သူတွေများလဲလို့ သင်က သိကောင်း သိချင်ပါလိမ့် မည်။

ဤမြို့၌ ကျွန်တော် နေထိုင်ခဲ့တာ ရှစ်နှစ်ရှိခဲ့ပြီ။ သို့သော် တစ်ဦး တစ်ယောက်နဲ့မျှ ကျွန်တော် မိတ်မဖွဲ့ နိုင်ခဲ့ပါ။ အမှန်တော့ ကျွန်တော့်အတွက် မိတ်ဆွေ ဆိုသည်ကလည်း မလိုအပ်လှ။ ဘာအတွက်ကြောင့်လဲဆိုတော့ ကျွန်တော်နှင့် တစ်မြို့လုံးက ရင်းနှီးပြီးဖြစ်သည်။

ဒါကြောင့်လည်း မြို့ပေါ်ကလူတွေ နွေရာသီအပန်းဖြေဖို့ ကျေးလက်ဒေသတွေဆီ ထွက်ခွာသွားနေကြတာ မြင်ရတော့ ကျွန်တော့်ကို စွန့်ပစ်သွားကြပြီလို့ တွေးမိလိုက်ခြင်းဖြစ်သည်။ ကျွန်တော် တစ်ယောက်တည်းကို စွန့်ပစ်ထားကြမှာကိုတော့ ထိတ် လန့်မိပြန်သည်။ ဒါကြောင့်လည်း သုံးရက်လုံးလုံး မြို့အနှံ့ ခြေဦးတည့်ရာ ကျွန်တော် လျှောက်ပစ်လိုက်သည်။ ကျွန်တော့်ကိုယ်ကျွန်တော် ဘာဖြစ်နေသလဲ ကျွန်တော် မသိနိုင် အောင်ပင်။ ပန်းခြံဘက်ကိုသွားသွား၊ ကမ်းနားဘက်ကို လျှောက်လျှောက် တွေ့ နေ မြင်နေကျ လူတစ်ဦးတစ်ယောက်နဲ့မှ ကျွန်တော် မဆုံဖြစ်ပါ။ ထိုသူများက ကျွန်တော်နဲ့

တစ်နေရာရာမှာတော့ ဆုံတွေ့ နေကြသူတွေပါပဲ။ သူတို့က ကျွန်တော့်ကို မသိပေမယ့် ကျွန်တော်ကတော့ သူတို့ကို ကောင်းစွာ သိကျွမ်းထားပြီးဖြစ်သည်။

သူတို့မျက်နှာတွေကို ကျွန်တော် ဖတ်ပြီး ကျွန်တော့်ဘက်ကသာ ကျွမ်းဝင်ရင်းနှီးထားခဲ့ရသည်သာ။ သူတို့မျက်နှာတွေ လန်းဆန်းနေလျှင် ကျွန်တော် ပျော်ပါသည်။ ဦးခေါင်းကြီးတွေ ငိုက်စိုက်ချ မှိုင်တွေနေတာ တွေ့ရလျှင်တော့ ကျွန်တော် စိတ်မကောင်းတာ အမှန်။

တစ်ခါက ကမ်းနားဘက်မှာ ကျွန်တော်နဲ့ အဘိုးကြီးတစ်ယောက် မိတ်ဆွေတွေ ဖြစ်ကြတော့မလို့။ နေ့စဉ် သူနဲ့ ကျွန်တော် ဆုံနေကြ။ အဘိုးကြီးက ဣန္ဒြေတော့ကြီးသည်။ ဘယ်ဘက်လက်က လွှဲယမ်း၊ ညာဘက်လက်မှာ တုတ်ကောက်ကိုင်ပြီး လမ်းလျှောက်လေ့ရှိသည်။ ပါးစပ် ကလည်း တစ်ခုခုကို ပွစိပွစိ ပြောနေတတ်သည်။ သူ့ဘက်ကတော့ ကျွန်တော့် ကို သတိမထားမိပါ။ ကျွန်တော့်ကို ရှိတယ်လို့တောင် မထင်မှတ်။

တစ်ခါတော့ ကျွန်တော်တို့နှစ်ယောက် မဆုံဖြစ်တာ အတော်ကြာ သွားသည်။ တစ်ညနေခင်း နှစ်ဦးဆုံကြတော့ ကျွန်တော်တို့ နှစ်ဦးစလုံး ဦးထုပ်တွေ မြှောက်ပြီး နှုတ်ဆက်မိကြတော့မလို ဖြစ်ခဲ့ကြသည်။ ပြီးမှ တစ်ခုခုကို သတိရလိုက်သလို လက်တွေပြန်ချ။ ကိုယ့်လမ်းကိုယ် ဆက် လျှောက်သွားကြသည်။ ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ကရုဏာ အကြည့်တွေနဲ့တော့ ကြည့်မိလိုက်ပါသေးသည်။

ထိုမျှမက မြို့ပေါ်က အိမ်တွေကလည်း ကျွန်တော့်မိတ်ဆွေများ ဖြစ်ကြသည်။ လမ်းတစ်လျှောက် ကျွန်တော် လျှောက်သွားတဲ့အခါ အိမ်တွေက ကျွန်တော့်ရှေ့ကကြိုပြေးပြီး ကျွန်တော့်ကို စောင့်နေကြသယောင်၊ ပြီးတော့ ပြတင်းပေါက်လေးတွေက ကျွန်တော့်ကိုကြည့်ရင်း “ဘယ်လိုလဲ မာမာချာချာပဲနော်” လို့ ကျွန်တော့်ကို နှုတ်ဆက်နေကြသလို၊ ဒီလိုမဟုတ် လည်း“ကျုပ်တော့ မနက်ဖြန်မှာ ပြင်ဆင်စရာလေးတွေ လုပ်ရဦးမယ်ဗျို့လို့ ပြောနေကြရဲ့”

တစ်ခါက အိမ်လေးတစ်လုံးက ပြောတာများဆိုရင်… “ကံကြီးပေလို့ပေါ့ဗျာ၊ မနေ့ညက ပြာပုံဘဝ ကျွန်တော် ရောက်တော့ မလို့” တဲ့လေ။

ဒီလိုအိမ်တွေ အများကြီးထဲမှာ ကျွန်တော့်ဘက်က သတ်သတ်မှတ် မှတ် ချစ်နေရတဲ့အိမ်တချို့လည်း ရှိသေးသည်။ အိမ်တစ်အိမ်ဆိုလျှင် နွေရာသီမှာ အကြီးစားပြင်ဆင်မှုတွေ လုပ်ရတော့မည်။ အသက်အန္တရာယ်များ ရှိလေမလားဆိုတဲ့ စိုးရိမ်သောကတွေနဲ့ သူ့ဆီ နေ့စဉ် ကျွန်တော် သွားတွေ့ ရသည်။ စိတ်ထဲကလည်း မောင်မင်းကြီးသား ကံကောင်းပါစေပေါ့။

နှင်းဆီသွေးရောင် အိမ်သေးသေးလေး တစ်လုံးကိုတော့ ကျွန်တော် ဘယ်တော့မှ မမေ့နိုင်ပါ။ ကိုးရိုးကားရား အိမ်ကြီးတွေကြားမှာ သူက မာန တစ်ခွဲသားနဲ့။ အိမ်ကလေးက ကျွန်တော့်ကို ရင်းရင်းနှီးနှီး ကြည့်တတ်သည်။ ဒါကြောင့်လည်း သူ့နားက ကျွန်တော် ဖြတ်သွားမိလေတိုင်း ကြည်နူးမိရ ပါသည်။

လွန်ခဲ့တဲ့ ရက်သတ္တပတ်က ကျွန်တော် ဖြတ်လျှောက်သွားချိန် ကျွန်တော့်မိတ်ဆွေအိမ်ကလေးက ကျွန်တော့်ကို စိတ်ပျက်လက်ပျက်နဲ့ ကြည့် ရင်းညည်းညူလေရဲ့။

"သူတို့တွေ ကျုပ်ကို အဝါရောင်ဆေးတွေ သုတ်နေကြပြီဗျ၊ အရိုင်းစိုင်းတွေလေ၊ ကျုပ်ကို ဘာမှ ချမ်းသာမပေးကြဘူး၊ အိမ်တိုင်တွေ၊ နဖူးစည်း တွေ အကုန်လုံးပါပဲဗျာ" တဲ့။

ဒီတော့ ကျွန်တော့်မိတ်ဆွေလေးလည်း စာဝါငှက်လေးတစ်ကောင် လိုဖြစ်လို့။ ကျွန်တော် ကိုယ်တိုင်လည်း အသားဝါရောဂါ ကူးစက်ခံလိုက်ရ သလို။

ဒါကြောင့်လည်း ဝါဝါထိန်ထိန် နတ်ဘုံနတ်နန်းအရောင်တွေနဲ့ ရုပ်ဖျက်ခံလိုက်ရတဲ့ သနားစရာ ကျွန်တော့်မိတ်ဆွေလေးဆီ ယခုအထိ ကျွန်တော် မရောက်ဖြစ်တော့ပါ။

ဒီအတွက်ကြောင့် တစ်မြို့လုံး ကျွန်တော်နှင့် ရင်းနှီးပြီးသားပါလို့ ပြောခဲ့ခြင်းပင်။ ဆိုခဲ့သလိုပါပဲ။ သုံးရက်လုံးလုံး မသက်မသာနဲ့ ကျွန်တော် ခံစားနေခဲ့ရသည်။

ဘာကြောင့်လဲဆိုတာ အခုတော့ ကျွန်တော် သိခဲ့ပြီ။ လမ်းမပေါ်က အရာရာက ပုံမှန်မဟုတ်သလို ဟိုမှာတစ်ခု ပျောက်ဆုံးနေသလို၊ ဒီမှာတစ်ခု "ဟာ"နေသလို အိမ်မှာနေတော့လည်း စိတ်က ဂနာမငြိမ်၊ ဘာကြောင့်များ ငါက ဒီလောက်တောင် ဝေဒနာကို ခုံခုံမင်မင် ခံစားချင်နေရသလဲ ဆိုသည်က ပုစ္ဆာတစ်ခု၊ ကျွန်တော့်အခန်းကျဉ်းလေးထဲမှာလည်း ဘာတွေများ ပျောက် ဆုံးသလဲ ဆန်းစစ်ကြည့်မိသည်။ ပင့်ကူမျှင်တွေ တွယ်ကပ်နေတဲ့ မျက်နှာ ကြက်နဲ့ မည်းညစ်ညစ် ကျပ်ခိုးတွေ ပေကျံနေတဲ့ အခန်းနံရံတွေကိုလည်း သေသေချာချာ ကျွန်တော် ကြည့်မိ လိုက်သည်။ အဲဒီနေရာတွေမှာများ ဝေဒ နာတွေ ပုန်းခိုနေရှော့သလား။

ဘာဖြစ်နေပြီလဲ ကျွန်တော် သဘောပေါက်ခဲ့တာလည်း ဒီမနက်ပါပဲ။ ဘာကြောင့်များ သူတို့တစ်တွေ ကျွန်တော့်ကို စွန့်ပစ်ခဲ့ပြီလဲ။ အသေးအဖွဲ ကိစ္စလေးတွေကို ပြောနေတဲ့အတွက်တော့ ကျွန်တော် တောင်းပန်ပါရဲ့။ ခက်တာက ဟန်လုပ်ပြီးတော့လည်း ကျွန်တော် အပင်ပန်းမခံချင်။

လူတိုင်းက မြို့ကြီးကို တဖြည်းဖြည်း စွန့်ခွာနေကြသည်။ ဒါမှမဟုတ် မြို့ကြီးကို ထားပစ်ခဲ့ကြပြီ။

ကျွန်တော့်မျက်စိရှေ့မှာ ဖြူသွယ်သွယ် လက်ချောင်းကလေးတွေနဲ့ အခန်းတံခါးကို တွန်းဖွင့်၊ မျက်နှာလှလှ တစ်မျက်နှာ ပေါ်လာ၊ ပြီးတော့ လမ်းပေါ်က ပန်းသည်တစ်ဦးထံက ပန်းစည်းလေးတစ်စည်း ဝယ်လိုက်တာ မျိုး မြင်လိုက်ရင်ပဲ သူမဟာ အချိန်ကုန်ဖို့အတွက်သာ ပန်းစည်းလေးကို ဝယ်နေရပြီး မွန်းကျပ်လှောင်ပိတ်နေတဲ့ အခန်းကျဉ်းလေးတွေထဲမှာ အဲဒီ ပန်းစည်းလေးတွေနဲ့ အချိန်ကုန်ခံမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိနေသည်။

ပန်းစည်းလေးတွေကို ယူပြီး ကျေးလက်တောရွာတွေဆီ သူတို့သွား ကြတော့မည်။ ဒါကြောင့်လည်း အရာရာတိုင်း လှုးလွန့်လှုပ်ရှားလာကြပြီး မြို့ပြင်ဆီကို တရွေ့ရွေ့ ထွက်ခွာနေကြသလိုပင်။ မကြာခင် မြို့ကြီးတစ်ခုလုံး ဗလာဟင်းလင်း ဖြစ်တော့မှာပေါ့လို့ မြင်ယောင်နေသည်။ ကျွန်တော့်ရင်ထဲမှာလည်း ရှက်ရွံ့ သလို၊ ဝမ်းနည်းမိသလို ကျွန်တော့်အတွက်တော့ မြို့ပြင်ထွက်ဖို့ဆိုတာ အကြောင်းပြချက်မရှိ။ ဘယ်နေရာ သွားရမယ်ဆိုတာလည်း မသိ၊ အဖော်တစ်ယောက်ယောက်နဲ့ ခရီးထွက်ဖို့တော့ ငံ့လင့်မိရဲ့။ ဒါပေမဲ့ ကျွန်တော့်ကို ဖိတ်ခေါ်သူက မရှိ။ ကျွန်တော့်ကို လုံးလုံး မေ့ထားကြပြီလား။ ကျွန်တော်က သူတို့အတွက် သူစိမ်းတစ်ရံဆံသူပဲလား။

ဒါကြောင့် နာရီပေါင်းများစွာ ကျွန်တော် လမ်းလျှောက်ပစ်လိုက်ပါ သည်။ ဘာကိုမှလည်း မစဉ်းစားချင်တော့။ ဘယ်ရောက်နေပြီလဲ မသိတော့။ မြို့အစွန်ဖျား ရောက်နေပြီလို့ သိလိုက်ရချိန်မှာ ကျွန်တော် ရုတ်တရက် ပျော်ရွှင်သွား၏။ ဒါပေမဲ့ ဆက်လျှောက်ဆဲ၊ လုံးဝ ကျွန်တော် မမောပါ။ ပြောမယ်ဆို ပခုံးပေါ်က ဝန်ထုပ်ဝန်ပိုးကြီး ပြုတ်ကျသွားသလို ပေါ့ပါးလန်း ဆန်းသွားသည်။

ကျွန်တော့်ဘေးက ဖြတ်မောင်းသွားတဲ့ ယာဉ်ရထားလုံးတွေပေါ်က လူတွေက ကျွန်တော့်ကို မှတ်မှတ်ရရ ပြုံးပြကြပြန်သည်။ ကျွန်တော်လည်း ပိုပြီး ပျော်ရွှင်လာရသည်။ မြို့ပြနံရံတွေကြားမှာ အသက်ရှူမွန်းကျပ်နေတဲ့ လူတွေအတွက် ဒီလိုခံစားချက်သည် သဘာဝကပေးတဲ့ အကျိုးအမြတ်ပါပဲ လား။

နွေဦးရာသီက သူ့ရဲ့ ပါရမီ၊ သူ့ရဲ့ အင်အားတွေ ရုတ်တရက် ပွင့်ထွက် လာသည်။ ရောင်စုံပန်းတွေနဲ့ လှပစွာ ဝတ်စားထားချိန်။ မြို့ပြဝန်းကျင်ရဲ့ ပကတိ သဘာဝနေရာတွေမှာ ဖော်ပြလို့မရသော အရာများစွာ လှုပ်နိုးသွား သလို။

ကျွန်တော့်အတွက်တော့ အဲဒီအရာရာဆိုသည်မှာ လှုပ်လီလှုပ်လဲ့နဲ့ နာမကျန်းဖြစ်ရှာတဲ့ မိန်းမပျိုလေးတစ်ဦးလို သမားရိုးကျ အချိန်တွေမှာ အဲဒီ မိန်းကလေးကို သနားစရာ၊ ကရုဏာသက်စရာလို့ ထင်မြင်ခဲ့ကြပေမယ့်

ကျွန်တော်တို့တွေက လုံးလုံးလျားလျား ဥပေက္ခာပြုခံထားရသူလေး။

ဒါပေမယ့် အဲဒီမိန်းကလေးကလည်း တခဏအတွင်းမှာ တိုက်တိုက် ဆိုင်ဆိုင် လူးလွန့်လူးပ်ရှားလာပြီး မက်မက်မူးမူးနဲ့ ကျွန်တော်တို့ကို ဖမ်းစား ထားခဲ့ပါပြီ။

ဒီလို စွဲမက်စရာ မျက်ဝန်းတွေထဲက မီးလျှံတွေကို ဘယ်လိုအင်အား တွေက ထွန်းညှိခဲ့ပါသလဲ။

ချောင်ကျနေတဲ့ ဖြူရော်ရော် ပါးပြင်ပေါ်ကို ဘယ်အရာတွေကများ နှင်းဆီရက်သွေးဖြန်းစေခဲ့ပြီလဲ။

သူမရဲ့ရင်အစုံက မို့မောက်နိမ့်ဆင်း၊ ရယ်သံလွင်လွင်နဲ့ ရွှန်းစိုနေတဲ့ အပြုံးတွေ ပွင့်ပြီးတော့ ဘဝရဲ့အင်အားတွေ၊ အလှတရားတွေနဲ့ သနားစရာ သူ့မျက်နှာလေးပေါ် ဘယ်နည်းနဲ့များ မြန်မြန်ဆန်ဆန် ကူးစက်သွားတာလဲ ကွယ်။

မျက်စိတစ်ချက် ဝေ့ကြည့်အပြီး သင်က အဲဒီလို တွေးကောင်းတွေးမိနိုင်ပါသည်။ ဒါပေမဲ့ “သွားပြီ” လုံးလုံး ပြောင်းလဲသွားခဲ့ပြီပေါ့။ နောက်တစ်နေ့ မှာလည်း ပျံ့လွင့်ငေးမောနေတဲ့ ဖြူရော်ရော်သူ့မျက်နှာ၊ စိုးရွံ့ ထိတ်ပြာနေ တဲ့ သူမရဲ့ အမူအရာလေးတွေနဲ့ သင် ဆုံတွေ့ချင် ဆုံတွေ့ နိုင်ပါသေးသည်။ ဒါမှမဟုတ် ပီတိနဲ့ကြည်နူးနေတဲ့ တခဏလေးမှာပဲ အရှက်နဲ့ ထုံကျဉ်နေတဲ့ ဝေဒနာတချို့ကိုလည်း သင် တွေ့ ကောင်းတွေ့ နိုင်ပါသည်။ ဒါပေမဲ့ အဖတ်ဆယ်လို့မရလောက်အောင် မြန်မြန်ဆန်ဆန်ကြွေသွားတဲ့ တဒင်္ဂအလှတရား အတွက်တော့ သင် ဆွေးရပြီပေါ့။ မျက်စိရှေ့မှာ အသွင်သဏ္ဍာန်တစ်ခုအနေ နဲ့သာ လျှပ်ပြက်သွားသလိုမို့ သင် စိတ်ထိခိုက်ရပြီပေါ့။ အဲဒီ မိန်းကလေးကို ချစ်ခွင့်ပန်ဖို့အချိန်လေးတောင် မရလိုက်ပါဘဲ သင့်စိတ်နှလုံး ဆင်းရဲခဲ့ရပြီ ပေါ့။ သို့မို့ကြောင့်သာ ကျွန်တော့်အတွက်တော့ နေ့နဲ့နှိုင်းစာရင် ညက ပိုပြီး ကြည်နူးစရာပါလေ။

မြို့ထဲပြန်လာတော့ အချိန်အတော်လင့်နေပြီ။ သီချင်းလေး ညည်း ရင်းနဲ့ ကျွန်တော် ပြန်လာခဲ့သည်။ အခုလို ပျော်ရွှင်နေတဲ့ အခါမျိုးဆိုရင်တော့ သီချင်းလေးတွေ ကျွန်တော် ညည်းမိတတ်ပါသည်။

ကိုယ့်ရဲ့ပျော်ရွှင်မှုကို မျှဝေခံစားဖို့ အနားမှာ လူတစ်ယောက်မှမရှိတဲ့ အဖော်မဲ့သူတွေ ဖြစ်တတ်တဲ့ သဘာဝအတိုင်းပေါ့။

အိမ်နားရောက်တော့ ညဆယ်နာရီထိုးပြီ။ အဲဒီအချိန်မှာပဲ မျှော်လင့်မထားတဲ့ ကိစ္စတစ်ခုနဲ့ ကြုံလိုက်ရပါတော့သည်။

အမျိုးသမီးငယ်လေးတစ်ဦး နောက်ကျိနေတဲ့ မြစ်ရေကို ငူငူငိုင်ငိုင် ငေးစိုက်ကြည့်ရင်း မြစ်ရိုးအရံ လက်ရန်းတိုင်ကို ပုံနွဲ့နွဲ့ မှီရပ်နေသည်။ သူမရဲ့ အဝတ်အစားတွေက လှလိုက်တာ။ အဝါရောင်ဦးထုပ်လေးလည်း ဆောင်းထားရဲ့။ ဆံနွယ်တွေက နက်မှောင်လို့။ ပျို့ရွယ်တဲ့ မိန်းကလေးတစ်ဦးပါပဲလား။

သူလေးဘေးက အသက်အောင့်ပြီး ကျွန်တော် ဖြတ်လျှောက်သွားတော့ ကျွန်တော့်ကို တစ်ချက်တောင် ငဲ့မကြည့်ခဲ့ပါ။ အတွေးထဲမှာ နစ်မြုပ် နေပုံရသည်။

ကျွန်တော့်ရင်ကလည်း တဒိတ်ဒိတ်တုန်လို့။

ဒါပေမဲ့ ရုတ်တရက် ကြက်သေသေသွားသလို ကျွန်တော် ဖြစ်ခဲ့ရ၏။

“ရှိုက်ရှိုက်ငိုလိုက်တဲ့ ငိုသံ”ဟုတ်ပါတယ်။ သူလေး ငိုနေတာပါလား၊ တစ်ခါတစ်ခါ ပင့်သက်ရှိုက်လိုက်တဲ့ အရှိုက်။ “ဘုရားရေ”ကျွန်တော့်နှလုံး သားထဲလည်း သနားစိတ်တွေ ကူးစက်ကုန်ပေါ့။

ဒါနဲ့ နောက်ပြန်လှည့်ပြီး သူလေးအနား လျှောက်လာလိုက်သည်။ အမျိုးသမီးတွေနဲ့ သိပ်မစိမ်းသော်လည်း ကျွန်တော့်စိတ်ထဲ ရှက်သလိုလို တော့ရှိရဲ့။ ပထမ သူလေးကို “မဒမ်”လို့ခေါ်ပြီး မိတ်ဆက်လိုက်တော့မလို့၊ နောက်မှ ဒီလို အသုံးအနှုန်းနဲ့ နှုတ်ဆက်တာ ရှေးရှားဝတ္ထုတွေထဲကသုံးတဲ့ စကားပဲလို့ သတိရလိုက်ပြီး နောက်တစ်မျိုး စဉ်းစားနေတုန်း သူလေး သတိပြန်လည်လာ၏။ ကျွန်တော့်ကို တစ်ချက်စောင်းငဲ့ကြည့်ပြီး သုတ်ခနဲ ထွက် ပြေးသွားပါတော့သည်။

တာရိုးပေါ်မှာ ပြေးနေတာ ကို သူလေး သတိရသွားလို့ပဲလားတော့ မပြောတတ်။ မိန်းကလေးဟာ လမ်းတစ်ဖက်ဖြတ်ကူးလိုက်ပြီး ရှေ့ဆက် လျှောက်သွားတော့၏။ ကျွန်တော့်နှလုံးသားဆိုတာလည်း လက်ထဲဖမ်းမိထားတဲ့ ငှက်ကလေးတစ်ကောင်လို တုန်ယင်လို့။

သူလေးနောက်ကိုတော့ ကျွန်တော် ဆက်မလိုက်ရဲတော့ပါ။ ဒါပေမဲ့ ကျွန်တော့်အတွက် ကံကောင်းခြင်းပဲ ဆိုရမလားတော့ မသိ။ ဟိုတစ်ဖက် ပလက်ဖောင်းမှာ သူလေးနဲ့ယှဉ်ပြီး လျှောက်နေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရသည်။ အသက်ခပ်ကြီးကြီး၊ ဒါပေမဲ့ လူပုံပန်းကတော့ ဟန်မယ့်ပုံ မပေါ်။ အုတ်နံ့ရံ့ကပ်ပြီး ဒယီးဒယိုင်နဲ့ လျှောက်နေသည်။

သူလေးကလည်း စိုးရိမ်စိတ်နဲ့ ခပ်သွက်သွက်လျှောက်လို့။ သူစိမ်း ယောကျ်ားလေးတစ်ယောက် ကိုယ့်အိမ်သိသွားမှာစိုးတဲ့ အပျိုမလေးလိုပါပဲ။ ဒီနှုန်းအတိုင်းသာ ဆက်သွားနေမယ်ဆိုရင်တော့ ဟိုလူက သူလေးကို မီနိုင် မယ်တော့ မထင်။ ဒါပေမဲ့ ဖြစ်ချင်တော့ အဲဒီလူက ဘာမပြော ညာမပြော “ဗြုန်း” ဆို

သူလေးနောက် ဒုန်းစိုင်းပြီးလိုက်ပါလေရော။

သူလေးကလည်း ကြောက်ကြောက်လန့်လန့်နဲ့ ပြေး။

နောက်ကလိုက်နေတဲ့ အရိပ်မည်းမည်းကြီးက သူလေးကို မိတော့ မယ်။ ဟော... ဖမ်းမိသွားပြီ။ မိန်းကလေးကလည်း ထိတ်ထိတ်ပြာပြာနဲ့ အော်လိုက်တာပေါ့။ ဖြစ်ချင်တော့ အသင့်တွေ့ လိုက်ရတဲ့ တုတ်တစ်ချောင်း ကို ကျွန်တော် ကောက်ကိုင်လိုက်ပြီး လမ်းတစ်ဖက် ဖြတ်ကူးလိုက်၏။ ဒီ တော့ ဟိုလူလည်း အခြေအနေကို ကောင်းကောင်း သဘောပေါက်သွားတယ် ထင်ပါရဲ့။ ကိုယ်ရှိန်သတ်ပြီး နောက်ဆုတ်သွားသည်။ လမ်းတစ်ဖက်ရောက် တော့မှ မပီမသနဲ့ ဘာတွေအော်ပြောနေသလဲမသိ။ ကျွန်တော်လည်း မကြား မိတော့။

ဒီမှာ သူလေးကို ကျွန်တော် စကားပြောလိုက်ရ၏။ "ခွင့်ပြုမယ်ဆိုရင် မင်းလေး လက်ကို ကျုပ် ကိုင်ထားပါရစေလား၊ ဟိုလူ နောက်တစ်ကြိမ် မနှောင့်ယှက်အောင်လို့ပါ"

ဒီလိုပြောတော့လည်း တိတ်ဆိတ်စွာနဲ့ပဲ သူလေးက ကျွန်တော့်ကို ခွင့်ပြုလိုက်သည်။

စောစောက လှုပ်ရှားမှုတွေ၊ စိုးရိမ်စိတ်တွေကြောင့် သူလေးလက်တွေ က တုန်ယင်ဆဲ။ ကြည့်စမ်း၊ ကျွန်တော် ဘယ်လောက် ကံကောင်းသလဲ။ ဟိုလူကြီးကိုပဲ ကျေးဇူးတင်မိတော့သလို၊ သူလေးကို မသိမသာလေးတစ်ချက် စွေကြည့်လိုက်တော့ လှလိုက်တဲ့မိန်းကလေးရယ်။ နက်မှောင်တဲ့ ဆံနွယ်တွေ နဲ့ မျက်ဝန်းမှာလည်း မျက်ရည်တွေစွန်းလို့။ ကြောက်စိတ်ကြောင့်ပဲလား၊ ဝမ်းနည်းနေလို့ပဲလား။

မျက်ဝန်းကို ထောင့်ကပ်ပြီး ကျွန်တော့်ကို သူလေး ကြည့်မိတော့ ရှက်သွေးတွေဖြာရင်း ခေါင်းကို အောက်စိုက်လိုက်သည်။

"မင်းလေးဘက်မှာ ကျွန်တော် ရှိနေပြီပဲ၊ ဘာမှ မစိုးရိမ်ပါနဲ့တော့၊ ပြီးတော့ ကျွန်တော့်ကို သူစိမ်းလို မဆက်ဆံပါနဲ့လား"

"ကျွန်မမှ ရှင့်ကို မသိတာဘဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အခုချိန်မှာ ရင်းနှီးသွားပြီလို့မထင်ဘူးလား"

"နည်းနည်းပေါ့၊ ဒါနဲ့ ရှင့်လက်တွေက ဘာဖြစ်လို့ တုန်နေရတာလဲ ပြောပါဦး"

ကြည့်စမ်း၊ တွေ့စမှာပဲ ကျွန်တော့်ကို မင်းလေး အတိအကျ ခန့်မှန်း နိုင်ပါလား။

ပြီးတော့ လှသလို အပြစ်အနာလည်း ကင်းစင်ပါလားလို့ တွေးရင်း ကျွန်တော် ကျေနပ်မိလိုက်သည်။

ဟုတ်တယ်။ ကျွန်တော့်ကို မင်းလေး ထွင်းဖောက်ကြည့်လိုက်တာ ပါပဲ။ စောစောက မင်းလေးကို ဟိုလူက ခြောက်လှန့်ခဲ့သလို ကျွန်တော်လည်း မိန်းကလေးတွေကို ကြောက်တဲ့စိတ်နဲ့ တုန်နေတာပဲ ဖြစ်မှာပါ။

"ဟုတ်ပါတယ်၊ မိန်းကလေးတစ်ယောက်ကို အခုလို စကားပြော ရမယ်လို့ အိပ်မက်တောင် ကျွန်တော် မမက်ခဲ့ပါဘူး၊ အခုတော့ အိပ်မက်လို ပါပဲလား"

"တကယ်"

"ဟုတ်တယ်"

"ကျွန်တော့်လက်တွေ တုန်နေတာ မင်းလေးသိပါတယ်၊ မိန်းကလေး တွေနဲ့ ကျွန်တော် အကျွမ်းတဝင် မရှိခဲ့ပါဘူး၊ တကယ်ပါ၊ သူတို့နဲ့ ဘယ်လို စကားပြောရမယ်ဆိုတာတောင် ကျွန်တော် မသိပါဘူး"

"အခုလည်း အဓိပ္ပာယ်မရှိတာတွေ ပြောမိပြီလား မသိပါဘူး၊ ကျွန်တော့်ကိုတော့ ပွင့်ပွင့်လင်းလင်း ဆက်ဆံပါ၊ ကျွန်တော် စိတ်အနှောင့် အယှက် မဖြစ်ပါဘူး"

"မဟုတ်ပါဘူးရှင်၊ ရှင်ပြောတာနဲ့ တခြားစီရယ်ပါ၊ ရှင်က ရင်းရင်းနှီးနှီး ဖြစ်စေချင်တယ်ဆိုတော့ ကျွန်မ တစ်ခုပြောရဦးမယ်၊ မိန်းကလေးတွေက ရှင့်လို ရှက်ကိုးရှက်ကန်းဖြစ်နေတာမျိုးကို သဘောကျတတ်ကြပါတယ်၊ ကျွန်မလည်း အဲဒါမျိုးကို သဘောကျပါတယ်"

"ရှင့်ကို ကျွန်မအိမ်နားအထိ လိုက်ပို့ခိုင်းဖို့တော့ မပြောတော့ပါဘူး"

"ဒီလိုသာ မင်းလေးခွင့်ပြုမယ်ဆိုရင် ကျွန်တော်လည်း မရှက်တော့ ဘူး၊ ပြီးတော့ ကျွန်တော့်အတွက် အခွင့်အရေး"

အသက်ရှူမှားမတတ်အောင်ဘဲ ကျွန်တော် ပြောလိုက်မိတော့… "အခွင့်အရေး ဘာအခွင့်အရေးလဲ၊ ကျွန်မ မကြိုက်တာကို ရှင် ပြော လိုက်ပြီပေါ့"

"တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့်ဘက်က အမှတ်မဲ့ ပြောလိုက်မိတာပါ၊ အခုချိန်မှာ မင်းလေး ဘယ်လိုမှ သိနိုင်မယ် မထင်ပါဘူး၊ ကျွန်တော့် ဘက်ကလည်း ဒီလိုဆန္ဒရှိဖို့ မကောင်းပါဘူး"

"ဘယ်လို… ဆန္ဒ၊ ရှင့်ကို ကျွန်မက သဘောကျမယ်ဆိုတဲ့ ဆန္ဒလား"

“ဟုတ်ပါတယ်ဗျာ၊ ဒါပေမဲ့ ဒီလိုပါ၊ သည်းခံနားထောင်ပါဦး၊ ကျွန်တော့် အသက် နှစ်ဆယ့်ခြောက်နှစ် ရှိပါပြီ၊ ဘယ်သူနဲ့မှ ရင်းရင်းနှီးနှီး မသိကျွမ်းခဲ့ ဖူးပါဘူး၊ ဒါကြောင့် လူတွေနဲ့ တရင်းတနှီး စကားပြောဖို့ကျွန်တော် ဘယ်လိုမှ မမျှော်လင့်နိုင်တာပါ၊ ဒါပေမဲ့ ကျွန်တော့်နှလုံးသားက စကားတွေ ပြောနေတဲ့ အခါမှာတော့ ကျွန်တော် ဘယ်လို ငြိမ်ငြိမ်နေလို့ရမှာလဲ၊ ပြီးတော့ မင်းလေး အတွက် အစစအရာရာ ပွင့်ပွင့်လင်းလင်းရှိရင် ကောင်းမယ်ထင်လို့ပါ၊ အဲ... ဘယ်လိုလဲဆိုတော့ မပြောတတ်ဘူး၊ ဒါပေမဲ့ ကျွန်တော့်ကိုတော့ ယုံကြည် ပါဗျာ၊ တစ်နေ့နေ့မှာ မိန်းကလေးတစ်ယောက်နဲ့ ဆုံရလိမ့်မယ်ဆိုတဲ့ အိပ် မက်တော့ ကျွန်တော့်မှာ ရှိခဲ့ဖူးပါတယ်၊ တစ်ယောက်ယောက်နဲ့မှတော့ အခု လို စကားမပြောဖူးပါဘူး၊ ဒီလိုနည်းနဲ့ ကျွန်တော့်ဘက်က ချစ်ခဲ့ရသလဲဆို တာလည်း မင်းလေး သိနိုင်မှာ မဟုတ်ပါဘူး”

“ဘယ်လို... ရှင်က ဘယ်သူ့ကို ချစ်ခဲ့မိလို့လဲ”

“ဒီလိုပါ၊ ကျွန်တော့်ဘက်က တိတိကျကျ တစ်ယောက်မှ မရှိခဲ့ပါဘူး၊ ရှိတဲ့တစ်ယောက်ဆိုတာလည်း စိတ်ကူးထဲကပါ၊ ကျွန်တော့်အိပ်မက်ထဲမှာ ပါ၊ ပြီးတော့ ...”

“ဩော် ...... ကျွန်တော့်အကြောင်းကိုမှ ကောင်းကောင်းမသိသေးတာ ပဲ၊ မင်းလေး စဉ်းစားကြည့်ရင် ရနိုင်မှာပါ၊ ကျွန်တော့်ဘဝမှာ မိန်းမနှစ် ယောက် သုံးယောက်နဲ့တော့ တွေ့ဖူးပါတယ်၊ ဒါပေမဲ့ သူတို့တွေကလည်း အိမ်ထောင်သည်တွေပါ၊ ကျွန်တော်က ဝတ္ထုတွေဖတ်ပြီးတော့လည်း ကြံကြံ ဖန်ဖန် စိတ်ကူးတတ်ပါတယ်။

“ပြောပြရင် မင်းလေးရယ်မလား မသိဘူး၊ တစ်ခါက ကျွန်တော့်မှာ စိတ်ကူးတစ်ခု ရှိခဲ့ဖူးတယ်၊ ဒီလိုပါ လမ်းလျှောက်နေတဲ့ မိန်းမပျိုတစ်ယောက် ယောက်ကို စကားလိုက်ပြောဖို့ပါ၊ ရှက်ရှက်နဲ့တော့ ပြောရမှာပေါ့ဗျာ၊ ဒါပေမဲ့ လေးလေးစားစားနဲ့ပါ။

“တစ်ကိုယ်တည်း နေနေရတဲ့ ကျွန်တော့်ဘဝဟာ သေလုမြောပါး ခံစားနေရတယ်ပေါ့။

“ကျွန်တော့်အနေနဲ့ အခြားမိန်းကလေး တစ်ယောက်ယောက်ကို သိကျွမ်းဖို့ ဆိုတာလည်း မဖြစ်နိုင်လို့ပါပေါ့၊ ပြီးတော့ ကျွန်တော့်လို ညှိုးညှိုး ငယ်ငယ်နဲ့ ချဉ်းကပ်လာတဲ့ လူတစ်ယောက်ကို ကြည်ကြည်ဖြူဖြူဆက်ဆံဖို့ ဆိုတာလည်း မိန်းကလေးတွေမှာ တာဝန်ရှိပါတယ်ပေါ့ ။

“နောက်ဆုံး သူ့ဆီက ကျွန်တော် လိုချင်တာကတော့ ကျွန်တော့်ကို

နည်းနည်းလေး နားလည်ပေးရုံနဲ့ မောင်နှမလိုသဘောထားပြီး စကားလေး တစ်ခွန်း နှစ်ခွန်းလောက် ပြန်ပြောလိုက်ဖို့ပါပဲ။

"အဲ ... စကားလေး နှစ်ခွန်းလောက်ပါပဲ၊ သူ့ဘက်က ကျေနပ်မယ်ဆိုရင်ပါ၊ ပြီးတော့လည်း ကျွန်တော်တို့တွေ ထပ်ဆုံဖြစ်ကြမှာတော့ မဟုတ် ပါဘူးလေ"

"ဟော... မင်းလေး ရယ်နေပါလား၊ ဒါကြောင့် ကျွန်တော် ပြောတာပေါ့ဗျာ"

"မဟုတ်ပါဘူးရှင်၊ ကျွန်မ ရယ်နေတယ်ဆိုတာ ရှင်ဟာ ကိုယ့်ကိုယ် ကိုယ် ဒုက္ခပေးနေတာကို တွေးပြီး ရယ်မိတာပါ"

"လမ်းမပေါ်မှာ ရှင် ဒီလိုလုပ်လိုက်လို့အောင်မြင်တယ်ပဲ ထားပါတော့၊ ထုံထုံအအ မိန်းကလေးဆို ပိုတောင်လွယ်လိမ့်မယ်၊ ဒါပေမဲ့ ရှင့်ကိုတော့ အရူးလို သတ်မှတ်သွားကြမှာပဲ"

"အဲဒီအချိန်မှာ ဒေါသထွက်နေတဲ့ မိန်းကလေး၊ စိတ်ညစ်နေတဲ့ မိန်းကလေးမျိုးနဲ့ မတွေ့ဘူး ဆိုရင်တော့ တော်တော်တန်တန် မိန်းကလေးတွေ ကတော့ ရှင်တောင်းဆိုချက်တွေကို စကားလေး နှစ်ခွန်း သုံးခွန်းလောက် ပြောပြီး ရှောင်ထွက်သွားကြမှာပဲ၊ ကျွန်မဆိုရင်လည်း ဒီလိုပဲ တုံ့ပြန်မိမှာပဲလေ"

"ဟာ... ကျေးဇူးပဲဗျာ၊ ဒါဆိုရင် ကျွန်တော့်ကို မင်းလေး ဘယ်လိုမှ ရန်မလုပ်ဘူးပေါ့နော်"

ဝမ်းသာလှိုက်လှဲမှုတွေအပြည့်နဲ့ ကျွန်တော် အော်ပြောမိလိုက်သည်။

"ဟုတ်ပါပြီတဲ့ရှင်၊ ဒါပေမဲ့ ကျွန်မက ရှင့်အတွက် ဘာကြောင့် စိတ်ဝင်စားစရာ ကောင်းနေသလဲဆိုတာ ပြောပါဦး၊ ပြီးတော့ ရှင်ပြောသလို အိမ်ထောင်ရှင်တစ်ယောက် မဟုတ်ဘူးဆိုတာလည်း ရှင် ဘယ်လို သိရတာလဲ"

"ကျွန်တော် ဘယ်လိုသိတယ်၊ ဒီလိုလေ"

"မင်းလေးက တစ်ယောက်တည်းရယ်၊ ပြီးတော့ ဟိုလူကလည်း အတင့်ရဲလွန်းပါတယ်၊ နောက်တစ်ခုက ညဉ့်နက်နေပြီလေ၊ ပြီးတော့ ဒါပဲ လေ၊ ဒီ့ထက်လည်း ကျွန်တော် ပိုမပြောတတ်တော့ဘူး"

"မဟုတ်ပါဘူး၊ ကျွန်မ ပြောတာ စောစောပိုင်းက ကိစ္စပါ၊ ဟိုဘက် ပလက်ဖောင်းမှာ ရှိနေတုန်းကလေ၊ ကျွန်မကို ရှင် စကားပြောဖို့ မစဉ်းစား ခဲ့ဘူးလား"

"ဟိုဘက် ပလက်ဖောင်းမှာတုန်းက မင်းလေးကို ဘယ်လိုပြောရမှန်း

မသိတော့ပါဘူး”

“ဒီလိုပါ၊ ဒီနေ့ ကျွန်တော် အရမ်းပျော်နေတယ်၊ ဒါကြောင့် မြို့ပြင် အထိ ကျွန်တော် လမ်းလျှောက်ပစ်လိုက်တယ်၊ ဒီလိုပျော်စရာမျိုး ကျွန်တော် မှာ မရှိခဲ့ပါဘူး”

“ကျွန်တော့်ကိုတော့ ခွင့်လွှတ်ဗျာ၊ အဲဒီအချိန်မှာ မင်းလေးက ငိုလို့ ကျွန်တော် သိတာပေါ့။ မင်းလေး ငိုနေတာတွေ့တော့ ကျွန်တော် မခံစားနိုင် တော့ဘူး၊ ရင်ထဲ နင့်လာတယ်”

“ဟောဗျာ၊ မင်းလေးအတွက် ကျွန်တော့်ခံစားနေရတာတွေ ပြောမိပြန်ပြီ၊ ဒီလိုပါ၊ မင်းလေးရဲ့ ပူဆွေးဝမ်းနည်းမှုတွေအတွက် အစ်ကိုတစ် ယောက်လို ကရုဏာသက်မိတာကို ပြောတာပါ”

“ဒါ ကျွန်တော့်အတွက်တော့ အပြစ်တစ်ခုတော့ မဟုတ်ပါဘူးနော်၊ ဒါပေမဲ့ ဒီလိုပြောလိုက်မိတာ စော်ကားသလိုများ ဖြစ်နေမလား မသိပါဘူး”

“ကဲ … ကျေနပ်ပါပြီရှင်၊ နောက်ထပ် မပြောပါနဲ့တော့”

သူလေးက ပြောပြီးပြီးချင်း ခေါင်းကို တစ်ဖက်လှည့်လိုက်၏။ တစ်ခါ ကျွန်တော့်လက်ကို တင်းတင်းရင်းရင်း ဆုပ်ကိုင်ပြီး …

“ဒီလိုဖြစ်ရတာကိုက ကျွန်မ အပြစ်ပါလေ၊ ဒါပေမဲ့ အမှားတစ်ခု မဟုတ်တာတော့ ဝမ်းသာပါတယ်”

“ကဲ … ကျွန်မ အိမ်ရောက်တော့မယ်၊ ကျွန်မက ဟိုဘက်လမ်းထဲကို ဝင်ရမှာ၊ သိပ်မလိုတော့ဘူး၊ ရှင့်ကို ကျေးဇူးအများကြီး တင်ပါတယ်”

“ဟို… ကျွန်တော်တို့ နောက်ထပ်မတွေ့ကြတော့ဘူးဆိုတာ တကယ် ပဲလား၊ ဒီလိုပဲ ကျွန်တော်တို့ ပြီးဆုံးသွားရတော့မှာလားဗျာ”

သူလေးက မက်မက်စက်စက် ရယ်မောလိုက်ရင်း …

“ရှင်ပဲ ပြောခဲ့တယ်လေ၊ စကားလေး တစ်ခွန်း နှစ်ခွန်းလောက်ဆို ကျေနပ်ပါပြီဆို”

“ကျွန်မတို့တစ်တွေ တစ်နေ့ပြန်တွေ့ ချင်လည်း တွေ့မှာပေါ့ရှင်၊ ရှင် ပြောနိုင်လို့လား”

“ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ ဒီနေရာလေးမှာပဲ မနက်ဖြန် ကျွန်တော်

စောင့်နေမယ်လေ၊ အတင်းအကျပ် တောင်းဆိုသလို ဖြစ်နေမလား မသိပါ ဘူး”

“ဟုတ်တယ်၊ ရှင်ဟာ ဇွတ်တရွတ်ပဲ”

“စကားနားထောင်ပါဦးဗျာ”

သူလေးစကားကို ဖြတ်ပြီး ကျွန်တော် ပြောလိုက်မိသည်။

“ကျွန်တော် မှားသွားရင်လည်း ခွင့်လွှတ်ပါ၊ မင်းလေး သိမှာပါ၊ မနက်ဖြန် ဒီနေရာလေးကို ကျွန်တော် မလာဘဲ မနေနိုင်တော့ပါဘူး”

“ဒါဟာ ကျွန်တော့်ရဲ့ ရိုးသားတဲ့ အိပ်မက်တစ်ခုပါ၊ ကျွန်တော့်အိပ်မက် တွေထဲမှာ တကယ့်ဘဝဆိုတာ ရှားရှားပါးပါးသာ ရှိတတ်တာပါ၊ ဒီလိုအချိန် မျိုးလေးတွေဆိုတာ ကျွန်တော့်ဘဝမှာ အိပ်မက်ဆန်လွန်းပါတယ်”

“ဒါကြောင့် ကျွန်တော့်အတွေးထဲမှာ ဒီအကြောင်းတွေကို အထပ်ထပ် ရေရွတ်နေမိတော့မှာပဲလေ၊ ကျွန်တော့်အတွေးထဲမှာ မင်းလေး အမြဲရှိနေ တော့မှာပါ၊ ဒီနေရာလေးဟာ ကျွန်တော်နဲ့ ရင်းနှီးခဲ့ပြီလေ”

“ကျွန်တော့်ဘဝမှာ ဒီလိုရင်းနှီးတဲ့ နေရာလေးတွေ နှစ်နေရာ သုံးနေ ရာလောက်ပဲ ရှိပါတယ်”

“တစ်ခါကဆို မင်းလေးလိုပဲ ကျပ် ငိုတောင် ငိုခဲ့ဖူးတာပေါ့”

“ဟောဗျာ၊ ကျွန်တော် ပြောမိပြန်ပြီ၊ ခွင့်လွှတ်ပါဦးဗျာ”

သူလေးက ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ရင်း ...

“ဒါဆိုရင်လည်း ကောင်းပြီလေ၊ ရှင့်ကိုတော့ ကျွန်မ မတားချင်ပါဘူး၊ ဒါပေမဲ့ မနက်ဖြန်ည ၁၀ နာရီမှာ ဒီနေရာလေးကို ကျွန်မ လာကို လာရဦးမှာပါ”

“ရှင့်ကိုတော့ ကျွန်မ အသိပေးလိုက်ပါရဲ့၊ ကျွန်မ လာမယ်ဆိုတာ ရှင်နဲ့ ချိန်းထားလို့တော့ မဟုတ်ဘူးနော်၊ ကျွန်မကိစ္စနဲ့ ကျွန်မလာရမှာမို့ပါ”

“ရှင် ရှိနေမယ်ဆိုတော့လည်း ကျွန်မ စိတ်မဆိုးပါဘူး၊ ကျွန်မအတွက် လုံခြုံနိုင်တာပေါ့”

“ကဲပါလေ၊ ရှင်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်”

“ရှင့်ကိုလည်း စကားတစ်လုံး နှစ်လုံး ပြောရတဲ့အတွက်ပေါ့နော်”

“ဒါပေမဲ့ ကျွန်မဘက်က လွယ်လွယ်ကူကူ ချိန်းတယ်ဆိုလို့တော့ ရှင်

တစ်မျိုးမတွေးနဲ့ဦးနော်၊ နို့မို့ရင်တော့ ရှင်နဲ့ ထပ်တွေ့မှာမဟုတ်တော့ဘူး”

“ဘာလို့လဲဆိုတော့ ထားလိုက်ပါတော့လေ၊ ကျွန်မတို့တစ်ခုပဲသဘော တူရအောင်”

“သဘောတူမယ်၊ ပြောပါဗျာ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘက်က သဘောတူပြီးသားပါ”

သူလေးက သဘောကျစွာ ရယ်လိုက်ရင်း ...

“သိပါတယ်ရှင်၊ ရှင့်ကို ကျွန်မ သဘောပေါက်ပါတယ်၊ ကျွန်မ ပြော ချင်တာက”

“ဒါကို ကျွန်မ ကောင်းကောင်းသိလို့ ပြောတာနော်”

“တစ်အချက် ကျွန်မကို ရှင် ချစ်တယ်လို့မပြောရဘူး၊ မပြောရဘူးနော်၊ ပြီးတော့ ကျွန်မကို ယုံပါ၊ ရှင်နဲ့ ကျွန်မ မိတ်ဆွေတွေဖြစ်ချင်ပါတယ်၊ ဟုတ် ပြီနော်”

“ကဲ… နှုတ်ဆက်လိုက်ပါရဲ့၊ သေသေချာချာ မှတ်ထားနော်၊ ကျွန်မကို ချစ်တယ်လို့ မပြောရဘူး”

သူလေးလက်ကို ဆွဲပြီး ကျွန်တော် နှုတ်ဆက်လိုက်မိ၏။ ပြီးမှ ...

“ကျွန်တော် ကျိန်ဝံ့ပါတယ်ဗျာ”

“ဟိုး ... ဆရာ၊ လွယ်လွယ်ကူကူ မကျိန်ပါနဲ့ဦး၊ ရှင့်ကြည့်ရတာ ယမ်းအိုးကြီးတစ်လုံးလို ပေါက်ကွဲတော့မလိုလိုပဲ၊ ဆောရီးနော်”

“ပြီးတော့ ရှင် သိမှာမဟုတ်ပါဘူးလေ၊ ကျွန်မမှာလည်း စကားလေး ဘာလေး ပြောရမယ့်လူဆိုလို့ တစ်ယောက်မှရှိတာ မဟုတ်ဘူး၊ အဲဒီလိုလူမျိုး ကျွန်မ ဘယ်နေရာ သွားရှာရမှာလဲ၊ လမ်းပေါ်မှာ မဟုတ်တာတော့ သေချာ ပါတယ်နော်”

“ဒါပေမဲ့ ရှင်ကတော့ ခြွင်းချက်လေ၊ ရှင့်ကိုတော့ လွန်ခဲ့တဲ့အနှစ် နှစ် ဆယ်လောက်က သိကျွမ်းခဲ့ရတဲ့ မိတ်ဆွေတစ်ယောက်လို ခင်မိပါတယ်”

“ကျွန်မ ဒုက္ခရောက်အောင် ရှင်လုပ်မှာ မဟုတ်ဘူးလို့လည်း ယုံပါ တယ်”

“ယုံလိုက်စမ်းပါ မိန်းကလေးရယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ လာ မယ့် နှစ်ဆယ့်လေးနာရီလုံးလုံး ဘယ်လိုနေရမလဲဆိုတာ မသိတော့ဘူး”

“နှစ်နှစ်ခြိုက်ခြိုက်သာ အိပ်လိုက်ပါရှင်၊ မောင်နှမလို ကရုဏာစိတ်

နဲ့ပဲဖြစ်ဖြစ်၊ လူတစ်ယောက်ဟာ သူ ခံစားနေရတဲ့ကိစ္စတွေကို အခြားတစ်ယောက်ကို ဘာကြောင့်ပြောပြလို့ မရနိုင်ရမှာလဲ၊ ရှင်သာ ကျွန်မကို ယုံကြည်မယ်ဆိုရင် ရှင့်ကို ကျွန်မ ပြောပြပါ့မယ်”

“ဘယ်လို … ဘုရားရေ၊ ဘာတွေများလဲဗျာ”

“မနက်ဖြန်ပေါ့ရှင်၊ ခုတော့ လျှို့ဝှက်ချက်တစ်ခုလို သဘောထားလိုက်ကြရအောင်။ ရှင့်အတွက်လည်း ဒီနည်းက ပိုကောင်းမှာပါ။ အနိမ့်ဆုံးတော့ ခပ်လှမ်းလှမ်းက မြင်နေရတဲ့ စိတ်ကူးယဉ်စရာလေး တစ်ခုလိုပေါ့” “မနက်ဖြန်မှာပဲ ကျွန်မ ပြောပါ့မယ်၊ ပြောချင်မှလည်း ပြောမှာပါလေ၊ ဒါမှမဟုတ် ဒီ့ထက်ပိုချင်လည်း ပိုမှာပေါ့၊ ဒါပေမဲ့ ပထမဦးဆုံးတော့ ကျွန်မတို့ တစ်တွေ မိတ်ဆွေကောင်းဖြစ်လိုက်ကြစို့လား”

“ဟုတ်ပါပြီဗျာ၊ ကျွန်တော်လည်း မနက်ဖြန်မှပဲ ပြောချင်တာတွေ ပြောတော့မယ်၊ ဒါပေမဲ့ အခုအဖြစ်ကလည်း ကျွန်တော့်အတွက်တော့ အံ့သြစရာပါပဲ၊ မင်းလေးက အခြားမိန်းကလေးတစ်ယောက်လို မတုံ့ပြန်ခဲ့ဘူး၊ မလှည့်စားခဲ့ဘူး၊ ဒေါသလည်း မဖြစ်ခဲ့ဘူးနော်၊ မင်းလေး ပျော်ရွှင်နေတယ် မဟုတ်လား”

“ပြီးတော့ တစ်မိနစ်၊ နှစ်မိနစ်အတွင်းမှာပဲ ကျွန်တော့်ကို ပျော်ရွှင် အောင် လုပ်နိုင်သူပါ”

“ဟုတ်တယ်လေ၊ ဘယ်သူသိမှာလဲ၊ ကျွန်တော်တော့ သိပ်ပျော်နေပြီ၊ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်တွေ့ အောင် မင်းလေး လုပ်နိုင်ခဲ့တာပဲလေ”

“ဒါမှမဟုတ် ကျွန်တော့်သံသယတွေကို ချေဖျက်ပစ်လိုက်တာလည်း ဖြစ်ချင်ဖြစ်မယ်”

“ဒီခံစားချက်တွေက ကျွန်တော့်တစ်ကိုယ်လုံးကို ပျံ့နှံ့ပြီးတော့ အဲ … ဟုတ်ပါပြီ၊ မနက်ဖြန်မှပဲ ကျွန်တော် ပြောတော့မယ်ဗျာ”

“ကောင်းပါပြီရှင်”

“သဘောတူပါတယ်နော်”

“မင်္ဂလာညပါ”

“မင်္ဂလာညတစ်ညပါ မိန်းကလေးရေ”

ကျွန်တော်တို့ လမ်းခွဲလိုက်ကြသည်။

သို့သော် ကျွန်တော် အိမ်မပြန်နိုင်ခဲ့ပါ။ ပျော်လွန်းလို့ တစ်ညလုံးလုံး ဟိုဟိုဒီဒီ လျှောက်နေမိပြန်ပါသည်။ မနက်ဖြန်တဲ့။

※

ဒုတိယည

"ဒီလိုဆိုတော့လည်း ရှင် အသက်ရှင်နေသေးသားပဲ"

သူလေးက ပြောပြောဆိုဆိုရယ်မောရင်း ကျွန်တော့်လက်ကို ဆွဲယူနှုတ်ဆက်လိုက်သည်။

"ကျွန်တော်စောင့်နေတာ နှစ်နာရီရှိသွားပြီ၊ တစ်နေ့လုံး ကျွန်တော် ဘယ်လိုဖြတ်သန်းခဲ့ရသလဲ ဆိုတာ မင်းလေး သိရဲ့လားဟင်"

"သိပါ့ရှင်၊ သိပါ၊ ကဲ… စကားပြောကြမယ်၊ ကျွန်မ ဘာကြောင့်ရောက်လာသလဲဆိုတာ ရှင်သိလား၊ မနေ့ညကလိုတော့ အဓိပ္ပာယ်မရှိတာ တွေ ပြောဖို့မဟုတ်တာ သေချာပါတယ်၊ အခုအချိန်ကစပြီး ကျွန်မတို့ စကားကောင်းကောင်း ပြောကြရအောင်နော်၊ ညကလည်း ဒီအကြောင်းကိုပဲ အချိန်တော်တော်ကြာ ကျွန်မ စဉ်းစားနေမိတယ်"

"ဘယ်လို… စကားကောင်းကောင်း ပြောကြမယ်ဟုတ်လား၊ မင်း လေး ဘာပဲပြောပြော ကျွန်တော် သဘောတူပြီးသားပါ၊ လုံးဝ ရိုးသားစွာပါ မိန်းကလေး၊ ကျွန်တော့်အဖို့တော့ ကျွန်တော်ဟာ အရင်ထက် ပိုလိမ္မာနေ သလားပဲ"

"ဒီလိုလား၊ ဒါဆိုရင် ပထမဦးဆုံး ရှင် ဖျစ်ညှစ်ထားတဲ့ ကျွန်မလက်ကို လွှတ်ပါဦး၊ ပြီးရင် ကျွန်မ စဉ်းစားခဲ့တာလေး နည်းနည်းလောက် ပြောချင် တယ်"

"ဘာတွေများ စဉ်းစားခဲ့တာလဲ ကွယ်"

"ကျွန်မ စဉ်းစားခဲ့တာတွေလား၊ ဒီလိုလေ၊ ကျွန်မတို့တစ်တွေ အား လုံးကို တစ်ကပြန်စရအောင်၊ ဘာဖြစ်လို့လဲဆိုတော့ အခုချိန်ထိ ရှင့်အကြောင်း ကို ကျွန်မလည်း မသိရသေးဘူး။

"ပြီးတော့ မနေ့ကလည်း ကျွန်မကိုယ်ကျွန်မ ကလေးလေးလို ဖြစ်ခဲ့ ရတယ်၊ အားလုံးဟာ ကျွန်မရဲ့ ပျော့ညံ့တဲ့စိတ်ကြောင့်လို့ပဲ အပြစ်တင်မိတယ်၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် သေသေချာချာ ဆန်းစစ်ကြည့်ပြီးတဲ့ အခါမှာတော့ အားလုံးကို နားလည်လိုက်သလိုပါပဲ၊ ဒါကြောင့်လည်း ရှင့်အကြောင်းကို ကျွန်မ သေသေချာချာ သိထားဖို့ ဆုံးဖြတ်ခဲ့တယ်လေ။

"ဒါပေမဲ့ ကျွန်မ သိနိုင်ဖို့ ဆိုတာကလည်း အခြားနည်းလမ်း မရှိလေ တော့ ရှင်ကပဲ ပြည့်ပြည့်စုံစုံ ပြောရတော့မှာပဲ၊ ဒါကြောင့် ရှင် ဘယ်လိုလူလဲ ဆိုတာ ပြောစမ်းပါဦး"

“ကျွန်တော့်အကြောင်း”

ထိတ်ထိတ်ပြာပြာနဲ့ ကျွန်တော် ရေရွတ်မိလိုက်ပါရဲ့။

“ကျွန်တော့်မှာ ပြောပြစရာအကြောင်း ရှိတယ်လို့များ မင်းလေး ဘယ်လို စဉ်းစားတာလဲကွယ်”

“ရှင့်မှာ ပြောစရာအကြောင်းမရှိဘူးဆိုရင် ရှင် ဘယ်လို အသက်ရှင်နေတာလဲ”

“ကျွန်တော့်မှာ ခုချိန်ထိ စိတ်ဝင်စားစရာ ကောင်းတဲ့အကြောင်း တစ်ခုမှ မရှိသေးပါဘူး မိန်းကလေးရယ်”

“တစ်ယောက်တည်းနေရင်းပဲ အသက်ရှင်နေသူပါ၊ အများပြောသလို ဆိုရင်တော့ အထီးကျန်နေသူပေါ့ဗျာ၊ ကျွန်တော်ပြောတဲ့ အဓိပ္ပာယ်ကို မင်း လေး နားလည်မလားဘဲ”

“တစ်ဦးတည်းဆိုတာ ရှင်က ဘာကိုဆိုလိုတာလဲ၊ နေဦး၊ ကျွန်မအထင်တော့ ရှင့်မှာလည်း ကျွန်မလို အဘွားတစ်ယောက် ရှိမယ်ထင်တယ်။ ဘွား ဘွားက ကျွန်မကို ဘယ်မှ သွားခွင့်မပြုဘူးရှင့်၊ ကျွန်မ ဘယ်လိုပြောရမလဲ၊ ဒီလိုလေ ...

“လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကပေါ့၊ ကျွန်မလည်း တော်တော်ဆိုးတာ ရှင့်၊ ဒါနဲ့ ဘွားဘွားက ကျွန်မကို ဒီအတိုင်းလွှတ်ထားလို့တော့ မဖြစ်တော့ဘူး ဆိုပြီး ကျွန်မကို သူ့အနားခေါ်၊ ကျွန်မဂါဝန်နဲ့ အဝတ်တွဲပြီး တွယ်ချိတ် ကြိုးတစ်ချောင်းနဲ့ ချိတ်ထားလိုက်တယ်လေ၊ ဘွားဘွားက မျက်စိသာမမြင် တာ၊ သိုးမွှေးထိုးတယ်ရှင့်၊ ဒီလိုနဲ့ ကျွန်မ လည်း ဘွားဘွားနားမှာ တစ်နေကုန် ထိုင်ရင်း အပ်ချုပ်ရင် ချုပ်၊ ဒါမှမဟုတ်လည်း ဘွားဘွားကို စာအုပ်တစ်အုပ် ဖတ်ပြနေရတယ်။

“အဲဒီလို နှစ်နှစ်လုံးလုံး ကျွန်မဟာ အခြားလူတစ်ယောက်နဲ့ တွဲချည် ခံထားရတယ်လေ၊ ဘယ်လိုလဲ ရှင့်အတွက် အထူးအဆန်းဖြစ်မနေဘူးလား”

“ဟုတ်တယ်၊ တကယ်ကို ထိတ်လန့်စရာပဲလား၊ ဒါပေမဲ့ ကျွန်တော့် မှာတော့ အဘွား မရှိပါဘူး”

“မရှိဘူးဆိုရင် တစ်နေကုန် အိမ်မှာ ဘယ်လိုနေနေသလဲ”

“နားထောင်ပါဦး မိန်းကလေးရယ်၊ ကျွန်တော် ပြောပြပါဦးမယ်”

“ဒါဆိုလည်း ပြော”

"တိတိကျကျ ပြောပါ့မယ်"

"ဟုတ်တယ်၊ တိတိကျကျပဲ ပြော"

"တကယ်တော့ ကျွန်တော့်ဘဝက ကြောင်စီစီနိုင်တဲ့ ဘဝပါပဲ

"ဘာရယ် ကြောင်စီစီ ဟုတ်လား"

ရယ်မောခြင်းကို တစ်နှစ်လုံး အောင့်အည်းထားရသလို တစ်ကိုယ်လုံး တုန်ခါသွားအောင် သူလေး ရယ်ချပစ် လိုက်တော့သည်။

"ရှင်ဟာလေ တကယ်ကို ရယ်စရာကောင်းတဲ့လူပဲ၊ ကဲ … လာပါ၊ ဟိုနားက ခုံလေးပေါ် ထိုင်ကြရအောင်၊ ဒါမှ ရှင့်အကြောင်းကိုလည်း ဘယ် သူမှ မကြားရအောင် ပြောနိုင်တာပေါ့၊ ကဲ … ဆက်ပါဦး၊ ရှင့်ပုံပြင်။ ကျွန်မ နားထောင်ချင်လှပြီ"

"ဘာမှ ပြောစရာမရှိဘူးလို့တော့ မပြောနဲ့ဦးနော်၊ ကျွန်မ မယုံဘူး၊ ရှင်က လျှို့ဝှက်နေတဲ့ လူတစ်ယောက်ပဲ၊ ဆိုပါဦး၊ ရှင့်ရဲ့ ကြောင်စီစီဘဝဆိုတာ"

ကျွန်တော်လည်း သူလေးရဲ့ ကလေးဆန်တဲ့ ရယ်သံလွင်လွင်တွေ ကူးစက်ခံလိုက်ရပြီး ခပ်ရွှန်းရွှန်းနဲ့။

"ကြောင်စီစီဘဝဆိုတာ လူရယ်စရာကောင်းတဲ့ ဘဝတစ်ခုပဲပေါ့၊ အခြားလူနဲ့မတူတဲ့ လူတစ်ယောက်ပါပဲ၊ အိပ်မက် မက်နေသူဆိုတာ မင်းလေး သိလား"

"အိပ်မက် မက်သူ၊ ဘာလို့ မသိရမှာလဲ၊ ကျွန်မ တစ်ယောက်တည်း နေတုန်းကဆို ဘွားဘွားနားမှာထိုင်ပြီး ကျွန်မ ဘာတွေတွေးနေမှန်း မသိပါဘူး"

"တစ်ခါကဆို အိပ်မက်ထဲမှာ မင်းသားလေးတစ်ယောက်နဲ့ လက်ထပ်တော့မလို့၊ ဘာကြောင့်လဲ မသိဘူးနော်၊ တစ်ခါတစ်ခါ အိပ်မက် မက်ရ တာ သိပ်ကြည်နူးစရာပဲ၊ အင်း … ဒါပေမဲ့ …"

သူလေးရဲ့မျက်နှာက ငြိမ်သက်အေးစက်သွားပြီး …

"ဒါပေမဲ့ တကယ် မဟုတ်ပါဘူးလေ၊ အထူးသဖြင့် စဉ်းစားရမယ့် အကြောင်းတွေ ရှိလာတဲ့အခါမျိုးပေါ့"

"ဝမ်းသာစရာပဲဗျာ၊ မင်းလေးမှာ ဒီလို အိပ်မက်တွေ ရှိခဲ့ဖူးတယ် ဆိုတော့ ကျွန်တော့်ကို နားလည်နိုင်တာပေါ့၊ ဒါဆိုရင်တော့ နားထောင်ဖို့သာ ပြင်ပေတော့

မိန်းကလေးရေ”

“ဩော် … နေဦး၊ မင်းလေးနာမည် အခုထိ ကျွန်တော် မသိရသေးပါလား”

“ကျွန်မနာမည် နာတာကာပါ”

“နာတာကာ၊ ဒါ အပြည့်အစုံပဲလား”

“ရှင်ဟာ တော်တော်လောဘကြီးတဲ့လူပဲ၊ ဒါပဲပေါ့ရှင်”

“မဟုတ်ရပါဘူးဗျာ၊ ကျွန်တော့်အတွက် လုံးဝ လုံလောက်ပြီးသား ပါ။ နာတာကာ ဆိုတာ ကျွန်တော့် အတွက် သိပ်ကို ကြည်နူးစရာကောင်းနေ လို့ပါ”

“ကဲပါ၊ ရှင့်အကြောင်း ပြောမှာသာပြောပါ”

“ကောင်းပြီ နာတာကာ၊ အခုချိန်ကစပြီး လူရယ်စရာကောင်းတဲ့ ပုံပြင်တစ်ပုဒ်ကို နားထောင်ပေတော့”

ခုံတန်းလေးပေါ်က သူလေးဘေးနားမှာ ကျွန်တော် ဝင်ထိုင်လိုက်ပြီး ဟန်ပါပါနဲ့ ဇာတ်ညွှန်းတစ်ပုဒ်ကို ဖတ်ပြသလို ကျွန်တော့်အကြောင်းကို စလိုက်ပါသည်။

“နာတာကာ မင်းလေးတော့ သိချင်မှ သိမယ်၊ ဟောဒီမြို့ကြီးမှာ အခြားနေရာတွေနဲ့ မတူဘဲ စိမ်းစိမ်းပြင်ပြင်ဖြစ်နေတဲ့ နေရာလေးတွေ ရှိတယ်။

တစ်မြို့ လုံးကို နွေးထွေးသွားတဲ့ နေမင်းကြီးတောင်မှ အဲဒီနေရာလေး တွေဆီ ဘယ်တုန်းကမှ သူ့အလင်းတွေ မရောက်ခဲ့ပါဘူး၊ သူ့အစား အခြား နေမင်းကြီးတစ်စင်းကပဲ မတူတဲ့ အလင်းတွေနဲ့ အုပ်မိုးပေးနေသလို၊ အဲဒီ ချောင်လေးထဲမှာတော့ အခု ကျွန်တော်တို့ပတ်ဝန်းကျင်မှာ မြင်တွေ့ နေရတဲ့ ပွက်ပွက်ဆူဆူ အုန်းအုန်းထနေတဲ့ ဘဝတွေနဲ့မတူတဲ့ ဘဝတစ်ခုဟာ ရှင်သန် နေပါတယ်။

ဒါဟာ ဟိုးဝေးလံလှတဲ့ စိတ်ကူးကမ္ဘာရဲ့ ဒဏ္ဍာရီပိုင်နက် နိုင်ငံတစ်ခု ထဲက ဘဝလို့လည်း ပြောနိုင်ပါတယ်၊ ခိုင်ခိုင်လုံလုံ ပြောနိုင်တာ တစ်ခုက တော့ ကျွန်တော်တို့ဘဝတွေလို တင်းကျပ်တဲ့ စည်းကမ်းတွေနဲ့ အန္တရာယ် များလွန်းတဲ့နေရာ မဟုတ်တာတော့ သေချာပါတယ် နာတာကာ။

အဲဒီဘဝဟာ လူတွေ ရယ်စရာကောင်းတဲ့ အိပ်မက်ကမ္ဘာထဲမှာ ကိုယ့်ဘာသာကိုယ် မင်းမူကြီးစိုးထားတဲ့ အတွေးတွေနဲ့ ရောစပ်မွှေနှောက် ထားတဲ့ ဘဝတစ်ခုပါပဲ၊ ပြီးတော့ အုံ့ဆိုင်းညို့မှိုင်းနေတဲ့ လဟာပြင်ကြီးထဲမှာ

ငြိးငွေ့စရာကောင်းပြီး ထပ်တလဲလဲ ဖန်တစ်ရာတေနေတဲ့ ဖြစ်တည်မှုတစ်ခု ပါပဲ နာတာကာရယ်။

ဒါကြောင့် ဒီဘဝဟာ လုံးဝ သေးသိမ်နုံနဲ့ပြီး ဂုဏ်သရေကင်းမဲ့လှတယ် ဆိုတာ ပြောဖို့တောင် မလိုတော့ပါဘူး။

"ဟင် ... ရှင့်ဇာတ်လမ်းကြီးကလည်း အံ့ပါရဲ့"

"နားထောင်ပါဦး နာတာကာ၊ ချောင်လေးတစ်ချောင်ထဲမှာ အိပ်မက် မက်နေသူ တစ်ယောက်အကြောင်းကို နားထောင်ပါဦး။

အိပ်မက် မက်နေသူဆိုတာ ဘာလဲလို့ တိတိကျကျပြောပါရစေ၊ ကိုယ့် အခွံကို အိမ်လုပ်နေရတဲ့ ခရုလေးတွေလိုပေါ့၊ သူကလည်း သူ့ရဲ့ ချောင်ကလေး ထဲမှာပဲ ရှင်သန်ကြီးထွားနေသူပါပဲ။

သူဟာ နေရောင်ခြည်ကို ကြောက်ပေမယ့် စိမ်းပုပ်ပုပ် နံရံလေးဘက် မှာ ကျပ်ခိုးတွေ အထပ်ထပ်နဲ့ အော့အန်ချင်စရာ ကောင်းလောက်အောင် နံဟောင်နေတဲ့ သူ့ရဲ့ ချောင်ကလေးကိုပဲ ချစ်နေမိတယ်။

သူ့ရဲ့ရှားရှားပါးပါး သူငယ်ချင်းတစ်ယောက်က သူ့ဆီအလည်အပတ် ရောက်သွားတဲ့အခါ သူဟာ တွန့်ဆုတ်လန့်ဖျပ်သွားပြီး ညစ်ညူးသွားတယ် လေ။

သူ့အခန်းလေးထဲမှာပဲ ရာဇဝင်မှုတစ်ခုခုကို ကျူးလွန်နေသလိုလို၊ ဒါမှမဟုတ် မဂ္ဂဇင်းတိုက်ပို့ဖို့ သူကိုယ်တိုင် ကဗျာတစ်ပုဒ်ကိုရေးပြီး ကဗျာနဲ့ အတူ စာတစ်စောင်မှာ ယခု ဤကဗျာကိုရေးသားသော ကဗျာဆရာကြီးသည် သေဆုံးသွားပြီဖြစ်ကြောင်း။ ထို့ကြောင့် ဤကဗျာကို ပုံနှိပ်မှ ဖြစ်ပေါ်လာရေး အတွက် တာဝန်မှာ ယခုပေးပို့သူအဖို့ ဗျာဒိတ်တော်ခံထားရသည့် တာဝန် တစ်ရပ်ကဲ့သို့ ဖြစ်နေကြောင်း စသဖြင့် ခိုးကြောင်းခိုးဝှက် ရေးနေတာကို လူမိသွားသလို သူနဲ့ သူ့ဧည့်သည်ရဲ့ ဆက်ဆံရေးဟာလည်း ပင်ပန်းနာကျင် စရာပါပဲ။

ရောက်လာတဲ့ ဧည့်သည်က မိန်းမလှလေးတွေအကြောင်း၊ အခြား ရယ်မောစရာတွေအကြောင်း ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး ပြောတတ်သူ ဖြစ်ပေမယ့် သူနဲ့တွေ့တော့မှ မှိုင်မှိုင်တွေတွေ ဖြစ်သွားရတော့တယ်။

ဒီနောက်တော့ ဝေဒနာတွေ မချိမဆန့် ခံစားနေရတဲ့ သူ့မျက်နှာကြီး ကိုကြည့်ပြီး ဧည့်သည်ဟာ ကြောက်ရွံ့တုန်လှုပ်စွာနဲ့ဒီတစ်ခေါက်အပြင် နောက် တစ်ခေါက် ဘယ်တော့မှ မလာတော့ဘူးလို့ ဆုံးဖြတ်လိုက်တော့တယ်။

သူ့ဘက်ကလည်း ကံဆိုးပြီးရောက်လာတဲ့ ညွှန့်သည်ကို ပျာပျာသလဲ ဂရုစိုက်ကြိုဆို၊ မိန်းကလေးတွေနဲ့ ရယ်စရာမောစရာတွေအကြောင်း သူ လည်း စိတ်ဝင်စားပါတယ်ဆိုပြီး ညွှန့်သည်ကို သွေရှုးသွေးတန်း နှစ်သိမ့်ဖို့ ကြိုးစားပေမယ့် အချည်းနှီးသာဖြစ်ပြီး နောက်ဆုံးမှာ ပြောစရာစကားဆိုလို့ တစ်ခွန်းတောင် ရှာမတွေ့ နိုင်တော့ဘဲ ပျောက်ဆုံး ဆွံ့အသွားတော့တယ်။

ဒါကို သိလိုက်တဲ့အချိန်မှာ သူဟာ ချက်ချင်းပဲ ဒီအတွက် သူ ဘယ် လောက် ဝမ်းနည်းခဲ့ရသလဲဆိုတာ ပြောပြပြီး အဖတ်ဆယ်ဖို့လုပ်နေတုန်း ညွှန့်သည်ဟာ အရေးကြီးတဲ့ကိစ္စ ပေါ်လာသလို ဖြုန်းဆိုထရပ်ပြီး အေးစက် စက် သူ့လက်ကြီးကို ကြောက်ကြောက်လန့်လန့် နှုတ်ဆက်ရင်း သွားတော့ မယ်ဗျာဆိုပြီး ချာခနဲ ထွက်သွားပါလေရော။

"ဘာကြောင့် ဒီလိုဖြစ်ခဲ့ရတာလဲ နာတာကာရယ်"

"ဒီမှာရှင့် ဒီမှာ"

တစ်ချိန်လုံး ပါးစပ်လေး ဟပြီး နားထောင်နေတဲ့ နာတာကာဟာ ရုတ်တရက် ကျွန်တော့်စကားကို ဖြတ်ပြီး ...

"ရှင့်ရဲ့အူကြောင်ကြောင် မေးခွန်းတွေကိုလည်း ကျွန်မ မဖြေတတ်ဘူး၊ ဒါတွေ ဘာကြောင့်ဖြစ်တယ် ဆိုတာလည်း မသိဘူး။ ကျွန်မ သိတာ တစ်ခုပဲရှိတယ်။ ရှင်ဟာ ရှင်ပြောသလို တကယ်ဖြစ်နေတဲ့ လူတစ်ယောက် ပဲ။

"မှန်လိုက်တာ နာတာကာရယ်"

သူလေးမျက်နှာကို ကျွန်တော် တည့်တည့်ကြည့်ရင်း ပြောလိုက်မိသည်။

"ကောင်းပြီလေ၊ ဒီလိုဆိုလည်း ရှင့်ဇာတ်လမ်းကို ဆက်ပါဦး၊ ဘယ်လို ဇာတ်သိမ်းမလဲဆိုတာတော့ ကျွန်မလည်း သိချင်ပါတယ်"

"မင်းလေး သိချင်နေတယ်ဟုတ်လား နာတာကာ။ ဒီဇာတ်လမ်းရဲ့ ဇာတ်ကောင်က ကျွန်တော်ပေါ့နော်။ သူဟာ မမျှော်လင့်ဘဲ ရောက်လာတဲ့ သူငယ်ချင်းတစ်ယောက်အတွက် သိပ် ကို စိတ်ရှုပ်ထွေးသွားခဲ့တယ်။

"သူ့ရဲ့ အခန်းတံခါးပွင့်သွားတဲ့အခါ မျက်နှာကြီး နီရဲသွားပြီး ကယောင် ချောက်ချား ဖြစ်ခဲ့ရတယ်။ ညွှန့်သည်ကို ဝတ်ကျေတန်းကျေလေးတောင် ညွှန့်ခံနိုင်စွမ်းမရှိဘဲ လေးလံနေတဲ့ ညစ်ညူးမှုအောက်မှာ သူဟာ ဘာကြောင့် များ တစ်စစီ ကြေမွသွားခဲ့ရသလဲဆိုတာ မင်းလေး သိချင်နေတယ်ဆိုတာ တကယ်ပဲလား နာတာကာ"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ ရှင်ပြောနေတဲ့ပုံက ဝတ္ထုစာအုပ် ဖတ်ပြနေသလိုပဲ။ ဒီအတိုင်းပြောပြလို့ မရဘူးလား"

ကျွန်တော့်အပေါ်ကို ကမ္ဘာကြီးတစ်ခုလုံး ပိသွားသလိုပါပဲ။ ဒါပေမဲ့ ရယ်ချင်နေတဲ့ စိတ်ကိုလည်း မနည်းချိုးနှိမ်ပြီးမှ ...

"နာတာကာ ကျွန်တော် ပြောတာတွေဟာ ပြဇာတ်တစ်ပုဒ်လို ဖြစ် နေမှန်း ကျွန်တော် သိပါတယ်။ ဒါကြောင့်လည်း ကျွန်တော် ဝမ်းနည်းနေမိတယ်။ ဒါပေမဲ့ အခုလိုမဟုတ်ဘဲ ဘယ်လိုပြောရမလဲ ကျွန်တော် မသိဘူး။

"အခုအချိန်မှာ ကျွန်တော်ဟာ ချိပ်ခွံနှစ်ထပ်ပိတ်ပြီး ရေတကောင်းထဲ ချုပ်နှောင်ခံထားရတဲ့ ဆော်လမွန်ဘုရင်ရဲ့ မှင်စာလေးလိုပါပဲ။ အခုပိတ်ထား တဲ့ စည်းတွေ ကွာကျသွားကြပြီ နာတာကာရေ"

ရှည်လျားတဲ့ ဝေးကွာခြင်းတွေက ကျွန်တော်တို့တွေ ပြန်လာကြပြီ လေ။ ဒါကြောင့် ကျွန်တော် ပြောတာပေါ့။ မင်းလေးကို ဟိုအရင်ကတည်းက ကျွန်တော် သိနေတယ်လေ။ ဟုတ်တယ် နာတာကာ။ ကျွန်တော် လူတစ် ယောက်ကို ရှာဖွေနေတယ်။ သိပ်သေချာပါတယ် နာတာကာ။ အဲဒီလူဟာ မင်းလေးပါပဲ"

"ကျွန်တော်တို့တစ်တွေ တစ်ယောက်နဲ့တစ်ယောက် တွေ့ဖို့ ဖန်လာ ကြပြီ မဟုတ်လား။ ဒါကြောင့် ဦးခေါင်းထဲက အဆိုရှင်တွေ ပွင့်ထွက်ကုန်ကြ ပြီး စကားလုံးတွေရဲ့ အဟုန်ကို မထိန်းနိုင်တော့ပါဘူး။ ကျွန်တော့်စကား တွေကို သေသေချာချာ နားထောင်ပေးပါ နာတာကာ။ ဒီလိုမဟုတ်ရင်တော့ ကျွန်တော် ပြောချင်မှာမဟုတ်ဘူး"

"ဒီလို မဟုတ်ပါဘူး။ ရှင်ပြောမှာသာ ပြောပါ။ ကျွန်မ ကြားဖြတ် မမေးတော့ပါဘူး"

"ဒါဆိုရင်တော့ ကျွန်တော် ဆက်ပြောမယ် နာတာကာ"

"နေ့တစ်နေ့မှာ ကျွန်တော် မြတ်နိုးရတဲ့ အချိန်လေးတစ်ချိန် ရှိတယ်။ အလုပ်သမားတွေ၊ ရုံးစာရေးစာချီတွေ၊ ဈေးရောင်း ဈေးဝယ်သူတွေ အိမ် ပြန်ကြတဲ့ အချိန်ပေါ့။

အလုပ်ပြီးဆုံးသွားကြတဲ့ အချိန်မျိုးမှာ ရသမျှအချိန်တွေမှာ ဘယ်လို အနားယူကြမလဲလို့ စဉ်းစားပြီး မောမောပန်းပန်းနဲ့ အိမ်ပြန်လာကြတဲ့အခါ မျိုးတွေပေါ့။

အဲဒီအချိန်မျိုးမှာ ဒီဇာတ်လမ်းရဲ့ ဇာတ်လိုက်ဟာ အဲ... နာတာကာ၊

ကျွန်တော့်ဇာတ်လမ်းကို တတိယလူနေရာက ဆက်ပြီး ပြောခွင့်ပြုပါလား။ ပထမလူနေရာက ပြောနေရတာ စိတ်ကသိကအောက်နိုင်လို့ပါ။

အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ ဇာတ်လိုက်ကလည်း သူတို့တွေကြားထဲ လျှောက်သွားနေတယ်လေ။ သူ့ရဲ့နှမ်းကြေပြီး ဖြူရော်ရော်မျက်နှာမှာတော့ ထူးထူးဆန်းဆန်း ကျေနပ်နှစ်သိမ့်နေပုံရတယ်။

ပီတာစဘတ်မြို့ပေါ်က ကောင်းကင်ကြီးထဲမှာ ဆည်းဆာရောင် နေခြည်တွေ တဖြည်းဖြည်း ပျောက်ကွယ်သွားတဲ့အထိ ပျော်ရွှင်မှုပီတိတွေနဲ့ သူက စောင့်ကြည့်နေတတ်ပါတယ်။

မဟုတ်သေးဘူး နာတာကာ၊ စောင့်ကြည့်နေတယ်လို့ ကျွန်တော် ပြောတာ မှားသွားတယ်။ အမှန်က စောင့်ကြည့်နေတာမဟုတ်ဘူး။ မောပန်း လွန်းလို့၊ အကြောင်းအရာတစ်ခုခုကို အာရုံစိုက် နစ်မြုပ်လိုက်သူလို လုပ်မိလုပ်ရာ လုပ်လိုက်တာပါ။

ဒီလိုနဲ့ သူ့ပတ်ဝန်းကျင်က အဖြစ်အပျက်တွေကို အာရုံပြုမိတဲ့သဘော ပါပဲ။ ဒီအဖြစ်မျိုးနဲ့ မောပန်းကျေနပ်သွားတဲ့အထိ သူက ကြည့်နေခဲ့တယ် လေ။

ကျောင်းလွှတ်ချိန် ကစားကွင်းထဲ ကစားဖို့ အမောတကြီး ပြေးဝင်လာတဲ့ ကျောင်းသားလေး တစ်ယောက်လိုပါပဲ။ သူ့ကို နံဘေးက ခဏကြည့်ကြည့် စမ်းပါ နာတာကာ။ ပျော်ရွှင်နေတဲ့ သူ့ရဲ့ ခံစားချက်တွေက အင်အားမရှိတော့ တဲ့ သူ့ရဲ့ နှာ့ဖ်ကြောတွေ၊ ရင်ခုန်စရာ အတွေးစိတ်ကူးတွေကို တကယ်ပဲ ထိထိရောက်ရောက် ရိုက်ခတ်လိုက်တာကို မင်းလေးတွေ့မှာပါ။ အခုဆိုရင် သူ့ရဲ့ အတွေးထဲမှာ စိုးစိုးနစ်မြုပ်နေပြီပေါ့။ သူ ဘာတွေကိုများ တွေးနေပါလိမ့်။ ညစာအတွက်လား၊ တဖြည်းဖြည်း ပြိုကျလာတဲ့ ဆည်းဆာကိုလား၊ ဘာတွေကိုများ ငေးမောနေပြန်ပြီလဲကွယ်။

ရွှေပိန်းချ ရထားလုံးကို မောင်းသွားတဲ့ အထက်တန်းလွှာအမျိုးသမီး တစ်ယောက်ကို တခုတ်တရ ဦးညွှတ်ပြနေတဲ့ လူကြီးလူကောင်းတစ်ယောက် ကိုလား။

"မဟုတ်ဘူး နာတာကာ၊ မဟုတ်ပါဘူး"

"ဒီလို အသေးအမွှားတွေကို ငေးနေ၊ တွေးနေဖို့ သူ့မှာ အချိန်မရှိပါ ဘူး၊ အခုဆိုရင် သူ့ရင်တွင်းမှာ ကြွယ်ဝခြင်းတွေ ပြည့်လျှံနေပြီလေ၊ လျှော့ကျ လာတဲ့ နေမင်းကြီးရဲ့ နောက်ဆုံးရောင်ခြည်တွေက သူ့နှလုံးသားကို နွေး ထွေးပေးလိုက်ပြီပဲ"

သူ့အတွေးခံစားမှု အလျဉ်တစ်လုံးဟာ လှုပ်ခတ်လာတော့တယ်။

အရင်ကဆို လမ်းပေါ်က အရာရာကို သူ သတိထားမိပေမယ့် အခုအချိန်မှာ တော့ လမ်းမပေါ်က ဘယ်အရာကိုမှ သတိမထားမိသလောက်ပါပဲ။

ဒီအချိန်မှာပဲ သူ့ရဲ့ မျက်စိရှေ့မှောက်မှာပဲ စိတ်ကူးနတ်သမီးဟာ သူမရဲ့ သန့်စင်တဲ့လက်တွေနဲ့ အုံ့ဩဖွယ်ရာ ဘဝပုံသဏ္ဍာန်တွေကို ရွှေပင့်ကူ မျှင်တွေနဲ့ ရက်ဖောက်ပြီး ဖြန့်ခင်းပြလိုက်ပါတယ်။

ဒါမှမဟုတ် လမ်းဘေးပလက်ဖောင်းတစ်လျှောက် လွင့်မျောနေတဲ့ သူ့ကို စိတ်ကူးနတ်သမီးက ကောက်ယူပြီး သုခဘုံကို ခေါ်သွားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ဘယ်သူ သိမှာလဲ။

ဒီအချိန်မှာ သူ့ကို ခဏရပ်ခိုင်းပြီး ခင်ဗျား ဘယ်လမ်းတွေကို လျှောက် နေတာလဲ၊ ဘယ်နေရာ ရောက်နေပြီလဲလို့ မေးကြည့်စမ်းပါလား။ သူ သိမှာ မဟုတ်ပါဘူး။ ရှက်ရမ်းရမ်းပြီး မဟုတ်မဟတ်တွေပြောမှာ သေချာတာပေါ့။

ပြီးတော့ လမ်းမသိလို့ သူတို့အကူအညီတောင်းတဲ့ အဘွားအိုတစ် ယောက်ကိုလည်း သူဟာ မအော်မိရုံတမည် ထိတ်ထိတ်ပြာပြာနဲ့ ဟိုဟိုဒီဒီ ကြည့်မိပြန်တယ်။ ဒါကြောင့် ပြုံးဖြဲဖြဲနဲ့ သူ့ကိုကြည့်နေတဲ့ နံဘေးကလူတွေ ကိုလည်း သတိမထားမိသလို သူ့အမူအရာကိုကြည့်ပြီး လှောင်ပြုံး ပြုံးသွား ကြတဲ့ အပျိုတစ်သိုက်ကိုလည်း သူ မမြင်လိုက်ပါဘူး။

"သူ့ဘာသာ မျက်မှောင်ကြီးကြုတ်ပြီး ဆက်လျှောက်နေပြန်ပါတယ်"

"လမ်းပျောက်နေတဲ့ အဘွားအို၊ စပ်စုတတ်တဲ့ လမ်းလျှောက်သူ၊ လှောင်ရယ်နေကြတဲ့ အပျိုတစ်သိုက်နဲ့ လှုပ်ရှားပျံသန်းနေကြတဲ့ အရာရာ တိုင်းဟာ ပင့်ကူမျှင်တွေမှာ အဖမ်းခံလိုက်ရတဲ့ ယင်ကောင်လေးတွေလို စိတ်ကူးနတ်သမီးရဲ့ ပတ္တာူစပေါ် ရောက်သွားတဲ့အခါမှာ ကျွန်တော်တို့ရဲ့ သူရဲကောင်း ဇာတ်လိုက်ကြီးကတော့ လမ်းလျှောက်နေဆဲပါပဲ

အခုတော့ သူ့ရင်တွင်းက ဘဏ္ဍာတိုက်အတွက် သိုမှီး ရရှိလိုက်တဲ့ ဝေဒနာသစ်တွေကို ထမ်းပိုးပြီး သူ့အခန်းကျဉ်းလေးဆီ ပြန်လာခဲ့တယ်လေ။

ညစာစားပြီးသွားတာ အတော်ကြာသွားပြီပေမယ့် သူကတော့ ထမင်းစားပွဲရှေ့မှာ ထိုင်မြဲ ထိုင်ဆဲပါပဲ။ အမြဲလိုလို ဝမ်းနည်းနေဟန်ရှိတဲ့ "မက်ထရီယိုနာ" က စားပွဲပေါ်က အကြွင်းအကျန်တွေကို လာရှင်းတော့မှပဲ သူလည်း သတိပြန်ဝင်လာပြီး သူ့အာရုံထဲမှာ ညစာစားလိုက်တာ လုံးဝ မရှိပေမယ့် စားပြီးမှန်းသာ သိလိုက်တယ်လေ။

အခန်းထဲမှာ အမှောင်ထုက ပြည့်လျှံလာတယ်။ သူ့နှလုံးသားကတော့

ဗလာအဖြစ်နဲ့ ကြေကွဲလို့။ သူ့ရဲ့ စိတ်ကူးကမ္ဘာဟာ အက်ကွဲသံလေးတစ်ချက် မှ မထွက်ပါဘဲ သူ့နံဘေးမှာပဲ ပြိုကွဲသွားပြီး ဘယ်လို အိပ်မက်တွေကို သူ မက်နေသလဲ ဆိုတာကိုတောင် သူ မသိတော့။ ငွေ့ရည်အဖြစ် ပျံ့လွင့်သွား တော့တယ်။ ဒါပေမဲ့ အမှောင်ထုကတော့ သူ့ရင်ကို ဖိစီးထားဆဲမို့ သူ့ရင်ဟာ မို့မောက်နိမ့်ဆင်း တဖြည်းဖြည်း မြန်လို့လာတယ်လေ။

တပ်မက်မှုအာသာချင်ခြင်း အသစ်တစ်ခုက သူ့စိတ်ကူးတွေကို နှိုး ဆွ လှုပ်ခတ်လို့ သူကိုယ်တိုင် မသိလိုက်ပါဘဲ မှော်ဝင်ဝိညာဉ်လေးတွေကို ဖိတ်ခေါ်မိလျက်သား ဖြစ်ခဲ့ရတယ်။ အခန်းကျဉ်းကလေးကတော့ မှောင်နေ ဆဲပါပဲ။ ဒါပေမဲ့ အထီးကျန်ခြင်းနဲ့ ဖင့်တွဲလေးကန်မှုက စိတ်ကူးအိပ်မက်ကို လှုပ်နှိုးလိုက်တဲ့အခါ သိမ်မွေ့ တဲ့ အတွေးမီးတောက်လေးဟာ “ဟုန်း” ခနဲ ထတောက်လာပြီး သူ့ရဲ့ စိတ်ရေပြင်ကို ကျိုက်ကျိုက်ဆူပွက်သွားတော့ အတွေးစိတ်ကူးတစ်ခုလုံးဟာ မီးတောက်မီးလျှံကြီးအဖြစ်နဲ့ သူ့တစ်ကိုယ် လုံးကိုပါ လောင်ကျွမ်းပစ်လိုက်တာ နာတာကာရယ်။ ကောက်မိကောက်ရာ ကောက်ကိုင်ထားတဲ့ သူ့လက်ထဲက စာအုပ်တောင် လွတ်ကျသွားတဲ့အထိပါပဲ။

ဒီအချိန်မှာပဲ လူးလွန့်လှုပ်ခတ်လာတဲ့ သူ့ရဲ့ စိတ်ကူးတွေဟာ ညှို့ယူ ဖမ်းစားနေတဲ့ မိုးကုပ်စက်ဝိုင်းကြီးနဲ့ တသီးတခြား ဘဝဖြစ်တည်မှုတစ်ခုကို သူ့မျက်စိရှေ့မှောက်မှာ ရုတ်တရက် ဖြန့်ခင်းပေးလိုက်တော့တယ်။

သစ်လွင်တောက်ပနေတဲ့ အိပ်မက်တစ်ခုပါပဲ မိန်းကလေးရယ်၊ သန့်စင်လွန်းတဲ့ ဘဝရုပ်ကွက် အဆိပ်တစ်ခွက်ပါပဲ။

“အား ... သူ့အတွက်တော့ ကေန်စစ်စစ် ဘဝအဖြစ် မဟုတ်လား နာတာကာရယ်”

အကြည့်ချင်းမတူတဲ့ သူ့အကြည့်မှာတော့ ကျွန်တော်တို့ရဲ့ ဘဝတွေ ဟာ သည်းမခံနိုင်လောက်အောင် ခြောက်ကပ်ကပ်နိုင်လွန်းတယ်။ ပျင်းရိလေးကန်နေတယ်လေ။

ကျွန်တော်တို့ဟာ ဘဝကံကြမ္မာကို အလိုမကျနေသူတွေ၊ ဘဝမော မောနေသူတွေလို့ သူက ခံစားမိပြန်တယ်။ တကယ်တော့ တစ်ချက်လေး စွေကြည့်လိုက်ရုံနဲ့ပဲ ဘဝဆိုတာ အေးစက်အုံ့မှိုင်းနေပြီး ဖော်ရွေမှု ဆိတ်သုဉ်း နေတဲ့အဖြစ်ကို သူက စဉ်းစားမိပါတယ်။

ဒါပေမဲ့ သူ မအံ့ဩပါဘူး။ သူ့ရှေ့က သက်ဝင်လှုပ်ရှားနေတဲ့ မြင်ကွင်း ကျယ်ကြီးထဲ တစ်နည်းနည်းနဲ့ အမှတ်မထင် ပြုတ်ကျလာတဲ့ မှော်ဝိညာဉ် လေးတွေကို ကြည့်လိုက်စမ်းပါ။ သူကိုယ်တိုင် ချီးမြှင့်မြှောက်စားထားတဲ့

လူပုဂ္ဂိုလ်တစ်ဦးကို ပိတ်ကားရဲ့ ရှေ့မှာ အမြဲလို တွေ့ နေရတယ်။ ပြီးတော့ သူ့ရဲ့ အခြားစွန့်စားခန်းတွေကိုလည်း ကြည့်လိုက်စမ်းပါဦး။ ပျော်ရွှင် ချမ်းမြေ့စရာ အမြင်အာရုံတွေက မပြီးနိုင်မစီးနိုင် တသီတတန်းကြီးရယ်။ ဘာတွေကိုများ အိပ်မက် မက်နေတာလဲလို့ မင်းလေးက မေးချင်မေးမှာပေါ့။

အိပ်မက်တွေက အများကြီးပါပဲ။ ပထမ ဝေဝေဝါးဝါး ဖြစ်နေပေမယ့် တဖြည်းဖြည်းတော့ ရုပ်လုံးကြွလာတယ်လေ။ ကဗျာဆရာ Hoff Manm ရဲ့ သူငယ်ချင်းအဖြစ် သူကိုယ်တိုင်ကလည်း ကဗျာဆရာကြီးပေါ့။ ပြီးတော့ St. Bartho Lomew ရဲ့ ညတွေ။ Kazom မုန်တိုင်းထဲက သူရဲကောင်း အိုင်ဗင်နဲ့ ဆာဝါတာစကော့ရဲ့ သူရဲကောင်းမလေးတွေ၊ ခံ့သမာဓိ ဘုန်းတော် ကြီးတွေရဲ့ ရှေ့ရောက်နေတဲ့ Jam Hus ပြီးတော့ မကောင်းဆိုးဝါး Rob-ert the Devil ထဲက ပြန်ထလာတဲ့ အလောင်းကောင် (အဲဒီသီချင်းကို သတိရသေးလား နာတာကာ၊ ဘုရားကျောင်းရဲ့ရှေ့မှာ အနံ့အသက်လေးတစ်ခု ရှိနေတယ်လို့ မထင်ဘူးလား)။ ပြီးတော့ Berezina စစ်ပွဲနဲ့ မြို့စားကတော် Vorontsova Dashkova ဖတ်ပြခဲ့တဲ့ကဗျာ၊ ကလီယိုပါထရာနဲ့ Kolo-mana က ပုသျှုကင်ရဲ့ အိမ်လေး။

ပြီးတော့ သူကိုယ်ပိုင် အိမ်ကလေးတစ်လုံးနဲ့ လေပြည်လေးတွေ ပြန့်ဖြူးသင်းနေတဲ့ တစ်ညနေမှာ သူ ပြောနေတဲ့စကားတွေကို မျက်လုံးလေး အဝိုင်းသား၊ ပါးစပ်လေးဟပြီး နားထောင်နေတဲ့ သူ့ချစ်သူလေး (အခု မင်းလေး နားထောင်နေသလိုပေါ့၊ ကိုယ့်ရဲ့ နတ်သမီးလေးရယ်)

ဘဝရှုမှက်မှုး မှုးနေတဲ့ အဲဒီလူပျင်းဟာ ကျွန်တော်တို့တစ်တွေ ငြိတွယ်နေရတဲ့ ဘဝထဲက ဘာတွေများ တွေ့နိုင်သေးလဲ နာတာကာ။

"ဆင်းရဲမွဲတေလွန်းတဲ့ ဘဝလို့ပဲ သူက ထင်တယ်"

"သူ့ရဲ့ စိတ်ကူးအိပ်မက်တွေကို စွန့်ပစ်ရတော့မယ့် ထိတ်လန့်စရာ နေ့တစ်နေ့ ရောက်လာတဲ့အခါ ကြေကွဲစရာအချိန်တစ်ချိန် ရှိနိုင်ကောင်းတယ်လို့တောင် သူ သဘောမပေါက်ပါဘူး။

ပျော်ရွှင်မှုအတွက်ပဲဖြစ်ဖြစ်၊ ဝမ်းသာ ကျေနပ်မှုအတွက်ပဲဖြစ်ဖြစ်၊ သူ့ရဲ့ အိပ်မက်တွေနဲ့ လဲယူမှာ မဟုတ်တော့ပါ ဘူး။ သက်သာခွင့်မပေးတဲ့ ကြေကွဲစရာအချိန်မှာတောင် တွေးယူဖို့ စိတ်ကူး မှာ မဟုတ်ပါဘူး။

အန္တရာယ်ကြီးတဲ့အချိန် ရောက်လာသည့်တိုင် သူ့မှာ အာသာဆန္ဒ တစ်ခုမှ မရှိနိုင်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့မှာ အရာရာရှိနေပြီ လေ။ ဆန္ဒတွေရဲ့ အထက်မှာ သူ ရှိနေပြီပဲ။ သူ့မှာ ပိုလျှံနေပြီပဲ။ သူ့ကိုယ်သူ အနုပညာရှင်အဖြစ်နဲ့ သူ့ဘဝရဲ့ နာရီတိုင်းကို ဖန်တီး၊ စျာန်သမာပတ်နဲ့ ခရီး နှင်ခဲ့ပြီလေ။

သူ့အတွက် သာသာထိုးထိုး "အား"လေး တစ်ချက်တောင် မစိုက်ထုတ်ရဘဲ စိတ်ကူးကမ္ဘာကြီး တစ်ခုလုံး ဖြုတ်ချည်းပေါ်လာလိုက်တော့ တံလျှပ်လေးတစ်ခုအဖြစ်နဲ့တောင် ထင်ရက်စရာမရှိဘဲ တကယ့်ကမ္ဘာကြီးတစ်ခုလို ပါပဲလားကွယ်။

ဒီတော့ တစ်ခါခါမှာ သူ့ရဲ့ဘဝအိပ်မက်ဆိုတာ စိတ်ကူးအပိုင်းစတွေ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် လှည့်စားနေတာ မဟုတ်ဘူး။ အတွေးမှား အမြင်မှားနဲ့ သွေးလေချောက်ချားနေတာ မဟုတ်ဘူးလို့ဘဲ သူ ယုံကြည်နေ တယ်လေ။

ဒီတော့ နာတာကာရယ်၊ ကျွန်တော့်ကို ပြောပြစမ်းပါ။ အဲဒီခဏတာ ကာလလေးတွေမှာ အသက်ရှူမှားလောက်အောင် သူက ဘာကြောင့်များ ခံစားနေရတာလဲ ပြောစမ်းပါဦး။ ဘယ်လို ပဥ္စလက်အတတ်နဲ့ ထူးဆန်းတဲ့ တိုက်ဆိုင်မှုတွေက သူ့သွေးတွေကို ပူနွေးသွားရပြီလဲ။ ဖြူရော်ရော် ပါးနှစ် ဖက်မှာ သွေးရောင်တွေ လွှမ်းလာပြီ။

ပြောပြလို့မရနိုင်တဲ့ ကြည်နူးမှုတွေနဲ့ သူ့တစ်ကိုယ်လုံး သိမ့်သိမ့် လှုပ်ယမ်းသွားသလို ပါးနှစ်ဖက်ပေါ် မျက်ရည်တွေ ဘာလို့များ စီးဆင်းခဲ့ရပြီလဲ။ မကုန်မခန်းနိုင်တဲ့ ပီတိတွေကြောင့် တခဏလေးမှာ သူ့ရဲ့ အိပ်ပျက်ည တွေဟာ လန်းဆန်းသွားကြပြီပဲ။

ဒီနောက်မှာတော့ အရုဏ်ရဲ့ နှင်းဆီရောင်နေခြည်နုက ပြတင်းတံခါး မှာ စွန်းထင်လာတယ်။ ပီတာစဘတ် နံနက်ခင်းရဲ့ မသေချာတဲ့ အလင်းရောင် တွေက မှုန်ကုပ်ကုပ် သူ့အခန်းလေးထဲ ပြည့်လျှံကျလာတဲ့ အခါမှာတော့ ကျွန်တော်တို့ရဲ့ အိပ်မက်ရှင်ဟာ တဆစ်ဆစ် ကိုက်ခဲနေတဲ့ ပီတိဝေဒနာတွေ နဲ့ အိပ်ရာထက်မှာ အိပ်ပျော်သွားတော့တယ် မိန်းကလေးရယ်။

သူ့ကိုယ်သူ လှည့်ဖြားပြီး အမှန်တကယ် ရှင်သန်နေတဲ့ ရှုမ္မက်တွေ ကြားမှာ ရှင်သန်နေတယ်လို့ သူ့ကိုယ်သူ အဆုံးသတ်လိုက်ပါတယ်။ သူ့စိတ်ကူးအိပ်မက်တွေဟာ သွေးနဲ့ကိုယ် သားနဲ့ကိုယ်လို ဖြစ်တည်မှု တစ်ခုလို့ နိဂုံးချုပ်လိုက်တယ်လေ။

သူ့ရဲ့ညှို့ယူဖမ်းစားထားတဲ့ စိတ်ကူးတံလျှပ်ထဲက မက်မက်မူးမူး သူက ချစ်ရတဲ့ မိန်းကလေးတစ်ယောက်ကို သူကိုယ်တိုင် သိတောင်မသိပါ ဘူးဆိုရင် မင်းလေး ယုံနိုင်ပါ့မလား။ ဒါ တမင်သက်သက် လှည့်စားမှုတစ်ခု ပဲလား။ တွန်းဖြိုလို့မရတဲ့ သူ့ရဲ့ ရှုမ္မက်တံလျှပ်တွေကြားမှာ သူမကို တွေ့မြင် ခဲ့ရပြီမို့ သူ့ရဲ့ မက်မောမှုကို ရိုးသားစွာ မြင်မက်မိတာပါ ဆိုရင်ကော မင်းလေး ယုံပါ့မလား။

စကြဝဠာထဲက ကျန်တာတွေကိုငြင်းပယ်၊ သူတို့ဘဝနှစ်ခုဟာ

ပေါင်းစပ်သွားပြီး နှစ်ပေါင်းများစွာ အတွင်းမှာ သူတို့နှစ်ယောက် လက်ကလေး တွဲပြီးတော့တောင် လမ်းမလျှောက်ခဲ့ဖူးပါ ဆိုရင်ကော ဖြစ်နိုင်ပါ့မလား။

မျက်ဝန်းနက်ပေါ်က မျက်ရည်စတွေကို ခြွေချလိုက်တဲ့ သူလေးရဲ့ ခြေသံလေးတွေကို မကြားမိပါဘဲ ရှိုက်ရှိုက်ငိုနေတဲ့ သူမဟာ သူ့ရင်ခွင်မှာ ခေါင်းတင်လို့ မမှီခဲ့ပါဘူးဆိုရင်ကော ဖြစ်နိုင်ပါ့မလား နာတာကာရယ်။

"မင်းကလေးကတော့ ထင်မှာပေါ့"

ရေမှော်ရေညှိတွေ အထပ်ထပ်နဲ့ စွန့်ပစ်ခံခဲ့ရတဲ့ သူတို့နှစ်ယောက် လျှောက်နေကျ ပန်းဥယျာဉ်လေးဟာ အိပ်မက်တစ်ခုကလွဲပြီး ဘာမှမဟုတ် ဘူးလို့ ထင်မှာပေါ့။

မျှော်လင့်ခြင်းတွေ၊ ဝေဒနာတွေ ကာလများစွာ ကြည်ဖြူ ယုယခဲ့ကြတဲ့ ချစ်ခြင်းတွေနဲ့ မကြာခဏလျှောက်ခဲ့ကြတဲ့ လမ်းကလေးဟာ လူသူကင်းမဲ့ အထီးကျန်ခဲ့ရပြီဆိုရင်ကော မင်းလေး ယုံပါ့မလား နာတာကာရယ်။

သူ့ချစ်သူဟာ ဘိုးဘွားပိုင်အိမ်ကြီးတစ်လုံးမှာ စကားနည်းပြီး ဒေါသကြီးတဲ့ အဘိုးကြီးတစ်ယောက်နဲ့ အတူ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရတော့ သူတို့နှစ်ဦးသားဟာ ကြောက်လန့်နေတဲ့ ကလေးတွေလို သူတို့အချစ်တွေကို ဘယ်လောက် အပြစ်ကင်းမလဲ။ ပြီးတော့ သူတို့ပတ်ဝန်းကျင်က လူတွေဟာ သိုသိပ်ထားခဲ့ကြရတယ်။ သူတို့ရဲ့ အချစ်တွေဟာ ဘယ်လောက်သန့်စင်မလဲ။ ဘယ်လောက် ဘယ်လောက် ရက်စက်ကောက်ကျစ်ခဲ့ကြသလဲ ဆိုတာတော့ ပြောဖို့တောင် မလိုတော့ပါဘူးလေ။

ဒီနောက်မှာတော့ ဇာတိမြေရဲ့ အဝေးတစ်နေရာ ဥတ္တရယဉ်စွန်းတန်း အောက်က ထာဝရသန့်စင်တဲ့ မြို့ ကလေးတစ်မြို့မှာပေါ့။ ဂီတနဲ့အလင်းတွေ ထဲမှာ နှစ်မြုပ်နေတဲ့ ကျောက်သလင်းနန်းတော်ကြီးတစ်ခုမှာ (ဟုတ်တယ်၊ အဲဒီနေရာဟာ ကျောက်သလင်းနန်းတော်ကြီး တစ်ခုပဲ ဖြစ်ရမယ်)။ သူ့ ချစ်သူကို ပြန်တွေ့ လိုက်ရတယ်။ သူတို့နှစ်ဦးဟာ နှင်းဆီပွင့်တွေ ပန်းဖြူပွင့် တွေနဲ့ ယှက်ရက်ထားတဲ့ မုခ်ဦးဝမှာ ဆုံတွေ့လိုက်ကြတော့ သူ့ချစ်သူက သူ့ကို မှတ်မိသွားတယ်လေ။ ဒါကြောင့် သူ့ရဲ့ ချစ်သူဟာ သူမရဲ့ မျက်နှာဖုံးကို ဆွဲခွာလိုက်ပြီး အပြေးကလေး သူ့ရင်ထဲကို တိုးဝင်မှီဖွဲ့ရင်း တိုးတိုးလေးနဲ့...

"အခု ကျွန်မ လွတ်လပ်သွားပြီ" တဲ့လေ။

ကြည်နူး ပျော်ရွှင်မှုတွေကြောင့် သူမဟာ တုန်ယင်လို့ပေါ့။ တစ် ယောက်နဲ့ တစ်ယောက် ပြတ်လုမတတ် ဖက်ထားကြတဲ့ အချိန်လေးမှာပဲ သူတို့ရဲ့

ဝေးကွာခဲ့ရတဲ့ နှစ်တွေ၊ စွန့်ပစ်ခဲ့ရတဲ့ ပန်းခြံလေးနဲ့ ကြောက်စရာ ကောင်းတဲ့ အိမ်အိုကြီး၊ ပြီးတော့ ဝေဒနာတွေနဲ့ သူ့ကို စွန့်ပစ်ခဲ့လို့ သူ့ချစ်သူ ကို သွေးရူးသွေးတန်းနဲ့ ပွေ့ဖက်ရင်း နောက်ဆုံးနမ်းခဲ့ကြတဲ့ ခုံတန်းလျား လေး။ ဒါတွေအားလုံးကို ခဏလေးမှာပဲ မေ့ပျောက်သွားတော့တယ်။

"ဟာ ... နာတာကာရေ"

သူ့ရဲ့ အိပ်မက်နိုင်ငံမှာ နောက်ဆုံးတော့ မြို့စားအဘိုးကြီးက သေ။ သူကတော့ စဉ်းစားကြံစည်လို့ မရနိုင်တဲ့ ပျော်ရွှင်မှုတွေရ။ အဲဒီအချိန်မှာ အပြောင်အပြက်သန်တဲ့ သူငယ်ချင်းတစ်ယောက်က မဖိတ်ဘဲ သူ့ဆီ ရုတ်တရက်ရောက်လာပြီး ...

"ဟေ့... သူငယ်ချင်း၊ မင်းဘာသိလို့လဲ အခုပဲ ငါ 'ပါဗလော့'က ရောက်လာတာလေ" လို့ပြောလိုက်တော့ ဟိုဘက်အိမ်ရဲ့ ခြံထဲက ပန်းသီးကို ခိုးပြီး ဘောင်းဘီအိတ်ထဲကို ထိုးထည့်နေတဲ့ ကလေးတစ်ယောက်လို ကသိကအောင့် စိတ်အနှောင့်အယှက်ဖြစ်ပြီး မျက်နှာကြီး ပူထူသွားမှာကိုတော့ မင်းလေး သဘောပေါက်မှာပါ။

"ဘယ်လိုမှ သည်းမခံနိုင်စရာပါပဲ နာတာကာရယ်"

ကျွန်တော့်ရဲ့ ဇာတ်လမ်းကို ပြဇာတ်ဆန်ဆန်ပဲ နိဂုံးချုပ်လိုက်ပါသည်။ ဒီနောက်လည်း ဇာတ်သိမ်းခန်းတစ်ခုလို ကျွန်တော် ငြိမ်သက်နေမိ၏။ ဖျစ်ညှစ်ပြီး ကျွန်တော် ရယ်ချပစ်လိုက်ချင်တာကို သတိရနေမိသည်။ ဒါပေမဲ့ အသက်ရှူလို့မရလောက်အောင် မွန်းကျပ်၊ မေးဖျားတွေက တဆတ် ဆတ်တုန်လို့၊ ခပ်စွာစွာနတ်ဆိုးတစ်ကောင်နေသလို မျက်လုံးတွေမှာ မျက် ရည်တွေ စို့ပြီး အိုင်ထွန်းလာတယ်။

ကျွန်တော့်ကို စိုက်ကြည့်ရင်း ပါးစပ်လေးအဟောင်းသားနဲ့ နားထောင် နေတဲ့ နာတာကာတစ်ယောက် ကလေးလို ဝါးလုံးကွဲရယ်ချလိုက်တော့မှာ ကိုပဲ ကျွန်တော် မျှော်လင့်နေခဲ့ပါသည်။

ကာလကြာရှည် ကျွန်တော့်နှလုံးသားပေါ် ဖိစီးထားတဲ့အကြောင်း တွေကို တဆုံးတစ ပြောလိုက်မိပြီမို့ ကျွန်တော် ဝမ်းနည်းကြေကွဲနေရပါပြီ။ အချိန်များစွာကတည်းက ကျွန်တော့်ကိုယ်ကျွန်တော် ခိုင်ခိုင်မာမာ အကဲ ဖြတ်ထားတာမို့ စာအုပ်တစ်အုပ်လို ကျွန်တော် ပြောပြနိုင်ခဲ့ပေမယ့် ဒါတွေ ကို နာတာကာ နားလည်လိမ့်မယ်လို့ မျှော်လင့်ခြင်း အလျှင်းမရှိတာကိုတော့ ကျွန်တော် ဝန်ခံရပါမည်။

ဒါပေမဲ့ အကြီးအကျယ် ကျွန်တော် အံ့သြခဲ့ရပါသည်။ နာတာကာ ဟာ ငြိမ်သက်နေရာက ကျွန်တော့်လက်ကို ဖွဖွညှစ်လိုက်ရင်း မဝံ့မရဲနဲ့။

"တစ်ချိန်လုံး ရှင် ဒီလို တကယ် နေခဲ့တာလားဟင်" တဲ့။

"တစ်လျှောက်လုံး ဒီလိုပဲ နာတာရယ်၊ နောက်ဆုံးအထိလည်း ဒီလိုပဲ နေသွားတော့မယ် ထင်ပါရဲ့"

နာတာကာက စိုးရိမ်ပူပန်ဟန်နဲ့ ...

"မဟုတ်ပါဘူး၊ ဒီလိုမဖြစ်ပါဘူးရှင်၊ အဘွားဘေးမှာထိုင်ပြီး ဘဝ တစ်ခုလုံး ဖြုန်းတီးနေတဲ့ကျွန်မလို ဖြစ်သွားမှာပေါ့၊ ရှင့်ကို ကျွန်မ ပြောမယ်၊ ဒီလိုနေထိုင်နေတာ မမှန်ပါဘူး"

"ဟို... နာတာကာ"

ကျွန်တော့်ခံစားချက်ကို ဆက်ပြီး မထိန်းနိုင်တော့တာမို့ လွှတ်ခနဲ ပြောလိုက်မိသည်။

"ကျွန်တော့်ဘဝရဲ့ နုပျိုချိန် နှစ်ပေါင်းများစွာကို ဖြုန်းတီးပစ်ခဲ့တဲ့ ပြီးခဲ့တဲ့အချိန်တွေနဲ့ နှိုင်းစာရင် အခုအခိုက်အတန့်လေးမှာ ပိုပြီး ကြည်ကြည် လင်လင် မြင်နေရပါပြီ။

ဒီလိုမြင်ဖို့ ကျွန်တော့်ရဲ့ နတ်သမီးကို ဘုရားသခင်က ကျွန်တော့်ဆီ လွှတ်လိုက်တာပါလားလို့ သဘောပေါက်လိုက်တော့ ပိုပြီး ကျွန်တော်နာကျင် ရပြန်တယ်။

အခု မင်းလေးနားမှာ ထိုင်နေရတော့ အနာဂတ်ကို တွေးမိရင်း နာကျင်နေရပြီလေ။ ဘာကြောင့်လဲဆိုတော့ အနာဂတ်မှာ ပုပ်သိုးဆွေးမြေ့နေ တဲ့၊ အဖော်မဲ့တဲ့ ဖြစ်တည်မှုကလွဲရင် ဘာမှမရှိလို့ပါပဲ။

ဒါပေမဲ့ တကယ့်ဘဝမှာ မင်းလေးနဲ့အတူ ပျော်ရွှင်နေရတော့ ဘာကို များ ကျွန်တော် အိပ်မက် ဆက်မက်နိုင်ဦးမှာလဲ။ တွေ့တွေ့ချင်းမှာပဲ ကျွန်တော့်ကို မငြင်းပယ်ခဲ့တဲ့အတွက်လည်း ကျေးဇူးပါပဲ။ ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ အနည်းဆုံး နံနက်ခင်းနှစ်ခု တော့ ပိုင်ဆိုင်ခွင့်ရခဲ့ပြီပေါ့ ။

"ဟင် .. အင်း ... ဒီလို မဟုတ်ပါဘူး"

မျက်ရည်စတွေနဲ့ လက်နေတဲ့မျက်တောင်ကို ခတ်ရင်းက ...

"ကျွန်မတို့တစ်တွေ အဲဒီလိုခွဲခွာသွားကြမှာ မဟုတ်ပါဘူး၊ ပြီးတော့ ရှင်ပြောတဲ့ နံနက်ခင်းနှစ်ခု ဆိုတာကကော ဘာကိုဆိုလိုတာလဲဟင်"

"ဟာ ... နာတာကာ လာမယ့်အချိန်ကာလတွေအတွက် မင်းလေး ဟာ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြီးလက်ခံအောင် လုပ်လိုက်ပြီလေ။

အတိတ်တစ်ချိန်က ဆိုးဆိုးဝါးဝါး စဉ်းစားမိသလို အခုစဉ်းစားမိမှာ မဟုတ်တော့ဘူးလေ။

ကျွန်တော့်ဘဝတစ်ခုလုံးကို ရာဇဝတ်တစ်ခု၊ အပြစ်တစ်ခုလို့ နားလည်ခဲ့တာကြောင့် အခုအချိန်မှာ ဒီအပြစ်တွေကို ကျူးလွန်မိခဲ့တာတွေကို လည်း ဝမ်းနည်းနေမှာ မဟုတ်တော့ဘူးလေ။ အပိုပြောတယ်လို့ ကျွန်တော့် ကို မထင်ပါနဲ့ နာတာကာ။ ကြေကွဲခြင်းနဲ့ မျှော်လင့်ရာမရှိတဲ့ ဝေဒနာတွေ ဖုံးလွှမ်းထားတဲ့ အခါမျိုးတွေမှာ ကျွန်တော့်အတွက် စစ်မှန်တဲ့ဘဝဆိုတာ ဘယ်တော့မှ မရှိတော့ဘူးလို့ ခံစားမိခဲ့တယ်။ ကျွန်တော့်ဘဝဟာ ကျိန်ဆဲ ခံနေရသလိုပါပဲ။

အတွေးစိတ်ကူးတွေ ပြည့်နေတဲ့ ညဉ့်လယ်ယံတွေမှာ ကျွန်တော့်ရဲ့ ပတ်ဝန်းကျင်မှာ ပွက်ပွက်ဆူညံနေတဲ့ လူသံတွေကြားနေရပြီး သူတို့တစ်တွေ ဘယ်လို ရှင်သန်နေကြသလဲဆိုတာ တွေ့ နေရတယ်။

သူတို့ရဲ့ဘဝဆိုတာ တိုင်းချုပ်ထားတဲ့ အဝတ်တွေပါပဲ။ သူတို့ဘဝဟာ သူတို့အိပ်မက်တွေ၊ အာရုံတွေလို ပြန့်ကျဲမနေဘဲ အချိန်တိုင်း နာရီတိုင်းမှာ တစ်ခုနဲ့တစ်ခု မတူအောင် ပြန်မွမ်းမံနေကြရတယ်။ ဒါပေမဲ့ တစ်ဖက်မှာတော့ ထိတ်လန့်စရာ သူတို့ရဲ့ နေ့လယ်အိပ်မက်တွေက ကြောက်စရာကောင်းလောက်တဲ့ ငြီးငွေ့ စိတ်ပျက်စရာ အရိပ်တွေ၊ အယူအဆတွေ၊ နေမင်းကြီးကို ရုတ်တရက် ဖုံးကွယ်လိုက်ပြီး စိန့်ပီတာစဘတ် မြို့သားတစ်ယောက်ရဲ့ နှလုံးသားကို ဆုတ်ညှစ်ပစ်လိုက်တဲ့ တိမ်တစ်ရပ်ရဲ့ ကျေးကျွန်တွေလိုပါပဲ။ သူတို့အတွက် အလင်းရောင်ရှိမှ ဖြစ်တော့မယ်လေ။ နေ့အလင်းမရှိရင် သူတို့စိတ်ကူးတွေ ဘာလုပ်နိုင်တော့မှာလဲလို့ ကျွန်တော် နားလည် ခံစားမိလိုက်တယ်လေ။

အဆုံးမှာတော့ ကြွားကြွားဝါဝါ အမွမ်းတင်ထားတဲ့ စိတ်ကူးအိပ်မက် တွေ မကုန်ခန်းနိုင်ပါဘူးဆိုတဲ့ အတွေးတွေဟာ ခြေကုန်လက်ပန်းကျလာပြီ ပေါ့။ ဘာကြောင့်လဲ သိရဲ့လား နာတာကာ။

မင်းလေးဟာ အိုမင်းဟောင်းနွမ်းနေတဲ့ နှုန်းစံတွေနဲ့ ကြီးပြင်းလာ ခဲ့ရတယ်လေ။ အဲဒီဟောင်းနွမ်းနေတဲ့ ဘဝရဲ့ စံနှုန်းတွေကို တစ်စစီ ချိုးဖွဲ့ ဖျက်ဆီးခံလိုက်ရပြီ ဆိုတဲ့အခါ ပြာဘဝရောက်တဲ့အထိ မီးစွဲလောင်ကျွမ်းခံလိုက်ရပြီဆိုတဲ့အခါ အခြားရွေးချယ်စရာကလည်း နတ္ထိ။ ဒီတော့

အကျိုး အပဲ့ အပျက်အစီးတွေထဲကပဲ ကျွန်တော်တို့ရဲ့ အိပ်မက်တွေကို ပြန်တည်ဆောက်ရုံ ရှိတော့တာပေါ့။ ဒါပေမဲ့ နှလုံးသားဆိုတာကတော့ မတူတဲ့တစ်ခုခု ကို ငံ့လင့်နေတတ်မြဲပဲလေ။

ဒါပေမဲ့ နာတာကာရယ်၊ အေးခဲသွားတဲ့နှလုံးသားကို ပြန်နွေးထွေးဖို့ အိပ်မက်ပြာပုံပဟောင်းထဲမှာ မီးကြွင်းမီးကျန်လေး တစ်စတလေများ ရမလား လို့ ဇောချွေးတွေနဲ့ တူးဆွနေရတာ ဘယ်လောက်များ အချည်းနှီးနိုင်လွန်း သလဲကွယ်။

ခန္ဓာအိမ်ထဲမှာ သွေးစိမ်းရှင်ရှင် စီးဆင်းနိုင်ဖို့ ကျွန်တော်တို့တစ်တွေ ဟာ အရာရာကို ပြန်ပြီး သယ်ဆောင်လာရပြန်တယ်။ အဲဒီအရာရာဟာ ကျွန်တော်တို့ကို လှလှပပကြီး လှည့်စားတတ်မှန်း သိပါလျက်နဲ့ ဘာတတ်နိုင် ဦးမှာလဲ နာတာကာရယ်။ မျက်ရည်လည်ရွဲနဲ့ ပြန်ရွက်ခဲ့ကြရတာပဲ မဟုတ် လား။

အခုတော့ အတိတ်နဲ့ ဘယ်လောက်ဝေးဝေးမှာ ကျွန်တော် ရောက်နေ ပြီလဲလို့ ပြောရဦးမလား။

ကျွန်တော့်ရဲ့ ခံစားမှု အာရုံတရားတွေကို ဂုဏ်ယူတတ်လာပြီဆိုရင် မင်းလေး ယုံမလား။ တစ်ကြိမ်တစ်ခါက ကြည်နူးခဲ့ရတဲ့၊ တစ်ခါမှ မကြုံဖူးတဲ့ အရာတစ်ခုကို ချီးမြှင့်ခြင်းမျိုးပါပဲ။

ကျွန်တော်ကတော့ ချီးမွမ်းရမှာပဲ နာတာကာ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရဲ့ ပေါ့ရွှတ်ရွှတ် အိပ်မက်တွေ့နေရာမှာ ပြန်အစားထိုးဖို့ ဘာမှမရှိတော့ပေမယ့် အိပ်မက်တွေကို အသစ် ပြန်ဖြစ်စေရဦးတော့မယ်လေ။

တစ်ခါက ပျော်ရွှင်ခဲ့တဲ့ နေရာလေးတွေဆီ တစ်ခေါက်တော့ သွားချင်ပါသေးရဲ့။ အဖတ်ဆယ်မရတော့တဲ့ အတိတ်ပုံရိပ်ထဲမှာ ပစ္စုပ္ပန်ကို ပုံဖော် လိုက်ချင်ပါသေးရဲ့။

စိန့်ပီတာစဘတ်ရဲ့ လမ်းမတွေပေါ်မှာ ဘာရည်ရွယ်ချက်မှ မရှိဘဲ ဝမ်းနည်းကြေကွဲနေတဲ့ အရိပ်တစ်ခုလို လွင့်နေတုန်းက ကျွန်တော် ဘာကို သတိရလိုက်သလဲဆိုတော့ ...

တိတိကျကျပြောရရင် လွန်ခဲ့တဲ့ တစ်နှစ်ကပေါ့။

ဒီလမ်း၊ ဒီအချိန် တစ်ယောက်တည်း မှိုင်မှိုင်တွေတွေနဲ့ လမ်းလျှောက် နေခဲ့တာ။ ဒါပေမဲ့ အိပ်မက်တွေက ကြေကွဲစရာ။ ဘဝက နာကျင်ပေမယ့် အခု ခံစားနေသလို ပူပန်ကြောင့်ကြမှုက မဖိစီးခဲ့ဘူး။ လေးကန်တိုင်းမှိုင်း ပြီး တမြေ့မြေ့ ကိုက်ဖြတ်နေတဲ့ အဖော်မဲ့အဖြစ်နဲ့ အပြစ်ရှိနေတယ်ဆိုတဲ့ ခံစားမှုက နေ့နေ့ညည ကျွန်တော့်ကို နှိပ်စက်ညှဉ်းပန်းနေခဲ့တယ်။ ကျွန်တော့်ကိုယ် ကျွန်တော် မေးခဲ့တဲ့

မေးခွန်းတွေကိုလည်း သတိရနိုင်ပါတယ်။ မင်း အိပ်မက်တွေ ဘယ်ရောက်ကုန်ပြီလဲလို့၊ ကျွန်တော် ခေါင်းခါလိုက်ပါတယ်။ နောက်တစ်ခါ တိုးတိုးလေး မေးမိပြန်တယ်။ နှစ်များစွာ ဘယ်လို ဘယ်လို ကုန်ဆုံးခဲ့ပြီလဲလို့။ ပြီးတော့ တစ်ခါ အဲဒီနှစ်တွေမှာ မင်း ဘာတွေ လုပ်နေတာလဲ။ မင်းရဲ့ နုပျိုတဲ့ အချိန်ကာလတွေကို ဘယ်မှာ မြေမြှုပ်ပစ်ခဲ့ပြီလဲ။ တကယ်ပဲ မင်း အသက်ရှင်နေတာ ဟုတ်ရဲ့လား။

ဒီတော့ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ဖြေလိုက်ပါတယ်။ ကမ္ဘာလောကကြီးတစ်ခုလုံး တဖြည်းဖြည်း အေးစက်လာတယ်။ နှစ်တွေကုန်ဆုံးသွားလေလေ တင်းမာခက်ထန်ပြီး မျက်နှာသာ လုံးဝမပေးတဲ့ အထီးကျန်ခြင်းကသာ ဘဝထဲကို တွားသွားဝင်လာ၊ ချည့်နဲ့နေတဲ့ အိုမင်းခြင်းကတော့ ချိုင်းထောက်ကိုဆွဲပြီး ဒယီးဒယိုင်နဲ့။

သူတို့နောက်ကတော့ သက်သောင့်သက်သာမရှိတဲ့ ငြီးငွေ့စိတ်ပျက်မှု တွေ၊ မျှော်လင့်မဲ့တဲ့အဖြစ်တွေ ရောက်လာကြ၊ အဲဒီအခါ စိတ်ကူးအိပ်မက် တွေက တဖြည်းဖြည်းမေးမှိန်လာပြီး နွေဦးသစ်ရွက်တွေလို လွင့်ကြွေသွား ရတော့မှာပေါ့။

အား ... နာတာကာရေ၊ စွန့်ပစ်ခံရခြင်းကို ဝမ်းနည်းနေရဦးတော့ မှာလား။ တစ်ယောက်ဆိုမှ တကယ့် တစ်ယောက်တည်းပါပဲ။ ဝမ်းနည်း ကြေကွဲစရာ ဘာဆိုဘာမှ မရှိတော့လောက်အောင် တစ်ယောက်တည်းပါ။ ကျွန်တော် ပျောက်ဆုံးသွားတဲ့ အရာတွေဆိုတာလည်း ကျွန်တော့်ရဲ့စိတ္တဇ တွေ၊ ယိမ်းယိုင်ချည့်နဲ့နေတဲ့ ကျွန်တော့်အတွေးတွေပဲ မဟုတ်လား”

“တော်ပါတော့ ရှင်ရယ်၊ တော်ပါတော့”

နာတာကာ စို့နေတဲ့ မျက်ရည်စလေးတွေကို သုတ်လိုက်ရင်း ... “အခု ပြီးဆုံးသွားပြီလေ။ ကျွန်မတို့နှစ်ယောက် ရှိနေပြီမဟုတ်လား။

ဘာတွေပဲဖြစ်ဖြစ် ကျွန်မတို့ မခွဲကြတော့ဘူးလေ။ ကျွန်မ အကြောင်းကိုလည်း ပြောပြဦးမယ်လေ။ ရှင် တစ်လှည့် နားထောင်မယ် မဟုတ်လား။

ရှင့်လိုတော့ လှလှပပ ရွှန်းရွှန်းဝေအောင် မပြောတတ်ဘူးနော်။ ကျွန်မက ပညာလည်း သိပ်မတတ်ပါဘူး။ သာမန်လောက်ပါပဲ။ ဘွားဘွားက အလွတ်ဆရာတစ်ယောက် ငှားပေးပေမယ့် နည်းနည်းပါးပါးလောက်ပဲ ကျွန်မ သင်ခဲ့ရတယ်လေ။

ဒါပေမဲ့ ရှင် ပြောတာတွေကိုတော့ ကျွန်မ ခံစားလို့ရပါတယ်။ ဘွား ဘွားက ကျွန်မဂါဝန်ကို သူ့အဝတ်နဲ့ ပူးချိတ်ထားတုန်းကလိုပါပဲ။

ရှင့်လိုသာ ကျွန်မ ရှင်းမပြတတ်တာပါ။

ကျွန်တော့်ရဲ့ အဆင့်မြင့်မြင့်နဲ့ ရင်နာစရာစကားတွေကို ရှက်သွေးဖြာပြီး မသိမသာ ချီးကျူးလိုက်ရင်း...

“ပြီးတော့ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ကျွန်မကို ပြောပြတဲ့ အတွက်လည်း ဝမ်းသာပါတယ်။ အခုတော့ ရှင့်အကြောင်းကို ပြည့်ပြည့်စုံစုံ သိရပြီလေ။

ကျွန်မလည်း ကျွန်မအကြောင်းကို အကုန်အစင် ပြောပြချင်တယ်။ ဒါမှ ရှင့်ဆီက အကြံဉာဏ်လေး ဘာလေး ရမှာပေါ့။ ရှင်က ဉာဏ်ကောင်းတယ် မဟုတ်လား။

ကဲ ... ဘယ်လိုလဲ ပေးမယ် မဟုတ်လား။

“ဟာ ... နာတာကာ ဘယ်တုန်းကမှ အကြံပေးတဲ့သူ မလုပ်ခဲ့ဖူးဘူး။ အထူးသဖြင့် ဉာဏ်ကောင်းတဲ့ အကြံပေးသူမျိုးဆို ပိုဆိုးသေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက် ရင်းနှီးသွားကြပြီဆိုတော့ ကျွန်တော် ပေးတဲ့ အကြံတွေက ပြောင်မြောက်အောင်ကို ကောင်းမှာပါ။ ဒါကြောင့် ကျွန်တော် တို့မှာ အခြားလူတွေကို ပေးစရာအကြံကောင်းတွေတောင် ရှိနေဦးမှာ။

ဒီတော့ နာတာကာရေ၊ ပြောစရာတွေသာ ပြောစမ်းပါ။ ဘယ်လို အကြံဉာဏ်တွေ ပေးမလဲဆိုတာသာ ကြည့်ပေတော့။ ပျော်လွန်းလို့ စကား တွေတောင် ရှာရမှာ မဟုတ်တော့ဘူး။

“ကျွန်မ တကယ်လိုအပ်နေတာ အကြံဉာဏ် မဟုတ်ပါဘူးရှင်၊ ကျွန်မ ဘဝကို အမှန်အတိုင်းနားလည်တဲ့ အစ်ကိုတစ်ယောက်ရဲ့ မေတ္တာမျိုးပါ”

“ဒါဆို ကျွန်တော့်အတွက် အသင့်တော်ဆုံးပဲ မိန်းကလေးရေ၊ ချစ် ခြင်း မေတ္တာအရဆိုရင်တော့ မင်းလေးကို အနှစ်နှစ်ဆယ်လုံးလုံး ကိုယ်က ချစ်ခဲ့ပြီးပြီပဲ၊ ဒီထက်ပိုပြီးတော့လည်း မချစ်နိုင်တော့ပါဘူး”

“ဒါဆို ရှင့်လက်ကိုပေး”

ကျွန်တော့်လက်ကို ကမ်းပေးလိုက်တော့ နာတာကာက ဖွဖွဆုပ်ရင်း သူမရဲ့ ဘဝနိဒါန်းကို စလိုက်၏။

“ကျွန်မဘဝရဲ့ တစ်ဝက်လောက်ကတော့ ရှင်သိထားတဲ့အတိုင်းပဲလေ၊ ကျွန်မမှာ အဘွားတစ်ယောက်ရှိတယ်”

"ဒါဆို အဘွားတစ်ယောက်ရှိတဲ့ အခုတစ်ဝက်နဲ့ ပေါင်းလိုက်တော့ ပြီးသွားပြီပေါ့"

ကျွန်တော်က ရယ်မောရင်း သူလေးစကားကို ကြားဖြတ်ပြောလိုက်တော့ ...

"ရှင်နော်၊ ဒီလိုကြားဖြတ်ပြောရင် ကျွန်မ မပြောဘဲ နေလိုက်တော့ မယ်။ မပြောနဲ့ နားထောင်။ အဘွားတစ်ယောက်ရှိတယ်။ ကျွန်မ ငယ်ငယ် လေးကတည်းက မိဘတွေ ဆုံးသွားကြတယ်။ ဒါကြောင့် ဘွားဘွားနဲ့နေရ တာ။ ဘွားဘွားတို့က ဟိုအရင်ကဆို အရမ်းချမ်းသာတာပဲတဲ့။ ဘွားဘွား က ပြောတာ။ ဘွားဘွားကိုယ်တိုင် ကျွန်မကို ပြင်သစ်စာ သင်ခဲ့သေးတယ်။ နောက်တော့ ဘွားဘွားကိုယ်တိုင် မသင်နိုင်တော့တာနဲ့ ဆရာငှားပြီး သင် ရတယ်။

ဒါပေမဲ့ ကျွန်မ ဆယ့်ငါးနှစ်လောက်ရောက်တော့ စာမသင်ဖြစ်တော့ ပါဘူး။ အဲဒီတုန်းက ကျွန်မက သိပ်ဆိုးတာ။ ဘွားဘွားစကားကိုလည်း နား မထောင်ဘူး။

တစ်မနက်တော့ ဘွားဘွားက ကျွန်မကိုခေါ်ပြီး ပြောတယ်။ သူလည်း အသက်ကြီးလာပြီတဲ့။ ကောင်းကောင်းလည်း မမြင်ရတော့ဘူးတဲ့။ ကျွန်မ ကိုလည်း တစ်ချိန်လုံး စောင့်မကြည့်နိုင်ဘူးတဲ့။ ဒါကြောင့် သူ့နံဘေးမှာပဲ ထိုင်ရမယ်ဆိုပြီး ကျွန်မဂါဝန်နဲ့ သူ့ဂါဝန်ကိုပူးပြီး တွယ်ချိတ်ကြီးတစ်ချောင်းနဲ့ တွယ်ထားလိုက်တော့တာပဲရှင်။

ပြီးတော့ ဘွားဘွားက ပြောလိုက်သေးတယ်။ ကျွန်မ မလိမ္မာမချင်း ဒီလိုပဲ နေသွားရမယ်တဲ့လေ။ တိုတိုပြောရရင်ပေါ့ရှင်၊ ဘွားဘွားအနားမှာ ကုပ်ကုပ်လေးထိုင်နေပြီး ကျောင်းစာတွေဖတ်လိုက်၊ ဝတ္ထုတွေဖတ်လိုက်နဲ့။ အို... စာတွေချည်း ဖတ်နေရတာပါပဲ။

နောက်တော့ ဘယ်ရမလဲ၊ ဉာဏ်နီဉာဏ်နက်တွေ ထုတ်ရတော့တာ ပေါ့။ ဘွားဘွားက အိပ်နေတုန်း၊ အိမ်ဖော်ကောင်မလေးနဲ့ လူချင်းလဲပြီး ကျွန်မက လစ်ထွက်လာတာပေါ့။ အိမ်နားက သူငယ်ချင်းတွေဆီ သွားလည် တာပါ။ ဒါပေမဲ့ အိမ်လည်းပြန်ရောက်ရော ပြဿနာတက်တော့တာပဲ။

ကျွန်မ မရောက်ခင် ဘွားဘွားက နိုးလာတယ်လေ။ နောက်တော့ ကောင်မလေးကို ကျွန်မအမှတ်နဲ့ တစ်ခုခု ပြောပါလိမ့်မယ်။ ဒါကို ကောင်မ လေးက မကြားဘူးလေ။ သူက သိပ်နားလေးတာ။ နောက်တော့ သူလည်း ကြောက်ကြောက်နဲ့ တွယ်ချိတ်ကိုဖြုတ်ပြီး တချိုးတည်း လစ်ပြေးတော့တာ ပေါ့။

နာတာကာက သူ့အဖြစ်ကိုသူ သဘောကျပြီး ရယ်နေ၏။ ကျွန်တော် လည်း လိုက်ရယ်မိလိုက်သည်။ ကျွန်တော့်ကိုမြင်တော့ နာတာကာက "ဒီမှာ ကျွန်မ

ဘွားဘွားကို မရယ် ရဘူးနော်။ ကျွန်မ မအောင့်နိုင်လို့ ရယ်မိတာ။ ဒါပေမဲ့ ဘွားဘွားကိုတော့ ကျွန်မက သိပ်ချစ်တာရှင့် သိလား။ ဘွားဘွားက အရမ်းရယ်ရတယ်နော်။

ဒီတော့ ကျွန်မလည်း ဒုက္ခရောက်သွားတာပေါ့လေ။ ဘွားဘွားက ကျွန်မကို တွယ်ချိတ်နဲ့ ပြန်တွယ်ထားလိုက်ပြီး လှုပ်ခွင့်တောင်မပေးတော့ ပါဘူး။ ဩော် ... ပြောဖို့မေ့နေတယ်။

ကျွန်မတို့နေတဲ့အိမ်က ဘွားဘွားပိုင်တဲ့အိမ်လေ။ သိပ်အကောင်းကြီး တော့ မဟုတ်ပါဘူး။ ဘွားဘွားတစ်သက်ပဲ ဆိုပါတော့။ ထပ်ခိုးလေးတစ်ခုလည်း ပါတယ်လေ။ အဲဒီ ထပ်ခိုးကို ငှားမယ့် လူသစ်တစ်ယောက်ကလည်း ရောက်လာတယ်။

ဒီမှာ၊ ကျွန်တော်က ကြားဖြတ်ပြီး ...

"နေပါဦး နာတာကာ၊ ဒီလိုဆိုရင် အရင်ကတည်းက လူငှားတစ် ယောက် ရှိတယ်ဆိုတဲ့သဘောပေါ့"

"ရှိတာပေါ့။ သူဆိုရင် ရှင့်ထက်တောင် စကားနည်းဦးမယ်။ တစ်နေ ကုန်နေလို့ တစ်ခွန်းတောင် မကြားရဘူး။ တကယ်ပြောတာ၊ အသက်လည်း တော်တော်ကြီးပြီ။ မျက်စိတောင် မမြင်ရတော့ဘူး။ ကျွန်မတို့အိမ်မှာ သူ နေသွားတာ အကြာကြီးပါပဲ။ နောက် အဲ့ဒီအဘိုးကြီး ဆုံးသွားတယ်လေ။ အဲဒါကြောင့် နောက်ထပ် လူငှားရောက်လာတာပေါ့။ ကျွန်မတို့ မြေးအဘွား ကလည်း ဘွားဘွားရဲ့ ပင်စင်လေးကိုပဲ အားကိုးနေရတာဆိုတော့ အိမ်ငှား မတင်လို့လည်း မဖြစ်ဘူးလေ။

နောက်ရောက်လာတဲ့ လူသစ်က ဒီမြို့ က မဟုတ်ဘူးတဲ့။ လူငယ်တစ် ယောက်ပါပဲ။ ဘွားဘွားက အိမ်လခအကြောင်းပြောတော့ သူက ဆစ်တောင် မဆစ်ဘူး။ ဒါနဲ့ ဘွားဘွားက လက်ခံလိုက်တယ်။ ပြီးတော့ ဘွားဘွားက ကျွန်မကို ...

"ဟဲ့... အိမ်ငှားက ဘယ်အရွယ်ရှိပြီလဲ"တဲ့။ ကျွန်မက ဘွားဘွားကို ညာပြောရဲတာ မဟုတ်ဘူး။ ဒီတော့ အမှန်အတိုင်းပဲ ဖြေလိုက်တာပေါ့။ သိပ်လည်း မငယ်ဘူး၊ သိပ်လည်း မကြီးဘူး ဘွားဘွားလို့။ တစ်ခါ ရုပ်ရည်ကရော ဘယ်လိုနေလဲတဲ့။ ဒါကိုလည်း အမှန်အတိုင်း ကျွန်မ ဖြေလိုက် တယ်လေ။

"ချောတယ် ဘွားဘွား၊ ကြည့်လို့ အရမ်းကောင်းတာပဲ" ဆိုတော့ ဘွားဘွားက ...

"ဘုရားရေ၊ ရှက်ဖို့ကောင်းလိုက်တာတော်၊ ညည်းတို့ခေတ်ကာလ

မိန်းကလေးတွေ တော်တော်လည်း အရှက်နည်းကြပါလား၊ ဒီမှာ နာတာကာ မြဲမြဲ မှတ်ထားစမ်း၊ ဒီနေ့ကစပြီး ဒီကောင်လေးကို ကြည့်လည်း မကြည့်ရဘူး၊ သူ့အကြောင်းကိုလည်း မစဉ်းစားရဘူး ကြားလား၊ အမယ်လေး ဘယ်လို ခေတ်ကာလ သားသမီးတွေပါလိမ့်နော်၊ ကျုပ်တို့ခေတ်နဲ့များတော့ ကွာပါ့”

ဘွားဘွားက သူ့ယယ်ကယ် အကြောင်းတွေ ပြောတတ်တယ်လေ။ သူတို့ယယ်ယယ်က ဘယ်လောက်ချမ်းသာတယ် ဆိုတဲ့အကြောင်း၊ ယယ်ယယ် ကဆို သူ ဘယ်လောက်လှတဲ့အကြောင်းတွေ အို… စုံလို့ပါပဲ။

အဲဒီနေ့က ဘွားဘွားက ဒီလို ဘာလို့များမေးရသလဲလို့ ထိုင်စဉ်းစား မိနေသေးတယ်။ နောက်တော့လည်း ဇာထိုးရင်းနဲ့ သူ့အကြောင်း ခေါင်းထဲ မရှိတော့ပါဘူး။

တစ်နေ့မနက်မှာ အိမ်ငှားက သူ့အခန်းနံရံတွေမှာကပ်ဖို့ စက္ကူတွေ ပေးမယ် ပြောထားလို့ အဲဒါသိချင်လို့ဆိုပြီး ကျွန်မတို့အခန်းထဲ ဝင်လာတယ် လေ။ သိတယ် မဟုတ်လား။ ဘွားဘွားကလည်း စကားခပ်များများရယ်။ ဒီတော့ သူတို့နှစ်ယောက် စကားလက်ဆုံကျနေလိုက်ကြတာ နောက်တော့ မှ ဘွားဘွားကလှည့်ပြီး .....

“သမီးရေ ဘွားဘွားအခန်းထဲသွားစမ်း၊ အိပ်ရာဘေးမှ တရုတ်ပေသီး တင်ထားတယ်၊ ဒီကို ယူခဲ့စမ်း” တဲ့။

ဘွားဘွားက ဒီလိုပြောလိုက်တော့ ဘာဖြစ်မှန်းလည်း မသိပါဘူး။ ကျွန်မလည်း ရှက်သွားတယ်။ ဂါဝန်ကို တွယ်ချိတ်နဲ့ ချိတ်ထားတာလည်း မေ့သွားပြီး ရှက်ရှက်နဲ့ အခန်းထဲ ပြေးဝင်လိုက်တာပေါ့။ ဒီမှာတင် ဘယ်ပြော ကောင်းမလဲ၊ ကျွန်မက ဆောင့်ဆွဲသလိုဖြစ်သွားပြီး ဘွားဘွား ထိုင်နေတဲ့ ဘီးတပ်ကုလားထိုင်လည်း ချာချာလည်သွားတော့တာပေါ့။ ဒီတော့ အိမ်ငှားက ကျွန်မအဖြစ်ကို သိသွားတယ်လေ။

ကျွန်မလည်း အဲ့ဒီနေရာမှာပဲ ငိုချလိုက်တာပေါ့။ ကျွန်မဖြင့် အရမ်း ရှက်သွားတာပဲ။ မျက်နှာတောင်မဖော်ရဲဘူး။ ဘွားဘွားက “ဟဲ့… နာတာကာ ညည်း ဘာရပ်လုပ်နေတာလဲ”လို့ ထပ်ဆူတယ်လေ။

ဒီတော့ ကျွန်မ ပိုပြီးငိုချင်လာတာ ပေါ့။ အိမ်ငှားက သူ့ကြောင့် ကျွန်မ ရှက်သွားရတယ်ဆိုတာလည်း သိရော၊ ဘွားဘွားကို တိုးတိုးလေး ခွင့်တောင်း ပြီး ထပြန်သွားတယ်။ အဲဒီနေ့ကစပြီး သူ့ခြေသံလေး ကြားမိတာနဲ့ ကျွန်မဖြင့် သေချင်စိတ်ပေါက်နေတော့တာပဲ။

သူ လာနေပြီထင်တိုင်း တိတ်တိတ်လေး တွယ်ချိတ်ကို ဖြုတ်ထား

လိုက်တယ်လေ။ ဒါပေမဲ့ ထင်သလို တစ်ခါမှ ဖြစ်မလာပါဘူး။ နောက်နှစ်ပတ်လောက်ကြာတော့ အိမ်ဖော်ကောင်မလေးက ကျွန်မကို လာပြောတယ်။ သူက ပြောခိုင်းတယ်တဲ့။ သူ့မှာ ပြင်သစ်ဝတ္ထုတွေ အများကြီး ရှိတယ်ပေါ့ လေ။ အဲဒါ ဘွားဘွားကသာ ခွင့်ပြုမယ်ဆိုရင် ကျွန်မဖတ်ဖို့ စာအုပ်တွေ ပေးလိုက်ချင်တယ်လို့ တစ်ဆင့်ပြောခိုင်းတယ်။ ဘွားဘွားကို ပြောပြတော့ ဘွားဘွားက ပထမစာအုပ်တွေအကြောင်း မေးလားစမ်းလား လုပ်နေသေး တယ်။ နောက်တော့ လွယ်လွယ်ပဲ လက်ခံလိုက်ပါတယ်။ ဘွားဘွားကပြောတယ်။ အပျော်ဖတ်၊ ညစ်ပတ်စာတွေဆိုရင်တော့ ဖတ်ခွင့်မပြု ဘူးတဲ့လေ။ ဒီတော့ ဘွားဘွားကို ကျွန်မက မေးကြည့်တယ်။

"ဘွားဘွား ညစ်ပတ်တဲ့စာတွေဆိုတာ ဘာလဲဟင်၊ နာတာကာ ဘာ လို့ မဖတ်ရတာလဲ"

"အမယ်လေး မြေးရယ်၊ ဒါမျိုးတွေဆိုရင်တော့ မဖတ်ချင်စမ်းပါနဲ့၊ ကောင်လေးနဲ့ ကောင်မလေး ချစ်တဲ့ကြိုက်တဲ့အကြောင်းတွေကို ဖတ်ချင် အောင် ဖွဲ့ ဖွဲ့ နွဲ့ နွဲ့ ရေးထားတဲ့စာတွေပါ၊ ကောင်လေးက ကောင်မလေးကို လက်ထပ်ချင်ပါတယ်ပြော၊ ခိုးပြေး၊ ပြီးတော့ ကွဲကြ၊ ပြဲကြ။ နောက်ဆုံး ဒီလိုနဲ့ ကောင်မလေးလည်း ပျက်စီးခြင်းငါးပါး ရောက်တော့တာပဲ၊ ချစ်ကြိုက် ညား ကွဲ ဇာတ်လမ်းတွေပါ မြေးရယ်။ တို့များငယ်ငယ်တုန်းက ဒီလိုဝတ္ထုတွေ ဖတ်ခဲ့ဖူးပါတယ်၊ အမယ်လေး မိုးလင်းကမိုးချုပ် ခိုးကြောင်ခိုးဝှက်နဲ့ ဖတ် လိုက်ရတာ အမော၊ ငါ့မြေးလည်း မှတ်ထားဦးနော်၊ အဲဒီလို ဝတ္ထုတွေဆို မဖတ်ရဘူးဟုတ်လား၊ ကြည့်စမ်းပါဦး၊ ဟိုသူငယ်လေးပေးလိုက်တဲ့ စာအုပ် ကွေ့က ဘာတွေလဲလို့"

"ဝတ္ထုတွေပဲ ဘွားဘွား စာရေးဆရာက "ဆာဝါတာစကော့"တဲ့"

"ဟုတ်လား၊ စာအုပ်ကြားမှာ ရည်းစားစာတွေ ဘာတွေများ ညှပ်ထား သေးလား ကြည့်စမ်း၊ အဖုံးကြားထဲလည်း သေသေချာချာကြည့်ဦး"

"ဟင့်အင်း၊ ဘာမှမတွေ့ဘူး ဘွားဘွား"

"အေးအေး၊ ဒါပေမဲ့ သတိတော့ထား သမီးရေ" တဲ့။

ဒါနဲ့ ကျွန်မလည်း သူပေးတဲ့စာအုပ်တွေ ထိုင်ဖတ်ပစ်လိုက်တာ မနည်းပါဘူး။ နောက်တော့ သူ့ဆီက စာအုပ်တွေ ထပ်ရသေးတယ်။ ပွတ် ရှကင်ရဲ့ ဝတ္ထုတွေလည်း ပါတယ်။ အဲဒီကစပြီး ကျွန်မလည်း စာမဖတ်ရရင် မနေနိုင်ဘူး ဖြစ်လာတယ်။ အိပ်မက် မက်ရင်တောင် ဝတ္ထုထဲက မင်းသား လေးကို မက်မိတယ်။

တစ်နေ့ ဘွားဘွားက ကိစ္စလေးတစ်ခုခိုင်းတာနဲ့ ကျွန်မ အပြင်ထွက်ရ

တယ်လေ။ လှေကားအဆင်းရောက်တော့ သူနဲ့ ဆုံတယ်။ သူက ကျွန်မကို တွေ့တော့ ရှက်ရှက်နဲ့နောက်ဆုတ်ပြီး နှုတ်ဆက်တယ်။ ဘွားဘွားကိုလည်း နေကောင်းသလားတဲ့။ ပြီးတော့ စာအုပ်တွေ ဖတ်ဖြစ်လား။ ဘယ်စာအုပ် အကြိုက်ဆုံးလဲ မေးတယ်။

ကျွန်မလည်း အိုင်ဗင်ဟိုကို အကြိုက်ဆုံးလို့ဖြေလိုက်တာပေါ့။ အဲဒီ အချိန် ဆုံကြတုန်းကတော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်လောက် ကြာတော့ လှေကားမှာပဲ ထပ်ဆုံကြပြန်တယ်။ အဲဒီတစ်ခေါက်ကတော့ ဘွားဘွား ခိုင်းလို့ မဟုတ်ဘူး။ ကျွန်မကိစ္စနဲ့ ကျွန်မ အပြင်ထွက်မလို့လေ။ နေ့လယ် နှစ်နာရီလောက် ရှိမယ်ထင်တယ်။ သူလည်း အဲဒီအချိန်ဆိုရင် အမြဲအိမ်ပြန် နေကျပေါ့။

“ဟော ... နာတာကာပါလား”တဲ့။

“ဟုတ်ကဲ့ရှင့်” လို့ ကျွန်မ သူ့ကို ပြန်ဖြေလိုက်တယ်။

အဘွားနားမှာ တစ်နေကုန်ထိုင်နေရတာ မပျင်းဘူးလားတဲ့။ သူက ဒီလိုမေးတော့ ကျွန်မ အရမ်းရှက်သွားတာပေါ့။ ရှက်တာပေါ့နော်။ ကိုယ့် အကြောင်း သူစိမ်းယောကျ်ားလေးက မေးတာဆိုတော့ ကျွန်မ မဖြေပါဘူး။ လှည့်ပြေးမလို့ စဉ်းစားလိုက်သေးတယ်။ ဒါပေမဲ့ ကျွန်မမှာ အင်အားတွေ ကုန်ခန်းသွားသလိုပါပဲရှင်။

နောက်တော့ ကျွန်မကို ဒီလိုမေးမိတဲ့အတွက် သူ့ကို ခွင့်လွှတ်ဖို့ တောင်းပန်နေပြန်တယ်။ ပြီးတော့ ကျွန်မကို သူ အရမ်းလေးစားတယ်တဲ့။ ကျွန်မဘဝကိုလည်း ဘွားဘွားထက်တောင် နားလည်ပါတယ်တဲ့။ ကျွန်မမှာ မိန်းကလေးအပေါင်းအသင်း မရှိဘူးလားလို့လည်း မေးသေးတယ်။

ကျွန်မက တစ်ယောက်တော့ ရှိတယ်လို့။ နာမည်က “မာရှယ်ကာ” လို့။ အခုတော့ အခြားမြို့ ကိုပြောင်းသွားပြီ”လို့ ဖြေလိုက်တယ်။ ပြီးတော့ သူနဲ့ အတူတူပွဲကြည့်ဖို့ ဖိတ်ပါရစေတဲ့လေ။

“ပွဲ ဟင့်အင်း၊ ဘွားဘွား သိသွားလိမ့်မယ်။ ကျွန်မ ကြောက်တယ်။ အို... မဖြစ်ပါဘူး။ ဘွားဘွားကို ကျွန်မ မလိမ်ရဲဘူး” လို့။

ညစာ စားပြီးချိန်ရောက်တော့ ကျွန်မတို့ အခန်းဘက် သူ ကူးလာ တယ်။ ပြီးတော့ ဘွားဘွားနဲ့ အာလာပသလ္လာပ ပြောကြတယ်။ သူက ဘွားဘွားကို ဒီပတ်ဝန်းကျင်မှာ ဘယ်သူနဲ့သိလဲ၊ အပြင်လေးဘာလေး ထွက်လည် တတ်သလား၊ ဘာညာမေးသံ ကြားနေရတယ်။ ပြီးတော့မှ သူက ရုတ်တရက်ကြီး ဒီနေ့ည “ဆီဗယ်လီက ဆတ္တာသည်”ပြဇာတ် သွားကြည့်ဖို့ သူငယ် ချင်းတွေနဲ့ ချိန်းထားတာ၊ သူငယ်ချင်းတွေက မကြည့်ဖြစ်တော့ အဲဒါ လက် မှတ်တွေ ပိုနေလို့ အဘွားတို့

လိုက်ကြည့်စေချင်တယ်လို့ ပြောလိုက်တော့ အဘွားက ...

"ဟဲ့ ... ဒီပြဇာတ်က တို့ငယ်ငယ်တုန်းက ကြည့်ခဲ့တဲ့ ဆတ္တာသည် ပြဇာတ်ပဲ မဟုတ်လား"

"ဟုတ်တယ် အဘွား၊ အဲဒီတုန်းက ပြဇာတ်ပါပဲ"

သူက အဲဒီလိုပြောပြီးတော့ ကျွန်မကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ သူ့အကြည့်က ကျွန်မတစ်ကိုယ်လုံး ရှက်သွေးတွေ လွှမ်းသွားလောက် အောင်ပါပဲ။ စိတ်ထဲကလည်း ဘွားဘွားက ခွင့်ပြုပါစေတော်လို့ ကြိတ်ပြီး ဆုတောင်းမိတယ်။

"ဒါဆိုရင် ကောင်းကောင်း သိတာပေါ့ကွယ်၊ တို့များငယ်ငယ်တုန်း ကဆို အပျော်တမ်းဂီတအဖွဲ့ နဲ့ "ကိုစီတာ" သီချင်းကို ဆိုခဲ့သေးတာပဲ"

"ဒါဖြင့် သွားဖို့ ကျွန်တော် စီစဉ်လိုက်တော့မယ်နော် အဘွား၊ နို့မ ဟုတ်ရင် လက်မှတ်တွေ အလကားဖြစ်ကုန်မှာစိုးလို့ပါ"

"သွားကြတာပေါ့ကွယ်။ အဘွားကမကြည့်လည်း အရေးမကြီးတော့ ပါဘူး၊ မြေးလေးကိုသာ ကြည့်စေချင်လို့ပါ၊ သမီးက တစ်ခါမှ ပြဇာတ်ကြည့် ဖူးတာ မဟုတ်ဘူးလေ"တဲ့။

ကြည့်စမ်း၊ ကျွန်မ ဘယ်လောက်ဝမ်းသာသွားသလဲ။ ကျွန်မတို့တစ်တွေ ချက်ချင်း အဝတ်လဲ၊ ပြင်ဆင်ပြီး ဇာတ်ရုံဘက် ထွက်လာခဲ့ကြတယ်။ ဘွားဘွားက မျက်စိမကောင်းဘူး မဟုတ်လား။ ဒါကြောင့် သီချင်းတွေကိုပဲ နားထောင်တယ်လေ။ ကျွန်မဘွားဘွားက သိပ်ကို စိတ်ကောင်းရှိတဲ့သူပါပဲ။ ကြည့်ပါလား၊ ကျွန်မအလိုအတိုင်း စဉ်းစားခဲ့တာလေ။ ကျွန်မတို့ မြေးအဘွား နှစ်ယောက်တည်းသာဆိုရင် ပြဇာတ်ကြည့်ဖို့ နေနေသာသာ အပြင်ထွက်ဖို့ တောင် စိတ်ကူးမရှိခဲ့ဘူး။ ပွဲကြည့်နေရင်း ကျွန်မစိတ်တွေ ဘယ်လိုဖြစ်နေ သလဲဆိုတာ မပြောတတ်တော့ပါဘူး။ သူကတော့ ကျွန်မကို တစ်ချိန်လုံး စိုက် ကြည့်လို့ ကြင်ကြင်နာနာနဲ့ စကားတွေလည်း ပြောနေတယ်။

ဒီတော့မှ နေ့လယ်က ကျွန်မကို ပွဲကြည့်ဖို့ခေါ်တာ သွားသတိရနေမိတယ်။ ကျွန်မ အရမ်းဝမ်းသာသွားတာပေါ့။ ဒါဟာ ကျွန်မကို သူ့ဘက်က သွေးတိုးစမ်းတဲ့ သဘောပဲလေ။ ဘယ်ရမလဲ၊ ကျွန်မကိုယ် ကျွန်မလည်း အထင်ကြီးသွားတာပေါ့။

အိမ်ပြန်ရောက်တော့ တစ်ညလုံး ပြဇာတ်အကြောင်းကိုပဲ စဉ်းစား နေမိတယ်။ ရင်ထဲမှာလည်း တလှပ်လှပ်နဲ့၊ အဲဒီနေ့ကစပြီး ကျွန်မတို့အခန်း ဘက် သူလာလည်တာ ချောင်းပေါက်မတတ်ပဲ။ ဒါပေမဲ့ နောက်ပိုင်းမှာ အလာကျဲသွားပြန်တယ်။ တစ်လ တစ်ခေါက်၊ နှစ်ခေါက်လောက်ပဲ လာတော့ တယ်။

ပြော် ...

ဒီကြားထဲ ကျွန်မတို့ နောက်တစ်ခေါက် ပြဇာတ်သွားကြည့်ဖြစ်ကြသေးတယ်။ အဘွားနံဘေးမှာ တစ်နေကုန် ဒီလိုပဲနေနေရတဲ့ ကျွန်မကို သူ သနားမိနေတယ် ထင်တာပဲ။ ပြီးတော့ သူ့ဘက်က ကြည့်ပြန်ရင်လည်း ဘာအခွင့်အရေးမှ မရရှာဘူးလေ။ သူမလာတော့ ကျွန်မလည်း ဘယ်လို ပျော်နိုင်တော့မလဲ။

ကြာလာတော့ ကျွန်မစိတ်တွေ တစ်မျိုးဖြစ်လာတယ်လေ။ ငြိမ်ငြိမ် နေလို့မရတော့ဘူး။ တစ်ခါတစ်ခါ ဘွားဘွားကို စိတ်တိုလာအောင် တမင် အရွဲ့ တိုက်ပြီး ရယ်ပစ်လိုက်တယ်။ တစ်ခါတစ်ခါတော့လည်း ငိုချင်လာပြီး ငိုပစ်လိုက်တယ်။ လူလည်း သိသိသာသာကြီးကို ပိန်ကျသွားတာပါပဲ။

ပြဇာတ်ရာသီကုန်တော့ သူ့ဘက်က ပိုဆိုးလာတယ်။ ကျွန်မတို့ဆီ လုံးလုံး ခြေဦးမလှည့်တော့ဘူး။ လှေကားမှာ ဆုံဖြစ်ကြရင်တောင် ကျွန်မ ကို ပြုံးမပြတော့ဘူး။ သူ အလုပ်သွားချိန်ရောက်ပြီဆိုရင် လှေကားရင်းမှာ ရပ်ပြီး သူ့ကို စောင့်ကြည့်မိတယ်။ သူ့ကိုမြင်လိုက်ရတိုင်း ရှက်သွေးတွေသာ ကျွန်မတစ်ကိုယ်လုံး လွှမ်းပြီး ကျွန်မမျက်နှာလေး ထွေးထွေးနီသွားလိုက် တာ ချယ်ရီတွေလိုပါပဲရှင်။

တစ်နှစ်ကျော်ကျော်လောက်ကြာတော့ ဘွားဘွားဆီ သူ ရောက်လာတယ်။ ဒီမှာရှိတဲ့ သူ့အလုပ်တွေက ပြီးသွားပြီတဲ့။ ဒါကြောင့် အခြားမြို့ကို ပြောင်းရမယ် ဆိုတဲ့အကြောင်း လာပြောတယ်လေ။ သူ့စကားတွေ ကြား လိုက်ရတော့ ကျွန်မလည်း ပက်လက်ကုလားထိုင်ပေါ်မှာ ပျော့ခွေသွားတော့တာပါပဲ။ ဘွားဘွားကတော့ သတိမထားမိပါဘူး။ ပြီးတော့ သူက ဘွားဘွား ကို နှုတ်ဆက်ပြီး ထွက်သွားတယ်လေ။

ဒီတော့ ကျွန်မ ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားလိုက်ရတာ ကျွန်မဖြင့် တစ်ခေါင်းလုံး ပူထူနေတာပါပဲ။ စိတ်လည်း ပျက်မိတယ်။ နောက်ဆုံး တော့ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ရတယ်လေ။ သူ မပြောင်းမီ တစ်ရက်အလို မှာ အဝတ်အစားအချို့နဲ့ လိုအပ်မယ့်ပစ္စည်း နည်းနည်းပါးပါးယူပြီး အထုပ် အပိုး ပြင်ထားလိုက်တယ်။ ဘွားဘွားလည်း အိပ်ပျော်သွားရော သူ့အခန်းကို အရဲစွန့်ပြီး ကျွန်မ တက်သွားလိုက်တယ်။

အဲဒီတုန်းက ကျွန်မဟာ ကိုယ်တစ်ခြမ်းသေနေတဲ့ လူလိုပဲ။ လှေကား လေးကို တက်နေလိုက်ရတာ တစ်နာရီလောက် ကြာမလားပဲ။ သူ့အခန်း တံခါးကိုလည်း တွန်းဖွင့်လိုက်တော့ သူ ကျွန်မကို လှည့်ကြည့်လိုက်ပြီး လန့် အော်မိမလိုတောင် ဖြစ်သွားတယ်။ ကျွန်မအဖြစ်ကလည်း တစ္ဆေတစ်ကောင် လိုပဲ သွေးမရှိတော့ဘူး။ ခြေတွေလက်တွေကိုတောင် အနိုင်နိုင် သယ်နေရ တယ်။

ဒီတော့မှ သူက ကျွန်မအတွက် ရေတစ်ခွက် ကပျာကယာ ခပ်ပေး တယ်။ ကျွန်မဖြင့် ရင်တွေတုန်ပြီး မျက်လုံးတွေတောင် ပြာဝေလာတယ်။

အထုပ်ကို သူ့ခုတင်ပေါ်တင်၊ ပြီးတော့ ကျွန်မလည်း ခုတင်ပေါ်ထိုင်ပြီး ငိုချလိုက်တယ်။ အခြေအနေအားလုံးကို သူ ချက်ချင်း သဘောပေါက်သွားတယ် ထင်ပါရဲ့။ ကျွန်မကို တွေတွေကြီး ကြည့်နေတယ်လေ။ သူ့အမူအရာက မထုံတက်သေးနဲ့ဆိုတော့ ကျွန်မရင်ထဲ ဆို့သွားတာပေါ့။

ခဏနေတော့မှ သူ့စကားသံကို ကြားလိုက်ရတယ်။

"နာတာကာ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဘာ တတ်နိုင်မှာလဲ နာတာကာရယ်၊ ကျွန်တော်က ငမွဲ၊ ကိုယ်ပိုင်ပစ္စည်းဆို ဘာ တစ်ခုမှရှိတာ မဟုတ်ဘူး၊ အလုပ်ဆိုတာကလည်း ရပ်တည်လို့ရတဲ့ အလုပ် မဟုတ်ဘူး၊ ဒီလိုအခြေအနေမျိုးနဲ့ နာတာကာကို ကျွန်တော် ဘယ်လို လက် ထပ်နိုင်မှာလဲ"တဲ့။

သူနဲ့ကျွန်မ အကြာကြီး ဆွေးနွေးကြတယ်။ နောက်ဆုံး ကျွန်မဘက်က ဣန္ဒြေတောင် မဆည်နိုင်တော့ဘူး။ ဘာပဲပြောပြော သူနဲ့ ကျွန်မလိုက်မယ်။

သူ မရှိဘဲ ကျွန်မ နေလို့မရတော့ဘူးလို့ ပြောပြလိုက်တယ်။ အို ... ကျွန်မ ရင်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ရှက်တာတွေ၊ သူ့ကို ချစ်ရတဲ့အချစ်တွေ၊ မိန်းက လေးရဲ့မာနတွေဟာ ဆူပွက်နေတယ်။ ကိုယ့်ကိုယ်ကိုယ် ပြိုလဲသွားမလား တောင် ထင်မိတယ်။

သူက ဘာမှမပြောတော့ဘဲ တစ်အောင့် ထိုင်နေပြန်တယ်။ ပြီးတော့မှ ကျွန်မဆီလျှောက်လာပြီး ကျွန်မလက်လေးကို အသာဆုပ်ရင်း "နာတာကာ ရယ်၊ ကိုယ်ပြောပြပါမယ်၊ ခဏလေးနားထောင်ပါ"တဲ့။ သူ့မျက်လုံးအိမ်ထဲ မှာ မျက်ရည်တွေ ဝေ့လို့။

"မင်းကိုသာ လက်ထပ်ခွင့်ရမယ်ဆိုရင် ကိုယ် တကယ်ပဲပျော်မှာပါ။ ကိုယ် ကျိန်ပြောရဲပါတယ်။ ဒီမယ် နာတာကာ၊ ကိုယ် မနက်ဖြန် ခရီးထွက် မယ်။ ဟိုမှာ တစ်နှစ်လောက်တော့ နေရလိမ့်မယ်။ အလုပ်ကြိုးစားလုပ်မယ်၊ ငွေစုမယ်၊ ပြီးတော့ မင်းဆီ ပြန်လာခဲ့မယ်။ အဲဒီအခါ မင်း ကိုယ့်ကို ချစ်သေး တယ်ဆိုရင် မင်းကို လက်ထပ်မယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ ဘာကိုမှ ကိုယ် ပြတ်ပြတ်သားသား မပြောနိုင်သေးဘူးလေ။

တစ်နှစ်အတွင်း ကိုယ့်ဘက်က မအောင်မြင်ခဲ့ဘူးဆိုရင်လည်း အောင်မြင်တဲ့အထိ ကိုယ် ကြိုးစားပါ့မယ်။ ကိုယ့်ကို

လက်ထပ်နိုင်မယ့်အချိန်ထိလည်း စောင့်ပါမယ်။ ဒါပေမဲ့ နာတာကာကို ကတိတစ်ခုနဲ့ ချုပ်နှောင်ထားတဲ့အထိတော့ ကိုယ့်မှာ အခွင့်အရေးမရှိပါဘူး” တဲ့။

နောက်နေ့မှာပဲ သူ ခရီးထွက်သွားတယ်။ ဘွားဘွားကို အသိမပေးသေးဖို့လည်း အထပ်ထပ် မှာသွားတယ်လေ။ အဲဒါပါပဲ။ ကျွန်မရဲ့ ဇာတ်လမ်းစုံ ဆိုပါတော့။ အခုဆိုရင် တစ်နှစ်ကျော်ခဲ့ပြီလေ။ သူလည်း ပြန်ရောက်လာပါပြီ။ တကယ်က သူ ပြန်ရောက်နေတာ သုံးရက်တောင်ရှိခဲ့ပါပြီ။ ဒါပေမဲ့ …

နာတာကာ စကားကို ကျွန်တော် မစောင့်နိုင်တော့တာနဲ့ပဲ …

“ဒါပေမဲ့၊ ဒါပေမဲ့ ဘာဖြစ်လဲ နာတာကာ”

“သူ သူ ကျွန်မကို ခုထိ လာမတွေ့သေးဘူးလေ”

ဒီစကားကို နာတာကာပြောဖို့ ဘယ်လောက် ကြိုးစားလိုက်ရသလဲ ဆိုတာ ကျွန်တော် သိနေပါသည်။

“ပြီးတော့ လူရိပ်လူယောင်တောင် လာမပြပါဘူးရှင်”

နာတာကာက လိုရင်းပဲ ပြောလိုက်ပြီး အချိန်တော်တော်ကြာ ဆိတ် ဆိတ် ငြိမ်နေ၏။ ဒီ့နောက် မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်ရင်း တလှိုက် လှိုက် ငိုချလိုက်ပါတော့သည်။

ကျွန်တော့်နှလုံးသားဟာလည်း ဆွဲဆုတ်ခံလိုက်ရသလို ရင်ထဲတွင် နာကျင်မှုတွေ ကူးစက်သွား၏။ ဒီလို အဆုံးသတ်လိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ခဲ့။

“နာတာကာ”

အရဲ့စွန့်ပြီး တောင်းပန်သံနဲ့ ကျွန်တော် ခေါ်ကြည့်လိုက်သည်။

“တိတ်ပါ နာတာကာရယ်၊ တိတ်ပါ။ သူ့ဘက်က ရိုးရိုးသားသား ရောက်မလာဖြစ်တာပဲ ဖြစ်ပါလိမ့်မယ်”

“မဟုတ်ဘူး မဟုတ်ဘူး၊ သူ ရောက်နေပြီပဲ”

နာတာကာရဲ့ ပါးနှစ်ဖက်ပေါ်မှာ မျက်ရည်တွေပေလို့။

“ရှင့်ကို ပြောခဲ့သလိုပဲ။ အဲဒီညမှာ သူနဲ့ ကျွန်မ ဆွေးနွေးအပြီး နှစ် ယောက်သား ကမ်းနားဘက် ထွက်လာခဲ့ကြသေးတယ်။ ခြောက်နာရီလောက် ပေါ့။

ကျွန်မတို့နှစ်ယောက် ခုံတန်းလျားလေးမှာ ထိုင်ကြတယ်။ ကျွန်မလည်း အငိုတိတ်သွားပြီပေါ့။ သူ ပြောတဲ့ စကားတွေကိုလည်း ယုံလိုက်မိတယ်။ သူ ပြန်ရောက်ရောက်ချင်း ဘွားဘွားကို ဖွင့်ပြောပြီး ကျွန်မကို လက်ထပ်မယ် ဆိုတာလည်း သူပဲ ပြောသွားတာပဲ။ အခု သူ ပြန်ရောက်ပြီလေ။ ကျွန်မဘက် က သေချာနေမှပဲ သူ့ဘက်က ဘာလို့ လာမတွေ့ သေးတာလဲ”

သူလေ တစ်ခါ ထပ်ငိုနေပြန်ပါပြီ။ အခုမှ ဒုက္ခ။ ဘာလုပ်ပေးရင် ကောင်းမလဲ။ စိတ်ရှုပ်ထွေးစွာ ထိုင်ရာက ကျွန်တော် ထလိုက်ရင်း ...

“နာတာကာ ကျွန်တော် ဘာအကူအညီပေးရမလဲ၊ တစ်ခုခုပေါ့ဗျာ၊ ဥပမာ မင်းလေးကိုယ်စား ကျွန်တော် သူနဲ့ သွားတွေ့ပေးရမလား”

“အဲဒီလိုလုပ်ရင် ဖြစ်နိုင်မယ်လို့ ရှင် ထင်လား”

ခေါင်းကို ဆတ်ခနဲမော့ပြီး သူမ ပြောလိုက်သည်။

“မဟုတ်ဘူး၊ ကျွန်တော်ဆိုလိုတာက ဒီလိုမဟုတ်ဘူး” သတိကပ်ရင်း နာတာကာကို ကျွန်တော် ပြောလိုက်ရသည်။

“မင်း ဘာလုပ်သင့်တယ် ဆိုတာကတော့ မင်းလေးပဲ သိမှာပဲလေ၊ သူ့ဆီ စာရေးလိုက်ပါလား”

“ဟင့်အင်း၊ ကျွန်မ ဖြစ်နိုင်မယ်လည်း မထင်၊ မထင်ပါဘူးရှင်”

နာတာကာက သူမရဲ့အဖြေကို ပြတ်ပြတ်သားသားပဲ ပေးလိုက်၏။ ဒီတစ်ကြိမ်မှာတော့ သူမရဲ့ မျက်လုံးလေးတွေကို စုံမှိတ်လို့။

“ဘာဖြစ်လို့လဲ နာတာကာ၊ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ” ကျွန်တော် ဇွတ်အတင်း ပြောမိလိုက်သည်။

“စာရေးတယ်ဆိုပေမယ့် ဘယ်လိုရေးသင့်တယ် ဆိုတာတော့ နာတာ ကာ သိမှာပါ၊ ကျွန်တော့်ကို ယုံစမ်းပါ၊ မင်းလေး ဒုက္ခရောက်မယ့် အကြံဉာဏ် မျိုး ကျွန်တော် မပေးပါဘူး၊ မင်းလေးသာ ရှေ့က စလိုက်စမ်းပါ၊ အားလုံး အဆင်ပြေသွားစေရမယ်၊ ဘာလို့ မဖြစ်ရမှာလဲ”

“မဖြစ်နိုင်ပါဘူးရှင်၊ မိန်းကလေးတန်မယ့် ကျွန်မဘက်က ဇွတ်လုပ် သလို ဖြစ်နေမှာပေါ့”

“မဟုတ်သေးပါဘူး နာတာကာရယ်၊ မင်းလေးဘက်က မမှားပါဘူး၊ သူက ကတိပေးထားပြီပဲ။ ဒါကြောင့် မင်းလေးမှာ ဒီလိုရေးဖို့ အခွင့်အရေး ရှိတယ်လေ၊

ကျွန်တော် သဘောပေါက်သလောက် ဆိုရင်တော့ သူဟာ ရိုး သားပြီး ချင့်ချင့်ချိန်ချိန်ရှိမယ့် လူတစ်ယောက်ပါ၊ မင်းလေးကို ပစ်ပစ်ခါခါ လုပ်မယ့်လူတော့ မဟုတ်ပါဘူး”

ကျွန်တော် ပေးလိုက်တဲ့ဆင်ခြေကို ကျွန်တော့်ဘာသာ တော်တော် လေးစားမိလိုက်သည်။ ပြီးမှ တစ်ဆက်တည်း ...

“သူ ဘာပြောခဲ့လဲ။ သူက သူ့ကတိနဲ့သူ ချောင်ပိတ်မိနေတာပဲ။ သူ ပြောပြီးပြီလေ။ မင်းလေးဘက်က မငြင်းဘူးဆိုရင် လက်ထပ်ယူပါမယ်ဆိုတာ မင်းလေး သူ့ကိုငြင်းမယ်ဆိုလည်း ငြင်းဖို့ သူ လွတ်လွတ်လပ်လပ် ထားခဲ့တာ ပဲ။

ဒါကြောင့် မင်းလေးဘက်က ပထမဦးဆုံး စတယ်ဆိုတာ သဘာဝ ကျပါတယ်။ ဒါ အခွင့်အရေးပဲလေ နာတာကာ။

“ဒါဆို ဘယ်လို ရေးရမှာလဲ”

“ဘာကိုလဲ”

“စာကို ပြောနေတာလေ”

“သြော်... ကျွန်တော်ကတော့ ဒီလို စလိုက်ချင်တယ်”

“ချစ်ခင်လေးစားရတဲ့ အစ်ကိုရှင့်လို့”

“အဲဒီလိုချည်း ရေးရမှာလား”

“မသိဘူးလေ၊ အဲဒီလို ရေးရမယ်ထင်တာပဲ”

“ကဲပါ၊ ဆက်ပါဦး”

“အင်း ... ချစ်ခင်လေးစားရတဲ့ အစ်ကိုရှင့်၊ ပြီးတော့ နေဦး။ ကျွန်မ ကို ခွင့်လွှတ်ပါရှင့်။ မဟုတ်သေးဘူး။ တောင်းပန်ရမယ့်စကား မလိုအပ်ဘူး။ မှန်မှန်ကန်ကန်ဖြစ်ရမယ်။ ရိုးရိုးပဲရေးတာ ကောင်းတယ်။

ပထမဦးဆုံးအနေနဲ့ ကျွန်မ စာရေးလိုက်ပါတယ်။ အစ်ကို၊ အစ်ကို လာတဲ့အထိ မစောင့်နိုင်ဘဲ အခုလို စာရေးလိုက်တာကိုတော့ ခွင့်လွှတ်စေ ချင်တယ်။ ဒါပေမဲ့ အစ်ကိုလာမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ တစ်နှစ်လုံးလုံး ကျွန်မ ပျော်ရွှင်နေရတဲ့သူပါ။ တစ်ရက်လေးတောင် မစောင့်နိုင်ကောင်းလား လို့ ကျွန်မကို အပြစ်တင်ရင်လည်း တင်ပါတော့။ ကျွန်မအပေါ်မှာ အစ်ကို စိတ်ပြောင်းသွားရင်လည်း ပြောင်းသွားမှာပါပဲ။ ဒီလိုပြောလို့ အစ်ကို့ကို

အပြစ်တင်နေတာလည်း မဟုတ်ပါဘူး။ အစ်ကို့နှလုံးသားကို အမိန့်ပေးနေတာလည်း မဟုတ်ပါဘူး။ ကျွန်မ မှာ ဒီလို အခွင့်အရေး အာဏာလည်း မရှိပါဘူး။ အစ်ကို စိတ်ပြောင်းလဲသွားတယ် ဆိုရင်လည်း ကျွန်မရဲ့ ကံတရား ပဲလို့ အောက်မေ့မိပါတယ်။

အစ်ကိုက စဉ်းစားဝေဖန်တတ်တဲ့ လူတစ်ယောက်ပါ။ ကျွန်မစာကို ဖတ်ပြီး ရယ်မောပစ်လိမ့်မယ်။ ဒါမှမဟုတ် စိတ်ဆိုးသွားလိမ့်မယ်လို့ မထင် မိပါဘူး။ တကယ်တော့ ဒီစာဟာ ကူမယ့်သူတစ်ယောက်မှမရှိတဲ့ ကိုယ့်နှလုံး သားကို ဘယ်တော့မှ မထိန်းချုပ်နိုင်တဲ့ အဖော်မဲ့ မိန်းကလေးတစ်ယောက်ရဲ့ စာပါပဲ။

အတွေးထဲမှာတောင် ကျွန်မကို နာကျင်စေနိုင်တဲ့ ယုံမှား သံသယ အစ်ကို့အပေါ် ရှိမိတဲ့အတွက်တော့ ခွင့်လွှတ်ပါ။ အစ်ကို့ကို သိပ်ချစ်မိ၊ ချစ် နေဆဲ။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်မ စိတ်ကူးထားတာလည်း ဒီအတိုင်းပဲ"

နာတာကာဟာ လန်းဆန်း ရွှင်မြူးသည်။ သူမ မျက်ဝန်းမှာက မျက်ရည်စက်တွေနဲ့ ဝင်းလက်လို့ပါ။

"ကျေးဇူးတင်လိုက်တာရှင် အရမ်းပဲ၊ ကျွန်မ သံသယတွေကို ချေပေးဖို့ ဘုရားသခင်က ကျွန်မဆီ ရှင့်ကို လွှတ်လိုက်တာပါပဲ၊ သိပ်ကျေးဇူး တင်တာပဲ"

"ဘယ်သူ့ကို ကျေးဇူးတင်တာလဲ နာတာကာ၊ ကျွန်တော့်ကို လွှတ် လိုက်တဲ့ ဘုရားသခင်ကိုလား"

သူမရဲ့မျက်နှာလေးက ကြည်နူးရွှင်လန်းလှ၏။ ပျော်ရွှင်နေပါ၏။ "ဟာ ... နာတာကာရယ်၊ တစ်ခါတစ်ခါမှာ ကိုယ်နဲ့အတူ နေထိုင်ကြတဲ့ အတွက် လူတွေကို ကျွန်တော်တို့ ကျေးဇူးတင်ကြရတာပဲလေ၊ မင်းလေးနဲ့ တွေ့ ဆုံခဲ့ရတဲ့အတွက် ကျွန်တော် အသက်ရှင်နေသရွေ့ မင်းလေးကို သတိရ နေတော့မှာမို့ မင်းလေးကိုလည်း ကျွန်တော်က ကျေးဇူးတင်ပါရစေဦး"

"ဟုတ်ပါတယ်ရှင် ဟုတ်ပါတယ်၊ ဒီမှာ ကျွန်မ ပြောဦးမယ်၊ သူနဲ့ ကျွန်မ တိုင်ပင်ခဲ့တာ တစ်ခုရှိသေးတယ်။ သူ ပြန်ရောက်ရောက်ချင်း ဒီနေရာ လေးမှာ ဆုံကြဖို့ပါပဲ၊ ဒါမှမဟုတ် စာနဲ့ အကြောင်းကြားဖို့ပေါ့လေ၊ ကျွန်မနဲ့ သူနဲ့ကြားမှာ ဆက်သွယ်ပေးမယ့် ကျွန်မသူငယ်ချင်းတချို့လည်း ရှိတယ်၊ သူတို့က ခင်စရာကောင်းတဲ့လူတွေပါ၊ ဒါပေမဲ့ ဒီအကြောင်းကို သူတို့ ဘာမျှ မသိကြသေးဘူး။ အခု သူရောက်နေပြီဆိုတာတော့ ကျွန်မ သိတယ်။ ဒါပေမဲ့ လူလည်းမလာ၊ စာလည်းမလာနဲ့ ကျွန်မဘက်ကလည်း ဘွားဘွား ရှိနေပြန် တော့ သိပ်မလွယ်ဘူးလေ။ ဒါကြောင့် ရှင်ကပဲ တိတ်တဆိတ် ကျေးဇူးပြုပြီး

စာသွားပေးပါလားဟင်”

“ပေးရမယ့်လူကိုလည်း ကျွန်မ ပြောမယ်၊ ပြန်စာရမယ်ဆိုရင်လည်း ယူခဲ့ပေးပေါ့၊ မနက်ဖြန် ဒီနေရာမှာပဲ ကျွန်မ စောင့်နေမယ်လေ”

“ဟုတ်ပါပြီ၊ ဒါပေမဲ့ စာက ဘယ်မှာလဲ၊ အရင်ဆုံး စာရေးရဦးမယ်လေ၊ ဒီတော့ ပြန်စာရရင်လည်း သန်ဘက်ခါမှ ရမှာပေါ့”

“စာက ဟို …”

သူမရဲ စကားကို အဆုံးမသတ်နိုင်တော့ဘဲ မျက်နှာကို တစ်ဖက်လွှဲပစ်လိုက်၏။ ရုတ်တရက် နာတာကာရဲ့မျက်နှာလေးက နှင်းဆီဖူးလို နီသွေး သွားပြီး ကျွန်တော့်လက်ထဲ စာတစ်စောင် ထိုးထည့်ပေးလိုက်ပါသည်။

သူမ ရေးထားသည့်စာ၊ အိတ်ပိတ်ပြီး လိပ်စာရေးထားပြီးသား၊ ရင်းနှီးကျွမ်းဝင်ပြီးသား အလင်းတန်းလေးတစ်ခု ကျွန်တော့်ရင်ထဲ ဖြတ်သန်းသွား၏။

ရို … ဆီ … နာ …

သီချင်းလေးတစ်ပုဒ် ကျွန်တော် ညည်းလိုက်၏။

ရို … ဆီ … နာ …

ကျွန်တော်တို့နှစ်ယောက် အတူတူ ဆိုလိုက်ကြသည်။ သူလေးကို ကျွန်တော့်လက်နှစ်ဖက်နဲ့ ပွေ့ဖက်ထားလိုက်ရသလို ကျွန်တော့်ရင်ထဲမှာ ငွေ့ငွေ့လေး နွေးပြီး ကြည်နူးနေမိပါ၏။ နာတာကာကတော့ ရှက်သွေးတွေဖြာပြီး ရယ်မောနေသည်။ သူမရဲ့ နက်မှောင်တဲ့ မျက်တောင်ကော့တွေပေါ်မှာတော့ မျက်ရည်စတွေက ဝင်းလက်လို့။

“သွားမယ်၊ သွားမယ်၊ ကျေးဇူးပဲ၊ စာပေးပြီးပြီနော်”

“မနက်ဖြန် တွေ့မယ်”

ကျွန်တော့်လက်နှစ်ဖက်ကို ဆုပ်ညှစ်လိုက်ပြီး သူလေး ထွက်ပြေးသွားပါတော့သည်။ မျက်စိတစ်ဆုံးကြည့်ရင်း ကျွန်တော်တစ်ယောက်တည်းသာ။

“မနက်ဖြန်မှပဲ ဆုံကြတာပေါ့ကွယ်”

※

တတိယည

မိုးဖွဲဖွဲနဲ့ ကြေကွဲဝမ်းနည်းဖွယ်ရာ နေ့တစ်နေ့။ ကျွန်တော့်ရဲ့ အိုမင်း နေတဲ့ အနာဂတ်တွေလို သက်သာခွင့် လုံးဝမရှိ။ အတွေးစိမ်းတွေ၊ အသိခက် တဲ့ အာရုံတရားတွေက ကျွန်တော့်ကို နှိပ်စက်၊ မရေမရာ မေးခွန်းတွေက ဖိစီး။ ဒီမေးခွန်းတွေကို ဖြေဖို့လည်း ကျွန်တော့်မှာ အင်အားနဲ့ ဆန္ဒကမရှိ။

မဟုတ်ပါဘူးလေ။ ကျွန်တော့်ကိုက လုံးဝ မဖြေနိုင်တာပါ။ ဒီကနေ့ည ကျွန်တော်တို့ ဆုံဖြစ်မှာ မဟုတ်တော့ပါ။

မနေ့ညက ကျွန်တော်တို့ ခွဲခွာခဲ့ ကြတော့ ကောင်းကင်မှာ မိုးတိမ် တွေ ညို့လို့၊ နှင်းဖြူတွေကလည်း တရိပ်ရိပ်တက်လာနေ။

“မနက်ဖြန်ကတော့ စိတ်ပျက်စရာကောင်းမယ့် နေ့တစ်နေ့ ဖြစ်မှာပဲ” ကျွန်တော် ဒီလိုပြောလိုက်တော့ နာတာကာ အဖြေမပေးပါဘူး။ မနက်ဖြန်ရဲ့ မိုးကောင်းကင်မှာ မိုးငွေ့ မိုးရိပ်ဆို တစ်လိပ်တလေတောင် သူ လေး မြင်လိုမှာ မဟုတ်ပါဘူး။

“မနက်ဖြန် မိုးရွာနေရင်တော့ ကျွန်မ မလာတော့ဘူး” တဲ့။

မိုးရွာတော့မယ်ဆိုတာကိုတော့ နာတာကာ သတိထားမိမယ် မထင်ပါဘူး”

ဒါပေမဲ့ သူလေး ရောက်မလာတော့ သိခဲ့ပြီပေါ့။

မနေ့ညဟာ ကျွန်တော်တို့ရဲ့ တတိယမြောက် တွေ့ ဆုံခြင်းပါပဲ။ ကျွန်တော်တို့ရဲ့ ညဖြူဖြူ တစ်ညပေါ့။

ဟုတ်ပါတယ်။ ဝမ်းသာပျော်ရွှင်ခြင်းတွေက လူတစ်ယောက်ကို လှပသွားစေပါတယ်။ သူ့ရဲ့နှလုံးသားမှာ အချစ်တွေပြည့်လျှံလို့ သူဟာ အခြားလူတစ်ယောက်ရဲ့ နှလုံးသားထဲကို အဲဒီချစ်ခြင်းတွေ လောင်းထည့် ပေးဖို့ ကြိုးစားနေသလိုပါပဲ။

သူဟာ အရာရာကို ရွှင်မြူးပြုံးရယ်ချင်နေတယ်။ သူ့ရဲ့ ပျော်ရွှင်ခြင်း ဟာ သိပ်ကို ကူးစက်လွယ်ပါတယ်။ ကျွန်တော့်အဖို့တော့ ပြီးခဲ့တဲ့ညက နာတာကာရဲ့ နှလုံးသားထဲမှာ နှစ်သိမ့်ကြင်နာမှုတွေ၊ နွေးထွေးဖော်ရွေမှု တွေ တစ်ပုံတစ်ပင်ကြီးပါပဲ။ ကျွန်တော့်အတွက်လည်း စိုးရိမ်စိတ်ကြီးစွာနဲ့ ပျော်အောင် ကြိုးစားခဲ့ပါတယ်။

ဟာ… ပျော်ရွှင်မောနေတဲ့ မိန်းမတစ်ယောက်ဟာ ညို့ယူဆွဲငင် တတ်တဲ့ အင်အားတွေပြည့်လို့ပါပဲလား။ ဒါပေမဲ့ အဲဒီအင်အားတွေရဲ့ ပကတိတန်ဖိုးကို လက်ခံလိုက်ပါတယ်။ ပြီးတော့ ကျွန်တော် စိတ်ကူးလိုက်မိတယ်။ ဒါပေမဲ့ အဲဒီအင်အားတစ်ခုခုကို ကျွန်တော် ဘယ်လိုစိတ်ကူးလို့ ရနိုင်တော့ မှာလဲ။ အဲဒီအင်အားတွေကို အခြားတစ်ယောက်ယောက်က သိမ်းယူသွားပြီ ဆိုတာ သိထားခဲ့တော့ ကျွန်တော့်အတွက် ဘာတစ်ခုမှ မရှိတော့ဘူးဆိုတာ သိထားတော့ ဘာကို ကျွန်တော် မျှော်လင့်နိုင်ဦးမှာလဲ။

သူမရဲ့ လှပမှု၊ စိုးရိမ်ပူပန်မှု ပြီးတော့ အချစ်တွေ၊ ဟုတ်တယ်။ ကျွန်တော့်အတွက် အချစ်တွေ။ ဒါတွေဟာ ဘာမှမဟုတ်ပါဘူး။ ရောက်လာတော့မယ့် လူတစ်ယောက်ကြောင့်ဖြစ်ခဲ့တဲ့ ပျော်ရွှင်မှုတွေပါပဲလေ။ ကျွန်တော့် အတွက် သူမဘက်က ပေးလိုက်ချင်တဲ့ ပျော်ရွှင်ခြင်း အပိုင်းအစတစ်ခုပါပဲ။ စောင့်ရတဲ့သူ ပေါ်မလာတော့ ကျွန်တော်တို့က အချည်းနှီး စောင့် နေရပြီဆိုတော့ သူမရဲ့မျက်နှာဟာ ညို့မှောင်လာတယ်။ စိုးရိမ်စိတ်တွေနဲ့ လှုပ်ခတ်လာတယ်။

သူမရဲ့စကားလုံးတွေ၊ လှုပ်ရှားမှုလေးတွေမှာ တဖြည်းဖြည်း အလင်း အရောင် ကင်းမဲ့လာပြီး မြူးရယ်သံတွေ တိတ်သွားတယ်။ သူမအတွက် မျှော်လင့်နေခဲ့တဲ့ အရာတစ်ခု၊ သူမကိုယ်တိုင် မရလိုက်မှာ ကြောက်နေတဲ့ အရာတစ်ခုကို အလိုအလျှောက် သူမက ကျွန်တော့်ကိုပေးနေသလို ကျွန်တော့် အပေါ်ထားတဲ့ နာတာကာရဲ့ စိတ်အာရုံတွေက နှစ်ခွဖြစ်နေပါတယ်။ နောက်ဆုံးမှာတော့ သူလေးကို ကျွန်တော် ချစ်မိနေတာ ကျွန်တော့်ရဲ့ မွဲပြာနေတဲ့ ချစ်ခြင်းကို သူလေး ကြင်နာသနားခဲ့ပြီလို့ ကျွန်တော် ယုံကြည်လိုက်ပါတယ်။

ဘာကြောင့်လဲဆိုတော့ တစ်ယောက်ရဲ့ ဆွေးမြေ့ကြေကွဲခြင်းဟာ အခြားတစ်ယောက်ရဲ့ ဆွေးမြည့်မှုကို ပိုပြီးခံစားတုန့်ပြန်တတ်ပါတယ်။ လူ တစ်ယောက်ဟာ မပျော်မရွှင်ဖြစ်နေတဲ့အခါမှာ သူ့ရဲ့ တုံ့ပြန်ခံစားမှုဟာ တစ်စစီ ပြိုကွဲမသွားပါဘဲ စုစည်း တင်းကျပ်လာတတ်ပါတယ်။

သူလေးရဲ့ တင်းကျပ်နေတဲ့စိတ်ကို ကျွန်တော့်ရဲ့ ခံစားမှုနဲ့ ထိတွေ့ မိလိုက်တယ်။ ဒါပေမဲ့ ထိတွေ့လိုက်တဲ့ တဒင်္ဂလေးမှာ သည်းမခံနိုင်လောက် အောင်ပါပဲ။ ဒီလိုခံစားရမယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါ ဘူး။ ဒီလို အဆုံးသတ်ရလိမ့်မယ်လို့လည်း မထင်မှတ်ခဲ့ဘူး

ပထမတော့ စကားလုံးတိုင်းဟာ သူမအတွက် ပျော်ရွှင်ရယ်မောစရာ တွေပဲပေါ့။ နာတာကာ မျက်နှာမှာ အပြုံးတွေနဲ့ ဝေလို့ ချစ်သူရဲ့ အဖြေကို မျှော်လင့်နေတဲ့ သူမ မျှော်လင့်တဲ့ချစ်သူရဲ့ အဖြေက ချစ်သူကိုယ်တိုင်ပါပဲ။ ချစ်သူက

အဖြေပေးဖို့ သူမဆီ အပြေးလေးရောက်လာလိမ့်မယ်ပေါ့။ ဒါကြောင့် ကျွန်တော့်ရှေ့မှာ တစ်နာရီလုံးလုံး သူ ရောက်နေခဲ့တယ်။

"ဒီည ကျွန်မ ဘာလို့ ဒီလောက်ပျော်နေသလဲ ရှင် သိလား"

"ရှင့်ကို မြင်ရတာကော ဘာလို့ကျေနပ်နေသလဲဆိုတာ ရှင် သိလား ဟင်"

သိတာပေါ့လို့ ကျွန်တော် ဖြေလိုက်တော့ ကျွန်တော့်တစ်ကိုယ်လုံး တုန်လှုပ်စပြုနေပြီပေါ့။

"ရှင့်ကို ကျွန်မ အရမ်းသဘောကျတယ်၊ ဘာလို့လဲဆိုတော့ ရှင်က ကျွန်မကို ချစ်တယ်မပြောဘူးလေ၊ ရှင့်နေရာမှာ အခြားသူတစ်ယောက်သာ ဆိုရင် ကျွန်မ တော်တော်စိတ်ညစ်ရမှာ။ ဒါပေမဲ့ ရှင်ကတော့ ဒီလိုမဟုတ်ဘူး လေ၊ ခင်ဖို့ကောင်းတယ်"

နာတာကာက ကျွန်တော့်လက်ကို ရုတ်တရက် ဆုပ်ညှစ်လိုက်တော့ ကျွန်တော် အသံထွက်အော်မိမတတ် ဖြစ်သွားတယ်။

ဒါကို သဘောကျတော့ သူလေးက ရယ်ပါလေတယ်၊ "ရှင်ဟာ သိပ် အံ့သြစရာကောင်းတဲ့ သူငယ်ချင်းပဲ"

ဒီတစ်ကြိမ်မှာတော့ နာတာကာ မျက်နှာက တည်ငြိမ်သွားတယ်။ "ရှင်ပဲ စဉ်းစားကြည့်လေ၊ ကျွန်မနားမှာသာ ရှင်မရှိခဲ့ရင် ဘယ့်နှယ့် လုပ်မလဲ၊ ရှင်က တကယ့်ကို အတ္တကင်းတဲ့သူပါပဲ၊ ကျွန်မအပေါ်ထားတဲ့ ရှင့်အချစ်တွေကလည်း သန့်ရှင်းပါတယ်၊ ကျွန်မ အိမ်ထောင်ပြုပြီးရင်လည်း ရှင်နဲ့ ကျွန်မ ခင်ခင်မင်မင် နေကြမယ်နော်၊ မောင်နှမတွေလိုပေါ့၊ တကယ်ပါ၊ သူ့ကိုချစ်သလို ရှင့်ကိုလည်း ကျွန်မ ချစ်ပါတယ်"

လှိုက်လှိုက်မောမောနဲ့ ဝမ်းနည်းသလို ခံစားလိုက်ရသည်။ ဒါပေမဲ့ နက်နက်ရှိုင်းရှိုင်း ရင်ထဲ တစ်နေရာမှာတော့ ရယ်ချင်သလိုလို တစ်ခုခုက လှုပ်ရှားနေပေါ့။

"မင်း သိပ်ပင်ပန်းနေပြီ၊ သူ မလာမှာ မင်းလေး ထိတ်လန့်နေတယ် မဟုတ်လား" လို့ ကျွန်တော် ပြောလိုက်တော့ ...

"ရှင် ဘာပဲပြောပြော ကျွန်မ မပျော်ခဲ့ဘူးဆိုရင် ရှင့်မှတ်ချက်တွေ၊ ကျွန်မကို ရှင် မယုံကြည်တာတွေကြောင့် ကျွန်မ ငိုနေရမှာ၊ ဘာပဲဖြစ်ဖြစ် နောက်ဆုံး ကျွန်မ စဉ်းစားမိတယ်၊ ရှင်မှန်ပါတယ်၊ ဟုတ်တယ်၊ အခု ကျွန်မ က ကျွန်မ မဟုတ်တော့ဘူး၊ ကျွန်မဟာ မျှော်လင့်ခြင်းသက်သက်ပါပဲ၊ ကျွန်မ နည်းနည်းပဲ

ရယ်နိုင်တော့တယ်လေ”

“ထားလိုက်ပါ၊ ခံစားချက်အကြောင်းတွေကို ဘေးဖယ်ထားလိုက် ရအောင်”

ဒီအချိန်မှာ ခြေသံတစ်သံကို ကျွန်တော် ကြားလိုက်ရသည်။ အမှောင် ကို ဖြတ်လျှောက်လာတဲ့ အရိပ်တစ်ခုကိုလည်း တွေ့လိုက်ရသည်။ ကျွန်တော်တို့ဘက်သို့ ဦးတည်လျှောက်လာနေတဲ့ အရိပ်တစ်ခု။ အသံထွက်မအော်မိလိုက်အောင် နာတာကာ ထိန်းချုပ်ထားလိုက်ရသည်။ နာတာကာ ကိုင်ထား တဲ့ ကျွန်တော့်လက်ကို မသိမသာ ကျွန်တော်ရုပ်ပြီး ခပ်လှမ်းလှမ်း ဆုတ်နေ မိလိုက်၏။ ဒါပေမဲ့ အနီးကပ် ရောက်လာတဲ့ အခါမှာတော့ နာတာကာရဲ့ “သူ”မဟုတ်ခဲ့ပါ။

“ရှင် ဘာလန့်သွားတာလဲ၊ ကျွန်မလက်ကိုလည်း ဘာလို့လွှတ်လိုက်ရတာလဲ”

နာတာကာက သူမ လက်တစ်ဖက်ကို ကျွန်တော့်ဆီသို့ ပြန်ကမ်း လိုက်ရင်း ...

“ကဲ ... ရှင်ဘာပြောဦးမလဲ၊ သူ့ကို ကျွန်မတို့နှစ်ယောက် အတူတူ တွေ့ကြမယ်လေ။ ကျွန်မတို့နှစ်ယောက် ဘယ်လောက်ချစ်ကြတယ်ဆိုတာ သူ့ကို မြင်စေချင်တယ်”

ကျွန်မတို့နှစ်ယောက် ဘယ်လောက်ချစ်ကြတယ် ဆိုတာတဲ့။ တစ်ခါ ထပ်ပြီး ကျွန်တော် ရေရွတ်မိလိုက်ပါတယ်။ ပြီးတော့ ကျွန်တော့်အတွေးထဲ မှာပဲ။

“ဟာ ... နာတာကာရယ်၊ ဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်တွေက များ လွန်းပါတယ်၊ အချစ်ဆိုတဲ့အရာဟာ တစ်ခါတစ်ခါမှာ နှလုံးသားကို အေးခဲ သွားသလို ဘဝကိုလည်း မခံမရပ်နိုင်အောင် လုပ်သလိုပါပဲ၊ မင်းလက်တွေက အေးစက်နေပေမယ့် ကိုယ့်လက်တွေက ပူနွေးနေတယ်လေ။ ပြီးတော့ မင်း က ဘာကိုမှ မမြင်ပါဘူး၊ ပျော်ရွှင်နေတဲ့ လူတွေမှာ သည်းညည်းမခံနိုင်တဲ့ အချိန်တွေ သေသေချာချာကို ရှိပါတယ်၊ ဒါပေမဲ့ မင်းလေးကို ကိုယ် ဘယ် တော့မှ စိတ်မဆိုးမိပါဘူး” ပြောမိလိုက်သည်။

ဒါပေမဲ့ နောက်ဆုံးမှာ ဘယ်လိုမှ ကျွန်တော် အောင့်အည်းမနေနိုင် တော့တာနဲ့ပဲ ...

“နာတာကာ ဒီကနေ့ ကျွန်တော် ဘယ်လိုဖြတ်သန်းခဲ့ရသလဲဆိုတာ နားထောင်ပါလား”

“ဘာရယ်၊ ကျွန်မကို ပြောစမ်းပါဦး၊ ရှင်က ဘာကြောင့် အခုအချိန် ထိ တစ်ခုခုကိုမပြောဘဲ နေနေရတာလဲ”

“ပထမဦးဆုံး မင်းလေးကိစ္စအ တွက် ကျွန်တော် ထွက်လာခဲ့တယ်၊ မင်းပြောတဲ့ မိတ်ဆွေဆီ သွားတွေ့ပြီး စာပေးခဲ့ပါတယ်၊ ပြီးတော့ ပြီးတော့ အိမ်တန်းပြန်လာပြီး အိပ်ရာထဲဝင်လိုက်တယ်”

“ဟင် … ရှင့်ဟာက ဒါပဲလား”

နာတာကာက ကျွန်တော့်ကို လှောင်မေး မေးလိုက်ပါတယ်။

“ဒါပါပဲလေ”

ကျွန်တော့်ရဲ့ ရှူးကြောင်ကြောင်မျက်ရည်တွေကို အနိုင်နိုင် ထိန်းချုပ်ထားလိုက်ရပါတယ်။ ဒီလိုမှမဟုတ်ရင် ဒီမျက်ရည်တွေ ယိုစီးလာတော့မယ် လေ။

"ပြီးတော့ မင်းလေးနဲ့မတွေ့ မီ တစ်နာရီလောက်အလိုမှာ ကျွန်တော် အိပ်ရာက ထတယ်။ ဒါပေမဲ့ လုံးဝ အိပ်မပျော်ခဲ့တာ မဟုတ်ပါဘူး၊ ဘာဖြစ် နေသလဲ ဆိုတာတော့ ကျွန်တော် မ သိဘူး၊ အချိန်တွေက ရပ်တန့်သွားသလို အဲဒီအချိန်ကစပြီး အာရုံတစ်ခုတည်း၊ ခံစားချက်တစ်ခုတည်းပဲ ကျွန်တော့်မှာ ရှိနေသလိုပဲ၊ ပြီးတော့ တစ်မိနစ်လေးဟာ အနန္တအထိ ဆန့်ထွက်သွားသလို ဘဝဆိုတာကလည်း ရပ်တန့်သွားပြီး ကျွန်တော့်အတွက် ငြိမ်သက်နေသလို ပါပဲ၊ ဒါတွေကို မင်းလေးနဲ့တွေ့ တွေ့ချင်း ပြောပြမလို့ပါပဲ၊ ကျွန်တော် အိပ် ရာက ထတဲ့အချိန်မှာ မေ့မေ့ပျောက်ပျောက်ဖြစ်နေတဲ့ ဟိုးတစ်ခါက တစ်နေ ရာရာမှာ ကြားခဲ့ရတဲ့ ချိုမြိန်တဲ့ ဂီတသံတစ်ခုဟာ ကျွန်တော့်ဆီ ပြန်ရောက် လာတယ်၊ နှစ်ပေါင်းများစွာ အဲဒီဂီတသံကို ကျွန်တော် ရှာဖွေနေခဲ့တာပါ၊ လွမ်းမောခဲ့ရတာပါ၊ ဒါပေမဲ့ အခုမှသာ”

ကျွန်တော့်စကားကို နာတာကာက ကြားဖြတ်ပြီး …

“ဘုရားရေ ဘာများပါလိမ့်၊ ရှင်ပြောတာတွေကို ကျွန်မ နားမလည်ပါလား”

“ဆန်းကြယ်တဲ့ အာရုံခံစားမှုတွေကို မင်းလေး နားလည်အောင် ကျွန်တော် ကြိုးစားနေပါတယ် နာ တာကာ”

မိုန်ဖျော့ဖျော့လေး ဖြစ်နေရင်တောင်မှ မျှော်လင့်ချက်အပိုင်းအစလေး ရှိနေသေးတဲ့ ကျွန်တော့်ရဲ့ သနားခံလေသံနဲ့ စကားစလိုက်တဲ့အခါမှာ …

“ဟိုး .. ဆရာ ဟိုး၊ ဒီလောက်ဆို လုံလောက်သွားပါပြီ”

ဘယ်လောက်များ ပါးနပ်လိုက်တဲ့ မိန်းကလေးလဲ။ ကျွန်တော့်စကား ရဲ့ အဓိပ္ပာယ်ကို သဘောပေါက်ဖို့ သူမအတွက် တခဏသာ အချိန်ပေးလိုက် ရသည်။

ဒီနောက် နာတာကာက ရုတ်တရက် ရယ်စရာ၊ မောစရာ ဟာသတွေ ကို ဖောင်ဖွဲ့အောင်ပြောရင်း ရယ်ကာ ကျွန်တော့်လက်မောင်းကို ကိုင်ပြီး ကျွန်တော့်ကိုလည်း မရယ် ရယ်အောင် ကြိုးစားနေပြန်ပါသည်။

ကျွန်တော်ရဲ့ ကသိကအောက်နိုင်တဲ့ စကားလုံးတွေ၊ စိတ်အနှောင့် အယှက်ဖြစ်စရာ စကားတွေက သူမရဲ့ ရယ်သံလွင်လွင်ထဲမှာ မျောပါသွား တော့ ကျွန်တော် စိတ်ဆိုးမတတ်ဖြစ်ခဲ့ရသည်။ ဒီနောက် နာတာကာ ပြီတီတီ မျက်နှာပေးနဲ့ …

"ရှင် ကျွန်မကို မချစ်တဲ့အတွက်တော့ ကျွန်မ စိတ်အနှောင့်အယှက် ဖြစ်သွားရတယ် ကိုသစ်ငုတ်ကြီးရေ၊ အဲဒါ ရှင်သိရဲ့လား၊ မိန်းကလေးတစ် ယောက်ရဲ့ နှလုံးသားကို နောက်တော့မှ ခေါင်းအေးအေးနဲ့ အဖြေရှာကြည့် ပေါ့၊ စိတ်ထဲရှိတာပြောလိုက်တဲ့ ကျွန်မစကားတွေက ရှုးရှူးမိုက်မိုက် ဖြစ်ချင် လည်း ဖြစ်မှာပေါ့၊ ဒါပေမဲ့ ရှင် ကျွန်မကို ကျေးဇူးတင်နေမှာပါ"

"ဟော … ဆယ့်တစ်နာရီထိုးပြီထင်တယ်"လို့ ကျွန်တော်ပြောတော့ နာတာကာက ဆက်မရယ်တော့ဘဲ နာရီစက်သံကို ရေတွက်ကြည့်နေသည်။ အဝေးက နာရီစင်ရဲ့ စည်းချက်ညီတဲ့ နာရီသံက ညအမှောင်ထဲမှာ လွင့်နေ၏။

"ဟုတ်တယ်၊ ဆယ့်တစ်နာရီ ထိုးပြီ"လို့ ကျွန်တော်ပြောတော့ ညှိုး ငယ်ပြီး ချီတုံချတုံလေသံလေးနဲ့ "ဟုတ်တယ်၊ ဆယ့်တစ်နာရီ" တဲ့။

သူလေး ထိတ်လန့်သွားအောင် နာရီသံကို ရေတွက်ခိုင်းမိတဲ့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်ခဲ့ရပြီ။

မနာလိုစိတ်နဲ့ တမင်လုပ်မိတဲ့အတွက်လည်း ကျွန်တော့်ကိုယ်ကျွန်တော် ကျိတ်ဆဲမိလိုက်သည်။ ကျွန်တော့်ရဲ့မိုက်မဲမှုအတွက် နာတာကာကို ဘာလုပ် ပေးရပါ့မလဲ။ သူလေး လန်းဆန်းလာဖို့အတွက်၊ ချစ်သူရဲ့ ပျက်ကွက်မှုအတွက်၊ အကောင်းဆုံး ဆင်ခြေတွေပြဖို့အတွက် ၊ လျှော့ပေါ့လဲဖို့အတွက် ကျွန်တော် ကြိုးစားခဲ့ပါသည်။

တကယ်တော့ ဒီအကြောင်းအရာတွေကို နာတာကာအနေနှင့် လွယ်လွယ်ကူကူ လက်ခံမည်သာ ဖြစ်သည်။ သူမချစ်သူအတွက် ကျွန်တော် ကြံစည်နိုင်သမျှ ဆင်ခြင်မှုတွေကို လိုက်လိုက်လှဲလှဲ ဖက်တွယ်ထားမည်သာ ဖြစ်သည်။

"နာတာကာက တကယ် ရယ်ဖို့ကောင်းတယ်၊ သူ ရောက်လာမယ် လို့ မင်းလေးက သေချာပေါက် ပြောထားတော့ ဘယ်နှနာရီရှိမှန်းတောင် ကျွန်တော် မေ့သွားတယ်၊ ကျွန်တော်လည်း နာတာကာ ပြောသလိုပဲ ယုံ တယ်"

စိတ်လှုပ်ရှားစွာနဲ့ပဲ ကျွန်တော် ပြောလိုက်သည်။ ဒါပေမဲ့ ကျွန်တော့် ရဲ့ ကိုယ်ပိုင်ဆင်ခြေတွေနဲ့ သူလေးကို ဆွဲဆောင်နိုင်တဲ့ စွမ်းအားကိုလည်း ယုံကြည်ရင်းပေါ့။

"သေချာပါတယ်။ သူ မလာနိုင်သေးတာပဲ ဖြစ်မယ်၊ စဉ်းစားကြည့် လေ၊ ကျွန်တော်တို့ ပေးလိုက်တဲ့စာ မရောက်တာလည်း ဖြစ်နိုင်တယ်၊ ဒီလိုသာဆိုရင် သူ ဘယ်လိုလာနိုင်ဦးမှာလဲ၊ ဘယ်လိုလုပ် ပြန်စာရေးနိုင်မှာလဲ၊ ဒီအတိုင်းမှန်ရင် မနက်ဖြန်တောင် ပြန်စာရမယ်မထင်ဘူး၊ မနက်ဖြန် ကျွန်တော် ကိုယ်တိုင် သွားပြီး ပြောပါ့မယ်၊ နောက်တစ်ခုက စာရောက်ပေမယ့် သူက အိမ်ပြန်ရောက်မလာသေးတာတို့။ ရောက်ရင်လည်း ရောက်ရောက်ချင်း မဖတ်ဖြစ်သေးတာတို့ ဖြစ်နိုင်စရာတွေ အများကြီးပါပဲ နာတာကာရယ်"

"ဟုတ်တယ်နော်၊ ကျွန်မ ဒီလို မတွေးမိလိုက်ဘူး၊ ဟုတ်ပါတယ်လေ၊ ဖြစ်နိုင်စရာတွေက အများကြီးပါပဲ"

တမင် လိုက်လျောညီထွေဖို့ ပြောလိုက်တဲ့စကား။ ဒါပေမဲ့ မတူညီတဲ့ အခြားတစ်ဖက်ကအတွေးရဲ့ ပဲ့တင်ရိုက်ခတ်သံလေးကိုတော့ ကျွန်တော် သဲ့သဲ့ကြားလိုက်ရသည်။

"ဒီတော့ ကျွန်မတို့ ဘာလုပ်ကြမလဲဟင်၊ မနက်ဖြန် စောနိုင်သမျှ စောစော ရှင် သူ့ဆီသွားနော်၊ တစ်ခုခုဖြစ်တယ်ဆိုရင် ကျွန်မဆီ ချက်ချင်း အကြောင်းပြန်နော်၊ ကျွန်မ လိပ်စာ ရှင် သိတယ်မဟုတ်လား"

သူမရဲ့ လိပ်စာကို နောက်တစ်ကြိမ် ကျွန်တော့်ကို ပေးနေပြန်သည်။ ပြီးတော့ ရင်ဖိုလှိုက်မောစွာ သနားစရာကောင်းသလို ရှက်သွေးတွေလည်း ဖြာလို့၊ ကျွန်တော့်ရဲ့ စကားတွေနောက်ကို သိသိနဲ့ လိုက်ပါနေတယ်လို့ ကျွန်တော် တွေးမိသည်။ ဒါပေမဲ့ တစ်ခွန်းစ နှစ်ခွန်းစ သူမကို ကျွန်တော် မေးကြည့်တော့ သူမက ဘာတစ်ခုမှ မတုံ့ပြန်။ စိတ်ရှုပ်ထွေးစွာ မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်သည်။ သူမ မျက်ဝန်းတွေထဲကို ကျွန်တော် ကြည့်မိလိုက်တော့ နာတာကာ "တော့မယ်။

"မငိုရဘူးလေ၊ မငိုပါနဲ့၊ ဟာ ... မင်းလေးဟာ ကလေးလေးတစ် ယောက်လိုပါပဲလား၊ တကယ့်ကလေးလေးပဲ"

ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ဖို့အတွက် ပြုံးပြဖို့ သူမ ကြိုးစားလိုက် သည်။ ဒါပေမဲ့ မေးဖျားလေးက တုန်ယင်ခါနေပြီး ရင်နှစ်မွှာက နိမ့်ဆင်း မို့မောက်နေဆဲ။ တစ်ခဏ ငြိမ်သက်နေပြီးနောက်မှာ ...

"ရှင့်အကြောင်းကို ကျွန်မ စဉ်းစားနေမိတယ်၊ ရှင်က သိပ်ကြင်နာ သနားတတ်တဲ့လူဆိုတော့ ကျွန်မကိုယ် ကျွန်မလည်း မထိရ၊ မကိုင်ရတဲ့ ကျောက်တုံးတစ်တုံးလို လုပ်ခဲ့ရတာပါပဲ၊ ရှင် သိမလားပဲ၊ ရှင်တို့နှစ်ယောက် ကို ယှဉ်ကြည့်တဲ့အခါ သူ့ကို ကျွန်မ ပိုချစ်ပေမယ့် သူ့ထက် ရှင်က သာပါ တယ်"

ကျွန်တော် တစ်ခုခုပြောဖို့ သူမမျှော်နေပုံရပေမယ့် ကျွန်တော် မဖြေမိပါ။

"အမှန်တော့ သူ့ကို ကျွန်မ အခုထိ နားမလည်နိုင်သလို ကောင်း ကောင်းလည်း မသိသေးပါဘူး၊ သူ့နှလုံးသားထဲမှာရှိတဲ့ အကြင်နာတွေက တော့ ကျွန်မထက် ပိုမှာပါ၊ ဒါပေမဲ့ သူ့ကို ကျွန်မ အမြဲ ရွံ့နေမိတယ်၊ သူက သိပ်ကို တည်တည်ကြီးနိုင်လွန်းပြီး မာနကြီးပုံလည်း ရတယ်လေ၊ ဒါလည်း သူ့အပေါ်မြင်တဲ့ ကျွန်မရဲ့ အမြင်ပါ၊ သူ့အခန်းထဲကို ကျွန်မ ဝင်သွားတုန်းက သူကြည့်တဲ့ အကြည့်တွေကို ကျွန်မ အခုထိ မေ့မရဘူး၊ ရှင် မှတ်မိလား၊ အထုပ်ပိုက်ပြီး သူ့ နောက်ကို လိုက်မယ်ပြင်တဲ့ ညကလေ။ သူ့ကို လေးစားမှု တွေနဲ့ ချဉ်းကပ်ခဲ့ရတယ်၊ ဒီသဘောက ကျွန်မတို့ နှစ်ယောက်ဟာ မတူညီဘူး ဆိုတဲ့ အဓိပ္ပာယ်ပဲ မဟုတ်လား"

"မဟုတ်နိုင်ပါဘူး နာတာကာ၊ မင်းလေးက သူ့ကို အရာရာထက် ပိုချစ်တယ်၊ ကိုယ့်ကိုယ်ကိုယ်ထက် ပိုချစ်တယ်ဆိုတဲ့ သဘောပါပဲ"

"ဟုတ်ပြီလေ၊ ရှင်ပြောတာ မှန်တယ်ပဲ ထားပါတော့"

"ဒါပေမဲ့ အခုလေးတင် ကျွန်မ စဉ်းစားမိတာ ပြောပြမယ်၊ ကျွန်မ အကြောင်းကို အသာထားလိုက်ပါ၊ ပြောရရင်တော့ ဒါကို အရင်ကတည်းက ကျွန်မ တွေးမိခဲ့တာပါ၊ ကျွန်မတို့တစ်တွေဟာ တစ်ယောက်နဲ့တစ်ယောက် မောင်နှမသားချင်းတွေလို မဆက်ဆံခဲ့ကြရတာပဲ၊ မိတ်ဆွေပီသပါတယ်ဆိုတဲ့ လူတွေတောင် တစ်ခုခုကို ဘာကြောင့်များ လျှို့ဝှက်ထားကြရတာလဲ၊ ကိုယ် ခံစားရတာကို ပြောချလိုက်ပေါ့၊ အခုတော့ အဲဒီလို မဟုတ်ပါဘူး၊ လူတွေဟာ ကိုယ်ခံနိုင်ရည်ရှိတဲ့ အခြေအနေထက် ပိုပြီး ခံနိုင်သယောင် တမင် ကြိုးစားနေကြတယ်၊ ကိုယ့်ရင်ထဲက စကားတွေ၊ ခံစားချက်တွေ ပြော လိုက်ရင်ပဲ သူတို့ကို စော်ကားမှာ ကြောက်နေတဲ့အတိုင်းပဲလေ"

"သိပ်ဟုတ်တာပေါ့ နာတာကာရယ်" ရှန်းကြွလာတဲ့ ကျွန်တော့် ခံစားချက်တွေကို ဖိသိပ်ရင်းက .....

"အကြောင်းတရားတွေ အများကြီးရှိမှာပေါ့"လို့ ပြောလိုက်မိသည်။ "မဟုတ်ဘူး၊ ဒါမဟုတ်ဘူး" နာတာကာက စိတ်လှုပ်ရှားစွာနဲ့ ... "ကျွန်မပြောတဲ့ လူတွေထဲမှာ ရှင် မပါဘူး၊ ကျွန်မ ဘယ်လို ရှင်းပြရ မလဲ မသိဘူး၊ ဒါပေမဲ့ ကျွန်မ သိနေတယ်၊ ဟုတ်တယ်၊ အခုတောင် ကြည့်ပါ လား၊ ရှင်ဟာ ကျွန်မအတွက် တစ်ခုခုကို ခံစားနေရတယ်"

ရှက်သွားတဲ့သူလေးဟာ မျက်လုံးလေးထောင့်ကပ်လို့ ကျွန်တော့် ကို ကြည့်လိုက်ပြီး ...

"အဲဒီလို ပြောလိုက်တဲ့အတွက် ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မဟာ ဘာမှနားမလည်သေးတဲ့ သာမန်မိန်းကလေးတစ်ယောက်ပါ၊ စကားမပြော နိုင်တဲ့ အချိန်တွေလည်း ကျွန်မမှာ ရှိပါတယ်"

ဖုံးကွယ်ထားတဲ့ ခံစားမှုတွေနဲ့ နာတာကာရဲ့အသံတွေက တုန်လို့။ တစ်ချိန်တည်းမှာပဲ ပြုံးပြဖို့ကြိုးစားရင်းက ...

"ကျွန်မ ပြောချင်တာကတော့ ရှင့်ကို ကျွန်မ သိပ်ကျေးဇူးတင်ပါတယ်။ ကျွန်မလည်း ကျွန်မ အားလုံးကို သိနေပါတယ်ရှင်။ ဘုရားသခင်က ရှင့် အတွက် ပျော်ရွှင်ခြင်းလက်ဆောင်တွေ ပေးမှာပါ။ တစ်ခါက ရှင့်ကိုယ်ရှင် အိပ်မက် မက်သူလို့ ပြောခဲ့တဲ့အကြောင်းတွေက ရှင့်အတွက် အမှန်မဟုတ် ပါဘူး။ အဲဒီအကြောင်းအရာတွေက ရှင်နဲ့ ဘယ်လိုမှ မပတ်သက်ဘူးလို့ ပြောတာပါ။ အဲဒီလို ဖြတ်သန်းဖို့ကြိုးစားနေတဲ့ လူတစ်ယောက်အဖြစ်ကနေ အခု ရှင်ဟာ လုံးဝခြားနားသွားပြီလေ။

"ရှင်ဟာ အစဉ်ချစ်တတ်တဲ့သူ တစ်ယောက်မို့ ရှင့်ချစ်သူနဲ့ ပျော်ရွှင် နိုင်မှာပါ။ ရှင့်ချစ်သူအတွက် ကျွန်မ တစ်ခုခု ဆုတောင်းပေးဖို့ မလိုပါဘူး။

ရှင့်ချစ်သူကလည်း ရှင်နဲ့အတူ ပျော်ရွှင်နေမယ်ဆိုတာ ကျွန်မ သိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မကိုယ်တိုင် မိန်းမသားတစ်ယောက်မို့ပဲလေ။ ရှင် ယုံစမ်းပါ"

ကျွန်တော့်လက်ကို ဆုပ်ညှစ်လိုက်ပြီး သူမ ငြိမ်သက်သွားသည်။ စကားတစ်လုံးမှ ကျွန်တော် မဟနိုင်ခဲ့ပါ။ မိနစ်လေးများ ဖြတ်ကျော်သွား ပြီးနောက် ခေါင်းကိုမော့ရင်း ...

"သူ လာမယ်မထင်တော့ပါဘူး၊ ညဉ့်လည်း နက်လှပြီ"

နာတာကာက ပြောလိုက်သည်။

"မနက်ဖြန်တော့ သူ ရောက်လာမှာပါ နာတာကာ"

နားလည်သဘောပေါက်ပြီးပြီဆိုတဲ့ လေသံနဲ့ ခိုင်ခိုင်မာမာပဲ ကျွန်တော် ပြောလိုက်တော့ ...

"ဟုတ်တယ်နော်"

သူမရဲ့မျက်နှာလေး ချက်ချင်း ရွှန်းလက်လာသည်။

"ကျွန်မလည်း ထင်ပါတယ်၊ သူ လာမှာပါ၊ မနက်ဖြန် မိုးတွေရွာနေ ရင်တော့ ကျွန်မ လာနိုင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ သန်ဘက်ခါ ညနေတော့ ဘာပဲဖြစ်ဖြစ် ဆက်ဆက်လာမှာပါ၊ ရှင်လည်း လာနော်၊ ရှင့်ကိုလာစေချင် တယ်၊ အကြောင်းစုံ ပြောပြချင်လို့လေ၊ ဒါဆို ကျွန်မ သွားတော့မယ်နော်"

နှုတ်ဆက်မယ့်ဆဲဆဲ သူမလက် တစ်ဖက်ကို ကျွန်တော့်ဆီ လှမ်းပေး လိုက်ပြီး ...

"ကျွန်မတို့ ဒီလို အမြဲနေသွားကြမယ်နော် ဟုတ်လား"

နာတာကာရယ်၊ ကျွန်တော့်ဘဝ ဘယ်လောက်များ အထီးကျန်ဆန် သလဲဆိုတာ မင်းလေး ခံစားကြည့်ရင် သိမှာပါကွယ်။

မနက် ကိုးနာရီထိုးပြီ။ အခန်းထဲမှာ ကျွန်တော် ဆက်၍ နေမရတော့။ မိုးရွာပေမယ့် အပြင်ထွက်လာခဲ့သည်။ သူမနဲ့ ဆုံနေကျနေရာလေးဆီသွားပြီး ခုံတန်းလျားလေးပေါ် ထိုင်ခဲ့သည်။ သူလေးအိမ်ဘက်ဆီ ကျွန်တော် လျှောက်ခဲ့ပေမယ့် အိမ်နားမရောက်ခင်မှာပဲ ရှက်မိတာမို့ နောက်ကြောင်းပြန်လှည့် လာခဲ့ရသည်။ သူမရဲ့ အိမ်ပြတင်းပေါက်လေးကိုပင် ကျွန်တော် မကြည့်မိ။

စိတ်ပျက်လက်ပျက်နဲ့ အိမ်ပြန်ရောက်လာခဲ့သည်။ ဒီလို ခံစားမှုမျိုး ကျွန်တော် မကြုံဖူးခဲ့။

မိုးကလည်း စိုစိစိ၊ တအီအီနဲ့ စိတ်ခေတ်ကျစရာ။ ရာသီသာ ကြည်လင်နေခဲ့လျှင် နာတာကာတို့အိမ်နား တစ်ညလုံး ကျွန်တော် လမ်းလျှောက်နေ ပေလိမ့်မည်။

"မနက်ဖြန် ပြောစရာတွေ သူမဟာ ကျွန်တော့်ကို ပြောမယ်တဲ့" ဒါပေမဲ့ ဒီကနေ့ စာတစ်စောင်မှ ရောက်မလာပုံထောက်လျှင် ဟုတ် ပါပြီ။ သူတို့နှစ်ဦး တွေ့ပြီးလောက်ပါပြီ။

※

စတုတ္ထည

အရာအားလုံး ဘယ်လိုအဆုံးသတ်သွားပြီလဲ။ ဘယ်လိုပြီးဆုံးခြင်း လဲကွယ်။

ကိုးနာရီ ကျွန်တော် အိပ်ရာထခဲ့သည်။ သူမကတော့ ရောက်နှင့်လို့ စောင့်ရစ်နေခဲ့ပြီ။ ခပ်လှမ်းလှမ်းကတည်းက သူလေးကို ကျွန်တော် တွေ့ နေရသည်။ ပထမအကြိမ် တွေ့ ဆုံခဲ့သလို မြစ်ရိုးအရံတံတိုင်းကို နွဲ့ နွဲ့မှီကာ ရပ်နေသည်။ ကျွန်တော့်ခြေသံကိုလည်း မကြား။

"နာတာကာ"

ကျွန်တော် အပူအပင်သောကတွေကို ဖုံးဖိနိုင်အောင် ကြိုးစားရင်း ခေါ်လိုက်မိသည်။

"ဟော... မြန်မြန်လာပါရှင်၊ စာကောပါတယ် မဟုတ်လား"

နားမလည်တဲ့ အကြည့်နဲ့ သူလေးကို ကျွန်တော် ကြည့်လိုက်သည်။ "မဟုတ်ဘူးလေ၊ ကျွန်တော့်မှာ စာမရှိဘူး၊ သူနဲ့ မင်းလေးနဲ့က အခု ထိ မတွေ့ကြသေးဘူးလား"

နာတာကာ့မျက်နှာ ချက်ချင်း ညှိုးရောင်သမ်းသွား၏။ ကျွန်တော့်ကို တွေတွေကြီး စိုက်ကြည့်လို့။ နာတာကာရဲ့ နောက်ဆုံး မျှော်လင့်ချက်ကို ကျွန်တော် ချေမွပစ်လိုက်ပါပြီကော။

"သူ ကျွန်မကို ဒီလိုပဲ သဘောထားတယ်ဆိုရင်လည်း ရှိပါစေတော့လေ"

ဆို့နင့်စွာပြောရင်း နာတာကာ မျက်လွှာချထားလိုက်သည်။ တစ်ခါ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ဖို့ ကြိုးစားနေပြန်၏။ မရ။ သူမကိုယ်သူမ လည်း ထိန်းချုပ်ဖို့ အကြိမ်ကြိမ် ကြိုးစားပါသေး၏။ ဒါပေမဲ့ မဖြစ်နိုင်။ နောက်ဆုံး ခေါင်းလေးကို စည်းရိုးတိုင်ပေါ် ငဲ့စောင်းလျက်က မျက်ရည်တွေ သွင်သွင်စီးကျလာတော့သည်။

"မငိုနဲ့လေ၊ မငိုနဲ့"

ဤမျှသာ ကျွန်တော် ပြော နိုင်ပါတော့၏။ နာတာကာကိုကြည့်ရင်း ဒီထက်ပိုပြောစရာ အင်အားများ ကျွန်တော့်မှာ မရှိတော့။ တစ်နည်းတစ်ဖုံနဲ့ ကျွန်တော် ဘာတွေ ပြောရဦးမှာလဲ။ နာတာကာက ငိုသံစွက်လျက် ... "ကျွန်မကို ဖြေသိမ့်ဖို့ မကြိုးစားပါနဲ့တော့ရှင်၊ သူ့အကြောင်းကို မပြောပါနဲ့တော့၊ သူ

လာပါလိမ့်မယ်။ သူ ဒီလို ရက်ရက်စက်စက် ကျွန်မကို စွန့်ပစ်မှာ မဟုတ်ဘူးလို့လည်း ကျွ နံမကို မဖြားယောင်းပါနဲ့တော့၊ ကျွန်မ ဘာအမှားများ လုပ်ခဲ့မိလို့လဲဟင်၊ စာထဲမှာ ဘာများ ကျွန်မ ရေးလိုက်မိလို့လဲ”

ပြောရင်း ရှိုက်သံတွေ လှိုက်တက်လာ၏။ နာတာကာ အဖြစ်ကို ကျွန်တော် ကြည့်နိုင်စွမ်း မရှိတော့။

“အိုး … ရက်စက်လိုက်တာရှင်၊ အကြင်နာကင်းလိုက်တာ၊ အပင်ပန်းခံပြီး ကျွန်မအတွက် စာလေးတစ်ကြောင်းတောင် သူ မရေးပါလား၊ သူ့ အတွက် ကျွန်မ မလိုအပ်တော့ဘူးတဲ့လား၊ ကျွန်မကို စွန့်ပစ်လိုက်ပြီလား”

အို … ဒီသုံးညအတွင်းမှာ ကျွန်မဆီ စာတစ်ကြောင်းမျှ သူ မရေးခဲ့ ပါဘူး။ ချစ်မိတဲ့အပြစ်သာရှိတဲ့ မိန်းကလေးတစ်ယောက်ကို နာကျင်သွား အောင်လုပ်ဖို့ သူ့အတွက် ဘယ်လောက် လွယ်လိုက်သလဲနော်။ ဒီရက်တွေ ထဲမှာ ကျွန်မ ဘယ်လို ဖြတ်သန်းခဲ့ရသလဲ။ ဘုရား … ဘုရား …၊ သူ့ဆီက အချစ်လေး လက်တစ်ဆစ်လောက်ရဖို့ သူ့ရှေ့မှာ မျက်ရည်ခံထိုး၊ နှိမ့်ချ ဒူးထောက်ပြီး သူတောင်းစားတစ်ယောက်လို တောင်းခံခဲ့ရတဲ့သူက ကျွန်မ ပါပဲလားလို့ စဉ်းစားမိတော့ ကျွန်မအတွက် ရလဒ်က ဒါပဲ မဟုတ်လား။

မျက်ရည်စက်တွေနဲ့ လက်နေတဲ့ မျက်ဝန်းတွေနဲ့ ကျွန်တော့်ဘက်ကို လှည့်ကြည့်လိုက်ရင်း …

“ရှင်ပဲ စဉ်းစားကြည့်စမ်းပါ၊ ရှင်နဲ့ ကျွန်မ တစ်ယောက်ယောက် ဘာများ အမှားလုပ်ခဲ့မိလို့လဲ၊ ဒါလည်း မဖြစ်နိုင်ပါဘူး၊ ကျွန်မရဲ့စာကို သူ မရလို့ပဲလား၊ ဘာမှ သူ မသိသေးတာပဲလား၊ ဘယ်လိုဖြစ်နိုင်လဲဟင်၊ ကျွန်မ ကို ရှင်းပြစမ်းပါဦး၊ ဘုရား … ဘုရား …၊ မယုံကြည်နိုင်လောက်အောင်ပါ သူ ကျွန်မကို ရက်စက်လိုက်ပြီလား၊ ဒါမှမဟုတ် ကျွန်မနဲ့ ပတ်သက်ပြီး မကောင်းသတင်းတစ်ခုခု သူ ကြားမိလို့လားဟင်”

နောက်ဆုံးမေးခွန်းကို မေးလိုက်ချိန်မှာ နာတာကာအသံက မြင့်တက်သွား၏။

“မနက်ဖြန် မင်းလေးကိုယ်စား ကျွန်တော် သူ့ဆီ သွားတွေ့ပါမယ် နာတာကာ” လို့ ကျွန်တော်ပြောတော့ …

“ဟုတ်ကဲ့” ဟု ဆိုလာသည်။

“စာတစ်စောင်လောက် ထပ်ရေးလိုက်ပြီး စောင့်ကြည့်ပါဦး နာတာ ကာ၊ အလျှင်မလိုပါနဲ့ဦး၊ သူ့ဘက်က အခြေအနေတွေကို ပြောပြပါလိမ့်မယ်၊ ပြီးတော့ …”

“တော်ပါပြီရှင်၊ တော်လောက်ပါပြီ၊ ကျွန်မ နောက်ထပ် ဘာမှ မရေးချင်တော့ပါဘူး၊ သူ့ကို သိလည်း မသိတော့ပါဘူး၊ မချစ်တော့ပါဘူး၊ ကျွန်မ သူ့ကို မေ့လိုက်ပြီ”

စကားစကို နာတာကာ အဆုံးမသတ်နိုင်တော့။

“စိတ်အေးအေးထားပါ နာတာကာရယ်၊ ဒီမှာ ထိုင်ပါဦး” ထိုင်ခုံကို ညွှန်ပြကာ ကျွန်တော်ပြောလိုက်သည်။

“ဟုတ်ကဲ့၊ ကျွန်မ ထိုင်ပါ့မယ်၊ ဒါပေမဲ့ ကျွန်မ စိတ်အေးအေး ရှိနေ ပါတယ်၊ တကယ်ပြောတာပါ၊ ခေါင်းရှုပ် စရာတွေတော့ တော်ပါတော့ရှင်၊ ကျွန်မ မျက်ရည်တွေလည်း ခန်းခြောက်သွားပါပြီ။ ဘာလဲ၊ ကျွန်မကို ရေထဲ ခုန်ချပြီး သေကြောင်းကြံစည်မယ်လို့များ ရှင်က ထင်လို့လား”

ကျွန်တော့်နှလုံးသားကို ဆုပ်ညှစ်ခံလိုက်ရသလိုပါပဲ။ စကားပြော ဖို့ ကျွန်တော် စလိုက်သည်၊ မရ။ တစ်လုံးမျှ ထွက်မလာ။ နာတာကာက ကျွန်တော့်လက်ကို ကိုင်လိုက်ပြီး ...

“ကျွန်မကို ပြောပြစမ်းပါ၊ ရှင်သာဆို ဒီလိုလုပ်မှာမဟုတ်ဘူး မဟုတ်လား”

“ရှင့်ရှေ့မှောက် ကိုယ်တိုင်ရောက်လာတဲ့ မိန်းကလေးရဲ့ အရှက်ကို ရှင်ခွဲမှာမဟုတ်ဘူး မဟုတ်လား၊ အဲဒီမိန်းကလေးရဲ့ သနားစရာနှလုံးသားကို ရှင်သာဆို မရယ်ဘူး မဟုတ်လား၊ သူ့ကိုယ်သူ မစောင့်ရှောက်နိုင်သေးတဲ့ မိန်းကလေးတစ်ယောက်ကို၊ ရှင့်ကို မချစ်ရင် မနေနိုင်တဲ့ မိန်းကလေးတစ် ယောက်ကို ရှင်သာဆို နားလည်ခွင့်ပေးမှာပါ၊ စိတ်လက်ချမ်းသာခွင့် ပေးမှာပါပဲ”

ကျွန်တော့် အားအင်တွေ အကုန် ဆွဲယူနုတ်သိမ်း ခံလိုက်ရချေပြီ။ ကျွန်တော့်ကိုကျွန်တော် အနိုင်နိုင်ထိန်းချုပ်ရင်းက “နာတာကာ”လို့ အော် မိလိုက်ပြီး ...

“နာတာကာ၊ ကျွန်တော့်ကို သတ်နေတာလား၊ ကျွန်တော့်နှလုံးသား ကို စုတ်ဖြဲနေတာလား၊ ကျွန်တော် အသံတိတ်မနေနိုင်တော့ဘူး၊ ရင်ထဲမှာ စုပုံနေတာတွေကို ကျွန်တော် ပြောတော့မယ် နာတာကာ”

ပြောရင်း ထိုင်ရာက ကျွန်တော် ထလိုက်တော့ သူလေးက ကျွန်တော့် လက်ကို ဆုပ်ကာ အံ့သြစွာ ကျွန်တော့်ကိုငေး၊ ခေါင်းမော့ကြည့်လို့။

“ဟင် ... ရှင် ဘာဖြစ်သွားတာလဲဟင်”

“နာတာကာရယ်၊ အခု ကျွန်တော်ပြောမယ့် စကားတွေဟာ ကျွန်တော့်

စိတ္တဇတွေပါ၊ ရူးမိုက်မှုတွေပါ၊ လောလောဆယ် မင်းလေး ခံစားနေရတဲ့ ဝေဒနာကြောင့် ကျွန်တော့်ကိုခွင့်လွှတ်ဖို့တော့ ကြိုတင်တောင်းပန်ပါရစေ။

နာတာကာက ငိုနေရင်းက ရပ်ကာ သိလိုစိတ်ဇောတွေနဲ့ ကျွန်တော့် ကို ကြည့်လိုက်ပြီး ...

“ဘာများလဲ ရှင်ရယ်” တဲ့။

မျှော်လင့်ချက်မဲ့စွာ ကျွန်တော် ခေါင်းခါပြရင်းက ...

“နာတာကာကိုကျွန်တော် ချစ်တယ်၊ ဒါပေမဲ့ မဖြစ်နိုင်ဘူးဆိုတာလည်း ကျွန်တော် သိနေပါတယ်၊ ကြည့်စမ်းပါဦး၊ အခု ကျွန်တော့်ကို အရင်ကလို စကားပြောနိုင်ပါဦးမလား၊ ကျွန်တော်ပြောတဲ့ စကားတွေကို အရင်လို မင်း လေး နားထောင်နိုင်ပါဦးမလား။

“ဘုရားရေ၊ ထူးထူးဆန်းဆန်း ကျွန်မကို ရှင် ရိုးရိုးသားသား ချစ်ခဲ့ တယ်ဆိုတာ ကျွန်မ သိသားပဲဥစ္စာ”

“ဟုတ်ပါတယ် နာတာကာ၊ အရင်တစ်ချိန်ကတော့ ရိုးရိုးသားသား ပါပဲ၊ ဒါပေမဲ့ အခု ကျွန်တော့်အခြေအနေက အထုပ်ပိုက်ပြီး ချစ်သူဆီသွားခဲ့ရတဲ့ နာတာကာရဲ့ အခြေအနေမျိုး ရောက်နေပြီလေ၊ ဒါပေမဲ့ ကျွန်တော့် အခြေအနေက အဲဒီတုန်းက မင်းလေးထက် မျှော်လင့်ရာ ပိုပြီး မဲ့နေပါသေး တယ်လေ”

အဲဒီအခါက နာတာကာရဲ့ ချစ်သူမှာ ချစ်ရမယ့်သူ မရှိသေးပါဘူး။ အခု မင်းလေးမှာတော့ ...

“ဘာတွေပြောနေတာလဲရှင်၊ ကျွန်မ စိတ်ရှုပ်လာပြီ၊ ဘာလို့ ရှင်က ဟို ... ဘာကြောင့် အို ... ကျွန်မ ဘာတွေပြောမှန်း မသိတော့ဘူး၊ ဒါပေမဲ့ ရှင်က ...”

ပါးနှစ်ဖက်နီမြန်းလျက် မျက်လွှာချ ခေါင်းငုံ့ပစ်လိုက်၏။ နာတာကာ တကယ်ပဲ စိတ်ရှုပ်ထွေးခဲ့လေပြီ။

“ကျွန်တော် ဘာလုပ်ရမလဲ နာတာကာ၊ ကျွန်တော့်ရဲ့ မိုက်မဲမှုအတွက် အပြစ်တင်ရတော့မလား။ မဟုတ်ဘူး။ ဒါ ကျွန်တော့်အမှား မဟုတ်ဘူး။ ကျွန်တော် ခံစားရတာတွေပါ။ ကျွန်တော် မှန်တယ်လို့ ကျွန်တော့်နှလုံးသား က ပြောနေတယ်။

မင်းလေးကို စော်ကားဖို့၊ နှိပ်စက်ဖို့ ကျွန်တော့်မှာ ဘာရည်ရွယ်ချက် မှ မရှိပါဘူး။ အရင်ကလည်း ကျွန်တော်က နာတာကာရဲ့ သူငယ်ချင်းပါပဲ။ အခုလည်း သူငယ်ချင်းပါပဲ။ ကျွန်တော် သစ္စာမဖောက်ပါဘူး။ ဒါပေမဲ့ နာ တာကာ အခု ကျွန်တော့်မျက်ရည်တွေက ဘယ်သူ့မှ မထိခိုက်စေပါဘူး။ ခန်းခြောက်သွားကြမှာပါ

နာတာကာ။

"အို … လာ၊ ဒီမှာ ထိုင်ဦးလေ၊ ထိုင်ပါ"

နာတာကာက ကျွန်တော့်ကို ခုံပေါ်ထိုင်ဖို့ဆွဲခေါ်ရင်း ဘုရားတလိုက်သည်။

"ကျွန်တော် မထိုင်တော့ပါဘူး နာတာကာ။ ဒီနေရာမှာလည်း မနေနိုင်တော့ပါဘူး။ ကျွန်တော့်ကိုလည်း နာတာကာ မမြင်သင့်တော့ပါဘူး။ ရင်ထဲမှာရှိတာတွေ ပြောပြီးရင် ကျွန်တော် သွားမှာပါ။ ကျွန်တော့်ရဲ့ အချစ်တွေ ကို နာတာကာ ဘယ်တော့မှ မသိစေချင်ပါဘူး။ ကျွန်တော့်ရဲ့ အတ္တတွေကိုလည်း နာတာကာဆီ တခဏလေးမျှ မကူးစက်စေချင်ပါဘူး။ ဒါပေမဲ့ ကျွန်တော် မတတ်နိုင်ခဲ့ဘူး။ ဒါတွေဟာ မင်းလေးကြောင့်ပဲ နာတာကာ။ နာတာကာ ကျွန်တော့်ကို နှင်မလွှတ်ခဲ့တာကိုက အမှားပါပဲ။

"ကျွန်တော့်ကို နာတာကာက နှင်မလွှတ်ဘူးဆိုတော့ ကျွန်တော်ကပဲ အဝေးကို သွားရတော့မယ်။ ဒါပေမဲ့ သောကတွေအပြည့်နဲ့ နာတာကာ ပြောနေ၊ ငိုနေတုန်းက ကျွန်တော် ဘယ်လိုမှ သည်းခံနိုင်စွမ်း မရှိတော့လို့ ကျွန်တော် ပြောပါရစေတော့ နာတာကာရယ်။ ဘာကြောင့်လဲဆိုတော့ မင်းလေးကို စွန့်ပစ်ခဲ့လို့၊ မင်းလေးရဲ့ အချစ်တွေကို ငြင်းပယ်ခံလိုက်ရလို့ ကျွန်တော် … ကျွန်တော် နာတာကာကို သိပ်ချစ်ခဲ့တယ်။ သိပ်ချစ်ခဲ့တယ် နာတာကာ။ ဒါပေမဲ့ နာတာကာအတွက် ဘာတစ်ခုမှ လုပ်မပေးနိုင်လို့ ကြေကွဲခဲ့ရပြန်တယ်။ သိပ်ချစ်ပေမယ့် ကျွန်တော့်ကို တစ်စစီ ဆုတ်ဖြဲနေ သလိုပဲ။ ကျွန်တော် ရေငုံနှုတ်ပိတ်မနေနိုင်တော့လို့ ပြောလိုက်ရပြီ နာတာ ကာရယ်"

နာတာကာက အနက်ဝှက်ထားတဲ့ အကြည့်တွေနဲ့ ကျွန်တော့်ကို ကြည့်လျက်က …

"ဟုတ်၊ ဟုတ်ကဲ့၊ ကျွန်မကို ပြောလိုက်စမ်းပါ၊ ပြီးမှ ကျွန်မ ရှင်းပြ ပါ့မယ်၊ ရှင် ပြောပါ၊ ပြီးရင် ကျွန်မ ပြောမယ့်စကားကို ရှင် သိပ်အံ့ဩသွား မှာပါ" တဲ့။

"နာတာကာ မင်းလေးအတွက် ကျွန်တော် အတော်စိတ်မကောင်း ဖြစ်ခဲ့တယ်။ ရိုးသားစွာ စိတ်မကောင်းဖြစ်ခဲ့တာပါပဲ။ ဒါပေမဲ့ ကျွန်တော့် အမြင်မှာတော့ ဆုံးရှုံးသွားတဲ့အရာတွေဟာ ဆုံးရှုံးသွားတာပါပဲ။ ပြီးပြီးသား အရာကို ပြန်လုပ်လို့ မရနိုင်တော့ပါဘူး။ ဟုတ်တယ်မဟုတ်လား နာတာကာ။ အခု အားလုံးကို နာတာကာ နားလည်ပါတယ်။ ကျွန်တော့်တို့တစ်တွေဟာ ခွဲခွာရတော့မယ်။ ဒါပဲဖြစ်သင့်ပါတယ် နာတာကာရယ်။ ဒါပေမဲ့ နာတာကာ ငိုနေတုန်းက ကျွန်တော် တွေးမိတယ်လေ။ ကျွန်တော် တွေးမိခဲ့တာတွေကို တော့ ပြောခွင့်ပြုပါ နာတာကာ။ အမှန်တော့ မဖြစ်နိုင်ဘူးဆိုတာလည်း ကျွန်တော် ကောင်းကောင်း သိပါတယ်။

ကျွန်တော်နဲ့ ဘာမျှ မပတ်သက်ပေ မယ့် မင်းရဲ့ ချစ်သူကို မင်းလေး မချစ်တော့ဘူးလို့ ကျွန်တော် ထင်ခဲ့မိတယ်။

မနေ့ကရော၊ တမြန်နေ့ကရော ကျွန်တော် တွေးမိတာကို ပြောတာပါ။ မင်းလေးက ကျွန်တော့်ကို ချစ်လာအောင် ကျွန်တော် ပြုမူဆက်ဆံမိခဲ့မလား လို့ တွေးမိတယ်။ ဘာကြောင့်လဲဆိုတော့ မင်းလေးကိုယ်ခွဲက ကျွန်တော့်ကို ပါးစပ်က ချစ်တယ်လို့ မပြောရုံတမည် ဆက်ဆံခဲ့တယ် မဟုတ်လား။ မင်း လေး ကိုယ်တိုင်ပါ။ ဒါပေမဲ့ ထားလိုက်ပါတော့ နာတာကာ။ ပြောစရာ ကျန်နေသေးတဲ့ စကားတွေ ဆိုတာလည်း နာတာကာသာ ကျွန်တော့်ကို ချစ်ခဲ့ ရင် ဘယ်လိုဖြစ်မလဲဆိုတဲ့ ကျွန်တော့်စိတ်ကူးတွေပါပဲလေ။ ဒီထက်လည်း ကျွန်တော် ပိုမပြောနိုင်ပါဘူး။ ဒါပေမဲ့ နာတာကာရဲ့ သူငယ်ချင်းတစ်ယောက် အဖြစ်နဲ့ ကျွန်တော် ရှိနေမှာပါ။ အမှန်တော့ ကျွန်တော့်အတွက် ဘာမှရေးကြီး ခွင်ကျယ် လုပ်နေစရာ မလိုပါဘူး။ ကျွန်တော်က သာမန်လူတစ်ယောက်ပါ။ အရေးမပါပါဘူး”

(ရှက်စိတ်ကြောင့် ကျွန်တော့်ရဲ့ စကားတွေဟာ အမြဲလမ်းကြောင်းလွဲ နေရတယ် နာတာကာရေ...)

“သူ့ကို နာတာကာ ချစ်နေတယ်ဆိုရင်တောင် မင်းလေးကို ကျွန်တော် သိပ်ချစ်နေဆဲပါ၊ ဒါပေမဲ့ ကျွန်တော့်အချစ်တွေကို ဝန်ထုပ်ဝန်ပိုးတစ်ခုလို နာတာကာက ဘယ်တော့မှ မခံစားစေရပါဘူး၊ မင်းလေးရဲ့အနားမှာ နွေး ထွေးပြီး ကျေးဇူးသိတတ်တဲ့ နှလုံးသားတစ်ခုရဲ့ တုန်ခါသံကို စက္ကန့်တိုင်း မင်းလေး ကြားရမှာပါ”

နာတာကာက ထိုင်ရာက ချက်ချင်းထကာ “မပြောပါနဲ့တော့ရှင်၊ ရှင် မငိုနဲ့လေ၊ လာ၊ ကျွန်မ ပြောမယ်” ကျွန်တော့်မျက်ရည်တွေကို သူလေး လက်ကိုင်ပဝါနဲ့ သုတ်ပေးရင်း ပြောသည်။

“ရှင့်ကို ကျွန်မပြောမယ်။ ကျွန်မ မညာချင်ဘူး၊ သူ့ကို ကျွန်မချစ်ပေမယ့် နောက်ဆုံး သူက ကျွန်မကို မေ့ပစ်လိုက်ပြီလေ၊ စွန့်ပစ်ခဲ့တာ မဟုတ်လား၊ ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ ဥပမာ ကျွန်မ ရှင့်ကို ချစ်ခဲ့ရင်ပေါ့၊ ကျွန်မသာ ရှင့်ကို၊ အို ... ရှင်ရယ်၊ ရှင့်အချစ်တွေကို မသိလေဟန်နဲ့ ရှင့်ကို ရယ်ပြောပစ်လိုက်တာ၊ ရက်စက်မိတာတွေ တွေးမိတော့ ကျွန်မ တော်တော် မိုက်မဲခဲ့ပါလား၊ ဒါပေမဲ့ အခု ကျွန်မ စိတ်တွေ ပြေသွားပြီလေ၊ ရှင့်ကို ပြောပြ ပါ့မယ်”

“နာတာကာရယ် ကျွန်တော် အဝေးကို သွားပါရစေတော့၊ ဒီမှာ ကျွန်တော် ရှိနေတာ မင်းလေးကို အလိုလို နှိပ်စက်နေသလို ဖြစ်နေတယ်၊ အခုလည်း ကျွန်တော့်ကို ရယ်မောလှောင်ပြောင်ခဲ့တဲ့ အပြစ်တွေကို နာတာ ကာ ခံစားနေရပြီမဟုတ်လား၊ မင်း လေးမှာ ကြေကွဲမှုတွေ ထပ်မတိုးစေချင် တော့ဘူး၊

ကျွန်တော်က အပြစ်နဲ့လူပါ နာတာကာရယ်၊ ခွင့်လွှတ်ပါ၊ ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်”

“ဟို... နေဦးလေ၊ ကျွန်မပြောတာ နားထောင်ပါဦး၊ ရှင် မစောင့်နိုင်တော့ဘူးလား”

“ဘာအတွက်များ စောင့်နေရဦးမှာလဲ နာတာကာရယ်”

“သူ့ကို ကျွန်မ ချစ်ပေမယ့် မေ့ရမှာပဲလေ၊ ကျွန်မက ဒီလိုပဲ လုပ်ရတော့မှာပါ၊ တကယ်တော့ ဒီနေ့ပဲ သူ့ကို မေ့လိုက်ပြီဆိုတာ ဘယ်သူသိနိုင် မလဲ၊ သူ့ကို ကျွန်မ မုန်းတယ်၊ ရှင်နဲ့ ကျွန်မ ငိုနေရချိန်မှာ သူက ကျွန်မကို အရူးလုပ်နေတယ်လေ၊ ပြီးတော့ ကျွန်မကို ရှင် ချစ်သလိုမျိုး သူက မချစ်ခဲ့ ပါဘူး၊ ဒါကြောင့်လည်း ကျွန်မကို သူ စွန့်ပစ်လိုက်တာပေါ့”

“ကျွန်မ ရှင့်ကိုချစ်တယ် ဟုတ်တယ်၊ ကျွန်မကို ရှင်ချစ်တဲ့အချစ်မျိုးနဲ့ ရှင့်ကိုလည်း ကျွန်မ ချစ်တယ်၊ ကျွန်မ ပြောခဲ့တာကို ရှင် သတိရသေးလား၊ ရှင်က သူ့ထက် သာပါတယ်ဆိုတာ လေ၊ ဘာကြောင့်လဲဆိုတော့ သူက ...”

ရင်တွင်းခံစားချက်တို့ဖြင့် စကားကို နာတာကာ အဆုံးမသတ်လိုက် နိုင်။ ကျွန်တော့်ပခုံးပေါ် ခေါင်းတင်မှီလိုက်တော့ နာတာကာရဲ့ နွေးပူပူ မျက် ရည်တွေကို ကျွန်တော် ခံစားသိလိုက်သည်။

အငိုတိတ်ဖို့ ကျွန်တော် ကြိုးစားပေမယ့် သူမက ငိုနေဆဲ။ ကျွန်တော့် လက်ကို ဆုပ်ညှစ်ထားရင်း ရှိုက်သံတွေကြားက ...

“မသွားပါနဲ့ရှင်၊ မကြာခင် ကျွန်မ အငိုတိတ်သွားမှာပါ၊ ဒါပေမဲ့ ဒီမျက် ရည်တွေကတော့ ဝမ်းနည်းလို့ကျတဲ့ မျက်ရည်တွေ မထင်ပါနဲ့နော်”

နောက်ဆုံး ငိုသံတွေ စဲသွားလေပြီ။

မျက်ရည်စတွေ နာတာကာ သုတ်ပစ်လိုက်သည်။ စကားစ ပြန်ကောက်ပြီး ကျွန်တော်က ပြောမယ်လုပ်တော့ နာတာကာက ခဏစကား မပြောစေလိုသောကြောင့် ကျွန်တော်တို့နှစ်ယောက် ငြိမ်သက်စွာ လမ်းလျှောက်နေလိုက်ကြသည်။ စကားစဖို့ခွန်အားတွေပြည့်လောက်ပြီ ထင်တော့မှ “ရှင်သိပါတယ်နော်” လို့ ညှိုးရော်သံနဲ့ ဆိုလိုက်သည်။ အားငယ်ပြီး တုန်ယင်နေတဲ့ အသံက ကျွန်တော့်နှလုံးသားကို ရုတ်တရက် ဆုပ်ညှစ်လိုက်သလို ဝေဒနာချိုတွေနဲ့ ကျွန်တော့်ရင်က တဒိတ်ဒိတ်တုန်လို့။

“ရှင် ကျွန်မကို မျက်နှာများတယ်လို့တော့ မထင်ပါနဲ့နော်။ သူ့ကို ကျွန်မ

တစ်နှစ်လုံးလုံး ချစ်ခဲ့ပြီးပြီပဲ။ စိတ်ကူးထဲမှာတောင် တစ်ကြိမ်မျှ သစ္စာမဖောက်ခဲ့ဘူးဆိုတာ ဘုရားသခင်ကို ကျွန်မ ကျိန်ဝံ့ပါတယ်။

ကျွန်မရဲ့အချစ်တွေကို သူပဲပေါ့ပျက်အောင် လုပ်ခဲ့တယ်လေ။ ကျွန်မ အချစ်ကို သူ တန်ဖိုးမထားခဲ့ပါဘူး။ ဒီတော့လည်း ကျွန်မကို ကြင်နာတဲ့သူ၊ နားလည်တဲ့သူ၊ နွေးထွေးတဲ့သူကိုသာ ကျွန်မ ချစ်နိုင်တော့မယ်လေ။ ဘာ ကြောင့်လဲဆိုတော့ ကျွန်မကိုယ်တိုင်ကလည်း သူ့လိုမို့ပါပဲ။ ကျွန်မ ချစ်သူဟာ ဘယ်လိုလူဆိုတာ နောင်မှ သိရတာထက် အခုသိလိုက်ရတာ ပိုကောင်းပါ တယ်။ ဘာပဲပြောပြော အားလုံး ပြီးဆုံးသွားပါပြီ။

ပြီးတော့ ရှင်စဉ်းစားကြည့်စမ်းပါဦး။ သူ့ကို ကျွန်မချစ်တဲ့ အချစ်တွေ ဟာ ကိုယ့်ကိုယ်ကိုယ် လှည့်စားမှုတစ်ခု မဖြစ်နိုင်ဘူးလား။ ဘွားဘွားရဲ့ တင်းကျပ်တဲ့ အုပ်ချုပ်မှုအောက်က လွတ်မြောက်ချင်တဲ့ဆန္ဒရော မဖြစ်နိုင် ဘူးလား။ ကျွန်မကို နားလည်ခံစားနိုင်တဲ့ အခြားလူတစ်ယောက်ကို ချစ်ဖို့ ဖန်လာတဲ့ ကျွန်မရဲ့ကံကြမ္မာရော မဖြစ်နိုင်ဘူးလားရှင်၊ ထားပါတော့လေ။

နာတာကာက စိတ်လှုပ်ရှားစွာ အသက်အောင့်ရှိုက်လိုက်ပြီး ...

“သူ့ကို ကျွန်မချစ်တယ်ဆိုပေမယ့် ဒီလိုမဟုတ်ဘူး၊ ချစ်ခဲ့တယ် ဆိုပေမယ့် သူ့နေရာမှာ ရှင့်အချစ်တွေနဲ့ အစားထိုးနိုင်မယ်လို့ထင်ရင် နှစ်သိမ့်မှုတွေ၊ မျှော်လင့်ချက်တွေမပေးဘဲ ကျွန်မကို မထားခဲ့ဘူးဆိုရင် အခု ချစ်သလို ရှင်က ထာဝရချစ်နေမယ်ဆိုရင် ကျွန်မအချစ်တွေက ရှင့်အတွက် အပြီးတိုင်ဖြစ်စေရမယ်လို့ ကျွန်မ ကျိန်ဝံ့ပါတယ်ရှင်၊ ရော့လေ၊ ကျွန်မလက် ကလေးကို ကိုင်မထားတော့ဘူးလား”

ဆို့နစ်သံတွေနဲ့ မွန်းကျပ်လျက်က “နာတာကာ”လို့ ကျယ်လောင်စွာ ကျွန်တော် ခေါ်မိလိုက်တော့ ကျွန်တော့်ပခုံးထက် ခေါင်းမှီထားရာက ခေါင်းမော့ပြီး “ရှင်ပျော်သလို ကျွန်မလည်း ပျော်ပါတယ်၊ ဒီထက်လည်း ပြောစရာစကား မရှိတော့ဘူးလေ။ ခဏနေဦး၊ ကျွန်မတို့တစ်တွေ အခြား တစ်ခုခုကို ပြောကြရအောင်”

“ဟုတ်တယ် နာတာကာ၊ ကျွန်တော် အရမ်းပျော်နေတယ်၊ ကျွန်တော် တို့ တစ်ခုခုပြောကြရအောင် ဟုတ်တယ်၊ ကျွန်တော့်ဘက်ကတော့ အသင့်ပဲ နာတာကာ”

နှစ်ဦးသား ဘာပြောရမှန်း မသိကြတော့ ကျွန်တော်တို့တစ်တွေ ရယ်ပစ်လိုက်ကြ၏။ တစ်ခါ ငိုပြန်၏။

အဆက်အစပ်မရှိသော စကားများ၊ အဓိပ္ပာယ်မဲ့နေသော စကားများ ကို အကြိမ်တစ်ရာမက ပြောကြ၏။ လမ်းတစ်လျှောက် နှစ်ယောက်သား လျှောက်နေရင်း ရုတ်တရက် လာလမ်းအတိုင်း ပြန်လျှောက်ခဲ့ကြ၏။ ဘာ အကြောင်းပြချက်မှ မရှိပါဘဲ လမ်းတစ်ဝက်ကို ဖြတ်ကူးလိုက်ကြပြန်၏။ ထို့မှ ကမ်းနားဘက်ဆီ ကျွန်တော်တို့ လျှောက်ခဲ့ကြပြန်သည်။ ကျွန်တော်တို့ နှစ်ဦးသားအဖြစ်က ကလေးတွေလို။

"ခုချိန်ထိ ကျွန်တော် တစ်ယောက်တည်း နေခဲ့တာ၊ ဒါပေမဲ့ မနက် ဖြန်တော့ နာတာကာ ကျွန်တော်က ဆင်းရဲတာ မင်းလေး သိပါတယ်နော်၊ ကျွန်တော့်မှာ ရူဘယ် တစ်ထောင့်နှစ်ရာတော့ ရှိတယ်၊ ဒါပေမဲ့ ကိစ္စမရှိပါ ဘူး"

"ဒီကိစ္စက အရေးမကြီးပါဘူးရှင်၊ ဘွားဘွားမှာ ပင်စင်လခရှိတယ် လေ၊ ဘွားဘွားမှာ ပေးရကမ်းရမယ့်လူလည်း ရှိတာမဟုတ်ဘူး၊ ကျွန်မတို့နဲ့ အတူ ဘွားဘွားကို ခေါ်ထားမယ်နော်"

"ဟုတ်တယ်၊ ဘွားဘွားကို ခေါ်ထားရမယ်၊ ဒါပေမဲ့ ကျွန်တော့်အိမ် မှာက "မာရီရိုနား" က ရှိနေသေးတယ်၊ ဒီမိန်းမကြီးက စိတ်ကောင်းတော့ ရှိပါတယ်၊ ဒါပေမဲ့ ဘယ်တော့မှ စဉ်းစဉ်းစားစား မလုပ်ဘူး"

"ဟယ်... ဟုတ်သားပဲ၊ ကျွန်မလည်း ဖြဲလာ"ကို မေ့နေတယ်တော့၊ သူလည်း အိမ်မှာ အလုပ်လုပ်နေကြတာ ကြာပြီလေ၊ ကိစ္စတော့ မရှိပါဘူး၊ သူတို့နှစ်ယောက် အတူတူနေလို့ရသားပဲ၊ ဘာပဲဖြစ်ဖြစ်ပါ၊ ရှင် မနက်ဖြန် ကျွန်မတို့အိမ် ပြောင်းလာခဲ့ပါလား"

"ဘယ်လို၊ မနက်ဖြန် ပြောင်းလာခဲ့ ဟုတ်လား၊ ကောင်းတယ်၊ ကျွန်တော်လည်း ပြောင်းချင်တယ်"

"ဟုတ်တယ်လေ၊ အခု အပေါ်ထပ်မှာ လူငှားမရှိတော့ဘူး။ ဘွားဘွား က လူငယ်တစ်ယောက်ကို ငှားချင်နေတယ် ပြောတယ်"

နာတာကာ စကားကို ကျွန်တော်ကြားဖြတ်ပြီး ...

"နေပါဦး နာတာကာရဲ့၊ ဘွားဘွားက ဘာလို့ လူငယ်တစ်ယောက် ကို ငှားချင်နေရတာလဲ" လို့ မေးလိုက်တော့ ...

"ရှင့်ခေါင်းထဲမှာ ဒီကိစ္စကို ထုတ် ပစ်လိုက်စမ်းပါ၊ ကျွန်မ နာတာကာ က ရှင့်ကို လက်ထပ်ဖို့ ကြိုးစားနေတယ် ဆိုတာလည်း ထည့်ထား၊ အခု ကျွန်မလည်း အသက်လေးရလာပြီရှင့်"

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူ ရယ်မိလိုက်ကြသည်။

"ဒါနဲ့ ကျွန်မ မေ့သွားလို့ ရှင်နေတာ ဘယ်မှာ"

"ဟို ... တံတားလေးက အိမ်မှာလေ"

"အိမ်က အကြီးကြီးနော်"

"ဟုတ်တယ်"

"အိမ်ကြီးက တကယ်ခန့်ညားတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ မနက်ဖြန် ကျွန်မတို့အိမ် ပြောင်းလာရမယ်နော်"

"လာမှာပါ နာတာကာ၊ မနက်ဖြန်ထက် နောက်မကျစေရပါဘူး၊ အိမ်လခပေးစရာလေး ကျွန်တော့်မှာ ရှိသေးလို့ပါ၊ ဒါလည်းပြီးသွားမှာပါ"

"ဒါဆို မနက်ဖြန်ကစပြီး ရှင်က ကျွန်မတို့ရဲ့ အိမ်ငှား ဖြစ်သွားပြီပေါ့" "ဟုတ်တယ်လေ၊ ဒီတော့ ကျွန်တော်တို့တစ်တွေ "ဆာဗယ်လီက ဆတ္တာသည်"ပြဇာတ် သွားကြည့်ကြတာပေါ့။ အဲဒီပြဇာတ်က ပြန်ကတော့ မယ်တဲ့"

နာတာကာက မြူးမြူးရယ်ရယ်နဲ့။

"ဟုတ်တယ်၊ သွားကြည့်ကြတာပေါ့၊ အဲဒီပြဇာတ် မဟုတ်လည်း အခြားတစ်ဇာတ် ကြည့်ကြတာပေါ့"

"ဟုတ်တယ်၊ အဲဒါ ကောင်းတယ်။ အခြားဇာတ်တစ်ဇာတ် ကြည့်မယ်၊ တကယ်က ကျွန်တော်ကိုယ်တိုင် စဉ်းစားရမှာ"

စကားပြောရင်း တိမ်တိုက်တွေပေါ်မှာ လမ်းလျှောက်သလို နှစ်ဦးသား လျှောက်လာခဲ့ကြသည်။ ကျွန်တော်တို့၌ ခရီးလမ်းဆုံးမရှိ။

တစ်နေရာရာမှာ မလှုပ်မယှက် မတ်တတ်ရပ်ကာ စကားပြောကြ၏။ ပြီးတော့ ဆက်လျှောက်ကြ၏။ တစ်ခါ နှစ်ဦးသား ရယ်မောလိုက်ကြ၏။ တစ်ခါ ငိုလိုက်ကြပြန်၏။ နာတာကာက အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်တော့ ကျွန်တော် မတားရဲ။ သူလေး အိမ်တံခါးဝအထိ ကျွန်တော် လိုက်ပို့ခဲ့သည်။ ဒါပေမဲ့ ဆယ့်ငါးမိနစ်ခန့်အကြာမှာ ကျွန်တော်တို့နှစ်ဦးသား ခုံတန်းလျား လေးပေါ်ဆီ ပြန်ရောက်နေကြပြန်ပါသည်။

သူလေးက သက်ပြင်းတစ်ချက်ချရင်း မျက်ရည်တွေကြားက မျက်ခမ်း ကို ပုတ်ခတ်နေသည်။ ကျွန်တော်က ထိတ်လန့်မှုတွေနဲ့ အေးစက်လာတော့

ကျွန်တော့်လက်ကို ဆွဲယူလိုက်ပြီး သူလေးခါးမှာ သိုင်းဖက်စေကာ နှစ်ဦးသား လမ်းလျှောက်ရင်း စကားပြောကြပြန်သည်။

"ကျွန်မ အိမ်ပြန်တော့မယ်နော်"

နောက်ဆုံးအချိန် အိမ်ပြန်ဖို့ နာတာကာ ဆုံးဖြတ်လိုက်သည်။

"ကောင်းပါပြီ နာတာကာ၊ ဒါပေမဲ့ ကျွန်တော်ကတော့ ဒီည အိပ်ပျော်မယ်မထင်ပါဘူး၊ အိမ်ပြန်ရောက်မယ်တောင် မထင်ပါဘူးလေ"

"ကျွန်မလည်း အိပ်ပျော်မယ် မထင်ပါဘူးရှင်၊ ဒါပေမဲ့ အိမ်နားအထိတော့ ရှင်လိုက်ပို့ဦးနော်"

"ပို့မှာပေါ့ နာတာကာရယ်"

"ဒီတစ်ခေါက်တော့ တကယ် နှုတ်ဆက်တာနော်"

"ကောင်းပါပြီ"

"ပြီးရင် ရှင်လည်း အိမ်ပြန်မယ်လို့ ကတိပေးမလား"

"ပေးပါပြီတဲ့ဗျာ"

ကျွန်တော်တို့နှစ်ဦး ပြိုင်တူရယ်လိုက်ကြသည်။

"ဒါဆို သွားစို့"

"သွားတာပေါ့ နာတာကာ ရယ်၊ ခဏလေး ကောင်းကင်ကြီးကို မော့ကြည့်လိုက်ပါဦးလား၊ ပြာနေတဲ့ ကောင်းကင်ကြီးရယ်၊ လမင်းကြီးရယ် မနက်ဖြန်တစ်နေ့အတွက် ဘယ်လောက်များ သာယာလိုက်မလဲနော် ကြည့်စမ်း။ အဝါရောင်တိမ်အုပ်တွေက လမင်းကြီးကို ဖုံးတော့မယ် ကြည့်စမ်း၊ ကြည့်စမ်း၊ ဟော … သီသီလေး လွတ်သွားပြီ"

နာတာကာက တိမ်တိုက်တွေကို မကြည့်ဘဲ သစ်ပင်တစ်ပင်လို ရပ်နေသည်။ ထူးထူးဆန်းဆန်းတစ်ခုကို တွေ့လိုက်ရသလို ကျွန်တော့်လက်ကို ဖျစ်ညှစ်ဆုပ်ထား၏။ ထိုအခိုက် လူငယ်တစ်ယောက် ကျွန်တော်တို့ နားက မျက်နှာချင်းဆိုင် ဖြတ်လျှောက်သွားပြီး စူးစမ်းကြည့်ခြင်းဖြင့် ကျွန်တော် တို့ကို ကြည့်သွားသည်။

ကျွန်တော့်ရင်ထဲမှာ တထိတ်ထိတ်နဲ့ "နာတာကာ" တိုးတိုးလေး ကျွန်တော် ခေါ်လိုက်ပြီး "သူ လားဟင်" လို့ မေးလိုက်တော့ …

အရင်ကထက် ကျွန်တော့်လက်ကို တင်းတင်းကျပ်ကျပ် ညှစ်ဆုပ် လိုက်ရင်း "ဟုတ်တယ်၊ သူပဲ"လို့ လေသံညင်းညင်းလေးနဲ့ ဖြေလိုက်သည်။ ကျွန်တော့်ခြေလှမ်းတွေ ရပ်ဆိုင်းသွားချေပြီ။ ဒီနောက် "နာတာကာ၊ နာတာ ကာ၊ မင်း မဟုတ်လား" လို့ မေးသံတစ်သံကို ကျွန်တော်တို့ကျောဘက်က ကြားလိုက်ရပြီး တစ်ချိန်တည်းမှာ ကျွန်တော်တို့နှစ်ဦးဆီ ထိုလူငယ် တည့် တည့် လျှောက်လာနေလေပြီ။

ဟော ... နာတာကာ ငိုနေပြီ။ စိတ်လှုပ်ရှားမှုကြောင့် သူမတစ်ကိုယ် လုံး တုန်လှုပ်လျက် ဒီနောက် ကိုင်ထားတဲ့ ကျွန်တော့်လက်ကို လွှတ်ချလိုက် ပြီး သူမချစ်သူဆီ ပြေးထွက်သွား၏။

ကျွန်တော်က အသေလိုရပ်လျက် သူတို့နှစ်ဦးကို တွေတွေ ငေးကြည့် နေမိသည်။ နာတာကာက ချစ်သူရင်ခွင်ထဲ ပြေးဝင်တိုးဖက်လိုက်ပြီး ကျွန်တော့်ကို တစ်ချက် လှမ်းကြည့်လိုက်၏။ ပြီးတော့ ကျွန်တော့်ထံပါး လေပွေလေး တစ်ခုလို ပြန်ရောက်လာပြန်သည်။ အဖြစ်အပျက်ကို ကျွန်တော် မသိနိုင်လေး မှာပင် ကျွန်တော့်လည်တိုင်ကို သူမ လက်နှစ်ဖက်နဲ့ သိုင်းဖက်လိုက်၏။ ပြီး နောက် ငြိတွယ်စွဲလမ်းဖွယ်ရာ သူမရဲ့ အနမ်းတစ်ခုကို ကျွန်တော် ခံစားသိသိလိုက်သည်။

စကားတစ်လုံးမှ ကျွန်တော် မပြောနိုင်မီ သူမချစ်သူလေးဆီ ပြန်ရောက်သွားပြီး ချစ်သူလက်ကိုဆွဲကာ ကပျာကသီ အဝေးဆီ ထွက်သွားကြ တော့သည်။

ကြာမြင့်စွာ ကျွန်တော် ငေးကြည့်နေစဉ်မှာပင် သူတို့နှစ်ဦးရဲ့ မြင် ကွင်းသည်လည်း တဖြည်းဖြည်း ပျောက်ကွယ်သွားပါတော့သည်။

※

နံ့နက်ခင်း

ကျွန်တော့်ရဲ့ညများ ကုန်ဆုံးခဲ့လေပြီ။ နံနက်တစ်ခင်းသစ်ပြန်ချေ၏။ ရာသီက ဆိုးဆိုး၊ မိုးက သည်းသည်း၊ မိုးစက်မိုးပေါက်တွေက ပြတင်းတံခါးပေါ် အုပ်အုပ်ဆိုင်းဆိုင်း ရိုက်ခတ်နေသည်။ ကျွန်တော့်ဦးခေါင်းတစ်ခုလုံး ကိုက်ခဲလို့ မျက်စိရှေ့က အရာဝတ္ထုတွေက လွှဲယမ်း လှုပ်ရှားလျက် အဖျား သွေးတွေက လက်ဆစ်၊ လက်ဖျားတွေထဲ တိုးဝင် ပုန်းခိုနေကြသည်။

"ဒီမှာ ရှင့်အတွက်စာ"

မက်ထရီရိုနာရဲ့ အသံက တစ်နေရာရာမှ ကျွန်တော့်ဆီ လွင့်လာသည်။

"အခုလေးပဲ ရောက်လာတာ"

ကျွန်တော် ထရပ်လိုက်ပြီး ...

"ဘာစာလဲ၊ ဘယ်ကလဲ"

"ကျွန်မ မသိဘူး၊ စာထဲမှာ ရေးထားမှာပေါ့"

စာအိတ်ကို ကျွန်တော် ဖောက်လိုက်သည်။ နာတာကာရဲ့စာ။

"ကျွန်မကို ခွင့်လွှတ်ပါရှင်။ ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်။ ကျွန်မကို ခွင့်လွှတ်ပါ။ ကျွန်မကိုယ် ကျွန်မရော၊ ရှင့်ကိုပါ လှည့်စားခဲ့ပါတယ်။ အိပ်မက်တစ်ခုပါ။ ဒါပေမဲ့ အခု ရှင့်အတွက် ကျွန်မ သိပ်ကိုခံစားနေရပါတယ်။ ကျွန်မကို ခွင့်လွှတ်ပါရှင်။ ရှင့်အပေါ်မှာထားတဲ့ ကျွန်မရဲ့ စိတ်တွေ မပြောင်း ခဲ့တဲ့အတွက် ကျွန်မကို ပစ်ပစ်ခါခါတော့ မလုပ်လိုက်ပါနဲ့။ ရှင့်ကို ကျွန်မ ချစ်တယ်လို့ ပြောခဲ့တယ်။ အမှန်တော့ ချစ်တာထက် ပိုတောင် ပိုပါတယ်။အို.. ဘုရားသခင်၊ ရှင်တို့နှစ်ယောက်စလုံးကို တစ်ပြိုင်တည်းချစ်လို့ရမယ်ဆိုရင် ကောင်းမှာပဲ။ ဒါမှမဟုတ် ရှင်က သူ ဖြစ်နိုင်ရင် ကောင်းမှာပဲ"

ဪ ... ရှင်က သူ ဖြစ်နိုင်မယ်ဆိုရင် တဲ့။ အတွေးက ဖျက်ခနဲ ခေါင်းထဲ ရောက်လာသည်။ နာတာကာရဲ့ စကားတိုင်း ကျွန်တော် သတိရ မိသည်။ နာတာကာရဲ့ စာက ဆက်၍ဆိုသည်။

"အခုချိန်မှာ ရှင် ဘယ်လောက်ဝမ်းနည်း စိတ်ပျက်နေသလဲဆိုတာ ကျွန်မ အသိဆုံးပါ။ ဒါပေမဲ့ ကျွန်မ ဘာမျှမတတ်နိုင်တာတော့ ဘုရားသခင် သိပါတယ်။

ဒါပေမဲ့ ချစ်တဲ့သူတွေကြောင့် အနာတရဖြစ်ခဲ့တဲ့ ဒဏ်ရာကို အချိန် အကြာကြီး ခံစားရမှာ မဟုတ်ဘူးဆိုတာ ရှင် သိပါတယ်။ ရှင် ကျွန်မကို ချစ်တယ် မဟုတ်လား။ ရှင့်ရဲ့

ချစ်ခြင်း မေတ္တာတွေအတွက် ကျွန်မ ကျေးဇူး တင်ပါတယ်။ ရှင့်ရဲ့ ချစ်ခြင်းမေတ္တာတွေဟာ ကျွန်မ အမှတ်သညာထဲမှာ အိပ်မက်ချိုတစ်ခုလို တွယ်ကပ်နေပါတယ်။ အိပ်ရာထပြီး အချိန်များစွာအထိအဲဒီအိပ်မက်က ရစ်ဝဲနေဆဲပါပဲ။ ဒဏ်ရာရနေတဲ့ ကျွန်မနှလုံးသား လက်ဆောင်ကို ကြည်ကြည်ဖြူဖြူ ရှင်လက်ခံခဲ့ပြီး မြတ်မြတ်နိုးနိုး ကုသပေးခဲ့တာ၊ ရိုးရိုးသားသားနဲ့ ရှင့်နှလုံးသားကို ပေးခဲ့တာတွေကို ကျွန်မ တစ်သက်လုံး သတိရနေတော့မှာပါ။ ကျွန်မနှလုံးသားကို ကျွန်မ အမြဲသစ္စာရှိနေတော့မှာပါ။ ဒါပေမဲ့ မနေ့ညကတော့ အဲဒီနှလုံးသားဟာ သူ့ကို ထာဝရ ပိုင်ဆိုင်မယ့်သူ တစ်ယောက်ဆီ ရောက်ခဲ့ပြီလေ။ ကျွန်မတို့ တစ်ခါပြန်ဆုံကြရအောင်လား။ အဲဒီအခါမှာ အစ်ကိုတစ်ယောက်အနေနဲ့ ရှင့်လက်လေးကို ကျွန်မဆီ ကမ်းပေး ဦးမယ် မဟုတ်လား။ ကျွန်မကိုတော့ မုန်းမသွားပါနဲ့။ ရှင့်အချစ်တွေနဲ့ ထိုက်တန်တဲ့သူဟာ ကျွန်မပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်မက အချစ်ကိုမျှော်လင့် ခဲ့ရသူပါ။

ရှေ့အပတ်ထဲမှာ ကျွန်မတို့ လက်ထပ်ကြမယ်လေ။ သူ့အကြောင်းကို ရေးမိတဲ့အတွက် ရှင် စိတ်ဆိုးသွားမလား။ စိတ်မဆိုးနဲ့နော်။ မင်္ဂလာပွဲကို ရှင် လာစေချင်တယ်။ သူ့ကိုလည်း တွေ့စေချင်တယ်။ ရှင် သူ့ကို သဘော ကျမှာပါ။ ကျွန်မကို ခွင့်လွှတ်ပါ၊ သတိရနေပါ၊ ထာဝရချစ်နေပါလို့။

ရှင့်ရဲ့နာတာကာ

စာကို ကျွန်တော် ဖတ်ပြီး ထပ်ဖတ်နေမိသည်။ အိုင်ထွန်းလာတဲ့ မျက်ရည်တွေက ကျွန်တော့်မျက်ခမ်းပေါ်က ကျလုလု။ နောက်ဆုံးတော့ ကျွန်တော့်လက်နှစ်ဖက်ပေါ် မျက်ရည်တွေ ကျလာ၏။ မျက်နှာကို ကျွန်တော် အုပ်ထားလိုက်မိသည်။

"ဒီမှာ ကြည့်စမ်းပါဦး" မက်ထရီရိုနာရဲ့ အသံ။

"ဘာဖြစ်တာလဲဗျာ"

"မျက်နှာကြက်က ပင့်ကူမျှင်တွေအားလုံး ကျွန်မ ရှင်းပစ်လိုက်ပြီ လေ၊ ဒီတော့ ရှင် အချိန်မရွေး လက်ထပ်ပွဲကျင်းပနိုင်ပြီ၊ ဧည့်သည်တွေလည်း အများကြီး ဖိတ်လို့ရပြီလေ"

မက်ထရီရိုနာကို ကျွန်တော် ကြည့်လိုက်သည်။ သူမဟာ ကြံ့ခိုင်ဆဲ၊ သန်မာနုပျိုသော အမျိုးသမီးကြီးတစ်ဦး။

ဒါပေမဲ့ ရုတ်ခြည်းပင် သူမတစ်ကိုယ်လုံး အသားအရေတွေ ရှုံ့တွသွား သည်ဟု ကျွန်တော် မျက်ဝါးထင်ထင် တွေ့ လိုက်ရသည်။ ဘာကြောင့်ရယ် ကျွန်တော် မသိ။ အခန်းတစ်ခန်းလုံးသည်လည်း သူမကဲ့သို့ ရင့်ရော်ကာ အိုမင်းသွားသည်။ မျက်နှာကြက်နှင့် နံရံများ ကွာကျလာ၏။ အရာရာတိုင်း၏

အရောင် အဆင်းတို့ မှေးမှိန်ဆုတ်ယုတ်သွားသည်။ ပင့်ကူမျှင်များက ပို၍ တိုးလာ၏။

ပြတင်းမှတစ်ဆင့် အပြင်ဘက် ကျွန်တော် ကြည့်လိုက်တော့ မျက်နှာချင်းဆိုင်က အိမ်သည်လည်း မှုန်မှုန်မှိုင်းမှိုင်း၊ တိုင်တွေက အင်္ဂတေတွေကွာ ကျ၊ နဖူးစည်းတန်းတွေမှာ အက်ကွဲကြောင်းတွေ အပြည့်ဖြစ်လာ။ အဝါရင့် နံရံတွေ အညိုရောင် ပြောင်းလဲသွား။

တစ်ခဏမျှ လျှပ်ပြက်လိုက်သော အလင်းတန်းလေးတစ်ခု မိုးတိမ်အုပ်ကြား ပျောက်ကွယ်သွားသည်။ အရာရာတိုင်း တစ်ခါပြန်၍ မှောင်ကြီးကျသွားပြန်တော့သည်။ သို့တည်းမဟုတ် ကြေကွဲဖွယ်ဖြင့် မြုံနေသော ကျွန်တော်၏ အနာဂတ်က မျက်စိရှေ့မှာပင် ကိုယ်ထင်ပြလိုက်ခြင်းလား။

အဖော်မဲ့စွာ ကုန်ဆုံးသွားသော ကျွန်တော်၏ ဘဝနှစ်များ၊ အခန်းကျဉ်းလေး၊ အသိသစ်နည်းနည်းကလေးမှ ရှိမလာခဲ့သော မက်ထရီရိုနာ၊ ပြီးတော့ ကျွန်တော်၏ ဒဏ်ရာများစွာ။ ယခုမှပင် မျက်ဝါးထင်ထင် ကျွန်တော် ကိုယ်တိုင်တွေ့ လိုက်ရခြင်းလား။

ရင်တွင်းက နာကျင်မှုကို သတိရလိုက်သည်။

"နာတာကာ"

ကြည်လင်သန့်စင်နေတဲ့ မင်းလေးရဲ့ မိုးကောင်းကင်မှာ ကျွန်တော့်ရဲ့ တိမ်မည်းညိုတွေ ကင်းစင်စေရမှာပါ။ မင်းလေးကို ဘယ်အခါမှ အပြစ်မတင် ပါဘူး။ ဝမ်းနည်းကြေကွဲစရာ အပြစ်မကင်းတဲ့ ဝေဒနာတွေကိုလည်း မပေးပါ ဘူးကွယ်။

ချစ်သူနဲ့တွဲပြီး ဘုရားကျောင်းဆီ လျှောက်သွားတဲ့အခါ မင်းလေးရဲ့ ဆံနွယ်နက်မှာ ပန်ထားမယ့် နုနယ်တဲ့ပန်းလေးတစ်ပွင့်ကို ကျွန်တော် ဘယ်တော့မှ နင်းချေမှာမဟုတ်ပါဘူး။ အဖော်မဲ့နှလုံးသားဆီ ပျော်ရွှင်စွာနဲ့ ချမ်းသာသုခတွေ ပေးလိုက်တဲ့ တစ်ခဏအတွက်တော့ မင်းလေးကို ကောင်းခြင်းမင်္ဂလာတွေ ရှိပါစေ။

ဒါပေမဲ့ နာတာကာရေ- အခိုက်အတန့် ချမ်းသာသုခလေးဟာ ဘာကြောင့်များ တစ်ဘဝလုံးအတွက် မလုံလောက်ရတာလဲကွယ်...။

※

The Dream of A Ridiculous Man

ဒါကို အိပ်မက်လို့ ခေါ်လိုက်ပါ။ ဒါမှမဟုတ် အိပ်မက်မဟုတ် ဘူးလို့လည်း ပြောချင်ပြောပါ။ ဒါပေမဲ့ အရာအားလုံးဟာ တစ်ထေရာတည်းတော့ မဖြစ်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ တစ်ခုခုကြောင့်ပဲ၊ အဲ့တစ်ခုခုဆိုတာလည်း အိပ်မက်ထဲမှာ တောင် မဖြစ်နိုင်လောက်အောင် ကြောက်စရာ လန့်စရာ ဖြစ်ခဲ့လို့ပဲ။

သူတော်စင်ရှး

ကျုပ်ကို သိပ်ရယ်ဖို့ကောင်းတဲ့လူတဲ့၊ ပြီးတော့ ရှးနေတာတဲ့။ သူတို့အတွက် ကျုပ်ဟာ ရယ်စရာကောင်းရုံသက်သက် မဟုတ်ဘူးဆိုရင်တော့ ဒီလိုခေါ်လိုက်တာ ကျုပ်ကို ဂုဏ်တင်ပေးလိုက် တာပဲလေ။ အခုတော့လည်း ကျုပ်ကိုကြည့်ပြီး ရယ်နေကြရင်တောင် ကျုပ်ဘက်က ကောင်းကောင်းမွန်မွန် နဲ့ ဆက်ဆံလိုက်ပါတယ်။ တကယ်တော့ ဒီလို ကျုပ်ကိုကြည့်ပြီး ရယ်နေတယ် ဆိုတာကိုက ထူးထူးခြားခြား ခင်မင်တဲ့သဘောပဲ မဟုတ်လား။ ဒီတော့ ကျုပ်လည်း သူတို့နဲ့အတူ ရောရယ်လိုက်တာတော့ပေါ့။ ကိုယ့်အဖြစ်ကို ကိုယ်ကြည့်ပြီး ရယ်တာမျိုးတော့ မဟုတ်ဘူးနော်။ အမှန်တရားဆိုတာကို ဒင်းတို့တွေ မသိရလေခြင်းဆိုပြီး ဝမ်းနည်းလို့ ရယ်မိတာပါ။

"ကျုပ်လား၊ ဟာ ... သိပ်သိပေါ့"

အမှန်ကို တစ်ယောက်တည်း သိရသူအတွက် ဘယ်လောက်များ ပင်ပန်းလိုက်မလဲ။ "ဗျာ" ဒင်းတို့လား တစ်ယောက်ဆို တစ်ယောက်မှ နားမလည်ကြပါဘူး။ ကျုပ်ဟာ လူရယ်စရာဖြစ်နေတယ် ဆိုတာကတော့ တော်တော် စိတ်အနှောင့်အယှက်ဖြစ် မိတယ်။ တကယ်က ကျုပ်ဟာ ရယ်စရာပုံပေါက်နေတာ မဟုတ်ဘူး။ လူတွေအတွက် ကျုပ်ဟာ ရယ်စရာကို ကောင်းနေတာပဲ။ ဒီလိုဖြစ်လာတာလည်း ကျုပ်မွေးကတည်းက ထင်တာ ပဲလေ။ ဒါပေမဲ့ မှတ်မှတ်ရရ သတိထားမိခဲ့တာတော့ အသက် ၇ နှစ်သား လောက်ကဆိုပါတော့၊ ဒီလိုနဲ့ အထက်တန်းအောင်ပြီး တက္ကသိုလ်ကို ရောက် ခဲ့တယ်။

အဲ... ဒီတော့ ဘာဖြစ်တယ်မှတ်လဲ၊ တက္ကသိုလ်ကျောင်းတော်ကြီးမှာ စာတွေကို ပိုပြီး လေ့လာမိလေလေ ကျုပ်ဟာ ရယ်စရာကောင်းတဲ့လူဆိုတာ ပိုပြီး သဘောပေါက်လာတယ်။ ကျုပ် နားလည်သလောက် ပြောရရင်တော့ ဗျာကျမ်းအစောင်စောင်ကို မွှေနှောက် ချောက်ချားလာနိုင်လေလေ ဒီပညာ ရပ်တွေရဲ့ အန္တိမအနက်ဖွင့်ဆိုချက်က ဘယ်လိုအဓိပ္ပာယ်ထွက်သလဲ သိလား၊ ကျုပ်ဟာ တော်တော်ကြောင်စိစိ နိုင်တဲ့ ငနဲပဲတဲ့။ လက်တွေ့ ဘဝကလည်း ကျုပ်ကို ဒီလိုပဲသင်ကြားတယ်၊ ဒီလိုနဲ့ နှစ်တွေကြာလာတာနဲ့အမျှ ကျုပ်ဘဝရဲ့ မျက်နှာပြင်တိုင်းမှာ ကြောင်စိစိနိုင်တဲ့ အတွေးတွေသာ တဖြည်းဖြည်း ကြီး ထွားလာခဲ့တယ်။

ဘဝတစ်လျှောက်လုံးလည်း လူတိုင်းရဲ့ ရယ်စရာ လှောင်စရာဖြစ်လာ

ခဲ့တယ်။ ဒါပေမဲ့ဗျာ၊ ခက်နေတာက ကျုပ်ကို လှောင်နေတဲ့လူ တစ်ယောက် တလေမှ ကျုပ်ဟာ ဘယ်လိုကြောင့် ရယ်စရာကောင်းနေရတယ်ဆိုတာ မသိကြတာပဲ။ နည်းလည်းလေးတောင် မရိပ်မိကြဘူး။ ဒီကိစ္စဟာ ကျုပ် အတွက်တော့ အကြီးအကျယ် ထိခိုက်နစ်နာမှုတစ်ခုပဲ။ ဒါလည်း ကျုပ်အပြစ် မဲ ထားလိုက်ပါတော့။ ဒါပေမဲ့ ဒီအ ပြစ်ကိုတော့ ကျုပ်ဘက်က ဘယ်တော့မှ ဝန်ခံလိမ့်မယ်မထင်နဲ့။ ဒါမျိုးကတော့ ကျုပ်က မာနကြီးသားလား။ အေးလေ၊ ဒီမာနကပဲ ကျုပ်ကို လောင်မြိုက်ခဲ့တာပဲ။ ဒီအကြောင်းတွေကိုလည်း တစ် ယောက်ယောက်ကို ဝန်ခံလိုက်ဖို့ ကိုယ့်ကိုယ်ကိုယ် ခွင့်ပြုလိုက်ကြည့်ပါလား။ သေချာတယ်ဗျာ၊ အဲ့ဒီညမှာပဲ ကျုပ်ခေါင်းကို ကျုပ် ရိုက်ခွဲပစ်မိလိမ့်မယ်။ ငယ်ငယ်တုန်းကဆိုရင် အပေါင်းအသင်းတစ်ယောက်ယောက်ကို ဒီအကြောင်း တွေ ဝန်ခံလိုက်မိမှာ အမြဲ ကြောက်လန့်နေမိတယ်။ အသက်ကြီးလာတော့ လည်း ဒီစိတ်နဲ့ပဲ နေ့စဉ်နဲ့အမျှ စိတ်ထောင်းကိုယ်ကျေ ဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ အကြောင်းကြောင်းတွေကြောင့်ပဲ ဝန်မခံဖြစ်ခဲ့ဘူး။ ထပ်ပြောမယ်ဗျာ၊ အကြောင်းကြောင်းတွေကြောင့်၊ ဘာကြောင့်လဲ ကျုပ်ကို တိကျတဲ့ ရှင်းလင်း ချက်မပေးနိုင်ခဲ့တဲ့ နေ့တစ်နေ့ကြောင့်ပဲ ဆိုပါတော့။

နောက်တစ်ခုကလည်း ကမ္ဘာလောကကြီးမှာ ထူးထူးခြားခြားကိစ္စ ဆိုလို့ ဘာတစ်ခုမှ ဟုတ်တိပတ်တိ ရှိလှတယ်မထင်ဘူးလို့ ခိုင်ခိုင်မာ ဆုံး ဖြတ်ထားတဲ့ ကျုပ်ရဲ့ ယုံကြည်ချက်ကြောင့်လည်း ဖြစ်နိုင်တယ်။ ဒါကို ကျုပ် သံသယဖြစ်နေတာ ကြာပြီ။ ဒါပေမဲ့ ပြီးခဲ့တဲ့နှစ်ကမှ သေသေချာချာ သဘော ပေါက်လိုက်မိတယ်။ ကမ္ဘာကြီး ရှိရှိ၊ မရှိရှိ ကျုပ်အဖို့ ဘာမှမထူးခြားဘူးလို့ ခံစားလိုက်ရတယ်။ အသက်ရှင်နေပေမယ့် ကျုပ်ရဲ့ တည်ရှိမှုဟာ ဘာမှပြောင်း လဲမသွားဘူးလို့လည်း ထင်လိုက်မိတယ်။ ပထမတော့ ဖြေရှင်းရမယ့်ကိစ္စတွေ တစ်ပုံတစ်ပင်ကြီးပဲလို့ တွေးမိသား။

နောက်တော့လည်း ဒါတွေဟာ မျက်စိမှောက်တဲ့ကိစ္စ၊ ထင်ယောင် ထင်မှား ကိစ္စတွေပဲဆိုတာ သဘောပေါက်လာတယ်။ ရှေ့လျှောက်လည်း ဘာမှဖြစ်လာမှာ မဟုတ်ဘူးဆိုတဲ့ အဖြေပဲရတယ်။ အဲဒီအချိန်ကစပြီး လူ တွေကိုလည်း စိတ်မဆိုးတော့ဘူး၊ ဂရုလည်း မစိုက်တော့ဘူး။ အဲ့ဒီလို ကျုပ် ရဲ့ ပြောင်းလဲမှုဟာ သေးသေးမွှားမွှားကိစ္စလေးတွေမှာတောင် သိသာလာတယ်။

ဥပမာ- လမ်းပေါ်လျှောက်သွားတဲ့အခါမှာ လမ်းပေါ်က လူတစ်ယောက် ယောက်နဲ့ တိုက်မိသလိုပေါ့။ ဘယ်သူ့ကိုမှလည်း အရေးမလုပ်ချင်တော့ဘူး။ အဲ့ဒီအချိန်မှာ ကျုပ်ဟာ ဘာအတွက်များ စဉ်းစားနေရဦးမှာလဲ။ အတွေးထဲ မှာလည်း နှစ်မြုပ်မနေဘူး။ ဘာတစ်ခုမှလည်း စဉ်းစားမနေဘူး။ ပြဿနာ အားလုံး သူ့ဘာသာ လွင့်ပျောက်သွားလိမ့်မယ်။

ဒါပေမဲ့ အမှန်တရားကို သိလိုက်တာကတော့ နောက်ပိုင်းကျမှ ဆိုပါ တော့။

တိတိကျကျပြောရရင် နိုဝင်ဘာလ ၃ ရက်ပဲ။ ဟုတ်တယ် သုံးရက်။ အမှန်တရားကို အဲဒီနေ့မှာ သိရတော့တာပဲ။ အဲဒီကတည်းက ကျုပ်ဘဝရဲ့ ခဏတိုင်း ခဏတိုင်းကို သတိရနေမိတယ်။ ညဟာလည်း ပိန်းပိတ်လို့ မှောင် နေတဲ့အချိန်ပေါ့။ ဒီလောက်မှောင်တဲ့ညမျိုး မကြုံဖူးပေါင်လို့တောင် တွေးမိသေးတယ်။ တစ်နေ့လုံး မှောင်မှောင်မည်းမည်းနဲ့ မိုးတွေ ရွာနေလိုက်တာ၊ ချမ်းလိုက်တာလည်း လွန်ရော။ နိမိတ်မကောင်းတဲ့မိုးကြီး အငြိုးကြီးနဲ့များ ရွာနေသလားလို့တောင် အောက်မေ့မိတယ်။ ဆယ်နာရီကျော်ကျော်လောက် ကျတော့ ရုတ်တရက် မိုးတိတ်သွားတယ်။ မြောင်းကြိုမြောင်းကြားထဲကနေ ရေတွေပြည့်ပြီး ဒလဟော လျှံထွက်လာတယ်။

စိုထိုင်းထိုင်းကြီးနဲ့ မိုးရွာနေတုန်းကထက်တောင် ပိုချမ်းလာသလိုပဲ။ အခုချိန် မီးပျက်သွားရင် သိပ်ကောင်းမှာပဲလို့တောင် စိတ်ရှုးပေါက်ပေါက် နဲ့ စဉ်းစားမိသေးတယ်။ ဘာကြောင့်လဲ သိလား။ မီးရောင်ထဲမှာဆိုရင် ဒီလိုကြေကွဲစရာကောင်းတဲ့ အရာဝတ္ထုတွေကို မြင်နေရလို့ပဲ။ အဲဒီနေ့က ညစာ လုံးလုံး မစားမိဘူး၊ နေ့လယ်ကတည်းက ကျုပ်အသိ အင်ဂျင်နီယာတစ်ယောက်နဲ့အတူ ရှိနေခဲ့တယ်။ သူ့အသိတစ်ယောက်လည်း ပါသေးတယ်။ သူတို့ကတော့ တစ်ခုခုကို လက်သီးလက်မောင်းတန်းပြီး ဆွေးနွေးနေကြတယ်။ ဘာတစ်လုံးမှ ကျုပ် ဝင်မပြောမိဘူး။ သူတို့ကိုကြည့်ပြီးတော့ ကျုပ်လည်း ငြီးစီစီဖြစ်လာတယ်။ နောက်တော့ သူတို့တွေ ပေါက်ကွဲကုန်ကြပါလေရော ဗျာ။ နောက်ဆုံး ကျုပ်က မနေနိုင်တော့တာနဲ့ "ကဲ... လူကြီးမင်းတို့ လူကြီးမင်းတို့ တကယ်ပဲ သတိလေးဘာလေးတောင် မရှိကြတော့ဘူးလားဗျာ၊ ကျုပ် ကို ပြောကြစမ်းပါ"

ဟောဗျာ .. ပြောလိုက်တော့မှပဲ ဒင်းတို့က ကျုပ်ကိုကြည့်ပြီး ရယ် နေကြပြန်ပြီ။ တစ်ခွန်းမှတော့ ပြန်မပြောကြဘူး။ ကျုပ်ပြောလိုက်တဲ့ပုံက သူတို့ကို အပြစ်တင်သလို မပြောလို့တဲ့ဗျာ။ ဒါကို ဒင်းတို့က ရယ်နေတာတဲ့။ ကျုပ်ကတော့ ရိုးရိုးသားသား ပြောလိုက်တာပဲလေ။ ဘယ်လိုပဲပြောပြော ပါ၊ ကျုပ်အတွက်တော့ မထူးပါဘူး။ သူတို့ကို အပြစ်မတင်ရကောင်းလား ဆိုပြီး ကျုပ်ကိုရယ်နေကြတယ်။ အိမ်ပြန်လာတော့ လျှပ်စစ်မီးတွေအကြောင်း ကို တွေးလာမိသေးတယ်။ ကောင်းကင်ကြီးကိုလည်း မော့ကြည့်မိတယ်။ ကောင်းကင်တစ်ခုလုံးလည်း မည်းမှောင်ပြီးနေလိုက်တာ၊ လက်နှီးစုတ်နဲ့ တူတဲ့ တိမ်တွေဟာ လွင့်မျောနေတယ်၊ ပြတ်တောက်နေတဲ့ တိမ်တွေကြားထဲ က သိမ်သိမ်ငယ်ငယ်နဲ့ လင်းနေရှာတဲ့ ကြယ်လေးတစ်လုံးကိုလည်း တွေ့ လိုက်ရတယ်။ ကျုပ်ခြေလှမ်းတွေ ရပ်သွားတယ်လေ။ အတွေးတစ်ခုလည်း ခေါင်းထဲရောက်လာတယ်။

"ကျုပ်ကိုယ်ကျုပ် ဒီည ကိစ္စတုံးပစ်ရရင် ကောင်းမလား" ဒီအတွက်

ပြင်ဆင်နေခဲ့တာ နှစ်လလောက် ရှိသွားပြီ။ ဆင်းရဲပေမယ့် ရှိစုမဲ့စုလေးထဲ ကပဲ ခြောက်လုံးပြူးတစ်လက် ဝယ်ထားခဲ့တယ်။ ဝယ်တဲ့နေ့မှာပဲ ကျည်ကိုလည်း ဖြည့်ထားလိုက်တယ်။ အခုဆို နှစ်လကျော်သွားပြီ။ သေနတ်ကတော့ အံဆွဲထဲမှာ ဒီအတိုင်းပါပဲ။ ဘယ်အချိန်မှာ ကျုပ်ကိုယ်ကျုပ် ကိစ္စတုံးပစ်ရရင် ကောင်းမလဲဆိုတာလည်း ရွေးချင်သေးတယ်လေ။ ဘာကြောင့်လည်းဆိုတာတော့ ကျုပ် မသိဘူး။ ညတိုင်း ဒီအတွေးတွေနဲ့ အိမ်ပြန်ရောက်လာတယ်။

အချိန်ကောင်းကိုလည်း စောင့်နေခဲ့တယ်။

"ကဲ ... ဒီညတော့ သေမိန့်ကျပြီ"

ဘာကြောင့်လဲတော့ မသိဘူး၊ ကျုပ်ရဲ့သေမိန့်ကို ကြယ်hannon က ပေးလိုက်တာပဲ။ ကောင်းကင်ကြီးကို မော့ကြည့်နေတုန်းမှာ နောက်က ချာတိတ်မလေးတစ်ယောက် ကျုပ်လက်ကို လာကုတ်တယ်။ လမ်းတစ် လျှောက်လုံးလည်း လူသူကင်းမဲ့နေလိုက်တာ တစ္ဆေ၊ သရဲတစ်ကောင်တောင် ရှိမှာ မဟုတ်ဘူး။ ဟိုးခပ်ဝေးဝေးမှာတော့ မြင်းလှည်းတစ်စီး ရပ်ထားတယ်။

လှည်းဆရာလည်း လှည်းထဲမှာ ငိုက်နေလေရဲ့။ ချာတိတ်မလေး ကြည့်ရတာ ရှစ်နှစ်လောက်ရှိမယ်ထင်တာပဲ။ သူလေး အဝတ်အစားတွေဟာ စုတ်ပြတ်ပြီး တစ်ကိုယ်လုံးလည်း မိုးရေတွေ ရွှဲရွှဲနစ်နေလိုက်တာ၊ စုတ်ပြတ် နေတဲ့ သူ့ရဲ့ ဖိနပ်လေးကိုတောင် သတိထားလိုက်မိသေးတယ်။ ကျုပ်လက် ကို ကုတ်ကုတ်ပြီး အော်ငိုနေတယ်။ တုန်တုန်ယင်ယင်နဲ့ အဖျားတက်နေတဲ့ လူလိုပဲ။ ဘာတွေပြောနေမှန်းလည်း မသိပါဘူးဗျာ။

ဗလုံးဗထွေးနဲ့ အမေ"၊ "အမေ" လို့တော့ ပြောသံကြားလိုက်ရတယ်။ တစ်ချက်တော့ ငုံ့ကြည့်မိသေးတယ်။ ဒါပေမဲ့ ဘာတစ်ခွန်းမှ မပြော မိလိုက်ဘူး။ ကိုယ့်လမ်းကိုယ်ပဲ ဆက်လျှောက်လာတယ်။ ကလေးမလေးဟာ တစာစာ အော်ငိုပြီး နောက်က လိုက်နေတော့တာပဲ။ သူလေးရဲ့အသံဟာ အတော့်ကို ဆိုးဆိုးဝါးဝါးနိုင်ပြီး မျှော်လင့်ရာမဲ့နေတဲ့ အသံမျိုး။ အသံတွေဟာ ကစဥ့်ကလျားဖြစ်နေပေမယ့် ကျုပ်ကောင်းကောင်း သဘောပေါက်လိုက်တာက ဒီကလေးရဲ့အမေဟာ သေအံ့မူးမူးနဲ့ တစ်နေရာရာမှာ ပစ်လဲနေတယ်။ ဒီအတွက် သူလေးဟာ တစ်ယောက်ယောက်ဆီက အကူအညီရဖို့လမ်းမပေါ် ပြေးထွက်လာတယ်ဆိုတာပဲ။ ကျုပ်က ကောင်မလေးကို ပုလိပ်တစ်ယောက်ရှာပြီး လိုချင်တဲ့အကူအညီ တောင်းဖို့နဲ့ ကျုပ်နောက်ကို ဆက်မလိုက်ဖို့လောက် ပြောပြီး ဟောက်" ထုတ်လိုက်တယ်။ ကျုပ်ကတော့ သူလေးခေါ်တဲ့ဆီကို လိုက်မသွားပါဘူး။ ဒါပေမဲ့ ချာတိတ်မလေးက လက်ပိုက်ပြီး တအီအီငိုရင်း ကျုပ်နောက်ကိုပဲ ဆက်လိုက်နေပြန်တယ်။ ကြာလာတော့ ကျုပ်လည်း ဒေါသထွက်လာတာနဲ့ ကလေးမကို

ဆောင့်ကန်ပစ်လိုက်တယ်။ ဒီတော့မှ ကောင်မ လေးဟာ ငိုပြီး လမ်းတစ်ဖက်ကို ထွက်ပြေးသွားတော့တယ်။

ကျုပ်ရဲ့အခန်းလေးဆီ ပြန်ရောက်လာတယ်။ ဒီအခန်းကို ကျုပ်က ငှားနေတာလေ။ အခန်းကတော့ ကျဉ်းကျုတ်ကျုတ်ပဲ။ ပရိဘောဂကတော့ ကုလားထိုင်နှစ်လုံး၊ စားပွဲတစ်လုံးနဲ့ ကိုယ်ပိုင်စာအုပ် နည်းနည်းရှိတယ်။ တော်တော်ဟောင်းနေတဲ့ ပက်လက်ကုလားထိုင်တစ်လုံးလည်း ရှိသေးတယ်။ ဖယောင်းတိုင်ကို မီးညှိပြီး ကုလားထိုင်မှာထိုင်ချလိုက်တယ်။ ပြီးတော့ ဘာ မှ မစဉ်းစားဘဲနေလိုက်တယ်။ ကျုပ်နဲ့ ဘေးချင်းကပ်နေတဲ့အခန်းက တကယ့် ကို အရှုးတွေနေတဲ့အခန်း၊ အဲဒီမှာ ငှားနေတာက အဘိုးကြီးတစ်ယောက်၊ သူ့အခန်းမှာ ညှော်သည်လေးငါးယောက် အမြဲရှိတယ်။ အရက်သောက်လိုက်၊ ဖဲရိုက်လိုက်၊ တစ်ယောက်နဲ့တစ်ယောက် ထိုးလိုက်ကြ၊ ကြိတ်လိုက်ကြနဲ့ အိမ်ရှင်အဘွားကြီးကဆိုရင် ဟိုတိုင် ဒီတိုင်လုပ်ချင်တယ်။ ဒါပေမဲ့ အဘိုးကြီး ကလည်း ကြောက်ရသေးတယ်။ အခြားတစ်ဖက်ခန်းကတော့ အရာရှိတစ် ယောက်ရဲ့ မိန်းမ၊ ကလေးငယ်ငယ် သုံးယောက်လည်းပါတယ်။ ဒီမြို့ကို ပြောင်းလာတာလည်း မကြာသေးပါဘူး၊ လူသစ်ပါပဲ။ သူတို့လည်း အဲဒီအဘိုး ကြီးကို အရမ်းကြောက်ကြတယ်။ အဲဒီမိန်းမဆို ညတိုင်း ဘုရားစာတွေ ရွတ် ရွတ်နေတော့တာပဲ။ အဘိုးကြီးဆိုတာကလည်း ဟိုလူ့မိတ်ဖွဲ့၊ ဒီလူ့မိတ်ဖွဲ့ ပြီးရင် ပိုက်ဆံတောင်းမယ်၊ ထူးဆန်းတာက သူ့မှာ အလုပ်မရှိ ပေမယ့် ဒီမှာ တစ်လျှောက်လုံး နေနိုင်တာပဲ။

ကျုပ်ကိုတော့ ဒီလူ ဘယ်တော့မှ စိတ်မဝင်စားပါဘူး။ ကျုပ်ကလည်း အစကတည်းက ခပ်ရှင်းရှင်းပဲ နေတယ်။ သူလည်း စဉ်းစားပါလိမ့်မယ်။ ကျုပ်လိုလူနဲ့ မိတ်ဆွေဖြစ်ရင် သူ့အတွက် အတော်ပျင်းစရာကောင်းနေမယ် ဆိုတာ။ ကဲပါလေ … ဒါတွေဟာ ကျုပ်ကိစ္စ မဟုတ်ပါဘူး။ ဒါပေမဲ့ ခင်ဗျား သိပါတယ်။ ကျုပ် အိပ်လို့မရဘူး။ ဒီလိုဖြစ်နေတာ အခုဆိုရင် တစ်နှစ်လောက် ရှိရော့မယ်။ ညည ပက်လက်ကုလားထိုင်မှာပဲ ထိုင်ပြီးနေရတယ်။ ဘာတစ်ခု မှလည်း မလုပ်မိဘူး၊ စာတွေ ဘာတွေဖတ်ရင်လည်း နေ့ဘက်ကျမှပဲ ဖတ် ဖြစ်တော့တယ်။

ညစဉ် ဖယောင်းတိုင်တွေကတော့ လောင်ကျွမ်း ပြာကျသွားကြလေရဲ့။ စားပွဲပေါ်မှာ ခြောက်လုံးပြူးကို တင်ထားလိုက်ပြီး ငြိမ်ငြိမ်ဆိတ်ဆိတ်ပဲ ထိုင်နေမိတယ်။ ကျုပ်ကိုယ်ကျုပ်လည်း သေချာအောင် ပြန်မေးရသေးတယ်။

"ဟကောင် မင်းဟာက သေချာရဲ့လား"

"အို … ဟိုဘက်တောင် လွန်သေးတယ်"

ဒီလို ခိုင်ခိုင်မာမာပဲ ဖြေလိုက်မိတယ်၊ တကယ်ပါ။ ဒီည ကျုပ်ကိုယ် ကျုပ်

တကယ့်ကို ကိစ္စတုံးပစ်ဖို့ပဲ။ ဒါပေမဲ့ စားပွဲရှေ့မှာ ဘယ်လောက်ကြာ ကြာ ထိုင်နေသလဲတော့ မသိဘူး။ အဲဒီ ချာတိတ်မလေးနဲ့သာ မတွေ့ မိဘူး ဆိုရင် ကျုပ်ကိုယ်ကျုပ် တစ်ခါတည်း ကိစ္စတုံးပစ်မိမှာပါပဲ။

ဒါ ဘယ်လိုလဲဆိုတာ ခင်ဗျား သိပါတယ်။ ကျုပ်ဟာ ဘာကိုမှ ဂရု မစိုက်ဘူး ဆိုပေမယ့် ခံစားလွယ်နေသေးတယ် ဆိုတဲ့သဘောပဲ။ ဥပမာဗျာ၊ တစ်ယောက်ယောက်က ကျုပ်ကို ရိုက်လိုက်တဲ့အခါ ကျုပ်ဟာ နာတယ်ဆိုတဲ့ ဝေဒနာကို ခံစားရသလိုပဲ။ စိတ်ဘဝထဲမှာလည်း ပျော်စရာတွေ့ရင် ပျော်ပြီး၊ လွမ်းစရာတွေ့ရင် လွမ်းမိမှာပဲ။ ဘဝမှာ ဂရုစိုက်စရာ ဘာတစ်ခုမှ မရှိတော့ဘူးဆိုတဲ့ အတွေးကို မတွေးမိသေးတဲ့အချိန်ကလို ကျုပ်ရင်ထဲမှာ သနားနေ မိတယ်။ တကယ်ဆို အဲဒီမိန်းကလေးကို ကူညီလိုက်ဖို့ ကောင်းတယ်။ ဒါဆို ရင် ကျုပ်က ဘာလို့ မကူညီခဲ့တာလဲ၊ ဟုတ်တယ်။ မကူညီခဲ့ဘူး။ ဘာလို့လဲ ဆိုတော့ အဲဒီအချိန်မှာ ခေါင်းထဲရောက်လာတဲ့ မေးခွန်းတစ်ခုကြောင့်ပဲ။ မေးခွန်းကတော့ တော်တော် ကြောင်စီစီနိုင်ပါတယ်။ ဒါပေမဲ့ ကျုပ် ဘယ်လိုမှ အဖြေမပေးနိုင်ခဲ့ဘူး။ ဒေါကန်လာတယ်။ ဘယ်လိုလဲဗျာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်ဖို့ ဆုံးဖြတ်ခဲ့တဲ့လူအဖို့ လောကကြီးထဲက အရာရာတိုင်းဟာ ဘာတစ်ခုမှ အရေးမကြီးဘူး။ အတူတူပဲလို့ သဘောထားသင့်တာပေါ့။ ဒါဆိုရင် ဒီအတိုင်း ဘာလို့ကျုပ်က သဘောမထားနိုင်ရမှာလဲ။ ဒီကလေးမလေး ကိုလည်း ဘာလို့ သနားနေရတာလဲ။ ဒါပေမဲ့ တကယ်ပဲ ကျုပ် သနားမိနေ တယ်။ ဒီစိတ်က ရင်ထဲမှာနာကျင်နေတယ်။ ကျုပ် အခြေနေနဲ့ဆိုရင် ဒါဟာ ဘယ်လိုမှ ယုံနိုင်စရာမရှိဘူး။ အိမ်ပြန်ရောက်တဲ့အထိ ရင်ထဲမှာ ခံစားနေရ တုန်းပဲ။ ဟုတ်တယ်၊ ကျုပ်ဟာ လူတစ်ယောက်အဖြစ် တည်ရှိနေဆဲဆိုရင် သုညတစ်လုံးတော့ မဖြစ်နိုင်ဘူး။ ဒါဟာ သိပ်ကိုသေချာတယ်။ အဲဒီလို ကျုပ် က ဆင်ခြင်ကြည့်တယ်။ သုညဘဝ မပြောင်းလဲသမျှ ကျုပ်ဟာ အသက်ရှင်နေသေးတယ်။ ဒါကြောင့် ခံစားနိုင်တယ်။ ဒေါသဖြစ်နိုင်တယ်။ ကိုယ့်အပြုအမူ ကိုလည်း ကိုယ်ရှက်နေသေးတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် မောင်းဖြုတ်ပြီး ကိစ္စတုံးပစ်မယ်ဆိုရင်တော့ ချာတိတ်မလေးနဲ့ ကျုပ် ဘယ်လိုမှ ပတ်သက်စရာ မရှိဘူး။ ဒီကိစ္စအတွက် လောကထဲက တစ်ခုတလေကို ရှက်နေရတဲ့အတွေး တွေ ကျုပ်မှာ ရှိနိုင်ဦးမှာလား။ ကျုပ်ဟာ အကြွင်းမဲ့သုညဘဝကို မကြာခင် ရောက်တော့မယ့်လူ။ ဒီလို စက်ဆုပ်စရာကောင်းတဲ့အမှုကို ကျူးလွန်လိုက် လို့ ရှက်စရာဖြစ်နေရတာတွေ၊ ချာတိတ်မလေးကို သနားမိခဲ့တာတွေဟာ ကိုယ့်ရဲ့တည်ရှိမှုကို မကြာခင် အပြီးအပိုင် ဖျက်သိမ်းပစ်တော့မယ်ဆိုတဲ့အသိ။ အရာအားလုံးရဲ့ တည်ရှိခြင်းဟာလည်း မကြာခင် ပြီးဆုံးသွားတော့မယ်ဆိုတဲ့ အသိတွေက ဖုံးလွှမ်း အနိုင်ယူသွားကြလိမ့်မယ်။ ဒါကြောင့် ချာတိတ်မလေး ကို အော်ငေါက်ပြီး ဆောင့်ကန်လိုက်တုန်းက ဒီလိုတောင်ပြောလိုက်ဖို့ ကောင်း တယ်။

"ဟော့ … ဒီမှာ နှမ်းတစ်စေ့တောင်မှ မသနားဘူး မှတ်၊ ငါက ဘာကို သနားရမှာလဲ၊ ခုချိန်မှာ ဒီထက်မက စုတ်ပဲ့တဲ့၊ ရွံစရာကောင်းတဲ့ ရာဇဝတ် မှုကြီးတွေကို ကျူးလွန်မိရင်တောင် မှန်တယ်၊ ငါ မှန်တယ်၊ ဘာဖြစ်လို့လဲ သိလား၊ နောက်နှစ်နာရီလောက်ကြာရင် အစစအရာရာအားလုံးဟာ ပျောက် ကွယ်သွားတော့မှာမို့ပဲ"

ဒါကြောင့် ချာတိတ်မလေးကို ကျုပ် အော်ငေါက်ပစ်လိုက်တယ်ဆို ရင် ခင်ဗျားယုံမလား။ ကျုပ်ဘက်ကတော့ သေချာတယ်ဗျာ။ ဘဝတစ်ခုလုံး ကမ္ဘာလောကကြီးတစ်ခုလုံးဟာ ကျုပ်ရဲ့ စိတ်ကူးတွေပေါ်မှာ မူတည်နေ တယ်။ ကျုပ်စိတ်ကူးတွေရဲ့ လက်ခုပ်ထဲကရေဖြစ်နေပြီဆိုပါတော့။ ကမ္ဘာ ကြီးတစ်ခုလုံးဟာ ကျုပ်အတွက် သီးသန့်ရှိနေတယ်လို့တောင် ပြောရဲတယ်။ ကျုပ်ကိုယ်ကျုပ် မောင်းဖြုတ်လိုက်တာနဲ့ ကမ္ဘာကြီးတစ်ခုလုံး ပျောက်သွား တော့မယ်။ တစ်ကောင်တစ်မြီး၊ တစ်ခုတလေမှ ကျုပ်အတွက် ကျန်ခဲ့မှာ မဟုတ်ဘူး။ ကျုပ်ရဲ့သိစိတ်ဟာ ဖယောင်းတိုင်မီးလို ဖျတ်'ခနဲ ငြိမ်းသွားတာ နဲ့ ကမ္ဘာကြီးဟာလည်း တံလျှပ်တစ်ခုလို ပျောက်သွားလိမ့်မယ်။ ကျုပ်က လွဲပြီး လူတွေအားလုံးနဲ့ ကမ္ဘာကြီးဟာ အလကားပဲ။ အဲဒီလို ကိုယ်ကမေး လိုက် ကိုယ်က ဖြေလိုက်နဲ့ မေးခွန်းတွေကို တစ်ခုပြီး တစ်ခု အနုလုံပဋိလုံခြင်္ငုံ လှည့်ပတ်ဆင်ခြင်နေတုန်း နောက်ဆုံးမှာ လုံးဝ မမျှော်လင့်တဲ့ အတွေး တစ်ခုကို ဒီလိုစဉ်းစားလိုက်မိတယ်။ ဥပမာဆိုပါတော့ဗျာ၊ ကျုပ်ဟာ အခြား ဂြိုဟ်ပေါ်မှာ နေခဲ့ပြီး အဲဒီမှာ အင်မတန်စုတ်ပဲ့စရာကောင်းတဲ့ အမှုတွေကို ကျူးလွန်ခဲ့တယ် ဆိုပါတော့။ နောက်တော့ ဒီကမ္ဘာမြေပေါ် ရောက်လာပြီး ဟိုမှာ ကျူးလွန်ခဲ့တာကို ပြန်မှတ်မိနေပြန်တယ်။ ဒါပေမဲ့ အဲဒီဂြိုဟ်ပေါ်ကို တော့ ဘယ်လိုမှ ပြန်သွားလို့ မရတော့ဘူးဆိုပါတော့။ ဒီတော့ တစ်ချိန်က ယုတ်မာပက်စက်မှုတွေ ကျူးလွန်ခဲ့တဲ့ အဲဒီဂြိုဟ်ကို ဒီကမ္ဘာကနေ လှမ်းကြည့် လိုက်ပြီး ကျုပ်က ဘာကိုများ ဂရုစိုက်နေရဦးမှာလဲ။ ကိုယ် ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအတွက်ကော ရှက်နေရဦးမှာလား။ ဒါတွေဟာ ကျုပ်အတွက်တော့ အတူတူပဲ မဟုတ်လား။

သေနတ်ကို စားပွဲပေါ်မှာ တင်ထားလိုက်ကတည်းက အဲဒီမေးခွန်းတွေက ကျုပ်အတွက် ဘာမှအသုံးမဝင်တော့ပါဘူး။ ဒါပေမဲ့ ကျုပ် သိပါတယ်။ ဒီမေးခွန်းတွေကို ကျုပ် ဖြေကိုဖြေရလိမ့်မယ်။ အဲဒီအမေးတွေဟာ ကျုပ်ကို နှိပ်စက်နေတယ်၊ ရှုံးသွပ်စေတယ်။ တစ်ခုခုကို ဘာမှ ရေရေရာရာ မဆုံးဖြတ်ရ သေးဘဲနဲ့တော့ ကျုပ် မသေနိုင်သေးဘူး။ တိုတိုပြောရင်တော့ ဒီချာတိတ်မ လေးက ဖန်တီးပေးလိုက်တဲ့ မေးခွန်းတွေဟာ တေ့ဖြုတ်မယ့် ကျုပ်ရဲ့သေနတ် မောင်းကို တွန့်ဆုတ်စေခဲ့တယ်။

အဘိုးကြီး အခန်းဘက်က ဆူဆူညံညံအသံတွေဟာ တဖြည်းဖြည်း

တိတ်ဆိတ်သွားတယ်။ အဲဒီအချိန်မှာပဲ ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း ကျုပ်လည်း ရုတ်တရက် အိပ်ပျော်သွားတယ်။ အဲဒီမှာတင် ထူးဆန်းတဲ့ အိပ်မက်တစ်ခုကို မက်ခဲ့တယ်လေ။ အိပ်မက်ထဲမှာ ရုပ်ပုံလွှာတွေဟာ ထင်ရှား ပြတ်သားပြီး ကြည်ကြည်လင်လင် မြင်နေရတယ်။ အိပ်မက်ထဲမှာဆိုရင် ခင်ဗျားတို့ ကျုပ်တို့တစ်တွေဟာ အဆုံးအစမရှိတဲ့ အချိန်နဲ့ အာကာသရဲ့ အသူရာချောက်ကြီးထဲကို ဖြတ်သွားနေရသလိုပဲ။ အိပ်မက်ဆိုတာ ဆင်ခြင် ခြင်းသက်သက်နဲ့ ပေါက်ဖွားလာတာ မဟုတ်နိုင်ပါဘူး။ ဆန္ဒကပဲ ဖြစ်ပါလိမ့် မယ်၊ ဟုတ်တယ်။ နှလုံးသားက၊ ဦးခေါင်းကမဖြစ်နိုင်ဘူး။ ဒါပေမဲ့ ကျုပ် အိပ်မက်တွေထဲက ဆင်ခြင်တုံတရားတွေကတော့ ကျုပ်ကို လှည့်စားခဲ့တယ်။

ဆင်ခြင်ခြင်းနဲ့ ဘယ်လိုမှ လက်လှမ်းမမီတဲ့ အကြောင်းအရာတွေကို အိပ် မက်ထဲမှာ တွေ့ ခဲ့ရတယ်။

ကျုပ် ဘာမှမသိလိုက်ဘဲ အိပ်ပျော်သွားတယ်ဆိုတာတော့ ခင်ဗျားကို ပြောပြီးပြီနော်။ အိပ်မက်ထဲမှာ ကျုပ်ဟာ ခြောက်လုံးပြူးကို ကောက်ကိုင် လိုက်တယ်။ ပြီးတော့ ကျုပ် နားထင်တည့်တည့်ကို ချိန်ပြီး မောင်းဖြုတ်ချ လိုက်တယ်။ နောက်တစ်မိနစ်၊ နှစ်မိနစ် ကျုပ်ရှေ့က စားပွဲ၊ ဖယောင်းတိုင် နဲ့ နံရံတွေဟာ ရှေ့နောက် ယိုင်ထိုးသွားကြတယ်။ ခင်ဗျားလည်း အိပ်မက် ထဲမှာ တစ်ခါတစ်ရံ ကြုံဖူးမှာပါ။ ဟိုး... အမြင့်ကြီးကနေ ပြုတ်ကျတာမျိုး ဒါမှမဟုတ် တစ်ယောက်ယောက်က ခင်ဗျားကို အချွန်နဲ့ ထိုးလိုက်တာမျိုး ပေါ့။

အဲ... ကျုပ်အဖြစ်ကလည်း အဲဒီလိုမျိုး သေနတ်သံကြောင့် ကျုပ်တစ် ကိုယ်လုံး တုန်လှုပ်သွားတယ်။ ရုတ်တရက် အရာအားလုံးဟာ ငြိမ်သက်သွားပြီး လုံးလုံးကြီးကို မှောင်သွားတော့တာပဲ။ ကျုပ်လည်း ဆွံ့အသွားပြီး ဘာမှ မကြားရတော့ဘူး။ နည်းနည်းလေးတောင် လှုပ်လို့မရတော့ဘူး။ ပြီးတော့ အိမ်ရှင်မကြီးက စူးစူးဝါးဝါး အော်လိုက်တဲ့အသံနဲ့ အဘိုးကြီးအခန်းဘက်က အော်သံတွေ ကြားနေရတယ်။ တစ်ခါ မှောင်ကြီးကျသွားပြန်ပါရော၊ သူတို့ ကျုပ်ရဲ့အလောင်းကြီးကို သယ်သွားကြတာလဲ ကောင်းကောင်းကြီး သိနေတယ်။ ဒီလိုဖြစ်နေတဲ့အချိန်မှာ ကျုပ်ကိုယ်ကျုပ် သတိထားမိနေတာက ကျုပ်ဟာ လုံးလုံး သေဆုံးသွားခဲ့ပြီဆိုတာပဲ။ ဟုတ်တယ်၊ တကယ့်ကို ကျုပ် သေသွားပြီး။ ဘာမှလည်း မမြင်ရတော့ဘူး။ ဘယ်လိုမှလည်း လှုပ်လို့မရ ဘူး။ ဒါပေမဲ့ စဉ်းစားလို့တော့ ရနေသေးတယ်။ ဒါကို သံသယဖြစ်စရာ မလို ဘူး။ အခုဆို သူတို့ ကျုပ်ရဲ့ ခေါင်းတလားကြီးကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြ ပြီ။ ကျုပ်ကို တစ်ယောက်တည်း ထားပစ်ကြခဲ့ကြတယ်ဗျာ။ တကယ့်ကို တစ် ယောက်တည်းပါ။ မမြင်ရပေမယ့် ခံစားလို့တော့ ရနေသေးတယ်။ ခေါင်းတ လားထဲမှာ စိုစိစိကြီးနဲ့ ကျုပ်ခြေဖျားလေးတွေဆို အေးစက်နေတာပဲ။ ကျုပ် သိနေတယ်။ ဒါပေမဲ့

အထဲမှာအေးစက်ပြီး ညှီစို့စို့နဲ့ ဘယ်လောက်ကြာကြာ လှဲနေရဦးမှာလဲ။ ရုတ်တရက် အခေါင်းပျဉ်စပ်ကြားက ကျလာတဲ့ ရေစက် တွေဟာ ကျုပ်ရဲ့ ဘယ်ဘက်မျက်ခွံပေါ်တည့်တည့်ကို တစ်စက်ချင်းစိမ့်ကျနေတယ်။ နှလုံးသားထဲမှာလည်း မခံမရပ်နိုင်အောင်ကို နာကျင်နေလိုက်တာ မပြောပါနဲ့တော့။ ဒါဟာ ကျုပ်ရဲ့ဒဏ်ရာများလားလို့ စဉ်းစားမိလိုက် သေးတယ်။ ဟုတ်မယ်၊ ငါ ကျည်ဖူးကို ပစ်သွင်းလိုက်တုန်းက ဒီနေရာ တည့် တည့်ပဲ။ ရေစက်တွေဟာ တစ်စက်ပြီးတစ်စက် မှိတ်ထားတဲ့ ကျုပ် မျက်လုံး ပေါ် ကျနေတယ်။ ဒီမှာတင် ရုတ်တရက် ကျုပ်ရဲ့ အဖြစ်အပျက်တွေကို ဖန် ဆင်းခဲ့တဲ့ ဖန်ဆင်းရှင်ဆိုတဲ့ လူကိုတောင် ဆုတောင်းမိလိုက်တယ်။ ဆု တောင်းတယ်ဆိုတာ အသံထွက်ပြီး ဆုတောင်းတာ မဟုတ်ဘူးနော်။ ကျုပ် က လှုပ်လို့မှမရဘဲ။ ဒီတော့ လောလောဆယ်ဆယ် ကျုပ်ရဲ့တည်ရှိနေတဲ့ အခြေအနေအရ ဆုတောင်းလိုက်ရတယ်။

"အို ... ဖန်ဆင်းရှင် သင် ဘယ်သူပဲဖြစ်ဖြစ် ဒီကမ္ဘာလောကမှာ အမှန်တကယ်ရှိသည် ဆိုငြားအံ့၊ လောလောဆယ် ကျွန်ုပ်ခံစားနေရသော အသိဝေဒနာများထက် သာလွန်သန့်စင်သော အသိသစ်များ ရှိခဲ့မယ်ဆိုရင် ထိုအရာများကို ကျွန်ုပ်အား ချက်ချင်းပေးပါတော့။ ဒီလိုမဟုတ်ဘဲ သင် ဖန်ဆင်းရှင်ဟာ ကျွန်ုပ် အဆင်ခြင်မဲ့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှု အပေါ် အငြိုးထား လက်စားချေတဲ့အနေနဲ့ ဘဝရဲ့ ဟိုမှာဘက်၌ ရှိသော အကျည်းတန် အရုပ်ဆိုးလွန်းလှသည့် ဝေဒနာဆိုးများကို ကူးစက်ခံစားစေ ခြင်းဖြင့် လက်တုံ့ပြန်နေသည်ဟု ဆိုရင်တော့ အို... ဖန်ဆင်းရှင် သင်၏ အဆိုးဝါး၊ အရက်စက်ဆုံးသော အပြစ်ဒဏ်သည်ပင် လောလောဆယ် ကျွန်ုပ် ခံစားနေရသော ဆိတ်ငြိမ် ညို့မှောင်နေသော ဝေဒနာထက် ပို၍ မရက်စက် နိုင်သည်ကို သင် သဘောပေါက်ရန် လိုပေလိမ့်မည်။ ဤရက်စက်မှုဒဏ်ကို ခံစားနေရသော ကျွန်ုပ်၏ သူရဲကောင်းအဖြစ်သည်လည်း သင်္ကြာဇ် သန်း ပေါင်း များစွာထိတိုင် အစွန့်ရှည်ပါလိမ့် မည်။ အို ... ဖန်ဆင်းရှင်။

အဲဒီနောက် နက်ရှိုင်းတဲ့ ငြိမ်သက်ခြင်းတစ်ခုဟာ တစ်ခါ လွှမ်းခြုံ သွားပြန်တယ်။ စက်စက်ယိုစီးနေတဲ့ ရေပေါက်တွေလည်း မကျပြန်တော့ဘူး။ အခုဆိုရင် အရာအားလုံးဟာ မတူညီတော့ဘူးဆိုတာ ခိုင်ခိုင်မာမာ ကျုပ် သိပါတယ်။ နောက်တော့ ...

ဖြုန်းခနဲ ကျုပ်ရဲ့ ခေါင်းတလားကြီးဟာ အက်ကွဲလွင့်စဉ်သွားတယ်။ ဘယ်ကို လွင့်ထွက်သွားလဲတော့ မသိဘူး။ ပြီးတော့ ထူးထူးခြားခြားကို မည်းမှောင်နေတဲ့ အရာကြီးတစ်ခုဟာ ကျုပ်ကို အာကာသထဲ ဆွဲခေါ်သွားပါ လေရော။ ဟော... ကျုပ်မျက်လုံးတွေ ပြန်မြင်လာပြီ။ ညဟာ ကြောက်စရာ

ကောင်းလောက်အောင် တိတ်ဆိတ်မည်းမှောင်လွန်းနေတယ်။ ကျုပ်တို့ဟာ အာကာသထဲမှာ ပျံသန်းနေကြတယ်။ ကျုပ်တို့ကမ္ဘာနဲ့ဆို အတော့်ကို ဝေးသွားပြီ။ ကျုပ်စိတ်ထဲမှာ နည်းနည်းလေးမှ အကြောက်အလန့်မရှိဘူး ဖြစ်နေ တယ်။ ငါဟာ အတော့်ကို ရဲရင့်နေ ပါလားလို့တောင် တွေးမိပြီး အသက်ကို တစ်ဝကြီး ရှူပစ်လိုက်တယ်။ ဘယ်လောက်ကြာကြာ ပျံသန်းသွားတယ် ဆိုတာတော့ မမှတ်မိတော့ပါဘူး။ အိပ်မက်ထဲမှာ ဖြစ်တဲ့အတိုင်းတော့ အားလုံး ဖြစ်နေတာပဲ။ ခင်ဗျားလည်း ကြုံဖူးပါလိမ့်မယ်။ အိပ်မက်ထဲမှာဆိုရင် ဘဝရဲ့ ဥပဒေသတွေဟာ ဆင်ခြင်မှု တွေဟာ ခုန်ပျံကျော်လွှားသွားကြတယ်။ ဒီလိုနဲ့ အမှောင်ထဲမှာ သေးငယ်တဲ့ ကြယ်ကလေးတစ်လုံးကို တွေ့လိုက်မိတယ်။ အမေးအမြန်းတွေ လုံးလုံးမလုပ်ချင်ပေမယ့် ကျုပ်ကို သယ်ဆောင်လာတဲ့ “ဟာ” ကြီးကိုတော့ မေးလိုက်ရတယ်။ “အဲ့ဒီဂြိုဟ်လေးက ဘာလဲဗျ၊ စနေဂြိုဟ်ဆိုတာများလား”ဒီတော့ အဲ့ဒီဟာကြီးကပြန်ပြောတယ်။ “မဟုတ် ဘူး၊ ခင်ဗျားရဲ့ အိမ်အပြန်လမ်းမှာ တိမ်တိုက်တွေကြားထဲကနေ ခင်ဗျားတွေ့ လိုက်ရတဲ့ ကြယ်ကလေးပဲ။ ဒါကြီးဟာ အတော့်ကို လူနဲ့တူနေတာကိုတော့ ကျုပ် အမုန်းဆုံးပဲ။ ကျုပ်ဟာ ကျုပ်ရဲ့ဖြစ်တည်မှုကို အပြီးအပိုင် ငြင်းခဲ့တဲ့ လူ။ ဒါကြောင့်လည်း ကိုယ့်ကိုယ်ကိုယ် ကိစ္စတုံးပစ်လိုက်ရတာပဲပေါ့။

ဟော ... အခုတော့ ကျုပ်ဟာ တစ်စုံတစ်ဦးရဲ့ လက်ခုပ်ထဲကရေ ဖြစ်နေပြန်ပြီ။ သေချာပါတယ်။ ဒါဟာ တည်ရှိမှုတစ်ခုပဲ။ ပြီးတော့ တမလွန် ဘဝဆိုတာ ဒါများလားလို့တောင် အိပ်မက်ထဲမှာ တွေးလိုက်မိသေးတယ်။ ဒါပေမဲ့ ကျုပ်ရဲ့ ဝိညာဉ်ကတော့ အကောင်းပကတိပဲ ရှိနေသေးတယ်။

“ကျုပ်ဟာ တကယ်ပဲ ဘဝတစ်ခုကို ပြန်ရနေပြီလား။ တစ်စုံတစ်ဦးရဲ့ စိုးမိုးချုပ်ကိုင်ထားတဲ့ စိတ်တန်ခိုးနဲ့ အသက်ရှင်နေရပြန်ပြီလား။ ဒါဆိုရင်လည်း လူမဆန်တဲ့ အနိုင်ကျင့်မှုတွေကို ကျုပ် မခံစားချင်တော့ဘူးဗျာ”

အဲဒီဟာကြီးက ကျုပ်ကို ဘာမှတော့ ပြန်မဖြေတော့ဘူး။ ဒီအချိန်မှာ ကျုပ် တစ်ခုသတိထားမိလိုက်တာက သူ ကျုပ်ကို လှောင်ပြောင်သရော်တာ မျိုး မပြောနဲ့၊ မခိုးမခန့်လေးတောင် မလုပ်ဘူး။ အာကာသထဲမှာ ကျုပ်တို့ ပျံသန်းနေတာဟာ ကျုပ် တစ်ဦးတည်းနဲ့ဆိုင်တဲ့ ထူးခြားတဲ့ရည်ရွယ်ချက် တော့ ရှိမယ်ဆိုတာ သိတယ်။ ကျုပ်ရဲ့ အဖော်ကတော့ ဘာမှမပြောဘူး။ တိတ်တိတ်ပဲ လိုက်လာတယ်။ ဒါပေမဲ့ သူ့ရဲ့ တိတ်ဆိတ်ခြင်းဟာ ကျုပ်ရင်ထဲ ထွင်းဖောက်ပြီး နာကျင်မှုတွေအဖြစ် ကူးပြောင်း ခံစားလိုက်ရတယ်။ မြင်တွေ့နေကျ ကြယ်တာရာလေးတွေကိုတောင် မတွေ့ ရတော့ဘူး။ ဒီရောမ လဟာပြင်ကြီးထဲက ကြယ်တွေရဲ့ ရောင်စဉ်တန်းတွေဟာ အလင်းနှစ်ပေါင်း များစွာကြာမှ ကျုပ်တို့ ဂြိုဟ်ကမ္ဘာပေါ် ရောက်မယ်ဆိုတာ သိတယ်။ မီးစနဲ့ ရင် ထဲကို ထိုးလိုက်သလိုဖြစ်သွားလို့

ခဏရပ်လိုက်တယ်။ ဟာ ... နေလုံးကြီး ပါလား၊ ဒါဟာ ကျုပ်တို့ကမ္ဘာဘေးမှာ လှည့်ပတ်နေရတဲ့ နေလုံးကြီး မဟုတ် မှန်းတော့ သိတယ်။ ကျုပ်တို့ဟာ အခုဆိုရင် ကမ္ဘာနဲ့ အသချေ အနန္တဝေးခဲ့ပြီပဲ။ ကျုပ်အဖော်က ကျုပ်ကိုပြောတယ်။ "ဒါဟာ မောင်ရင်တို့ဆီက နေမင်းကြီးနဲ့ ချွတ်စွပ်တူတဲ့ နေတစ်စင်းပဲတဲ့"

ဟာဗျာ၊ ကျုပ်ရင်ထဲမှာ ပီတိတွေနဲ့ ပြန်ပြီး လန်းဆန်းသွားတယ်။ ရှင်သန်ခြင်းဆိုတာလည်း တစ်ခါ ပွဲတင်ရိုက်ခတ်လာတယ်။ ဟုတ်တယ်၊ ကျုပ်ရဲ့ ရုပ်အလောင်းကို ဖုတ်သဂြိုဟ် မြေချပြီးတဲ့နောက် ဒီတစ်ကြိမ်ဟာ ဘဝရဲ့ အနံ့အသက်တွေကို တစ်ခါ ပြန်ထိတွေ့ လိုက်ရတာပဲ။ ဟုတ်ပါပြီ၊ ဒါ ဟာ နေမင်းကြီးတစ်စင်းပါလို့ဆိုရင် "ဘယ်မှာလဲ ကမ္ဘာ၊ ကမ္ဘာကြီးက ဘယ်မှာလဲ" ကျုပ် အော်ပစ်လိုက်တယ်။ ဒီတော့ ကျုပ်အဖော်က ဟိုး အမှောင်ကြီးထဲက ပတ္တမြားလေးတစ်လုံးလို လင်းနေတဲ့ ဂြိုဟ်လေးကို လက်ညှိုးထိုးပြပြီး ကျုပ်တို့ဟာ အဲဒီဂြိုဟ်ဆီကို ဦးတည်ပျံသန်းနေတာတဲ့။ မောင်ရင် ဟိုရောက်ရင် အားလုံးသိမှာပါတဲ့။ ဂြိုဟ်နား ရောက်ခါနီးလေလေ ဂြိုဟ်ကြီးဟာ ပိုကြီးလာလေလေပဲ။ နေစမ်းပါဦး၊ ဒီဂြိုဟ်ကြီးက ဒီမှာ ဘာကြောင့် ရှိနေရတာတုံး။ ကျုပ်တို့ကမ္ဘာကြီးနဲ့လည်း ဘာကြောင့် ချွတ်စွပ်တူ နေရတာတုံး။ ကျုပ်စိတ်ထဲ မနာလိုဖြစ်လာတယ်။ ကျုပ်ကတော့ ကျုပ်ကိုယ် တိုင် စွန့်ခွာခဲ့တဲ့ ကျုပ်တို့ကမ္ဘာကြီးကိုပဲ ချစ်နိုင်မယ်။ ဒါကိုတော့ မချစ်နိုင်ဘူး။ ကျုပ်ကိုယ်ကျုပ် ကျေးဇူးကန်းပြီး ကျုပ်နှလုံးသားထဲ ကျည်ဆန်တွေအတောင့် လိုက် ပစ်သွင်းလိုက်လို့၊ ကျုပ် နှလုံးသွေးတွေ ပေကျံခဲ့တဲ့ ကျုပ်တို့ကမ္ဘာမြေကို ပဲ ချစ်တယ်။ ဟုတ်တယ်၊ ကျုပ် သတိထားမိတယ်။ ကျုပ်တို့ ကမ္ဘာကြီးကို အရင်ကထက်တောင် ပိုချစ်နေတယ်။ အခု ဒီပေါ်မှာရော ခံစားမှု ဒုက္ခဝေဒနာ တွေ ရှိနေဦးမှာလား။ ကျုပ်တို့ကမ္ဘာမြေပေါ်မှာတော့ ကျုပ်တို့တစ်တွေဟာ ဝေဒနာကို ခံစားပြီးမှပဲ ချစ်ခြင်းမေတ္တာကို ထိတွေ့ နိုင်တယ်။

ဒီလိုနည်းတွေနဲ့ပဲ ကျုပ်တို့တွေ ချစ်နိုင်ကြတယ်။ တခြား ချစ်ခြင်း မေတ္တာ ဆိုတာလည်း ကျုပ်တို့တွေ မသိဘူး။ ချစ်ခြင်းမေတ္တာအတွက် ကျုပ် တို့တွေဟာ ဝေဒနာကို ခံကိုခံစားကြရတယ်။ အနမ်းအတွက် တဒင်္ဂလေးကိုပဲ တောင့်တမိကြတယ်။ အဲ့ဒီ တဒင်္ဂလေးကိုပဲ ကျုပ်ကို ပေးပါတော့။တခြား ဂြိုဟ်ကမ္ဘာပေါ်မှာ လူဖြစ်ရတာကို မလိုချင်တော့ဘူး။

အဲ့ဒီနောက် ဘယ်လိုတွေ ဖြစ်သွားသလဲဆိုတာတော့ ကျုပ် မသိလိုက် ဘူး။ အဲဒီဂြိုဟ်ပေါ် ကျုပ် ရောက်နေတယ်။ ကျုပ်အဖော်ကလည်း ကျုပ်ကို ထားပစ်ခဲ့တယ်။ နေရဲ့ အလင်းရောင်အောက်မှာ အဲဒီဂြိုဟ်ဟာ နတ်ဘုံ နတ်နန်းပါပဲ။ အရမ်းကို ချစ်စရာကောင်းတယ်။ အရာရာတိုင်းဟာ ကျုပ်တို့ ကမ္ဘာကြီးနဲ့တော့ တစ်ထေရာတည်းပဲ။ လွတ်လပ်ခြင်း ရောင်ခြည်တန်းတွေနဲ့

ပင်လယ်ရဲ့ လှိုင်းတွေဟာ ကမ်းကို ကဆုန်ပေါက်တက်နေကြတယ်။ မြင့်မား ပြီး လှလွန်းတဲ့သစ်ပင်ကြီးတွေဟာ အပွင့်တွေဝေလို့၊ ရေတွက်မရတဲ့ အကိုင်း အခက်တွေဟာလည်း ကျုပ်ကို ခရီးဦးကြိုပြုနေကြတယ်။ ဒါကို ကျုပ် သေ သေချာချာ ပြောနေတာနော်။ ဒါတွေက ကျုပ်ကို ယုယုယယနဲ့ နမ်းရှုပ်နေရုံ တင်မကဘူး။ မေတ္တာတွေအပြည့်နဲ့ တီးတိုးစကားပြောနေသလားလို့တောင် ထင်ရတယ်။ တမျှော်တခေါ် ပန်းပင်လယ်ကြီးဟာ ရောင်စုံ အပွင့်အဖူးတွေနဲ့ ငှက်ကလေးတွေဟာလည်း အုပ်စုဖွဲ့ပြီး ဟိုမှာဒီမှာ ပျံသန်းလို့၊ အကြောက် အလန့် မရှိကြဘူး။ ကျုပ်ပခုံးတွေ၊ လက်တွေပေါ်နားခိုရင်း သူတို့ရဲ့ ချွန်မြမြ နှုတ်သီးလေးတွေနဲ့ ကလူကျီစယ်နေတယ်။

ဒါဟာ ပျော်စရာကမ္ဘာကြီးတစ်ခုပဲလေ။ ကျုပ်နားကို သူတို့လေးတွေ ကပ်လာကြပြီး အနမ်းတွေနဲ့ ကျုပ်ကို ခရီးဦးကြိုပြုကြတယ်။ ဘယ်လောက် များ လှပလိုက်ပါသလဲ။ ဒီလောက် လှပခြင်းမျိုးကို ကျုပ်တို့ ကမ္ဘာပေါ်မှာ တစ်ခါမှ မမြင်မိပါလား။ ဒါပေမဲ့ ကလေးငယ်တွေဆီမှာတော့ ဒီလို လှပခြင်း မျိုးတွေကို တိုရေရှားရေ မြင်ရလိမ့်မယ်ထင်တယ်။ အခု ကျုပ် တွေ့နေရတဲ့ လူတွေရဲ့မျက်လုံးတွေဟာ ကြည်လင်နေတယ်။ မျက်နှာတွေကတော့ ပညာ ဉာဏ်ကြီးမြတ်ခြင်းနဲ့ တည်ငြိမ်ရင့်ကျက်မှုတွေ ထင်ဟပ်နေတယ်။ ဒါပေမဲ့ သူတို့ရဲ့စကားသံတွေဟာ ကလေးငယ်ရဲ့ အသံမျိုး၊ သူတို့ မျက်နှာတွေကို စူးစိုက်ကြည့်မိတဲ့အခါမှာတော့ ကျုပ်စိတ်ထဲမှာ အားလုံးကို နားလည်လိုက် ပါတယ်။

ဒုစရိုက်တရားတို့ဖြင့် မညစ်ညူးသော ဂြိုဟ်ကမ္ဘာ၊ ရက်စက် ကြမ်း ကြုတ်ခြင်းတို့၏ အပဋ္ဌရှိသော ဂြိုဟ်ကမ္ဘာတစ်ခုပါလား။ ကျုပ်တို့ကမ္ဘာဂြိုဟ် ပေါ်က ရှေ့လူဟောင်းတွေ ပြောလေ့ရှိတဲ့ ဒဏ္ဍာရီလာ ပဒေသာပင်ခေတ် ဆိုတာ ဒါများလား။ သူတို့က ကျုပ်ကို ခေါ်သွားကြပြီး နွေးနွေးထွေးထွေးနဲ့ ပြုစုကြတယ်။ ကျုပ် သိပါတယ်။ သူတို့အားလုံးဟာ ကျုပ် မျက်နှာပေါ်က ပူပင်သောကတွေကို ဖယ်ရှားပစ်ချင်နေကြတယ်။

ကောင်းပြီလေ၊ ကျုပ် အခုပြောနေတာတွေဟာ ဘာမှမဟုတ်ဘူး။ အိပ်မက်တစ်ခုလိုပဲ ဆိုကြပါစို့။ ဒါပေမဲ့ သန့်စင်ပြီးလှပနေတဲ့ အဲ့ဒီလူတွေရဲ့ ချစ်ခြင်းမေတ္တာတွေကတော့ ကျုပ်ရင်ထဲ အမြဲရှိနေတော့မှာပါ။ ဒါ့ကြောင့် သူတို့အတွက် နောက်ပိုင်းမှာ ကျုပ် ခံစားခဲ့ရတာပေါ့။ တကယ်တော့ သူတို့ နဲ့ ပတ်သက်တဲ့အရာ တော်တော်များများကို နားလည်ဖို့ ဉာဏ်မမီခဲ့ဘူး။ ကျုပ်တို့လို အောင်မြင်တဲ့ လောကဓာတ်ပညာတွေ မပိုင်ဆိုင်ကြပေမယ့် သူတို့ဟာ ဘယ်လိုကြောင့် ဒီလောက် အသိတွေ ကြွယ်ဝနေရတယ်ဆိုတာ မြို့ပြမှာ ကြီးပြင်းခဲ့တဲ့ ကျုပ်လိုခေတ်ပညာတတ်တစ်ယောက် အနေနဲ့တောင် အသိရခက်နေတယ်။ ဒါပေမဲ့ ကျုပ်တို့ရဲ့ စူးစိုက်မှုတွေထက် အားကောင်းပြီး ပိုမို

သိပ်သည်းတဲ့ အသိတရားတွေ သူတို့မှာရှိတယ်ဆိုတာ ကျုပ် သဘော ပေါက်လိုက်တယ်။ သူတို့ရဲ့ တပ်မက်မှုတွေဟာ ကျုပ်တို့ရဲ့ တပ်မက်မှုတွေနဲ့ ကွာခြားနေပြီး ဘဝရဲ့ အရင်းအမြစ်ကိုလည်း ကျုပ်တို့တွေ စူးစမ်းလေ့လာတဲ့ ပုံစံနဲ့ မလေ့လာကြဘူး။ သိဖို့လည်း မကြိုးစားကြဘူး။ သူတို့ဘဝတွေ ကိုယ် နှိုက်က အဓိပ္ပာယ်တွေ ပြည့်ဝနေတယ်။ ရှင်းလင်းကြည်လင်နေတယ်။ ကျုပ် တို့ လောကဓာတ်ပညာတွေကတော့ ဘဝရဲ့ အဓိပ္ပာယ်တွေကို သိဖို့ ကြိုးစား အားထုတ်နေရဆဲပဲ။ လောကဓာတ်ပညာ ကိုယ်တိုင်က ဘဝရဲ့ နေနည်းထိုင်နည်း နိသယတွေကို သင်ဖို့ အားထုတ်နေရဆဲပဲ။ သိပ္ပံရဲ့ အကူအညီနဲ့ ဘဝကို ဘယ်လိုနေရမလဲဆိုတာ သူတို့အတွက် မလိုအပ်ဘူး။ သူတို့ကိုယ် တိုင် သိပြီးသားပဲ။ ဒါပေမဲ့ သူတို့ရဲ့ အသိပညာ အကြောင်းကိုတော့ ကျုပ် နားမလည်နိုင်ခဲ့ဘူး။

ကျုပ်ကို သစ်ပင်တွေဆီ လိုက်ပို့ကြတယ်။ သစ်ပင်တွေကလည်း သူ တို့နဲ့ စကားပြောနေကြသလိုပဲ။ ခင်ဗျား သိပါတယ်။ ကျုပ် ဒီလိုပြောရင် မှားမယ် မထင်ဘူး။ ဟုတ်တယ်၊ သူတို့မှာ အားလုံးကို ဆက်သွယ်နိုင်တဲ့ ဘာသာစကားမျိုးရှိတယ်။ သူတို့ဟာ သဘာဝတရားအားလုံးနဲ့ အတူတူလို ပဲ။ သားရဲတိရစ္ဆာန်တွေကလည်း သူတို့နဲ့ နေထိုင်ကြတယ်။ ဘယ်တော့မှ ရန်မူတာမျိုး မရှိဘူး။ ဒါဟာ လူသားရဲ့ ချစ်ခြင်းမေတ္တာနဲ့ “အရိုင်း”ကို “ယဉ်” လိုက်တာပဲ။ ပြီးတော့ အာကာသထဲမှာရှိတဲ့ ကြယ်တာရာတွေနဲ့လည်း တစ် နည်းနည်း ဆက်သွယ်မှု၊ ပေါင်းစပ်မှု ရှိနေတယ်ဆိုတာ သေချာတယ်။ အဲ့ဒီ ဆက်သွယ်မှုဆိုတာ သိပ္ပံသဘောနဲ့ ဆက်သွယ်တာမျိုး၊ စဉ်းစားတွေးခေါ်မှု နဲ့ ဆက်သွယ်တာမျိုးတွေထက် သာလွန်တဲ့ ဆက်သွယ်မှုမျိုး၊ တိုက်ရိုက် ရှင်သန်နေတဲ့ အသိတရားတွေနဲ့ တိုက်ရိုက် ဆယ်သွယ်တာမျိုးပဲ။ သူတို့ကို နားလည် သဘောပေါက်လာအောင်လည်း အတင်းအကျပ် မလုပ်ကြဘူး။ ကျုပ်တို့ရဲ့ ကမ္ဘာကြီးအကြောင်းကို သူတို့ နားလည်အောင် ခဲခဲယဉ်းယဉ်း ရှင်းပြရတယ်။ ဒါပေမဲ့ ဘယ်လိုမှ နားလည်ကြမှာ မဟုတ်ဘူးဆိုတာ ကျုပ် သိတယ်။ သူတို့ရှေ့မှာပဲ ကမ္ဘာမြေကို နမ်းလိုက်မိတယ်။ ကျုပ်က မျက်ရည် ကျတော့ ကျုပ်အတွက် သူတို့ ဘာမှခံစားရပုံ မပေါ်ကြဘူး။ ကျုပ်စိတ်ထဲ မှာ တအံ့တသြနဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ မေးနေမိတယ်။ “ငါ့ကို သူတို့ဘာကြောင့် မစော်ကားကြတာလဲ၊ ငါတို့ လူသားတွေလို မနာလို ဝန်တိုတဲ့ အကျင့်အကြံ တွေ ဘာလို့ သူတို့မှာ မရှိကြတာလဲ။ ငါ့လို ယုတ်မာရက်စက်တဲ့ လူ့ကြွေး တစ်ကောင်ဟာ ငါ့ရဲ့ အဘိဓမ္မာနဲ့ လောကဓာတ်အသိတရားတွေအကြောင်း သူတို့ကို ဟန်ရေးပြကြွားလိုက်ဖို့ ဘာလို့ တွန့်ဆုတ်သွားတာလဲ။

သူတို့ဟာ ကလေးတွေကို ပျော်ရွှင်လန်းဆန်းနေကြတယ်။ ကြည်နူး စရာ ကောင်းတဲ့ သီချင်းတွေကို သီဆိုကြရင်း လှပတဲ့ တောတောင်တွေထဲ လျှောက်သွားကြတယ်။ ပျားရည်နဲ့ သစ်သီးတွေကို မှီဝဲကြပြီး တိရစ္ဆာန်တွေက

ပေးတဲ့ နို့ရည်တွေကို ပျော်ပျော်ပါးပါးသောက်ကြလို့၊ သူတို့အတွက် အစားအသောက်နဲ့ အဝတ်အထည်ဆိုတာဟာ အားစိုက်မှုနည်းနည်းလေးလောက်နဲ့ ရနိုင်ကြတယ်။ မွေးဖွားလာတဲ့ ရင်သွေးငယ်တွေကိုလည်း သူတို့ရဲ့ ချမ်းသာသုခတွေကို မျှဝေခံစားမယ့်လူတွေအဖြစ် သဘောထားကြတယ်။ ရက်စက်ကြမ်းကြုတ်တဲ့ အပြုအမူဆိုတာ သူတို့ဆီမှာ အရိပ်အရောင်တောင် မတွေ့မိဘူး။ ဒါပေမဲ့ အဲ့ဒီရက်စက်မှုဆိုတာ ကျုပ်တို့ကမ္ဘာမှာတော့ လူတိုင်းနီးပါး စတေးခံလိုက်ရတဲ့ ဒုစရိုက်အားလုံးရဲ့ အရင်းအမြစ်လို သက်ဝင်လှုပ်ရှားနေတဲ့ အရာပဲ။ သူတို့တွေမှာတော့ တစ်ဦးနဲ့ တစ်ဦး ရန်သတ္တုပြုတာတွေ၊ မနာလို တာတွေ မရှိကြဘူး။ ကျုပ် ထင်တယ်လေ။ အဲ့ဒီစကားလုံးကို ကြားဖူးမယ့် ပုံတောင် မဟုတ်ဘူး။ သူတို့မှာ သေခြင်းတရားဆိုတာ ရှိပေမယ့် အနာရောဂါ ဆိုတာ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စတစ်ခုပဲ။ အိုမင်းသွားတဲ့လူတွေဟာ ငြိမ်းငြိမ်း ချမ်းချမ်းနဲ့ ကွယ်လွန်သွားကြတယ်။ ကြည်လင်တဲ့အပြုံးတွေနဲ့ အိပ်ပျော်နေ သလို ထွက်ခွာသွားကြတယ်။ ကျန်ရစ်သူတွေ ကိုယ်နှိုက်ကလည်း ကောင်းချီး မင်္ဂလာဆုတောင်းတွေနဲ့ ကြည်ကြည်နူးနူး လိုက်ပါနှုတ်ဆက်ကြပြီး မျက်ရည် တို့၊ ကြေကွဲဝမ်းနည်းခြင်းတို့ ဆိုတာတွေကို သူတို့ရဲ့ 'အမင်္ဂလာ" အခမ်း အနားတွေမှာ ဘယ်တော့မှ တွေ့ ရမှာမဟုတ်ဘူး။ ချစ်ခြင်းမေတ္တာတွေကသာ သူတို့ရဲ့ ခံစားမှုတွေအဖြစ် ထုံမွှမ်းနေတယ်။ ခံစားမှုဆိုတာလည်း ငြိမ်သက် အေးချမ်းပြီး ဝေဖန်ပိုင်းခြားနိုင်တဲ့ ခံစားမှုမျိုးပါပဲ။ သူတို့ဟာ သေပြီးရင်တောင် သေခြင်းမှာပဲ မွေ့ပျော်နေဦးမယ့်သဘော။ သူတို့ရဲ့ လောကီအနှောင်အဖွဲ့ တွေကို သေခြင်းတရားက ဘယ်လိုမှ ခွဲခြားပစ်လို့ ရနိုင်မှာ မဟုတ်ဘူး။ ကျုပ်က သူတို့ကို "ဘဝဆိုတာ ထာဝရ ရှင်သန်ခြင်း ဖြစ်တယ်ဆိုတဲ့" ကျုပ် တို့ရဲ့ ယုံကြည်မှုကို ပြောပြတော့ သူတို့ ဘယ်လိုမှ နားမလည်နိုင်ကြဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ ဒါကို ရှင်းရှင်းလင်းလင်း ယုံကြည်နေကြလို့ ကျုပ်ပြောတာတွေဟာ သူတို့အတွက် ပြဿနာမဟုတ်ဘူးတဲ့။ ဘုရားကျောင်း ဆိုတာတွေလည်း သူတို့မှာမရှိဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ အစဉ် မပြတ် တစ်လောကလုံးနဲ့ ဖွဲ့စည်းချည်နှောင်ထားပြီး ခိုင်မာတဲ့ နေထိုင်မှုဘဝမျိုး ရှိတဲ့အတွက်ပဲ။ ယုံကြည်ကိုးကွယ်မှုဆိုတဲ့ အယူဝါဒတွေလည်း မရှိဘူး။ ဘဝရဲ့ပျော်ရွှင်မှုတွေကို အကန့်အသတ်တစ်ခုထိ ဖြည့်ဆည်းပြီးတဲ့အခါ သေ ရမယ့် နေ့တစ်နေ့ ရောက်လာလိမ့်မယ်။ အဲ့ဒီနေ့တစ်နေ့ဆိုတာ ပေါင်းစပ် ဖွဲ့စည်းထားတဲ့ တစ်လောကလုံးနဲ့ ကျောချင်းကပ်နေတဲ့ နေ့တစ်နေ့ လည်း ဖြစ်တယ်။ သူတို့ဟာ အဲ့ဒီနေ့ကို ပျော်ပျော်ပါးပါး စောင့်နေကြတယ်။ ဒါပေမဲ့ အဲ့ဒီနေ့အတွက် သူတို့ရင်မှာ ပူပင်ကြောင့်ကြနေတာမျိုး၊ လွမ်းမောနေတာ မျိုးတွေ လုံးလုံးမရှိဘူး။ သူတို့ရဲ့နှလုံးသားတွေထဲမှာ အဲ့ဒီနေ့အတွက် တင် ကူး သိနေတဲ့ အသိတွေကို တစ်ယောက်နဲ့ တစ်ယောက် မျှဝေခံစားနေကြ သလိုပဲ။ ဒီ့အတွက် ဘာသာတရားဆိုတာရှိဖို့ မလိုအပ်ဘူး။

နေညိုချိန်ရောက်တော့ သူတို့တွေဟာ တင့်တယ် ခမ်းနားလှတဲ့ တေးသီချင်းတွေကို ဝိုင်းဖွဲ့ သီဆိုကြပြန်တယ်။ သူတို့ရဲ့ တေးသီချင်းတွေဟာ နှုတ်ဆက်လိုက်ရတဲ့ နေ့တစ်နေ့အတွက် အမှတ်ရအောက်မေ့မှုတွေကို ဖော်ကျူးရင်း ပင်လယ်တွေ၊ တောတောင်တွေနဲ့ သဘာဝအားလုံး ချီးကျူး နှုတ်ဆက်လိုက်ကြတယ်။ တစ်ခါ တစ်ဦးနဲ့တစ်ဦးလည်း တေးသီချင်းတွေ အပြန် အလှန် သီဆိုကြရင်း သူတို့ရဲ့ မိတ်ဆွေဘဝကို ဂုဏ်ပြုလိုက်ကြပြန်တယ်။ တကယ်တော့ သူတို့ဟာ သီချင်းတွေထဲမှာသာ ဒီလိုပြုမူနေကြတာ မဟုတ် ဘူး။ သူတို့ရဲ့ ဘဝတစ်ခုလုံးမှာလည်း တစ်ဦးနဲ့တစ်ဦး တကယ့်ကို ကြည်ညို လေးစားကြရင်း နေထိုင်ခဲ့ကြတာပါပဲ။ သိပ်ကို ကြည်နူးစရာကောင်းတဲ့ သူတို့ရဲ့ ဓမ္မတေးသီချင်းတချို့ဆိုရင် ဘယ်လိုမှ ကျုပ် နားမလည်ခဲ့ဘူး။ စကားလုံးတွေကို နားလည်ရင်တောင်မှ အဓိပ္ပာယ်တွေကို ဘယ်လိုမှ ဖမ်း ဆုပ်လို့ မရနိုင်ခဲ့ဘူး။ ဒါပေမဲ့ ကျုပ်နှလုံးသားတစ်ခုလုံးကတော့ အဲ့ဒီတေးသံ တွေထဲမှာ ပျော်ဝင်နစ်မြုပ်သွားခဲ့ရတယ်လေ။

အဲ့ဒီတော့ ကျုပ်က သူတို့ကို ပြောပြတယ်။ "ဟိုးတစ်ချိန်တုန်းက တော့ ဒီလို လှပတင့်တယ်ခြင်းမျိုးတွေကို ကျုပ်ရဲ့ ကမ္ဘာမြေပေါ်မှာ လှစ်ခနဲ တွေ့ခဲ့ဖူးတယ်။ ဒါပေမဲ့ ဒီလိုပျော်ရွှင်မှုတွေနဲ့ ကျက်သရေရှိတဲ့ ဂုဏ်အင်္ဂါတွေ ဟာ ကျုပ်တို့လူသားတွေအတွက် အလွန်စူးရှလွန်းတဲ့ စိတ်ဝေဒနာ စောင်း ကြိုးကို တီးခတ်လှုပ်ရှားစေလိုက်တဲ့ အရာတွေပဲဖြစ်နေတယ်။ အဲ့ဒီဝေဒနာတွေဟာလည်း ကျုပ်ကို ဘယ်လိုမှ သည်းညည်းမခံနိုင်လောက်အောင် ညှဉ်းပန်းနှိပ်စက်နေပြန်တယ်။ ဒါပေမဲ့ ခင်ဗျားတို့ရဲ့ ပျော်ရွှင်မှုမျိုးကိုတော့ အိပ်မက်ထဲမှာပဲ ကျုပ်တို့ မြင်တွေ့ခဲ့ဖူးတယ်။ ကျုပ်တို့ ကမ္ဘာမြေပေါ်က နေမင်းကြီး တရွေ့ရွေ့နဲ့ ပျောက်ကွယ်ရောက်တဲ့အချိန်ရောက်တိုင်း ကျုပ် ဟာ မျက်ရည်စက်စက်နဲ့ ကြည့်နေရမြဲပဲ။ လူတွေကို မုန်းတဲ့ ကျုပ်ရဲ့ ဝေဒနာ တွေဟာ အမြဲ ကြေကွဲစရာ မျှော်လင့်ရာမဲ့နေတော့တယ်။ ဒါပေမဲ့ လူတွေကို လုံးဝမချစ်ဘဲနဲ့ ကျုပ်က ဘာကြောင့် မမုန်းနိုင်ခဲ့တာလဲ၊ ဘာကြောင့် လူတွေကို မေ့ပစ်လို့ မရနိုင်ခဲ့တာလဲ။ ကျုပ် ပြောပြနေတာတွေကို သူတို့ နားထောင် နေကြပေမယ့် ဘာမှတော့ ပြန်မဖြေကြဘူး။ သူတို့ ကျုပ်စကားတွေကို နားမလည်ဘူးဆိုတာလည်း ကျုပ် ကောင်းကောင်း သိတယ်။ ဒါပေမဲ့ ဒီလို ပြောပြလိုက်ရလို့ စိတ်မကောင်းတော့ မဖြစ်မိဘူး။ ကျုပ်ဟာ စွန့်ခွာခဲ့တဲ့ ကမ္ဘာမြေကြီးကို ဘယ်လောက်တောင် တမ်းတနေသလဲဆိုတာ ကျုပ် စကား လုံးတွေကတစ်ဆင့် သူတို့တွေ သိနေကြတယ်။ အချစ်တွေ ပြည့်လျှံနေတဲ့ သူတို့မျက်ဝန်းတွေကို ကြည့်လိုက်တဲ့အခါမှာတော့ ကျုပ်လည်း သူတို့လို သန့်စင်သွားတယ်၊ အပြစ်ကင်းသွားတယ်လို့ ခံစားလိုက်ရတယ်လေ။ သူ တို့ကို နားလည်တာ မလည်တာဟာ ကိစ္စမရှိပါဘူး။ သူတို့တွေရဲ့ ပြည့်ဝနေတဲ့ ဘဝရဲ့ ခံစားမှုတွေကသာ ကျုပ်ရင်မှာ ဆို့နင့်နေတယ်။ ဒါကြောင့် သူတို့ကို ဘာမှမပြောတော့ဘဲ

ဂုဏ်ပြုလိုက်မိတယ်။

ကဲ... အခုလို ခရေစေ့တွင်းကျ ပြန်ပြောပြတဲ့အိပ်မက်မျိုး ဘယ်သူမှ မမက်ဘူးတဲ့။ အားလုံးက ကျုပ်ကို စေ့စေ့ကြည့်ပြီး ဝိုင်းဟားကြတယ်။ အိပ်မက်ထဲမှ ဒီလိုမဖြစ်နိုင်ဘူး၊ မခံစားနိုင်ဘူး။ ဖြစ်ခြင်းဖြစ် သွေးလေ ချောက်ချားပြီး လုပ်ဇာတ်ခင်းတာပဲ ဖြစ်ရမယ်တဲ့။ ကျုပ်ကလည်း "ဟာ... ဟုတ်ရပါဘူးဗျာ၊ ကိုယ်တိုင်မက်ခဲ့တဲ့ အိပ်မက်ပါ"လို့ ပြောပါသေးတယ်။ ဒါပေမဲ့ အားလုံးက ကျုပ်ကိုပဲ ဝိုင်းလှောင်နေကြတော့တယ်လေ။

တကယ်တော့ ဒီအိပ်မက်ဟာ ကျုပ်ကို လုံးလုံး စိုးမိုးခဲ့တယ်ဆိုတာ ကတော့ သံသယရှိစရာ မလိုပါဘူး။ အိပ်မက်ကပေးခဲ့တဲ့ အာရုံတွေဟာ ကျုပ်နှလုံးသားကို တတိတိ ကိုက်ဖြတ်နေကြတယ်။ ဒါပေမဲ့ ကိုယ်တိုင် စေ့စေ့ တွေ့ခဲ့ရတဲ့ အိပ်မက်ရဲ့ တကယ့်အသွင်နဲ့ ပုံရိပ်တွေကတော့ သိပ်ကို စွဲမက်စရာကောင်းပြီး အလွန်ပြေပြစ်ညီညာလှတဲ့ အမှန်တရားတွေပဲ။ ဒါ ကြောင့် နိုးလာတဲ့အချိန်မှာ ဒါတွေကို ပြန်ပြောပြဖို့ ကျုပ်မှာ စကားလုံးတွေ ပျောက်ဆုံးနေခဲ့ရတယ်။ ကျုပ်ရဲ့ စကားလုံးတွေဟာ သိပ်ကို ချည့်နဲ့လွန်း နေတယ်၊ တိမ်လွန်းနေတယ်။ အလောတကြီးနဲ့ ပြောပြလိုက်လို့ ပုံပျက် သွားတာလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် ခင်ဗျားတို့ကို ကျုပ်က ဖောက် သည်ချတာတွေထက် အကြိမ်တစ်သောင်းမက ကြည်နူးစရာ ကောင်းချင် လည်း ကောင်းနိုင်တယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ အရာရာတိုင်းဟာ အတူတူပါပဲလို့ ကျုပ် ဘယ်လို ယုံနိုင်တော့မလဲ။

ဒါကို အိပ်မက်လို့ခေါ်လိုက်ပါ။ ဒါမှမဟုတ် အိပ်မက်မဟုတ်ဘူးလို့ လည်း ပြောချင်ပြောပါ။ ဒါပေမဲ့ အရာအားလုံးဟာ တစ်ထေရာတည်းတော့ မဖြစ်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ တစ်ခုခုကြောင့်ပဲ၊ အဲ့တစ်ခုခုဆိုတာ လည်း အိပ်မက်ထဲမှာတောင် မဖြစ်နိုင်လောက်အောင် ကြောက်စရာ လန့် စရာ ဖြစ်ခဲ့လို့ပဲ။ ဒါကို ကျုပ်နှလုံးသားက ကြံစည်မိတယ်ပဲထား၊ ကျုပ်နှလုံးသား တစ်ခုတည်းက ဒီလောက် ကြောက်စရာကောင်းတဲ့ အမှန်တရားကို ဘယ်လို ကြံစည်နိုင်မှာလဲ၊ ဘယ်လို ဖန်တီးနိုင်မှာလဲ။ နှလုံးသားကိုယ်နှိုက် ကရော ဒီလောက် မြန်မြန်ကြီး တတ်နိုင်မှာတဲ့လား၊ သေချာပါတယ်ဗျာ။ သိမ်ဖျင်းမွဲပြာလှတဲ့ နှလုံးသားနဲ့ ရူးကြောင်လွန်းတဲ့အသိဉာဏ်ဟာ ဒီလောက် မှန်ကန်တဲ့ တရားတွေကို ဖွင့်ချဖို့ ဘယ်လိုတတ်နိုင်မှာတဲ့တုန်း။ ဒါပေမဲ့ ခုချိန်ထိ ဖုံးကွယ်ထားခဲ့တဲ့ အကြောင်းတစ်ခုကိုတော့ ပြောပြရတော့မှာပေါ့။ ဒါ ကိုလည်း ခင်ဗျားဘာသာ ခင်ဗျား စီရင်ဆုံးဖြတ်ပါ။ ဒါပေမဲ့ နောက်ဆုံးမှာ သူတို့ အားလုံးကို ညစ်ပတ်ပျက်စီးသွားအောင် ကျုပ်က ဖျက်ဆီးပစ်လိုက် တယ် ဆိုတာကတော့ အမှန်ပဲ။

ဟုတ်တယ်၊ နောက်ဆုံးမှ သူတို့အားလုံးကို ဖျက်ဆီးပစ်လိုက်တယ်။ ဒါကို

ကျုပ် ဘယ်လိုစီစဉ်ခဲ့သလဲ ဆိုတာကတော့ မပြောနိုင်တော့ဘူး။သေသေချာချာလည်း မမှတ်မိတော့ဘူး။ ဒါပေမဲ့ ဒီအိပ်မက်ဟာ ကျုပ်ကို တစ် သက်လုံး လွှမ်းစေခဲ့တယ်။ ကျုပ်သိသမျှကတော့ အဲ့ဒီ ကမ္ဘာမြေပေါ်က "လူသားရဲ့ ကျဆုံးခန်း"ကို ဖန်တီးလိုက်တဲ့ လက်သည်ဟာ ကျုပ်ဆိုတာပဲ။ ကျုပ်ဟာ အကုသိုလ်ကောင်တစ်ကောင်လို၊ ပလိပ်ပိုးတစ်ကောင်လို တစ်ပြည် လုံးကို လှိုက်စားဖျက်ဆီးပစ်လိုက်တယ်။ ပျော်စရာတွေနဲ့ အပြစ်မဲ့တဲ့သူတို့ရဲ့ တစ်ကမ္ဘာလုံးကို ကျုပ်ရဲ့ 'လူသား" ဆိုတာနဲ့ ဖျက်ဆီးပစ်လိုက်တယ်။ အခုဆိုရင် သူတို့တွေဟာ လိမ်ညာခြင်းကို ဆည်းပူးနေကျပြီး မုသားဆိုတာ ကို ချစ်ခင်နေကြပြီလေ။ 'အမှားရဲ့ အလှ" ကို အရသာတွေ့ နေကြပြီပေါ့။ ရယ်သံတွေနှောနေတဲ့ ပြောင်ချော်ချော်အချစ်တွေနဲ့ အပြစ်မဲ့သလိုလုပ်နေ ကြပြီပေါ့။ ဒါကိုလည်း သူတို့ဟာ အဆင်တန်ဆာတစ်ခုလို အမွှမ်းတင်လိုက် ကြပြန်သေးတယ်။ ဒီနောက်မှာတော့ ရမ္မက်စိတ်ရိုင်းတွေ ပေါက်ဖွားလာပြီး အဲ့ဒီစိတ်ရိုင်းဟာ မနာလို ဝန်တိုမှုတွေကို သန္ဓေလွယ်ခဲ့ပြန်တယ်။ တစ်ခါ မနာလိုမှုဟာလည်း ရက်စက်ယုတ်မာမှုကို မွေးဖွားပေးလိုက်ပြန်တယ်လေ။

အို... ဗျာ၊ ဘယ်လောက်ထိ မြန်ဆန်လိုက်သလဲ ဆိုတာကိုတောင် မသိတော့ဘူး။ မကြာခင်လေး တကယ့်ကို မကြာခင်လေးမှာပဲ သူတို့မြေမှာ ဦးဆုံးအကြိမ် သွေးစိမ်းတွေ ပေကျံကုန်တယ်။ သူတို့အားလုံး တုန်လှုပ်ထိတ် လန့်သွားပြီး လွင့်စဉ် ကွဲထွက်ကုန်တယ်။ ကွဲထွက်သွားတဲ့ သူတို့တွေဟာ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ တစ်အုပ်စုနဲ့ တစ်အုပ်စု ဆန့်ကျင် ချေမှုန်းပစ်လိုက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လူ့အစည်းအရုံးတွေကို တစ်ခါ စုစည်းခဲ့ပြန်တယ်။ အဲ့ဒီနောက် မှာတော့ သူတို့ကြားမှာ ရန်လိုမုန်းတီးတာတွေ၊ ယိုးစွပ်ပစ်တင်တာတွေ အစ ပျိုးခဲ့ပြန်တယ်။ ဟီရိုဩတ္တပ္ပတရားဆိုတာကို သိလာပြီးတဲ့နောက် ဒါကို တခမ်းတနား လုပ်ကြတော့တာပဲ။

စ္ဆာန်တွေ အခုဆိုရင် သူတို့ဟာ ရိုးသားခြင်းဆိုတဲ့အနက်နဲ့ ဖွင့်ဆိုချက်တွေကို သင်ယူနေပြန်ပြီလေ။ သူတို့ရဲ့ လူ့အစည်းအရုံး အသီးသီးဟာလည်း ကိုယ်ပိုင် အရောင်အဆင်းတွေနဲ့ တလူလူ လွင့်ပျံနေကြပြီပေါ့။ တောတိရစ္ဆာ အပေါ် ရက်စက်ညှဉ်းပန်းလာတဲ့အခါ တိရစ္ဆာန်တွေဟာလည်း တောထဲကို ပြေးဝင် ပျောက်ကွယ်သွားကြပြီး လူသားရဲ့ ရန်သူတွေ ဖြစ်ကုန်ကြတော့တာပေါ့။

လွတ်မြောက်ရေးတို့၊ ပုဂ္ဂလိက အကျိုးစီးပွားတို့၊ သူ့ဖို့ ငါ့ဖို့ ဆိုတာ တွေအတွက် တိုက်ပွဲဝင်ကုန်ကြတယ်။ ဘာသာစကားအမျိုးမျိုးကို ပြောလာကြပြီး ဝေဒနာဆိုတာကို တနင့်တပိုး ခံစားလိုက်ရပြန်တော့ သူတို့က ဆိုလိုက်သေးရဲ့ "အမှန်တရားဆိုတာ ဒုက္ခနဲ့ ဝေဒနာကို ရင်းနှီးပြီးမှ ရနိုင်သတဲ့ လေ" သိပ္ပံနှင့် လောကဓာတ်ပညာတွေ ပျံ့နှံ့လာပြီး မကောင်းမှုတွေ ကြီး ထွားလာပြန်တော့လည်း

ညီနောင်သားချင်းတို့၊ လူသားဝါဒ ဆိုတာတွေကို တွင်တွင်ပြောလာကြပြန်တယ်။ ဒီလိုနဲ့ ဒုစရိုက်တွေ ပေါက်ဖွားလာပြန်တော့ တရားမျှတမှုဆိုတဲ့ စိတ်ကူးကို တီထွင်လိုက်ကြပြီး သုခမိန်ဆိုတဲ့လူတွေ စီရင်တဲ့ ဥပဒေကျမ်းအစောင်စောင်ကို ပြဋ္ဌာန်းလိုက်ကြပြန်တယ်။ အခုတော့ သူတို့ဟာ အဲ့ဒီပညတ်တွေနဲ့ ယဉ်ပါးနေပြီပေါ့။ အဲ့ဒီဥပဒေနဲ့ ပညတ်တွေကို ခိုင်မာတောင့်တင်းဖို့အတွက်လည်း အကျဉ်းထောင်နဲ့ ကြိုးစင်တွေကို တည် ဆောက်လိုက်ကြသေးတယ်။ သူတို့ ဘာကို ပျောက်ဆုံးသွားသလဲဆိုတော့ အောက်မေ့အမှတ်ရမှုလေးတွေတော့ ခပ်ရေးရေး ရှိပါရဲ့။ ဒါပေမဲ့ တစ်ရံရောအခါက အပြစ်ကင်းစင်ပြီး ချမ်းမြေ့ပျော်ရွှင်စရာကောင်းတဲ့ လူတွေဆိုတာ ကိုတောင် သူတို့ကိုယ်သူတို့ မယုံကြည်နိုင်ကြတော့ပါဘူး။ ပျော်ရွှင်မှုဆိုတာ သူတို့အတွက် ရယ်စရာလိုဖြစ်နေပြီး ဒါကိုလည်း အိပ်မက်လို့ခေါ်တဲ့ အတွေး တစ်ခုသာ သူတို့မှာ ရှိတော့တယ်။ သူတို့ရဲ့ ကနဦးဘဝ အစလေးကိုတောင် မှုန်ပျပျ မမြင်နိုင်ကြတော့ပါဘူး။ နတ်သမီးပုံပြင်တွေလို့ ခေါ်နေတဲ့ ဘဝ ဟောင်းက ယုံကြည်မှုတရားတွေ ပျောက်ဆုံးသွားပေမယ့် အခုဆိုရင် သူတို့ ဟာ အပြစ်မဲ့ခြင်းနဲ့ ပျော်ရွှင်ခြင်းကို ရေငတ်သလို ငတ်နေကြပြန်ပါရောလား။ ဒါကြောင့် နှလုံးသားက ဆန္ဒရဲ့ လွှမ်းမောမှုတွေကို နတ်ဘုရားလို ကိုးကွယ် လိုက်ကြတော့တယ်လေ။ ဘုရားကျောင်းကန်တွေကို တည်ဆောက်လိုက် ကြပြီး အဲ့ဒီမှာလည်း သူတို့ဘာသာ သူတို့ ဖွင့်ဆိုထားတဲ့ အဘိဓမ္မာတွေ ကိုယ် စီနဲ့ ကိုးကွယ်ဆည်းကပ်မှုတွေ လုပ်ခဲ့ကြပြန်တယ်။

ဒါကို မျက်ရည်စက်စက်နဲ့ ဆုတောင်းနေကြပေမယ့် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူးဆိုတာလည်း သူတို့ကိုယ်သူတို့ အာမခံပြီးသားဖြစ်နေပြန်တယ်လေ။ သူတို့ကို အပြစ်ကင်းစင်မှုတွေရှိရာ၊ ငြိမ်းချမ်းမှုတွေရှိရာ ဆီကို ပြန်ခေါ်သွားဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ဒါမှမဟုတ်လို့တစ်ယောက် ယောက်က အဲ့ဒီအကြောင်းတွေကို လှစ်ခနဲဖွင့်ပြပြီး ခင်ဗျားတို့တွေ လာလမ်း ကို ပြန်ကြမလားလို့ မေးရင်လည်း ငြင်းကြမှာပါ။ သူတို့က ကျုပ်ကို ပြော တယ်။ “မကောင်းမှုနဲ့ မတရားမှုတွေကို လှည့်စားကြပါစို့” တဲ့။ ပြီးတော့ အတွက် ကျုပ်တို့တွေ ငိုကြွေးနေကြရတယ်။ ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်း နေကြရတယ်ဆိုတာ ကောင်းကောင်း သိတယ်။ ကျုပ်တို့ကိုယ် ကျုပ်တို့ ကူးစက်ခံစားနေတဲ့ ညှဉ်းပမ်းနှိပ်စက်မှုဆိုတာတွေဟာ ဥပဒေပေါ်မှာ ခွထိုင် ပြီး ကျုပ်တို့ကို တရားစီရင်နေတဲ့ တရားသူကြီးတစ်ယောက်ရဲ့ စီရင်ချက်ထက် စာရင် ပိုပြီး ရက်စက်ကြမ်းတမ်းချင် ကြမ်းတမ်းနေလိမ့်မယ်။ ဒါပေမဲ့ ကျုပ် တို့မှာ သိပ္ပံနှင့် လောကဓာတ်ပညာတွေ ပိုင်တယ်။ အဲ့ဒီအကူအညီနဲ့ အမှန် တရားဆိုတာကို ကျုပ်တို့ကို တစ်ခါပြန် ပြီး တွေ့ ရလိမ့်ဦးမယ်။ ပြည့်လျှံနေ တဲ့ အသိပညာတွေနဲ့ အဲ့ဒီအမှန်ကို ကျုပ်တို့ ရလာမှာပဲ။ အသိပညာဆိုတာ ခံစားမှုထက် ပိုပြီး မြင့်မားတယ်။ ဘဝကို စူးစိုက်သတိမူခြင်းဆိုတာ ဘဝ ထက်ပိုပြီး မြင့်မားတယ်။

သိပ္ပံက ကျုပ်တို့ကို အသိပညာတွေ ပေးလိမ့်မယ်။ အဲ့ဒီ အသိပညာဟာ သဘာဝရဲ့ ဥပဒေတွေကို ဖော်ထုတ်ပြီး သဘာဝ ဥပဒေ တွေကိုသိတဲ့ အသိပညာဟာလည်း ကျုပ်တို့တွေကို ကမ်းကုန်အောင် ပျော်စရာကောင်းတဲ့ ပျော်ရွှင်မှုတစ်ခု ပေးလိမ့်မယ်တဲ့လေ။

အဲ့ဒီလိုတော့ ပြောကြပါရဲ့။ ဒါပေမဲ့ သူများထက် ကိုယ့်ကိုယ်ကိုယ် ပဲ ချစ်နေကြတော့တယ်။ အခြားနည်းလမ်း ဆိုတာလည်း မရှိနိုင်တော့ဘူး။ ဘဝရဲ့ရည်ရွယ်ချက်တစ်ခုအတွက် ပုဂ္ဂလိကဘဝကို သဝန်တိုတိုနဲ့ ထိန်းသိမ်း နေကြပြီး အခြားသူတွေရဲ့ ဘဝကိုတော့ ရိုက်ချိုးပစ်လိုက်ဖို့၊ သေးသိမ်ပစ် လိုက်ဖို့ အကောင်းဆုံးနည်းတွေနဲ့ အားစိုက်လာကြတယ်။ အဲ့ဒီနောက် ကျေး ကျွန်ဆိုတာတွေလည်း ပေါ်ပေါက်လာသေးတယ်။ ကိုယ့်ထက် အင်အားနည်း မှန်း သိပေမယ့် အားနည်းသူကို ချေမှုန်းပစ်ဖို့ဆိုရင် အင်အားကြီးသူတွေဆီကို ကိုယ့်သဘောနဲ့ကိုယ် ကျွန်ခံတာတွေ ဖြစ်လာကြတယ်။ ပျောက်ဆုံးသွားတဲ့ သူတို့ရဲ့ အရုက်တွေနဲ့ မာနထောင်လွှားမှု တွေကို ပြောဆို ဆုံးမဖို့ သူတော်စင် ကြီးတွေတော့ သူတို့ဆီ ရောက်လာခဲ့ကြသေးတယ်။ ဒါပေမဲ့ အဲ့ဒီသူတော် စင်ကြီးတွေ ခဲနဲ့ပေါက်ထုတ်တာ ခံလိုက်ရတော့တယ်။ ဘုရားကျောင်းတွေရဲ့ မုခ်ဦးဝတွေမှာဆိုရင် သူတော်စင်တွေရဲ့ သွေးတွေဟာ အလိမ်းလိမ်း ပေကျံ နေတော့တယ်။ သူတို့ကို ပြန်စည်းရုံးပြီး တစ်နေ့သောအခါမှာ ခြောက်ပစ်ကင်း သဲစင်တဲ့ လူ့ဘောင်သစ်ကြီးတစ်ခု တည်ဆောက်မယ်ဆိုတဲ့ အတွေးနဲ့ ကြံဆ အကောင်အထည်ဖော်ခဲ့တဲ့ ပညာရှိဆိုသူတွေလည်းရှိတယ်။ ဒါပေမဲ့ အဲ့ဒီအတွေးကြောင့်ပဲ ရောမစစ်ပွဲကြီးတွေနဲ့ ရင်ဆိုင်ခဲ့ရပြန်တယ်။ တစ်ချိန်တည်း မှာပဲ အဲ့ဒီပညာရှိတွေဟာ သူတို့ရဲ့အယူအဆနောက် မလိုက်နိုင်တဲ့ ပညာမဲ့သူ တွေကို ခပ်မြန်မြန် လက်စတုံးပစ်လိုက်ပြီး ကိုယ့်ရဲ့ သရဖူကို ကာကွယ်လိုက် ကြပြန်သေးရဲ့။

ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းရမယ်ဆိုတဲ့ အသိတွေဟာလည်း တဖြည်း ဖြည်း လျော့ပါးလာပြီး ဘယ်အရာကိုပဲလိုချင်လိုချင် မာနနဲ့ ရမ္မက်ရိုင်းတွေ သာ ကြီးထွားလာတယ်။ တစ်ချီတည်းနဲ့ ပွဖို့ဆိုရင် ဒုစရိုက်ဆိုတာ ခိုလှုံစရာ ဖြစ်လာတယ်။ မအောင်မြင်ရင်တော့လား၊ သတ်သေလိုက်ကြဖို့ အဆင်သင့် ပဲလေ။ ဘာသာတရားဆိုတာလည်း သုညတလောကထဲက ထာဝရ ငြိမ်းချမ်း ရေး အလို့ငှာ ဘာမှမရှိတဲ့အရာတွေကို ကိုးကွယ်ဖို့နဲ့ ကိုယ့်ကိုယ်ကိုယ် ညှဉ်း ပန်းနှိပ်စက်ဖို့ပဲ ဖြစ်လာခဲ့တယ်။ အဆုံးမှာတော့ သူတို့ဟာ အချည်းနှီးအား ထုတ်မှုတွေနဲ့ သိပ်ကို မောပန်းနေကြပြီပေါ့။ မျက်နှာတွေပေါ်မှာလည်း ဝေဒနာရဲ့ ဒဏ်ရာဒဏ်ချက်တွေပြည့်လို့။ ဒါကိုပဲ သူတို့က “ဝေဒနာဆိုတာ အလှပါတဲ့။ ပြီးတော့ ပြောလိုက်ကြသေးတယ်။ “တွေးခေါ် မြော်မြင်မှုတရား တွေဆိုတာ ဝေဒနာအိမ်ထဲမှာပဲ ထွန်းလင်းနိုင်ပါသတဲ့” ပြီးတော့ အဲ့ဒီ ဝေဒနာကိုပဲ

သီချင်းလုပ်ပြီး ဆိုနေကြပြန်ပါရော။ သူတို့တွေကြားထဲ လျှောက် သွားပြီး လက်နှစ်ဖက်ကို ဝှေ့ယမ်းရင်း အသံပျောက်မတတ် အော်ငိုပစ်လိုက် တော့တယ်။ သိပ်ကို ဖြူစင်သန့်ရှင်းနေတဲ့အချိန်က ဝေဒနာဆိုတဲ့ အရိပ် အယောင်တွေ သူတို့မျက်နှာပေါ်မှာ မမြင်ရခင်ထက် သူတို့ကို ကျုပ် သိပ်ချစ် ပါတယ်။ ဝမ်းနည်းကြေကွဲမှုတွေ ပြန့်ပွားလာမယ့် အေဒင်ဥယျာဉ်ကြီးရှိခဲ့ တဲ့ ကျုပ်တို့ကမ္ဘာမြေကို ချစ်တာထက် ဂုဏ်သရေမဲ့သွားတဲ့ သူတို့မြေကို ပိုချစ်ပါတယ်။ ကျုပ်အဖို့ကတော့ ဝမ်းနည်းခြင်းတို့၊ ညှဉ်းပန်းနှိပ်စက်ခြင်းတို့ ဆိုတာတွေနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသားပဲလေ။ ဒါပေမဲ့ သူတို့မှာ အဲ့ဒီ ဝေဒနာ ဆိုးတွေ စွဲကပ်နေတာကိုတော့ မမြင်ချင်ပါဘူး။ ကျုပ်ကိုယ်ကျုပ် ကျိန်ဆဲမိလိုက်တယ်။ "ဒီအဖြစ်တွေအားလုံးအတွက် တာဝန်ရှိသူဟာ ကျုပ်ပဲ။ ညှဉ်း ပန်းမှုတွေ၊ ဒုစရိုက်တွေ၊ အမှားတွေနဲ့ မိတ်ဖွဲ့ ပေးလိုက်တဲ့သူဟာ ကျုပ်ပဲ။ ဒီအတွက် ကျုပ်ကိုပဲ ကားစင်တင်လိုက်ကြပါတော့"လို့ သူတို့ကို အကြိမ်ကြိမ် တောင်းပန်ခဲ့တယ်။ ပြီးတော့ "ဒါတွေကို ကျော်လွှားနိုင်ဖို့အတွက်လည်း ပြင်ဆင်ထားကြဖို့" ရှင်းပြခဲ့တယ်။ ကျုပ်ကိုယ်ကျုပ် သတ်ပစ်ဖို့ ဆိုတာက တော့ အင်အားမရှိတော့ပါဘူး။ သူတို့လက်ထဲမှာပဲ သူရဲကောင်းအဖြစ် စတေး ပစ်လိုက်ဖို့ မျှော်လင့်မိတော့တယ်။ ခန္ဓာကိုယ်ထဲက သွေးတွေကို တစ်စက် ချင်း တစ်စက်ချင်း ယိုစီးသွားစေချင်တော့တယ်။ ဒါပေမဲ့ သူတို့က ဝိုင်းရယ် လိုက်ကြပြီး ကျုပ်ကို "သူတော်စင်ရူး" ရူးနေတဲ့ လူတဲ့။ သူတို့ တောင်းဆိုတာ သာ အေးအေးဆေးဆေး လိုက်လျောဖို့နဲ့ ဒီလိုမှမဟုတ်လို့ ကျုပ်က ငြိမ်ငြိမ် မနေဘူးဆိုရင် ကျုပ်ကို အရူးထောင်ထဲ ထည့်ပစ်လိုက်မယ်လို့ ကြိမ်းတော့ တာပါပဲ။ ကျုပ်ရင်ထဲ သေမတတ်နင့်နေအောင် ဝမ်းနည်းနာကျင်သွားတယ်။ ဒီနောက် ကျုပ်လည်း အိပ်ရာက လန့်နိုးလာတာပါပဲ။

မိုးစင်စင် လင်းခဲ့ပါပြီ။ ၅ နာရီကျော်နေပေမယ့် နေမင်းကြီးတော့ ငုပ်လျှိုးနေဆဲ၊ ကျုပ်လည်း ကုလားထိုင်ပေါ်မှာ ထိုင်နေဆဲ၊ ဖယောင်းတိုင်ကတော့ လုံးလုံး ပြာကျကျွမ်းလောင်ခဲ့ပြီပေါ့။ အဘိုးကြီးအခန်းဘက်ကတော့ အားလုံး အိပ်မောကျနေလေရဲ့။ တစ်အိမ်လုံးဟာ ဘယ်တုန်းကနဲ့မှမတူအောင် သိပ်ကို တိတ်ဆိတ်နေတယ်။ ခေါင်းထဲလည်း အရိုက်ခံထားရသလို မူးမေ့မေ့ ဖြစ်နေတယ်။ ဒီအိပ်မက်ကို မက်ခဲ့လို့တော့ မဟုတ်ပါဘူး။ ကုလားထိုင်ပေါ် မှာ အခုလို အိပ်ခဲ့တာကြောင့်ပဲ ဖြစ်မယ်။ မတ်မတ်ထရပ်လိုက်တဲ့အခါမှာ တော့ အာရုံတွေ ပြန်စုစည်းလာတယ်။ စားပွဲပေါ်က ကျည်အပြည့်နဲ့ သေနတ် ကို တွေ့ လိုက်ရတဲ့အခါ ချက်ချင်း ခပ်ဝေးဝေးကို ကောက်ရွှေ့ပစ်လိုက်တယ်။ အခုတော့ ရှင်သန်ခြင်းကိုပဲ ပေးပါတော့။ လက်အစုံကိုမြှောက်ပြီး ထာဝရ သစ္စာတရားကို အော်ခေါ်မိလိုက်တယ်။ ဒါပေမဲ့ အသံသာ တိမ်ဝင်သွားပြီး မျက်ရည်တွေပဲ ယိုစီးလာတယ်။ ဒါပေမဲ့ အတုမဲ့တဲ့ ကြည်နူးမှုတွေကတော့ တစ်ကိုယ်လုံး ပျံ့နှံ့ စိမ့်ဝင်သွားတော့တယ်လေ။

ဟုတ်တယ်၊ ကျုပ် အသက်ရှင်နေချင်သေးတယ်။ မျက်စိနဲ့ စေ့စေ့ မြင်ခဲ့ရတဲ့ မြင့်မြတ်ခမ်းနားတဲ့ အမှန်တရားတွေကို ပြောပြချင်သေးတယ်။ တိုက်တွန်းလိုက်ချင်သေးတယ်။ အသက်ရှင်နေတဲ့ အချိန်တိုင်း၊ နာရီတိုင်းမှာ ပြောပြဖို့လည်း ဆုံးဖြတ်လိုက်တယ်။ အဲ့ဒီအချိန်ကစပြီး ကျုပ် ပြောပြခဲ့တယ်။ ဒါ့အပြင် ကျုပ်ကို လှောင်ပြောင်တဲ့ လူတွေကိုလည်း ပိုပြီးချစ်မိတယ်။ ဘာကြောင့်လဲတော့ မသိဘူး။ စဉ်းလည်း မစဉ်းစားမိဘူး။ အခုတောင်မှ သူတို့က ကျုပ်ကို သိပ်စိတ်မှန်တဲ့လူ မဟုတ်ဘူးတဲ့။ ဟုတ်ပါတယ်။ တကယ်တော့ ကျုပ်အာရုံတွေဟာ တဖြည်းဖြည်း ချည့်နဲ့ ယိမ်းယိုင်နေတယ်။ ဒီလိုပါလို့ ကျုပ်က နိဂုံးချုပ်ပြလိုက်တော့ သူတို့က မှင်သက်အံ့သြနေကြတယ်။ သူတို့ ပြောတာ မှန်ပါတယ်။ ကျုပ်ခေါင်းထဲမှ ဝေခွဲမရအောင် ရှုပ်ထွေးနေတယ်။ ဒီထက် ဆိုးဝါးချင်လည်း ဆိုးပါလိမ့်မယ်။ ပြောချင်တာတွေကို တိတိပပ သယ်ဆောင်နိုင်တဲ့ စကားလုံးတွေ ရှာမရခင်ထက် အခု ကျုပ်ဟာ ပိုပြီး တော့တောင် ယောင်ကမ်းကမ်းဖြစ်နေပါလိမ့်မယ်။ ဒီအခိုက်အတန့်လေးမှာ ကျုပ်က ဘာလို့ဒီလိုနားလည်နေရတာလဲ။ ဒါဆိုရင် ရှုပ်ထွေးနေတဲ့လူတွေက ဘယ်သူတွေလဲ၊ အခုအချိန်ထိ ခင်ဗျားတို့၊ ကျုပ်တို့တွေဟာ တူညီတဲ့ အရာ ဌာနတစ်ခုစီကို ဦးတည်နေကြတာပါ။ မဟာပညာကျော်တွေကအစ သွက်ချာ ပါဒတွေအဆုံး ဆန့်ကျင်ဘက်လမ်းကနေ ရောက်အောင် ကြိုးစားနေကြတာ ပါ။ ဒါဟာ အိုမင်းနေတဲ့ အမှန်တစ်ခုပါ။ ဒါပေမဲ့ သစ်နေတဲ့ အကြောင်းတစ်ခု တော့ ရှိတယ်။ ခင်ဗျား သိပါတယ်။ အမှန်ကို တွေ့ခဲ့တဲ့သူဟာ ကျုပ်ပဲ။ ဒါ ကြောင့် ကျုပ် လျှောက်ရမယ့်လမ်းက ဘယ်တော့မှ လွဲချော်သွားတော့မှာ မဟုတ်ဘူး။ ကမ္ဘာမြေပေါ်မှ လူတွေဟာ လူ့စွမ်းရည်တွေ မပျောက်ဆုံးဘဲ “လှ”နိုင်တယ်၊ “ပျော်”နိုင်တယ်။ ဆိုးသွမ်းတဲ့ ကောက်ကျစ် ယုတ်မာမှုဆိုတာ လူသားရဲ့ ပကတိဘဝလို့ ဘယ်လိုမှ ကျုပ် မယုံနိုင်ဘူး။ ကျုပ်ကို ဝိုင်းရယ် နေတဲ့ အဓိကအချက်ကတော့ အဲ့ဒီ ကျုပ်ရဲ့ယုံကြည်မှုကို ရယ်နေကြတာပဲ။ အမှန်ကို တွေ့ပြီးမှတော့ ဘာကို ကျုပ်က ကိုးကွယ်နေရဦးမှာလဲ။ ဒါပေမဲ့ အဲ့ဒီအမှန်ကို ဆင်ခြင်ဉာဏ်နဲ့ တွေးပြီး သိခဲ့ရတာမျိုးတော့ မဟုတ်ဘူး။ မျက်စိနဲ့ စေ့စေ့ မြင်ခဲ့ရတာပဲ။ ဒါကို မရှိနိုင်ပါဘူးလို့ကော ဘယ်သူ ပြောနိုင် မှာလဲ။ ဒါကြောင့် ဒီလမ်းပေါ်က ကျုပ် ဘယ်လိုမှ သွေဖည်မသွားနိုင်တော့ဘူး။ သွေဖည်ခဲ့တယ်ဆိုရင်လည်း ခဏသာဖြစ်လိမ့်မယ်။ စကားလုံးတွေ ဝေဝါး နေတယ် ဆိုရင်လည်း ခဏခဏ ဖြစ်လိမ့်မယ်။ ဒါပေမဲ့ အိပ်မက်ထဲမှာ ကွင်း ကွင်းကွက်ကွက် မြင်ခဲ့တဲ့ ရုပ်ပုံလွှာတွေကတော့ ကျုပ်ကို အမြဲ လမ်းပြနေ တော့မှာပါ။ အခုဆို ကျုပ် သိပ်ကိုပျော်ရွှင်နေတယ်။ ဒီလိုနဲ့ နှစ်ပေါင်းများစွာ အထိ ခရီးဆက်ရဦးမှာပဲ။ ခင်ဗျား သိပါတယ်။ ကျုပ်က သူတို့ကို ဖျက်ဆီးပစ် လိုက်တယ် ဆိုတာကို အရင်က ဖုံးကွယ်ထားချင်တယ်။ ဒါဟာ ဦးဆုံးမှားတဲ့ ကျုပ်ရဲ့ အမှားပဲ။ ဒါပေမဲ့ အမှန်က ကျုပ်ကို တိုးတိုးလေး ကပ်ပြောတယ်။ “လှည့်ဖြားမှုအတွက်တော့ မင်းမှာ

အပြစ်ရှိတယ်”ပြီးတော့ လျှောက်ရမယ့် လမ်းကို ဘယ်လိုတတ်နိုင်မှာလဲ၊ ဘယ်စကားတွေနဲ့ ရှင်းပြလို့ကော ရနိုင် မှာလဲ။ အိပ်မက်ပြီးဆုံးသွားတဲ့အခါ ကျုပ်မှာ စကားလုံးတွေ ပျောက်ဆုံးသွား ခဲ့ရတယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ မြင်တွေ့ခဲ့ရတဲ့ အရာတွေကို ပြန်မပြော နိုင်ရင်တောင် ကျုပ် ခရီးကို မနားတမ်း ဆက်ရလိမ့်မယ်။ ပြောနိုင်သမျှတော့ ပြောပြရဦးမယ်။ ကျုပ်ကို ရယ်စရာလုပ်နေတဲ့ လူတွေက ဘာကိုသိလို့ ရယ် နေကြသလဲတော့ မသိဘူး။ ဒီအိပ်မက်ဟာ သွေးလေချောက်ချားပြီး မက်တဲ့ အိပ်မက်လေ။ ကောင်းပါပြီ၊ ဒီအဖြေဟာ ချင့်ချိန်တွေးဆတတ်တဲ့ သုခမိန် ရဲ့ အဖြေမျိုးလား။ ဘာကြောင့် ဒီလောက်တောင် မာန်ကြီးနေကြတာလဲ။ အိပ်မက်ဆိုတာကရော ဘာလဲ၊ အိပ်မက်တွေသာ မရှိခဲ့ရင် ကျုပ်တို့၊ ခင်ဗျား တို့ရဲ့ ဘဝဆိုတာကကော ဘာလဲ၊ ဒီလိုတောင် ကျုပ်ဘက်က ပြောလိုက်ချင် သေးတယ်။ “ဟုတ်ပါပြီတဲ့ဗျာ။ ခင်ဗျားတို့ ပြောသလိုပဲ ထားလိုက်ပါတော့၊ ဒါဆိုရင် နိဗ္ဗာန်ဆိုတဲ့ စကားကိုလည်း ပြောမနေကြနဲ့တော့” ဒါပေမဲ့ ကျုပ် သိပါတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အရာရာတိုင်းဟာ နေသားတကျဖြစ် သွားမှာပါ။ ကိုယ့်ကိုယ်ကိုယ် ချစ်သလို တစ်ပါးသူကိုလည်း ချစ်ဖို့ဆိုတာ အဓိကကျတဲ့ စကားတစ်ခွန်းပါ။ ဒီ့အပြင်လည်း ဘာမှမလိုအပ်ပါဘူး။ အဲ့ဒီ စကားတစ်ခွန်းဟာ အရာရာကို တည့်မတ်ပေးပါလိမ့်မယ်၊ ဟုတ်တယ်။ ဒါ ဟာ ဘာမှမဟုတ်ပေမယ့် အိုမင်းနေတဲ့ အမှန်တစ်ခုပါ။ ဒါကို အကြိမ်သိန်း သန်းမက ရေရွတ်ခဲ့ကြပေမယ့် အသည်းပေါက်တဲ့အထိတော့ ဘယ်သူမှမစွဲ မှတ်ကြသေးပါဘူး။ ဘဝကို နားလည်သိအပ်ခြင်းဆိုတာ ဘဝထက် မြင့်မား ပါတယ်။ ဒါဟာ ကျုပ်တို့တွေ လုယူရမယ့် ဆိုရိုးတစ်ခွန်းပါ။ ဒါပေမဲ့ လူတိုင်း လူတိုင်းဟာ ဤအရာကို အလိုရှိကြမယ်ဆိုရင်တော့ အရာရာတိုင်းဟာ တစ်ခဏလေးအတွင်းမှာ နေသားတကျ ဖြစ်သွားနိုင်ပါတယ်လေ။

※

A Honest Thief

"ငါ မင်းကို လုံးလုံး အရှုံးပေးလိုက်ပါပြီ ကလေးရယ်။ မင်းဟာ ဘာမှ အသုံးမဝင်တဲ့ အမှုန်ကလေးတစ်မှုန်လိုသာ မင်းခရီး ကို မင်း ဆက်ပါတော့"

သူခိုးငရိုး

မနက် ကျွန်တော် ရုံးသွားခါနီး အခန်းထဲ အာဂါဗီနာ ဝင်လာပြီး ရုတ်တရက် စကားစလိုက်သည်။

သူမသည် ကျွန်တော်တို့အိမ်၌ အလုပ်လုပ်နေသော အိမ်စေတစ်ယောက်ပင် ဖြစ်သည်။ ကျွန်တော့်အား "ထမင်း စားတော့မလား"ဟု မေးတတ်သည်မှအပ အခြားစကားများ သူမထံမှ ကြားရသည်မရှိ။ ရိုးရိုးအေး အေး နေတတ်သူတစ်ယောက်လည်း ဖြစ်သည်။

"ကျွန်မ စကားတစ်ခွန်းလောက်၊ စကားတစ်ခွန်းလောက် ပြောချင် လို့ပါ အစ်ကိုလေး၊ ဒီလိုပါ အစ်ကိုလေး ဟိုအခန်းလေးကို အစ်ကိုလေး ငှား လိုက်ရင် ကောင်းမလားလို့ ကျွန်မ ထင်လို့ပါ"

"ဘယ်အခန်းလဲဗျ"

"မီးဖိုချောင်နောက်က အခန်းလေးပါ အစ်ကိုလေး"

"ကျွန်တော်က ဘာကြောင့် ငှားရမှာလဲဗျ"

"ဘာကြောင့်လဲဆိုတော့ ဟို... သူများတွေလည်း ဒီလိုပဲ အခန်းငှား စားနေကြလို့ပါ အစ်ကိုလေး"

"နေပါဦးဗျ၊ ဘယ်သူက ငှားမှာတဲ့တုန်း"

"ဘယ်သူငှားမှာလဲ၊ ဟို ...... ဘာကြောင့်လဲဆိုတော့ ငှားမယ့်သူတစ် ယောက် ရှိလို့ပါ"

"အာဂါဗီနာရယ် ခုတင်တစ်လုံးတောင် ထားလို့မရတဲ့ နေရာကိုများ ဘယ်သူက နေမှာတဲ့လဲ"

"ဘယ်သူနေမှာလဲ ဆိုတော့ ဟို ... သူက အိပ်စရာနေရာလေးရှိရင် ရပါတယ်တဲ့၊ ဘာကြောင့်လဲဆိုတော့ သူက တံခါးပေါက်ဘေးလေးမှာ နေလို့ ရပါတယ်တဲ့"

"တံခါး၊ ဘယ်တံခါးနားမှာလဲ"

"တံခါးပေါက်က ဟို... အစ်ကိုလေး မသိဘူးထင်တယ်၊ စကြိုဘက်က

တံခါးပေါက်ကို ပြောတာပါ၊ ဟုတ်တယ်၊ ဟုတ်တယ် ဟို … သူက အဲဒီ နေရာမှာပဲ နေမှာပါ၊ အဝတ်ချုပ်ရင်လည်း ချုပ်၊ ဒါမှမဟုတ်ရင်လည်း ဟို… တစ်ခုခုလုပ်နေမှာပါ၊ သူ့မှာ ကုလားထိုင်တစ်လုံးပါတယ်၊ စားပွဲလည်း ပါ သေးတယ်၊ ဟုတ်တယ် သူ့မှာ ပစ္စည်းပစ္စယ ပြည့်ပြည့်စုံစုံ ရှိပါတယ်”

“ဒါဆိုရင် သူက ဘယ်သူလဲဗျ”

“ဟို… လူကောင်းတစ်ယောက်ပါ၊ သူက ဒီလိုပဲနေနေကျပါ၊ ကျွန်မ လည်း သူ့အတွက် ထမင်းချက်ပေးရမယ်လေ၊ တစ်လကို ၃ ကျပ် ပေးဖို့လည်း သူ့ကို ပြောထားပါတယ်”

အာဂါဗီနာ၏စကားများကိုနားထောင်ရန် ကျွန်တော် အတော်ကြိုးစား အားထုတ်ခဲ့ရ၏။ ထိုနေရာလေးကို ငှားရမ်းဖို့ အသက်ကြီးကြီး လူတစ်ယောက်က သူမအား ချော့မော့ပြောခဲ့ပုံရသည်။ ထို့ကြောင့်ပင် တံခါးဘေးက နေရာ လေးအား ငှားရမ်းရန် သူမသည် စိတ်ကူးရှိနေခြင်း ဖြစ်လိမ့်မည်။ ကျွန်တော် က သူမ ဖြစ်စေချင်သည့်အတိုင်း မလုပ်ပေးခဲ့ဘူးဆိုလျှင် ကျွန်တော် သိသည်။ ထိုမိန်းမသည် ကျွန်တော့်အား စိတ်အနှောင့်အယှက် ပေးပေလိမ့်မည်။ သူမ အလိုမကျလို့ စိတ်ကောက်နေပြီဆိုလျှင် နှစ်ပတ် သုံးပတ်တော့ ကြာတတ် သည်။ ထိုအတောအတွင်း ကျွန်တော့်အတွက် ထမင်းသည် နတ္ထိ။ ကျွန်တော့် အဝတ်အစားများသည်လည်း ဟိုတစ်ထည် ဒီတစ်ထည်နှင့် ခဝါသည်မရှိ၊ တစ်အိမ်လုံးလည်း ဖုန်အလိမ်းလိမ်း၊ နောက်ဆုံး ကျွန်တော်ကသာ ဒေါသ ချုပ်တည်း အောင့်အည်းနေလိုက်ရမြဲ ဖြစ်သည်။ ထိုမိန်းမသည် စကားကို အမြီးအမောက်တည့်အောင် မပြောတတ်၊ အလုပ်တစ်ခုကိုလည်း တည့်တည့်မတ်မတ် လုပ်နိုင်စွမ်းမရှိမှန်း အတော်ကြာကြာကတည်းက ကျွန်တော် လေ့ လာမိခဲ့သည်။

ယခုလည်း အရှက်တကွဲ ကိုယ်ကျိုးနည်းစေမယ့် အကြံစည်တစ်ခုခုကို သူမ စိတ်ကူးနေသည် ဆိုလျှင်တော့ ကျွန်တော် အချိန်မီ တားဆီးရပေလိမ့်မည်။

သို့သော် ဒီလိုအချိန်မျိုးတွင် ကျွန်တော် စိတ်အနှောင့်အယှက် မဖြစ် စေချင်။ ထို့ကြောင့် သူမ၏ အစီအစဉ်ကို ကျွန်တော် ချက်ချင်း ခွင့်ပြုလိုက်မိသည်။

“သူ့မှာ မှတ်ပုံတင်ပါရဲ့လား၊ ဒါမှမဟုတ်လည်း အခြား အထောက် အထား တစ်ခုခုပေါ့”

“ဟုတ်ကဲ့ရှင့်၊ ပါပါတယ်၊ သူက လူကောင်းတစ်ယောက်ပါ၊ ပြီးတော့ အတွေ့အကြုံများတဲ့ လူတစ်ယောက်ပါ။ ပြီးတော့ တစ်လကို ၃ကျပ် ပေးမယ် ဆိုတာလည်း ကတိပေးပါသေးတယ်”

နောက်တစ်နေ့ ကျွန်တော်နေသောအိမ်ဝင်းထဲ၌ ထိုလူသစ်ကို တွေ့လိုက်ရသည်။ သို့သော် ကျွန်တော့်စိတ်ထဲမှာတော့ ထိုကိစ္စသည် မည်သို့မျှ အနှောင့်အယှက် မဖြစ်ခဲ့။ အမှန်ပြောရလျှင် ကျွန်တော့်အနေနှင့် ကြိတ်၍ပင် ဝမ်းသာနေ၏။

ကျွန်တော့်ဘဝသည် များသောအားဖြင့် တစ်ယောက်တည်းသာ နေထိုင်လေ့ ရှိခဲ့သည်။ အပေါင်းအသင်းမိတ်ဆွေဆို၍လည်း အနည်းအကျဉ်း လောက်သာ ရှိ၏။ ဟိုဟိုဒီဒီ သွားခဲလှသည်။ အိမ်တွင်းအောင်းဘဝနှင့်ပင် ၁၀ နှစ်လောက် အချိန်ဖြုန်းခဲ့ဖူးသည်။ တစ်ခါ ဒီနေရာ၊ ဒီဒေသမှာပဲ ဒီအိမ် ဖော် တစ်ယောက်နှင့် ၁၅ နှစ်ကျော်ကျော် နေလာခဲ့သော ကျွန်တော့်အဖို့ ဘာတစ်ခုမှ ပို၍ ထူးခြားမှုမရှိခဲ့။ ဘဝတစ်ခုလုံး အထီးကျန်ခြင်းနှင့်သာ ပေါင်းသင်း ကြီးပြင်းလာခဲ့ရခြင်းလည်း ဖြစ်သည်။

ထို့ကြောင့် ယခုရောက်လာသောသူသည် ကျွန်တော်နှင့် အဆင်ပြေ ပြေ ပေါင်းသင်းလို့ရမည်ဆိုလျှင် ထိုသူသည် ကျွန်တော့်အတွက် ကောင်းကင် ဘုံက ပေးပို့လိုက်သော လက်ဆောင်တစ်ခုပင် ဖြစ်လိမ့်မည်။ သူ့ပြောစကား များအရဆိုလျှင်,အတွေ့အကြုံအားဖြင့်ရင့်ကျက်သော လူတစ်ယောက်ဖြစ်သည်။ နာမည်က “အိုင်ဗင်နောဗစ်”ဟု ခေါ်သည်။ မှတ်ပုံတင်အရ စစ်သားဟောင်းကြီးတစ်ဦးဟု သိရသော်လည်း သူ့ရုပ်သွင်ကို ကြည့်ခြင်းအားဖြင့် ထိုအချက်သည် ပို၍သိသာစေ၏။ စစ်သားဟောင်းများထဲ၌ တော်တော် တွေ့ရခဲသောလူမျိုး ဖြစ်သည်။ စိတ်သဘောထား ကောင်းသည်။ သို့သော် လူတစ်မျိုး ဖြစ်မည်။ ဤသို့ဖြင့် သူနှင့် ကျွန်တော် အချိန်တိုတိုနှင့် အပေါင်း အသင်းဘဝ ရောက်သွားခဲ့ကြ၏။ သူနှင့် ကျွန်တော် ဆက်ဆံပေါင်းသင်းရေး တွင် ကျွန်တော် သဘောအကျဆုံး အချက်တစ်ချက်ရှိသည်။ ထိုအချက်မှာ သူ၏ဘဝအတွေ့အကြုံများအား ပုံဝတ္ထုလေးများသဖွယ် ကျွန်တော့်အား ပြန်ပြောပြလေ့ရှိသော သူ၏အလေ့ပင် ဖြစ်သည်။

တစ်နေ့မှာ သူ တွေ့ကြုံခဲ့ဖူးသော ပုံပြင်တစ်ပုဒ်အား ပြောပြခဲ့၏။ ကျွန်တော့်အား ထိုပုံပြင်ကိုပြောပြရသည့် အကြောင်းမှာလည်း ဤသို့ဖြစ်လာခဲ့ရ၏။

ထိုနေ့က အိမ်မှာ ကျွန်တော်တစ်ဦးတည်းပင် ရှိနေခိုက်ဖြစ်သည်။ သူနှင့် အာဂါဖီနာတို့နှစ်ဦးက အပြင်သွားနေကြသည်။ အခန်းထဲမှာ ကျွန်တော် ရှိနေစဉ် ရုတ်တရက် အပြင်မှတံခါးဖွင့်သံ ကြားမိလိုက်သည်။ လူတစ်ယောက် ရောက်နေမှန်း ကျွန်တော် တပ်အပ်သိသည်။ သို့နှင့် အပြင်ခန်းသို့ ကျွန်တော် ထွက်ကြည့်လိုက်ရသည်။ သေချာသည်။ တံခါးဝမှာ လူတစ်ယောက် ရပ်နေ သည်ကို တွေ့ လိုက်ရသည်။ ရာသီက ချမ်းစိမ့်နေ၏။ သူ့၌ အနွေးထည်မပါ။ အရပ်ပုသည်။

“ဘာကိစ္စရှိလိုပါလဲ ခင်ဗျာ”

“ဒါ အက်လက်ဇထရောရဲ့ အိမ်လား၊ အလုပ်ကတော့ ရုံးစာရေး လုပ်တယ်”

“ဒီမှာတော့ ဒီလိုနာမည်နဲ့လူ တစ်ယောက်မှမရှိဘူး ခင်ဗျာ”

“ခြံစောင့်က ဒီအိမ်ပဲလို့ ဘာကြောင့်ပြောလိုက်လဲ မသိဘူး”

ဤသို့ပြော၍ လူစိမ်းသည် အိမ်ခန်းအတွင်း ကျီးကန်းတောင်းမှောက်ကြည့်နေပြီး ရှေ့သို့ တိုးဝင်လာသည်။ ထို့ကြောင့်ပင် ..

“ဟုတ်ကဲ့၊ ခင်ဗျားပြောတဲ့လူဆိုတာ ဒီမှာမနေပါဘူး ခင်ဗျာ၊ ဟုတ် ကဲ့၊ အပြင်ထွက်ပေးပါ”

နောက်တစ်နေ့ ကျွန်တော်တို့ ညစာစားပြီးချိန် အိုင်ဗင်နော့ဗစ်သည် သူ့ကုတ်အင်္ကျီကို ဝတ်နေ၏။ စင်္ကြံပေါ်သို့လူတစ်ယောက် တက်လာနေသည်။ တံခါးမကြီးသည်လည်း စေ့ထားသောအချိန် ဖြစ်သည်။ ဝင်လာသောလူသည် မနေ့ကလာသွားသော ဧည့်သည်နှင့် ဆင်ဆင်တူသည်ဟု ကျွန်တော် တွေးမိသေး၏။ သို့သော် မိမိရရ မကြည့်ရသေးခင် ထိုသူသည် ချိတ်၌ ချိတ်ထားသော ကျွန်တော်၏ကုတ်အင်္ကျီကို ဆွဲယူထွက်ပြေး ပျောက်ကွယ်သွားတော့သည်။

ထိုအခိုက် အာဂါဖီနာလည်း ပါးစပ်အဟောင်းသားနှင့် ငေးကြောင်ကြည့်နေ၏။ သို့သော် အိုင်ဗင်နော့ဗစ်သည် ချက်ချင်းထိုင်ရာမှထကာ သူခိုးနောက်သို့ လိုက်လေတော့သည်။ တစ်အောင့်အကြာ အိုင်ဗင် ပြန်ရောက် လာသည်။ ဟပ်ထိုး၍ မောဟိုက်နေသည်။ သို့သော် လက်ထဲတွင် ဘာမျှပါ မလာ။

“တော်ပါသေးရဲ့ အိုင်ဗင်ရေ၊ ကျွန်တော့်မှာ အပိုတစ်ထည် ရှိနေလို့ သာပေါ့၊ နို့မဟုတ်ရင်တော့ ဒုက္ခပဲ”

ဤသို့ ကျွန်တော်က ပြောလိုက်ရသည်။ သို့သော် ထိုကိစ္စသည် အိုင်ဗင့်ရင်ထဲ၌ အချိန်အတော်ကြာ ခိုအောင်းကာ မကျေနိုင်မချမ်းနိုင် ဖြစ်နေခဲ့သည်။ သို့နှင့် ကျွန်တော်သည် ထိုကိစ္စကို အစမထုတ်တော့ဘဲ မေ့မေ့ပျောက်ပျောက်နှင့်ပင် နေလိုက်ရတော့သည်။ သို့သော် အိုင်ဗင်အတွက်တော့ အခဲမကျေနိုင်သေး။ မေ့မရ၊ မကြာခဏ အစပြန်ကောက်တတ်သည်။ ထိုည က သူက ဘယ်နေရာမှာရပ်နေတာဖြစ်ကြောင်း၊ သူခိုးယူပြေးသော ကျွန်တော့် အင်္ကျီသည် သူနှင့် တစ်ကိုက်မျှပင် မဝေးကြောင်း၊ သူ မစွမ်းနိုင်လောက်အောင် ပင် သူခိုးက မည်မျှ လျင်မြန်စွာ ပြေးထွက်သွားသည့်အကြောင်း စသည် စသည်ကို ဟန်နှင့် မာန်နှင့် ခဏခဏ စားမြုံ့ပြန်နေတော့သည်။

တစ်ခါ ထိုင်ခုံမှာ ပြန်ထိုင်လိုက်ပြန်သည်။ နောက်ဆုံး သူသည် ဝင်း တံခါးစောင့်ထံ ဆင်းသွားပြီး အစောင့်ရှိလျက်နဲ့ ဤသို့ ဖြစ်ရခြင်းသည် အစောင့်၏ တာဝန်ပေါ့လျော့မှုသာ ဖြစ်ကြောင်း၊ တံခါးစောင့်ကို ပြော၍ အကြိမ်ကြိမ် ကြိမ်းမောင်းနေပြန်သည်။

တစ်ခါ အိမ်ပေါ်ပြန်တက်လာပြီး အာဂါဗီနာကိုလည်း အပြစ်တင် ဟိန်းဟောက်နေပြန်သည်။ ထို့နောက် ထိုင်ခုံမှာ ပြန်ထိုင်၊ သူ့အလုပ်ကို ဆက်လုပ်နေတော့သည်။ နောက်ရက်များ၌လည်း ဤကိစ္စသည် သူ့အတွက် မပြီးနိုင်၊ မသိမ်းနိုင်။ သူ့မျက်စိရှေ့မှာ ဘယ်လိုက ဘယ်လို ဖြစ်ပျက်ခဲ့ပုံ တွေကို စီကာပတ်ကုံး တစ်ယောက်တည်း တတွတ်တွတ်နှင့် ပြောလို့ပင် မဆုံးနိုင်တော့။

တစ်နေ့ သူနှင့် ကျွန်တော် လက်ဖက်ရည် သောက်နေကြရင်းက … "သူခိုးကတော့ ကျွန်တော်တို့ကို အရူးလုပ်သွားတာပဲဗျ"

ကျွန်တော်က ဘာရယ် ညာရယ်မဟုတ်၊ ဤသို့ ပြောလိုက်မိသည်။ အချိန်ဖြုန်းသည့် သဘောလည်း ဖြစ်သည်။ ပြီးဆုံးသွားသော စွန့်စားခန်း လေးများကို ပြန်လည်၍ နှပ်နှူး၊ လျှာဖိမ်ခံပြောရခြင်းသည် ပြောသူရင်၌ ကြည်နူးစေသည့်အတွက်ကြောင့်လည်း ဖြစ်သည်။

"ဟုတ်တယ်ဗျို့၊ ကျုပ်တို့တွေအားလုံး အရူးလုံးလုံး ဖြစ်ကုန်ကြ တော့တာပဲ၊ ကျုပ်နဲ့ အနေသာကြီး ဆိုပေမယ့် စိတ်အနှောင့်အယှက်တော့ တော်တော်ဖြစ်တယ်ဗျာ၊ ပျောက်တာက ခင်ဗျားပစ္စည်း၊ ဒေါသဖြစ်ရတာက ကျုပ်၊ ကျုပ်အထင်တော့ သူခိုးလောက် ယုတ်မာတဲ့လူ ဒီလောကမှာ ရှိမယ် မထင်ဘူး၊ အခုလည်း ကြည့်လေ၊ ခင်ဗျား အပိုဆောင်ထားတဲ့ အကျႌလေး တစ်ထည်ကို ခိုးသွားတယ်၊ ဒါ ခင်ဗျားရဲ့ လက်ကို ခိုးသွားတာပဲ၊ ခင်ဗျားရဲ့ အချိန်တွေကို ခိုးသွားတာပဲ၊ ကုန်ကုန်ပြောရရင်ဗျာ ခင်ဗျား ချွေးနဲ့ရင်းထားတဲ့ ပစ္စည်းကို အခိုးခံလိုက်ရတာပဲ၊ ဆိုးဝါးညစ်စုတ်တဲ့ အလုပ်ပဲဗျာ၊ စကားထဲ ထည့်ပြောဖို့တောင် မကောင်းပါဘူးဗျာ၊ ခင်ဗျားအနေနဲ့ကော အဲ့ဒီကိစ္စကို ဘယ်လို ခံစားလိုက်ရသလဲဗျ"

"ခံစားရတာပေါ့ဗျာ၊ အခိုးခံရတာထက် မီးလောင်သွားတာကမှ တော်လိမ့်ဦးမယ် ထင်တယ်"

"သူများပစ္စည်း ခိုးတယ်ဆိုတာ ရွံစရာကောင်းတဲ့ အလုပ်ပါဗျာ"

"ရွံစရာကောင်းတဲ့အလုပ်၊ ဟုတ်လား၊ ကျုပ်လည်း အဲဒီလိုပဲ စဉ်းစား မိတယ်၊ သြော် … သူခိုးတွေ၊ သူခိုးတွေ၊ လောကမှာ အများကြီးပါပဲလား၊ ဒါပေမဲ့ တစ်ခါတုန်းကတော့ ရိုးသားတဲ့ သူခိုးတစ်ယောက်နဲ့ ကြုံခဲ့ရဖူးတယ်ဗျ"

"ဘယ်လို ...၊ ရိုးသားတဲ့ သူခိုး၊ သူခိုးဆိုမှတော့ ရိုးသားနိုင်ပါ့မလား အိုင်ဗင်ရယ်"

"ခင်ဗျားပြောတာ ဟုတ်ပါတယ်၊ ခိုးပါတယ်ဆိုမှ ဘယ်လို ရိုးသားနိုင်တော့မှာလဲ၊ ဒါပေမဲ့ အဲ့ဒါဟာ လုံးလုံး အဓိပ္ပာယ်မရှိဘူး။ ကျုပ် ပြောချင် တာက ကျုပ် တွေ့ခဲ့ရတဲ့ သူခိုးဟာ သူများပစ္စည်း ခိုးပေမယ့် ရိုးသားတဲ့ လူခိုးတစ်ယောက် ဖြစ်တယ်ဆိုတာကို ပြောချင်တာပါ၊ ကျုပ်ကလည်း သူ့ အတွက် ရိုးရိုးသားသား စိတ်မကောင်းဖြစ်မိလို့ပါ"

"ဘာကြောင့်များလဲ အိုင်ဗင်၊ ခင်ဗျား ဇာတ်လမ်းလေးကို ပြောပြ စမ်းပါဦး"

"ကြာပါပြီဗျာ၊ နှစ်နှစ်ကျော်လောက်ရှိရော့မယ်၊ အဲဒီတုန်းက တစ်နှစ် နီးပါးလောက် ကျုပ်လည်း နေစရာမရှိဖြစ်နေတဲ့အချိန်ပေါ့။ အဲဒီအချိန်မတိုင် ခင်လေးမှာပဲ ငမွဲသူခိုးလေးတစ်ကောင်နဲ့ ဘုံဆိုင်တစ်ဆိုင်မှာ မိတ်ဆွေဖြစ် ခဲ့ကြတယ်လေ။ ဒီကောင်လေးက ငမူးလေးဗျ၊ ပြီးတော့ ခြေသလုံးအိမ်တိုင် သမား၊ သူ့မှာ အလုပ်လေးတစ်ခုတော့ ရှိပါတယ်။ ဒါပေမဲ့ မူးမူးနေတဲ့ သူ့ အကျင့်ကြောင့် အလုပ်က ပြုတ်သွားတယ်လေ။ တကယ့်ကို အသုံးမကျတဲ့ ကောင်လေးပါဗျာ။ အပေါ်က ကုတ်အင်္ကျီသာ ဝတ်ထားတာ၊ အောက်ခံ ဘာအင်္ကျီမှ ဝတ်မထားဘူး။ ပိုက်ဆံလေးနည်းနည်း ရလိုက်တာနဲ့ အကုန်လုံး သောက်ပစ်တော့တာပဲ။

"တစ်ခုတော့ ရှိတယ်ဗျ၊ ဒီကောင်က ရန်တွေဘာတွေ ဖြစ်တာတော့ မရှိဘူး။ အရက်လည်း ကြီးမယ့်ပုံပဲ။ ဒီတော့ သူ အရက်သောက်ချင်မှန်းသိရင် ကျုပ်ကပဲ တိုက်လိုက်ရတော့တာပေါ့ဗျာ။ ဒီလိုနဲ့ပဲ ကျုပ်တို့ မိတ်ဆွေတွေ ဖြစ်ခဲ့ကြတယ် ဆိုပါတော့။ ကောင်လေးက ကျုပ်နားက ခွာတယ်လို့ မရှိဘူး။ အိမ်မြှောင်တစ်ကောင်လို တွယ်ကပ်နေတော့တာပဲ။ ကျုပ်သွားလေရာ တကောက်ကောက်နဲ့၊ လူကလည်း ပိန်လိုက်တာ ဝါးခြမ်းပြားလေးလား ထင်ရတယ်။

"သူ့အကြောင်းကတော့ ထူးထူးထွေထွေ မရှိပါဘူး။ ဒီလောက်ပါပဲ။ နောက်တော့ ကျုပ် အိမ်မှာ ညအိပ်ပါရစေလို့ ပြောတယ်။ ဒါနဲ့ ကျုပ်လည်း ပြုလိုက်ပါတယ်။ သူ့မှတ်ပုံတင်ကိုတောင် ကြည့်လိုက်သေးတယ်။ နောက်တစ်နေ့မှာလည်း ဘာမှ ထူးထူးခြားခြား မရှိပါဘူး။ အဲ... တတိယနေ့လောက် မှာတော့ ကိုယ်တော်ချောက ကျုပ်ဆီ ပြန်ရောက်လာတယ်။ ပြီးတော့ တစ်နေကုန် တံခါးဘေးနားမှာ ထိုင်နေတော့တာပဲ။ အဲဒီနေ့က ကျုပ် အိမ်မှာ သူ ညအိပ်သွားတယ်လေ။

"ဒီကောင်လေး ကျုပ်ကို ဒီလောက်ကပ်နေပုံထောက်ရင်တော့ အိမ် ပေါ်တင် ကျွေးထားရမယ့်ပုံပဲလို့ စဉ်းစားမိလိုက်တယ်။ ခက်တာက ကျုပ် ကိုယ်တိုင်ကလည်း သူများအိမ်မှာ နေရတာဆိုတော့ မလွယ်လှဘူးလေ။ ကျုပ်နဲ့

မတွေ့ ခင်တုန်းကတော့ ရုံးစာရေးတစ်ယောက်ရဲ့ အိမ်ကို ဒီလိုပဲ သွားနေကျပဲ။ အဲဒီ ရုံးစာရေးကလည်း သူနဲ့ ပုလင်းတူဘူးဆို့ ဆိုပါတော့ဗျာ။ ရုံးစာရေးလုပ်တဲ့လူကလည်း မပြေလည်ဘူးသာဆိုတယ်၊ အရက်ကတော့ သောက်သလားမမေးနဲ့။ အဲ … ကောင်လေးနာမည်က အီလီယစ်တဲ့။

"ကျုပ်လည်း သူ့ကို ဘာလုပ်ရပါ့မလဲလို့ အထပ်ထပ် စဉ်းစားပါ သေးတယ်။ မောင်းထုတ်ပစ်လိုက်ဖို့ ဆိုပြန်တော့လည်း ကျုပ်ကိုယ်ကျုပ် ရှက်စရာ ဖြစ်နေပြန်တယ်။ သူ့ကို သနားမိတာလည်း ပါတယ်ပေါ့ဗျာ။ ဒီ လောက် သနားစရာကောင်းတဲ့ သတ္တဝါမျိုး ကျုပ်တော့ တစ်ခါမှ မတွေ့မိသေးဘူး။ စကားတစ်လုံးမှလည်း မပြောဘူး။ မေးလည်း မမေးဘူး။ တံခါးဝ မှာ ထိုင်နေပြီး ကျုပ်မျက်နှာကို ခွေးတစ်ကောင်လို ငေးကြည့်နေတော့တာ ပဲ၊ တစ်နေ့တစ်နေ့ အရက်သောက်ဖို့လောက်ပဲ စဉ်းစားနေတာဟာ လူတစ် ယောက်အတွက် မြန်မြန်မသာပေါ်မယ့်ကိစ္စပဲ မဟုတ်လား။

"မင်း ဒီကထွက်သွား၊ မင်းအတွက် ဒီမှာ ဘာမှမရှိဘူး။ ငါတောင် အနိုင်နိုင်နေရတဲ့အထဲ မင်းကို ဘယ်လိုတင်ကျွေးထားရမှာလဲ" အဲဒီလိုပေါ့လေ။ ကျုပ် သူ့ကို ပြောပစ်လိုက်ဖို့ စဉ်းစားတယ်။ စဉ်းစားထားတဲ့အတိုင်း လည်း ပြောလိုက်ရော၊ သူ လုပ်နေတဲ့ပုံကို ကြည့်ပြီး ကျုပ် အံ့သြခဲ့ရတယ်။ သူဟာ ကျုပ်ပြောတဲ့စကားတွေကို ဘာမှနားမလည်သလိုပဲ၊ ကျုပ်ကို တွေတွေကြီး စိုက်ကြည့်နေတယ်လေ။ နောက်တော့ ကျုပ်နဲ့အတူ အိမ်ပြန်လိုက် လာပြီး သူ့အထုပ်ကို ယူတယ်။ အနီရောင်ပိတ်စနဲ့ ထုပ်ထားတဲ့ သူ့အထုပ် ထဲမှာ ဘာတွေပါလဲဆိုတာတော့ ဘုရားပဲ သိမှာပဲ။ ဒါပေမဲ့ သူ့အထုပ်ကို တော့ သွားလေရာ အမြဲ ယူသွားတတ်တယ်။

"အဖာတစ်ရာနဲ့ စုတ်ပြတ်နေတဲ့ သူ့ကုတ်အင်္ကျီကို သေသေချာချာ ဝတ်လိုက်ပြီး မျက်ရည်လေး စမ်းစမ်းနဲ့ ကျုပ်အိမ်က ဆင်းသွားတော့တာပဲလေ။ လူတစ်ယောက်ကို ဒီလို လုပ်လိုက်တာတော့ မကောင်းဘူးပေါ့ဗျာ။ ကျုပ်လည်း ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ။ ဒါပေမဲ့ သူနဲ့ ကျုပ်နဲ့က ဆက်နေလို့ မဖြစ်တော့ဘူးလေ။ ဒီတော့လည်း သွားပေဦးတော့ပေါ့ဗျာ။

"ကျုပ်အခြေအနေကလည်း ကျုပ်ဆရာ ဆုံးပြီးတဲ့နောက်ပိုင်း အလုပ်က ထွက်လိုက်တယ်။ အေးအေးပဲနေတော့မယ် စိတ်ကူးပြီး သူနာပြု အဘွားကြီး တစ်ယောက်အိမ်မှာ ငှားနေခဲ့တယ်။ အဘွားကြီးက ကျုပ်နဲ့ သိတာ ကြာပါပြီ။ အခုတော့ သူလည်း ပင်စင်ယူလိုက်ပြီပေါ့ ။

"နောက်တော့ ဘာဆက်ဖြစ်တယ်လို့ခင်ဗျားထင်လဲ။ နောက်တစ်နေ့ကျတော့ အသိတစ်ယောက်နဲ့ တွေ့ဖို့ ကျုပ် အပြင်

ခဏထွက်သွားတယ်။ အိမ်လည်းပြန်ရောက်ရော အလိုလေး… အီလီယစ်လေ သူ့အထုပ်ကို ဘေးမှာချပြီး ကျုပ်သေတ္တာကြီးပေါ်မှာ အခန့်သားထိုင်နေတာ တွေ့လိုက်ရတယ်။ လက်ထဲမှာလည်း တရားစာအုပ်တစ်အုပ်နဲ့ ကျုပ်ကို စောင့်ရင်း ဟိုလှန် ဒီ လှန် လုပ်နေတယ် ထင်ပါရဲ့။ သူ့ကို ရုတ်တရက် တွေ့ လိုက်ရတော့ ကျုပ် ရင်ထဲ ဆို့သွားတာပဲ။

"ကျုပ်လည်း ဘာတတ်နိုင်တော့မှာလဲ။ သူ့ကိုလည်း မောင်းမထုတ် ရက်တော့ပါဘူး။ ဒါနဲ့ သူ့ကို ပွင့်ပွင့်လင်းလင်း မေးလိုက်ရတယ်။

"ကောင်လေး၊ မင်း မှတ်ပုံတင်ကော ပါရဲ့လား"

"ကျုပ်လည်း စဉ်းစားတာပေါ့ဗျာ၊ ဒီခြေသလုံးအိမ်တိုင်လေးက ကျုပ်ကို ဒုက္ခများပေးမလား၊ အပြန်ပြန်အလှန်လှန်ကို စဉ်းစားရတယ်။ သူ့ ကြည့်ရတာတော့ ဆိုးဆိုးဝါးဝါး ဒုက္ခပေးမယ့်ပုံတော့ မပေါ်ဘူးဗျ။ ဒါနဲ့ပဲ သူ့ကို လက်ခံထားလိုက်တယ်။ မနက်စာကိုလည်း ကျုပ်တို့ အတူတူ စား ကြတယ်။ ကျုပ်က အစားအသောက်ကို သိပ်ခုံခုံမင်မင်ရှိလှတာ မဟုတ်ဘူး။ ကောင်လေးကလည်း အစားထက် အရက်ပဲသောက်ချင်နေတဲ့ကောင်၊ ခင်ဗျား သိတဲ့အတိုင်းပဲ၊ အရက်သမားဆိုတာ အစားအသောက်ကို သိပ်စား ကြတာများ မဟုတ်ဘူး၊ အရက်သောက်နေရရင် ကျေနပ်နေကြတာ မဟုတ် လား၊ ကောင်လေး ဒီလိုသာ သောက်နေပုံနဲ့ဆိုရင် ကျုပ်တော့ ဒုက္ခရောက်တော့မှာပဲလို့ တွေးမိသေးတယ်။ နောက်အတွေးတစ်ခုကလည်း ကျုပ်ခေါင်း ဘဲ ရောက်လာပြန်တယ်။ အဲဒါက ကျုပ်ကလည်း အသက်ကြီးပြီလေ။ ဒီ ကောင်လေးသာမရှိရင် ကျုပ်တစ်ယောက်တည်း အထီးကျန်နေတော့မှာ။ ဒီတော့ ကောင်လေးကို ကျုပ် မွေးစားမယ်ပေါ့။ လမ်းမှန်ရောက်အောင်လည်း သူ့ကို သွန်သင်ပေးမယ်လို့ တစ်ထိုင်တည်း ဆုံးဖြတ်လိုက်တယ်။

"ကဲ … ကောင်လေးရေ၊ မင်း ငါ့အိမ်မှာနေရင်လည်း နေပေါ့ကွာ။ ဒါပေမဲ့ မင်းကိုယ်မင်း ဆင်ခြင်ဖို့နဲ့ ငါ့စည်းကမ်းကို လိုက်နာဖို့တော့ လိုလိမ့် မယ်နော်"

"သူနဲ့ သင့်တော်မယ့် အလုပ်တစ်ခုခုကို လုပ်လာအောင် တဖြည်း ဖြည်းတော့ ပြောရမှာပေါ့ဗျာ။ လော လောဆယ်တော့ သူ့ဘာသာ ပျော်သလို နေစေပေါ့။ ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ အလုပ်တစ်ခုခုကို လုပ်ဖို့ဆိုတာ လူတစ်ယောက်မှာ အစွမ်းအစတစ်ခုခုတော့ ရှိရမယ် မဟုတ်လား။

"နောက်ပိုင်း ရက်တွေမှာ သူ့ကို သေသေချာချာ အကဲခတ်ကြည့်မိတယ်။ ဒီကောင်လေးမှာက ရှူးရှူးမိုက်မိုက်နဲ့ စိတ်ထင်ရာလုပ်တတ်တဲ့ ဉာဉ် မျိုးတော့ ရှိတယ်ဗျ၊ ဒါကြောင့် ကျုပ် သူ့ကို အကြံပေးကြည့်တယ်။

“ကောင်လေး မင်းလုပ်နေတာတွေကို စဉ်းစဉ်းစားစားနဲ့ လုပ်စမ်း၊ ဒီလိုသာမူးမူးနေရင် ဘယ်လိုလုပ်မလဲ၊ မင်းကိုယ်မင်း ကြည့်စမ်း၊ စုတ်ပြတ် ညစ်ပတ်နေတာပဲ၊ ဒီပုံနဲ့ ဘယ်လို ရှေ့ဆက်မလဲ၊ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ဖို့ ကောင်းပြီကွာ”

“သူ့ကို ပြောရတာလည်း သစ်တုံးကို ပြောနေရသလိုပဲ၊ ကျုပ်ကို ဘာတစ်ခွန်းမှ ပြန်မပြောဘူး။ ပါးစပ်ထဲ အာစေးများ ထည့်ထားသလား မသိပါဘူး။ ကျုပ် ပြောတာတွေ အားလုံးကို နားထောင်လည်းပြီးရော ကိုယ် တော်လေးက သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်တယ်လေ။

“ဟေ… အီလီယစ် သက်ပြင်းချရလောက်အောင် ဘာများဖြစ်လို့လဲ”

“ဘာမှ မဟုတ်ပါဘူး အဘ”

“ဩော် … ဒီနေ့ လမ်းမပေါ်မှာ မိန်းမနှစ်ယောက် ရန်ဖြစ်ကြတာ အဘ ကြားမိလိုက်သေးလား၊ ဈေးသည်တစ်ယောက်ရဲ့ ပဲသီးတောင်းကို မိန်းမတစ်ယောက်က တိုက်မိလို့ မှောက်သွားတယ်လေ”

“အဲဒါ ဘာဖြစ်လဲ”

“အဲဒါ သူ့ခြင်းတောင်းကို မှောက်ပစ်ရမလားဆိုပြီး ဈေးသည်က ဟို မိန်းမရဲ့အာလူးခြင်းကို ခြေထောက်နဲ့ကန်ပြီး အာလူးတွေကို တက်နင်းပစ် လိုက်တာပေါ့”

“နေပါဦး အီလီယစ်၊ အဲဒါ ဘာဖြစ်လို့လဲ”

“ဩော်…. ဘာမှတော့မဖြစ်ပါဘူး။ အဘကို ကျွန်တော် ပြောပြတာပါ”

“ပြောပြတာ ဟုတ်လား၊ ဩော် … အီလီယစ်ရယ်၊ ငါ့အထင်တော့ မင်း အရက်တွေ အသောက်လွန်လို့ ဦးနှောက်များ ပျက်နေပြီလားကွာ”

“ဩော် … နောက်တစ်ခု ရှိသေးတယ် အဘ”

“မိုလိုဗီလမ်း ပလက်ဖောင်းပေါ်မှာ လူတစ်ယောက်ဆီက ငွေတစ် ရွက် ကျကျန်ခဲ့တယ်လေ။ “ဩော်” မှားသွားလို့ မိုလိုဗီလမ်း မဟုတ်ဘူး၊ ဆာဒိုဗီလမ်းမှာ ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒီပိုက်ဆံကို လူတစ်ယောက်က တွေ့သွားပြီး ကောက်မယ်လုပ်တုန်း နောက်တစ်ယောက် ရောက်လာပြီး သူ အရင်တွေ့တာ၊ သူ ရသင့်တယ်လို့ ပြောတယ်”

“အင်း … အဲဒီတော့ ဘာဖြစ်ပြန်ပြီလဲ”

"အဲဒီတော့ သူတို့တွေ ထချကုန်တော့တာပေါ့၊ ပုလိပ်ရောက်လာတော့ မှပဲ ရန်ပွဲပြီးသွားတယ်။ ပိုက်ဆံကတော့ ပိုင်ရှင်ပဲ ပြန်ရသွားတယ် အဘရဲ့"

"ကဲ ... ထားပါတော့ အီလီယစ်ရယ်၊ အဲဒီအကြောင်းတွေဟာ မင်း အတွက် ဘာများ အကျိုးထူးသွားမှာမို့လဲ"

"ဘာမှတော့ မထူးဘူးပေါ့ အဘရယ်၊ သူတို့နှစ်ယောက်ကိုကြည့်ပြီး ဘေးကလူတွေက ဝိုင်းရယ်ကြလို့ပါ"

"ဟကောင်ရ၊ လူတွေရယ်တာ မင်းနဲ့ ဘာဆိုင်လို့လဲ။ ငါ ဘာပြော နေလဲဆိုတာကော မင်းသိရဲ့လား"

"ဗျာ၊ အဘ ဘာပြောမလို့လဲ"

"မင်း အလုပ်တစ်ခုလုပ်ပါ၊ အဲဒါ မင်းလုပ်ရမယ့် အလုပ်ပဲ၊ ပြီးတော့ ကိုယ့်ဘဝကို နားလည်ပါ၊ ငါ ပြောချင်တာ ဒါပဲ"

"အဘရယ်၊ ကျွန်တော်က ဘယ်လိုအလုပ် လုပ်ရမှာလဲ၊ ဘာလုပ်ရမှန်းလည်း မသိဘူး၊ ကျွန်တော့်ကို အလုပ်ပေးမယ့်လူလည်း တစ်ယောက်မှ မရှိတာ"

"ဟ... ငမူးရ မင်းကမှ စိတ်မဝင်စားဘဲ အလုပ်က ဘယ်လိုလုပ် ရနိုင်မှာတုန်း"

"ဩော်... ဗီးလက်ကို အဘ သိလား၊ စားပွဲထိုးလေ၊ ဒီနေ့ သူ့ကို ရဲစခန်းက ခေါ်သွားတယ်"

"ဘာဖြစ်လို့ ခေါ်သွားတဲ့လဲ"

"ဘာကြောင့်လဲတော့ ကျွန်တော်လည်းမသိပါဘူး အဘရာ၊ ကျွန်တော့် အထင်တော့ ရဲက သူ့ကို အလိုရှိနေမှာပေါ့"

ဒီကောင်နဲ့တော့ ခက်ပြီလို့ ကျုပ် စဉ်းစားမိတယ်။ ဘုရားသခင်က ကျုပ်အပြစ်တွေအတွက် ဒဏ်ခတ်တာလား မသိပါဘူးဗျာ။ ဒီကောင်မျိုးနဲ့ ကျုပ် ဘယ်လို စခန်းသွားမလဲ။

ဒီငမူးက ဉာဏ်နီဉာဏ်နက်တော့ အများသားပဲဗျ၊ ကျုပ် ပြောတာ ကိုတော့ နားထောင်နေတယ်လေ။ ကြာလာတော့ ကျုပ်လည်း ဒေါသထွက် လာတယ်။ ပြောလွန်းမကပြောတော့ ဒီကောင် စိတ်ညစ်သွားတယ်ထင်ပါရဲ့။ သူ့ကုတ်အင်္ကျီလေးကို ကောက်စွပ်ပြီး အပြင်ထွက်သွားပါလေရော။

အဲဒီနေ့က တစ်နေကုန် ပေါ်မလာဘူး။ နောက်နေ့မှ ကျေးဇူးရှင်လေး က မှုးပြီးပြန်လာတယ်လေ။ ဘယ်ကဘယ်လို ပိုက်ဆံရခဲ့သလဲတော့ မပြော တတ်ပါဘူး။ ဘုရားပဲ သိမှာပဲ။ ဒီမှာတင် ကျုပ်လည်း သူ့ကို ပြောပစ်လိုက် တော့တယ်။

"ဟေ့ ... အီလီယစ်၊ ဒီအရက်ကို မင်း ဖြတ်မလား၊ မဖြတ်ဘူးလား၊ နောက်တစ်ခါ မှုးလာမယ်ဆိုရင်တော့ ငါ့အိမ်ထဲကို ဝင်ခွင့်မပေးနိုင်ဘူး၊ လှေကားထစ်မှာပဲ မင်း အိပ်ရလိမ့်မယ်၊ ဒါပဲ"

အဲဒီလိုလည်း ကြိမ်းလိုက်ရော၊ အပြင်မထွက်တော့ဘဲ အိမ်မှာ ကုပ် နေလိုက်တာ နှစ်ရက် ကြာသွားတယ်။ အဲ... တတိယမြောက်နေ့လည်းကျရော ပျောက်သွားလိုက်တာ အရိပ်အရောင်တောင် မတွေ့ရတော့ပါဘူး။ ကျုပ်က တော့ စောင့်တယ်၊ စောင့်တယ်။ ကျေးဇူးရှင်လေးက ပေါ်မလာဘူးလေ။

နောက်တော့ ကျုပ်စိတ်ထဲ စနိုးစနောင့်ဖြစ်လာတယ်။ ပြီးတော့ ဒါ ဟာ ကျုပ်ဘဝမှာ ဦးဆုံးအကြိမ် လူတစ်ယောက်အတွက် ခံစားလိုက်ရတာပဲ။ သူ့ကို မောင်းနှင်ချလိုက်သလို ဖြစ်သွားပြီလား။ အခုအချိန်ဆို ဒီကလေး ဘယ်ကိုများ ရောက်နေပါလိမ့်မလဲ။

ကျုပ်ဆီကို လုံးဝ ပြန်မလာတော့ဘူးလား။

ကျုပ်စိတ်ထဲ သူ့အတွက် ပူပန်လာတယ်။ ဘာလုပ်ရင် ကောင်းမလဲ လို့လည်း စဉ်းစားမိတယ်။ မိုးသာ စုံးစုံးချုပ်ရော၊ ကောင်လေးကတော့ ပြန်မလာပါဘူး။ မိုးလင်းလို့ အခန်းတံခါးကိုလည်း ဖွင့်လိုက်ရော လား ... လား ... အီလီယစ်လေ၊ လှေကားထစ်ကို ခေါင်းအုံးပြီး ကွေးနေအောင်အိပ် နေတာ တွေ့လိုက်ရတော့တာပဲ။ အပြင်မှာ ချမ်းလိုက်တာကလည်း လွန်ရော၊ ရိုးတွင်းခြင်ဆီထိအောင် အေးခဲနေတယ်။ ဘုရားသိကြား မလို့သာပေါ့၊ မောင်မင်းကြီးသား ဘာမှမဖြစ်တာ။

"ကဲ ... အီလီယစ် နောက်တစ်ခါဆို မင်း ဘယ်မှာအိပ်မယ် စိတ်ကူး ထားသေးလဲ"

"ဒီလိုပါ အဘ၊ ဟိုနေ့က အဘ ကျွန်တော့်ကို စိတ်ဆိုးနေတယ်မဟုတ် လား၊ ပြီးတော့ ကျွန်တော့်ကို ဒီနေရာမှာအိပ်ရမယ်လို့ပြောထားလို့ ကျွန်တော် အိပ်နေတာပဲ"

"ဩော် ... ကောင်လေးရယ်၊ ငါ စိတ်ဆိုးတာကတော့ ဆိုးတာပေါ့။ ဒါပေမဲ့ ဒီလိုမျိုး အိပ်နေတော့လည်း ငါ ဘယ်လို စိတ်ကောင်းနိုင်ပါ့မလဲ။ ကဲ ... အထဲကိုဝင်၊

ဒီနေရာမှာ အိပ်နေမယ့်အစား အလုပ်တစ်ခုတော့ မင်း လုပ်ရမယ်”

“ဗျာ၊ ဘာအလုပ်လဲ အဘ”

“မင်း ရူးနေလား အီလီယစ်၊ အဝတ်ချုပ်တဲ့အလုပ် မင်း လုပ်ရမှာပေါ့၊ မင်းအင်္ကျီကို မင်းပြန်ကြည့်စမ်း၊ အင်္ကျီဟာ အင်္ကျီနဲ့မတူတော့ဘူး၊ လက်နှီး စုတ်ဖြစ်နေပြီ၊ လူလိုသူလိုတော့ နေဦးမှပေါ့ ငမူးရဲ့၊ သွား၊ အပ်နဲ့အပ်ချည် ယူခဲ့”

“ကျုပ်က အဲလိုပြောလိုက်ရော ဒီကောင် ဘာလုပ်တယ်မှတ်လဲ၊ သွား ယူလာတယ်လေ။ တကယ်က ကျုပ် သူ့ကိုနောက်ပြီး ပြောလိုက်တာပါဗျာ။ အဲဒါ မောင်မင်းကြီးသားက အဟုတ်မှတ်ပြီး သူ့အင်္ကျီကိုချွတ်၊ အပ်နဲ့ အပ်ချည် ကိုင်ပြီး ချုပ်မယ်လုပ်တော့တာပါပဲ။ ဒါနဲ့ ကျုပ်လည်း သူ့ကို စောင့်ကြည့်နေ လိုက်တယ်။ ခင်ဗျားလည်း သိမှာပါ။ အရက်သောက်လွန်းတော့တော့ သူ့ မျက်လုံးတွေဟာ နီရဲပြီး မှုန်ဝါးနေတယ်။ လက်တွေကလည်း တုန်တုန်ယင်ယင်နဲ့။ အပ်ပေါက်ထဲကို အပ်ချည်ဝင်ဖို့ တော်တော် ကြိုးစားနေရတယ်။ အပ်ချည်ကို တံတွေးနဲ့ဆွတ်၊ လက်နဲ့ကျစ်၊ မျက်စိကို ပြူးနေအောင် ဖွင့်ပြီး တော့ အပ်ပေါက်ထဲကို ထည့်ကြည့်၊ မရ။ နောက်ဆုံးတော့ မောင်မင်းကြီးသား လက်မြှောက်လိုက်ရတော့တယ်လေ။ ပြီးတော့ ကျုပ်ကို ကြောင်တောင်တောင် နဲ့ ငေးကြည့်နေတယ်။

“ကဲ … ကဲ … ထားလိုက်ပါတော့ကွာ၊ မင်းဟာ တော်တော်တုံးတဲ့ ကောင်ပဲ၊ အခြားလူတစ်ယောက်သာ ဘေးမှာရှိရင် မင်း ဘာလုပ်နေသလဲ ဆိုတာတောင် သိမှာမဟုတ်ဘူး၊ ငါက မင်းကို ဒဏ်ခတ်တဲ့သဘောနဲ့ သက် သက် နောက်လိုက်တာပါ၊ လာ၊ ဒီမှာထိုင်၊ မင်း ငါ့ကို ဘာမှကြောက်မနေနဲ့ တော့၊ လှေကားရင်းမှာလည်း အိပ်မနေနဲ့၊ တော်ကြာနေ သူများရယ်စရာ ဖြစ်နေဦးမယ်”

“ကျွန်တော် သိပါတယ် အဘရယ်၊ ကျွန်တော်က အရက်သမားပါ၊ ဘာမှ အသုံးမကျတဲ့လူပါ၊ အဘလို သူတော်ကောင်းတစ်ယောက်ကို စိတ် အနှောင့်အယှက်ဖြစ်အောင် ကျွန်တော် လုပ်မိတယ်လေ”

သူ့ရဲ့မွဲခြောက်ပြီး ပြာနှမ်းနေတဲ့နှုတ်ခမ်းဟာ တဆတ်ဆတ်တုန်နေ တယ်။ မျက်ရည်စီးကြောင်းဟာ ဖြူရော်ရော်ပါးပြင်ပေါ် ဖြတ်စီးပြီး တုန်ယင် နေတဲ့ မေးဖျားပေါ်ကို ကျလာတယ်။ နောက်တော့ အီလီယစ်ဟာ ချုံးပွဲချ ငိုပါလေရော။ ကျုပ်ရင်ထဲလည်း“ဆတ်ခနဲ” ဓားဦးနဲ့ ထိုးစိုက်လိုက်သလိုပဲ။ ဘယ်လောက် စိတ်ထိခိုက်လွယ်တဲ့ သတ္တဝါလေးလဲဗျာ၊ သူ့စိတ်ဟာ ဒီလောက် ကြေကွဲထိရှလွယ်လိမ့်မယ်လို့ ဘယ်သူကကော မျှော်လင့်ကြမှာတဲ့လဲ။

“ငါ မင်းကို လုံးလုံး အရှုံးပေးလိုက်ပါပြီ ကလေးရယ်။ မင်းဟာ ဘာမှ အသုံးမဝင်တဲ့ အမှုန်ကလေးတစ်မှုန်လိုသာ မင်း ခရီးကို မင်း ဆက်ပါတော့”

"အမှန်တော့ ကျုပ်ပြောနေတဲ့ ကိစ္စတွေဟာ ဘာမှစာဖွဲ့လောက်တဲ့ ကိစ္စတွေ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီလောက်ရှည်ရှည်ဝေးဝေး ကျုပ် ပြောနေတာ ဘာကြောင့်လို့ ခင်ဗျားထင်လဲ၊ ဥပမာဗျာ၊ ကျုပ်ပြောနေတဲ့ အဖြစ်အပျက် တွေ အပေါ်မှာ ခင်ဗျားရဲ့ ထင်မြင်ချက်လေး တစ်ခုလောက်ကိုတောင် ဘာလို့ မပေးခဲ့တာလဲ။ ကျုပ်အတွက်ကတော့ ပေးစရာ အများကြီးရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဘဝမှာ ဒီအဖြစ်ပျက်မျိုးဟာ နောင် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်လို့ဘဲ။

"ပြောရဦးမယ်၊ ကျုပ်မှာ ကိုယ်ပိုင်မြင်းစီးဘောင်းဘီတစ်စုံ ရှိတယ် ဗျ။ ဘောင်းဘီက အံစာတုံးပုံ အပြာရောင်အကွက်အကွက်လေးတွေနဲ့ အသား က အမျိုးအစား တော်တော်ကောင်းတယ်။ ကြည့်လို့လည်း အရမ်းလှတာပဲ။ တောသူဌေးတစ်ယောက် ကျုပ်ဆီမှာ လာအပ်တာလေ။ ချုပ်ခိုင်းတုန်းက တော့ သူ ဝတ်ဖို့ပဲ၊ ချုပ်လည်းပြီးရော ဒီလူက ဘောင်းဘီကို မကြိုက်တော့ ဘူးတဲ့။ ဒါနဲ့ ကျုပ်ကို ပေးခဲ့တာပါ။ အဟောင်းတန်း သွားရောင်းမယ် ဆိုရင် တောင် ၅ ကျပ်လောက် ရနိုင်တယ်။ ကျုပ်တို့ ဆင်းရဲသားတွေအဖို့ကတော့ ဘာပစ္စည်းပဲဖြစ်ဖြစ် တန်ဖိုးရှိတာပဲလေ။

"အဲဒီဘောင်းဘီ ရလိုက်တဲ့အချိန်ကလည်း ကျုပ်ကောင် အီလီယစ် တမှိုင်မှိုင် တစ်ထွေထွေ ဖြစ်နေတဲ့အချိန်မှာပဲ ရလိုက်တာ။ နေ့တိုင်းလိုလို ဒီကောင် ထိုင်မှိုင်နေတာ။ အရက်လည်း တစ်စက်လေးတောင် မသောက် တော့ဘူး။ ကြက်ကြီး လည်လိမ်ထားသလိုပဲ၊ ငုတ်တုတ်။ ကျုပ်ကတော့ တွေးမိသား၊ ဒီကောင် သုံးဖို့စွဲဖို့ ငွေပြတ် နေလို့များလား၊ ဒါမှမဟုတ်လည်း သူ့ဘဝသူ နားလည်လာပြီး ပြုပြင်လိုက်တာလားပေါ့။

နောက်တော့ ဘယ်လိုဖြစ်တယ် ထင်လဲ။

ရုံးပိတ်ရက် တစ်ရက်မှာ ကျုပ်လည်း ဘုရားဝတ်ပြုဖို့ဆိုပြီး အပြင် ထွက်သွားတာ မိုးချုပ်မှပဲ အိမ်ပြန်ရောက်တော့တယ်။ ပြန်လာတော့ ကျေးဇူးရှင်လေးက ကျုပ်အရင် ရောက်နှင့်နေပြီလေ။ အိမ်ရှေ့တံခါးမှာထိုင်လို့ သောက်ထားလိုက်တာလည်း ခေါင်းတောင် မဖော်နိုင်ဘူး။ ရှေ့ငိုက်သွား လိုက်၊ နောက်လန်သွားလိုက်နဲ့။ လူ့ကို ယိမ်းထိုးနေတော့တာပဲ။

"ဟာ … ဒီလိုဆိုရင်" ရုတ်တရက် အတွေးတစ်ခု ကျုပ်ခေါင်းထဲ ဝင် လာတယ်။ မဟုတ်တာ တစ်ခုခုတော့ သူ လုပ်ခဲ့ပြီလား၊ အိမ်ပေါ်ကို ပြေး တက်ပြီး သေတ္တာကို ဖွင့်ကြည့်လိုက်တယ်။

"ဘောင်းဘီ မရှိတော့ဘူး" ဟို ဟိုဒီဒီ လိုက်ရှာကြည့်သေးတယ်။ မတွေ့ဘူး၊ တစ်အိမ်လုံးမွှေနှောက်ပြီး ထပ်ရှာတယ်၊ မတွေ့ဘူး။ ဒါနဲ့ ဦးဆုံး အိမ်ရှင် မိန်းမကြီးကို

မေးကြည့်တယ်။ ဒီကောင် မူးလာတဲ့ကိစ္စဟာ ဒီအကြောင်းနဲ့ ပတ်သက်နေတယ်ဆိုပေမယ့် သူ့အပေါ်တော့ ကျုပ် နည်းနည်း လေးမှ သံသယမရှိပါဘူး။

"ကျွန်မက ဘယ်လိုလုပ်သိမှာလဲ၊ ရှင့်မြင်းစီးဘောင်းဘီကို ကျွန်မက ဘာလုပ်ရမှာလဲ၊ ဘာလဲ ကျွန်မက ဝတ်ရမှာလား၊ ဟိုတစ်နေ့ကတောင် ကျွန်မရဲ့ စကတ်တစ်ထည် ပျောက်သွားသေးတယ်၊ ရှင့်အပေါင်းအသင်းလေး ပဲ အိမ်မှာ တစ်ချိန်လုံးရှိနေတာပဲ၊ ကျွန်မ ဘယ်လိုလုပ်သိမှာလဲ"

"ဒါဆိုရင် ဘယ်သူလာသေးလဲ၊ ဘယ်သူ ဒီနေရာမှာရှိသေးလဲ ခင်ဗျားသိလား"

"ဘယ်သူမှ လာတာတော့ မတွေ့မိဘူး၊ ကျွန်မလည်း အိမ်မှာ ရှိနေ တာပဲ၊ အဲ … ရှင့်အပေါင်းအသင်းလေးတော့ အပြင်ထွက်သွားပြီး တအောင့် ကြာတော့ ပြန်လာတာတွေ့တယ်"

ဒါကြောင့် ကျုပ်လည်း အီလီယစ်ကိုခေါ်ပြီး မေးကြည့်လိုက်တယ်။

"ကောင်လေး မင်း တစ်ခုခုလုပ်ဖို့များ ငါ့ဘောင်းဘီကို ယူသွားသေး လားကွာ"

"ဟင့်အင်း၊ ကျွန်တော် အဘ ဘောင်းဘီကို ကိုင်တောင် မကြည့်မိဘူး"

ကျုပ်လည်း တစ်အိမ်လုံး ပိုက်စိပ်တိုက် ရှာကြည့်ပါသေးတယ်၊ မတွေ့ပါဘူး။ ဒီကောင်ကတော့ တံခါးဝမှာ ထိုင်ပြီး ယိမ်ထိုးနေတုန်းပဲ။ နောက်ဆုံး ကျုပ်လည်း အီလီယစ်ရှေ့ကိုသွားပြီး၊ သူနဲ့ မျက်နှာချင်းဆိုင်မှာ ဆောင့်ကြောင့်ထိုင်ပြီးတော့ သေတ္တာရှိတဲ့ဘက်ကို ငုံ့ကြည့်သလိုနဲ့ ချက်ချင်း အီလီယစ်ရဲ့ မျက်နှာကို "ဖျတ်ခနဲ'ပြန်လှည့်ကြည့်လိုက်တယ်။

"အလိုလေး"ကျုပ်ရင်ထဲ "ပူခနဲ'ဖြစ်သွားတယ်လို့ ထင်လိုက်တယ်။ ကျုပ်တစ်ကိုယ်လုံးလည်း မွှန်ထူသွားတာပဲ။

ဒီတော့ အီလီယစ်ဟာ ကျုပ်ကို ရုတ်တရက်ကြည့်လိုက်ပြီး …

"ကျွန်တော် မဟုတ်ရပါဘူး အဘရယ်၊ အဘက ကျွန်တော့်ကို ထင် နေတယ် မဟုတ်လား၊ တကယ်ပါ၊ ကျွန်တော် ကိုင်တောင် မကြည့်မိပါဘူး အဘ"

"ဒါဆို ဘောင်းဘီက ဘယ်လိုဖြစ်သွားရတာလဲကွ"

"ဒါတော့ ကျွန်တော် မသိဘူး အဘ၊ အဘဘောင်းဘီကို မြင်တောင်

မမြင်ဖူးဘူး”

ဘာလဲ ဘောင်းဘီက ခြေထောက်ပေါက်ပြီး ထွက်သွားတယ်လို့ မင်းပြောဦးမှာလား”

“အင်း … အဘပြောတာလည်း ဖြစ်နိုင်တာပဲလေ”

အဲဒီလိုလည်း သူပြောလိုက်ရော ထိုင်ရာက ကျုပ် ချက်ချင်းထလိုက် ပြီး အိမ်ထဲဝင်၊ မီးဖွင့်၊ စက်ခုံပေါ်မှာထိုင်ပြီးတော့ အလုပ်ကို ဖိလုပ်လိုက် တော့တယ်။ စာရေးတစ်ယောက်ရဲ့ အင်္ကျီတစ်ထည် လက်ခံထားတာ ရှိတယ်လေ။ ကျုပ်ရင်ထဲမှာ မီးဟပ်ခံထားရတဲ့ ဒဏ်ရာတစ်ခုလိုပဲ ပူစပ်ပြီး ကိုက်ခဲနေတယ်။ ကျုပ်ပိုင်တဲ့ အဝတ်တွေအားလုံး မီးထဲပါသွားသလိုလည်း ခံစားနေရတယ်။ ဒီလောက်ကြီးတော့ ကျုပ်လည်း သည်းမခံနိုင်တော့ဘူး လေ။

ကျုပ်ရင်ထဲက ဒေါသလောင်တိုက်ဟာ တစ်တိုက်ပြီး တစ်တိုက် ဆက်တိုက် ပေါက်ကွဲနေတယ်ဆိုတာ ဒီကောင် ကောင်းကောင်း ရိပ်မိတာပေါ့။

ခင်ဗျားလည်း မှန်းကြည့်လို့ရမှာပါ။ အပြစ်ရှိတဲ့လူတွေဟာ မုန်တိုင်း မလာခင် ငှက်တွေလိုပဲ မုန်တိုင်းရန်ကို အဝေးကြီးက ကြိုသိနေကြတဲ့သဘောပေါ့။

တစ်ခဏကြာတော့ ဒီကောင်က စပြီး ခြောက်ကပ်ကပ် တုန်တုန်ယင် ယင် လေသံနဲ့-

“အဘ”ဟိုမြင်းလှည်းသမားရဲ့ မိန်းမကို လက်ထပ်လိုက်တဲ့ ပရဆေး ရောင်းတဲ့လူလေ၊ တစ်နေ့ကပဲ ဆုံးသွားပြီတဲ့။

ဒီကောင့်ကို ကျုပ် တစ်ချက်လှည့်ကြည့်လိုက်တယ်။ ကျုပ်အကြည့် က စက်ဆုပ်ရွံမုန်းတဲ့ အကြည့်၊ ဒါကို ဒီကောင် ကောင်းကောင်း သိတာပေါ့။ နောက်တော့ အိပ်ရာဘက်ကို ဒီကောင်သွားပြီး ဟိုဟာရှာသလို၊ ဒီဟာရှာ သလို လုပ်နေတယ်။ ကျုပ်လည်း အသာဆက်ကြည့်နေလိုက်တယ်။ တော် တော်ကြာတဲ့အထိ ဒီကောင် အလုပ်ရှုပ်နေတုန်းပဲ။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ ဘာတွေ ရွတ်နေမှန်းလည်း မသိဘူး။ နောက် ခုတင်အောက်ကို ကုန်းဝင်သွားတယ်။ ကျုပ်လည်း ဆက်ပြီး အောင့်မနေနိုင်တာနဲ့ -

“ဟေ့ကောင်၊ အဲဒီအောက် မှာ ဘာကိစ္စရှိလို့လဲ”

“အဘ ဘောင်းဘီ ရှာကြည့်မလို့ပါ၊ တစ်နေရာရာမှာများ ကျနေ မလားလို့”

“ငါလို ရိုးရိုးသားသား ဆင်းရဲနေတဲ့ လူတစ်ယောက်ကို မင်းဘာလို့ အကူအညီပေးဖို့ ကြိုးစားနေရတာလဲ အီလီယစ်ရယ်”

"ကိစ္စမရှိပါဘူး အဘ၊ ကျွန်တော်က ကြည့်ရုံတင်လေးပါ"

"အဘ ဘောင်းဘီက ပြန်ရောက်ရင်လည်း ရောက်လာနိုင်လို့ပါ"

"ဟေ့ကောင် ဒီကိုကြည့်စမ်း၊ ငါ့ဘောင်းဘီကို ခိုးပြီး ငါ့ကျေးဇူးကို ဆပ်လိုက်တာပေါ့ ဟုတ်လား"

"မဟုတ်ဘူး အဘ၊ မဟုတ်ဘူး"

ကုတင်အောက်မှာ ကုန်းကုန်းကြီးလုပ်နေတဲ့ ဒီကောင်ကိုကြည့်ပြီး ကျုပ် ဒေါသကို ထိန်းလို့မရတော့ဘူး၊ အတော်ကြာတော့ ဒီကောင်ပြန်ထွက် လာတယ်။

ဒီကောင့်မျက်နှာဟာ စက္ကူရွက်လိုပဲ ဖြူဖပ်ဖပ်နဲ့ မတ်တတ်ရပ်နေတယ်၊ ပြီးတော့ ထိုင်ချလိုက်တယ်။

ဒီလိုနဲ့ ထိုင်နေလိုက်တာ နာရီဝက်လောက် ကြာသွားတဲ့အထိပဲ။

"ကျွန်တော် မဟုတ်ဘူး အဘ"

ပြောပြောဆိုဆို ကျုပ်ထိုင်နေတဲ့ တံခါးနားကို လျှောက်လာတယ်။ ဒီကောင် ကြောက်လန့်ပြီး သွေးပျက်နေတဲ့ပုံဗျ။

"မဟုတ်ဘူး အဘ၊ အဘ ဘောင်းဘီကို ကျွန်တော် ကိုင်တောင် မကြည့်ပါဘူး"

ဒီကောင့်တစ်ကိုယ်လုံးဟာ လှုပ်ယမ်းနေတာပဲ၊ တဆတ်ဆတ်တုန် နေတဲ့ သူ့လက်ချောင်းလေးတွေနဲ့ သူ့ရင်ဘတ်ကို တဖတ်ဖတ် ပုတ်နေတယ်။ မွဲခြောက်နေတဲ့ ဒီကောင့်အသံဟာ ရှုံ့အတိမ်ဝင်သွားတယ်။ ဘေး နားက တံခါးပေါက်ဟာလည်း ကျုပ်ကို လှမ်းဆွဲလိုက်သလိုပဲ။ ကျုပ်လည်း လန့်သွားတယ်။

"ကဲပါ ကဲပါ၊ ဒီကိစ္စကို တို့တွေ မေ့လိုက်ကြရအောင်၊ မဆင်မခြင် စွပ်စွဲမိတဲ့ ငါ့ကိုလည်း ခွင့်လွှတ်ပါ၊ ဒီဘောင်းဘီမရှိလည်း တို့တွေ နေလို့ရ နိုင်ပါတယ်ကွာ၊ တို့တွေမှာ လက်လေးဘက်တောင် ရှိနေသေးတာပဲ မဟုတ် လား၊ ငမွဲတွေလို တောင်းစားဖို့လည်း မလိုပါဘူး၊ တို့အစာ တို့ရှာကြတာပေါ့ ဟုတ်လား"

ကျုပ်ပြောတဲ့စကား ဆုံးတာနဲ့ သူဟာ ကျုပ်ရှေ့မှာ လာရပ်နေတယ်။ သူ့ကို ကျုပ် တစ်ချက်တော့ ကြည့်လိုက်သေးတယ်။ အဲဒီနေရာမှာ သူ ထိုင် လိုက်တယ်။ ဒါနဲ့ ကျုပ်လည်း အိပ်ရာထဲဝင်လာခဲ့တယ်။ သူကတော့ မလှုပ် မယှက်နဲ့ ထိုင်နေလိုက်တာ မိုးလင်းတဲ့အထိပဲ ဆိုပါတော့ဗျာ။

“မိုးလင်းတော့ ကြမ်းပြင်ပေါ်မှာ ကုတ်အင်္ကျီအစုတ်လေးကို ခြုံပြီး ကွေးကွေးလေးအိပ်နေတာ တွေ့လိုက်ရတယ်။ အိပ်ရာထဲဝင်ပြီး မအိပ်နိုင်လောက်အောင် စိတ်ထိခိုက်သွားတယ် ထင်တာပဲ။

အဲဒီနေ့ကစပြီး ကျုပ် သူ့ကို မနှစ်မြို့တော့ဘူး။ အမှန်ပြောရရင် ပထမရက်တွေထဲကိုက သူ့ကို မုန်းနေမိတယ်။ ကျုပ်စိတ်ထဲက ထိခိုက်ခံစားလိုက်တာကို ဘယ်လိုပြောရင် ကောင်းမလဲ။ ဒီလိုဗျာ၊ သားလုပ်တဲ့လူက အဖေကို ရက်ရက်စက်စက် ရိုက်နှက်ပြီး ခေါင်းပြတိုက်ခံလိုက်ရတဲ့ အဖေတစ် ယောက်ရဲ့ အဖြစ်မျိုးလိုပဲ။

ဩော် ... အီလီယစ် ... အီလီယစ်။

အဲဒီနေ့ကစပြီး အရက်ကို မနားတမ်း သောက်တော့တာပါပဲ။ ၂၄ နာရီ မူးနေတာပဲ တွေ့ရလိမ့်မယ်။ မိုးလင်းတာနဲ့ထွက်၊ မိုးစုံးစုံးချုပ်မှပြန်လာ၊ ကျုပ်ကိုလည်း စကားတစ်လုံးမှ မပြောတော့ဘူး။

သောကမီးတောက်တွေဟာ သူ့တစ်ကိုယ်လုံးကို တဖြည်းဖြည်း ဝါးမျိုပြီး ပြာဖြစ်သွားတော့မယ့် အတိုင်းပါပဲ။

နောက်တော့ ဘယ်လိုက ဘယ် လိုဖြစ်သလဲတော့ ကျုပ်လည်း မသိဘူး။ အပြင်ထွက်တာ မတွေ့ပြန်တော့ဘူး။ အရက်သောက်တာလည်း ရပ် သွားတယ်။

ဒါပေမဲ့ ကြည့်လိုက်တိုင်း တံခါးဝမှာ ထိုင်ထိုင်နေတာ တွေ့ရတယ်။ ကျုပ်မှတ်မိသလောက် ဆိုရင်တော့ အဲဒီမှာ သူ ထိုင်နေတာ ၃ ရက်နဲ့ ၃ ညတိတိပဲ။ တစ်နေ့တော့ မထင်မှတ်ဘဲ သူ ငိုနေတာ တွေ့လိုက်ရတယ်။ သူ ငိုနေတယ်ဆိုတာ သိပေမယ့် သူ့ဆီက ငိုသံကိုတော့ မကြားရပါဘူး။ ရေစီး သံမကြားရဘဲ စီးဆင်းသွားတဲ့ စမ်းချောင်းကလေးတစ်ခုလိုပဲ။ သူ့မျက်ရည် တွေဟာ ဘယ်ကဘယ်လို စီးကျလာသလဲဆိုတာတောင် သူ သိမယ့်ပုံ မရ ဘူး။ သူ့ကိုကြည့်ရတာ သောကတွေနဲ့ စိတ်ဆင်းရဲနေရတဲ့ အဘိုးကြီးတစ် ယောက်ကို ကြည့်နေရသလိုပဲ။ တော်တော်တော့ ဝမ်းနည်းစရာ ကောင်းပါ တယ်။ ပါဦး”
“ကောင်လေး၊ မင်း ဘာများဖြစ်လို့လဲကွယ်၊ ငါ့ကိုလည်း ပြောစမ်း”

ရုတ်တရက် ကျုပ်အသံ ကြားလိုက်ရတော့ သူတစ်ကိုယ်လုံး ခေတ်လိုက်သလို တုန်ခါသွားတယ်။

“ဘာမှမဖြစ်ပါဘူး အဘ”

“မင်းက ဒီလို ငိုငိုနေတော့ ငါ့အဖို့လည်း ဘယ်စိတ်ကောင်းနိုင်ပါ့မလဲကွယ်”

"မဟုတ်ဘူး အဘ၊ ဘာကိစ္စ မှမဟုတ်ဘူး၊ ကျွန်တော် အလုပ်တစ်ခုခု လုပ်ချင်နေလို့ပါ" "မောင်မင်းကြီးသား ကျားသားမိုးကြိုးပါလားဟေ့၊ အလုပ်လုပ်တော့ မယ်ပေါ့ ဟုတ်လား၊ ကောင်လေး" "ဟုတ်တယ် အဘ၊ ကျွန်တော့်အခြေအနေကို ကျွန်တော် သဘောပေါက်ပါပြီ၊ အဘကိုလည်း ကျွန်တော် ဒုက္ခမပေးချင်တော့ဘူး"

"ကျွန်တော် အိုင်ဗန်နစ်ဆီမှာ အလုပ်လုပ်ဖို့ပြောပြီးပြီအဘ၊ ကျွန်တော် အဆင်ပြေလာတာနဲ့ အဘရဲ့ ကျေးဇူးတွေကို ပြန်ဆပ်ပါရစေ" "မလိုပါဘူး ကောင်လေးရယ်၊ မလိုတော့ပါဘူး၊ ပြီးတာတွေ ပြီးပါ စေတော့၊ ဒါတွေကို မေ့ထားကြစို့ရဲ့ ၊ အရင်အတိုင်းပဲ တို့တွေ နေသွားကြရ အောင် ဟုတ်လား"

"မဟုတ်သေးဘူး အဘ၊ အဘကတော့ ကျွန်တော့်ကိုပဲ ထင်နေမှာ ပါ၊ ဒါပေမဲ့ အဘရဲ့ ဘောင်းဘီကို လက်နဲ့တောင် ကျွန်တော် မကိုင်ကြည့်မိပါဘူး"

"ကိုင်း... ဒီလောက်ပြောလို့မှ မရရင်လည်း မင်းသဘောအတိုင်းပဲ ကောင်လေးရေ"

"မဟုတ်ဘူး အဘ၊ အဘကတော့ ကျွန်တော့်ကို ခွင့်လွှတ်မှာပါ၊ ဒါပေမဲ့ ကျွန်တော်နဲ့ အဘနဲ့ ဆက်နေလို့ မဖြစ်နိုင်တော့လို့ပါ"

"ဘုရားရေ၊ ဘာဖြစ်ရပြန်ပြီလဲ၊ ကောင်လေးရယ်၊ မင်းကို ဘယ်သူ ကများ စော်ကားလို့လဲ၊ ဘယ်သူကများ နှင်ချဖူးလို့လဲ၊ ငါများ မောင်းချ လိုက်မိသလားကွယ်"

"ဘယ်သူမှ မောင်းချလို့မဟုတ်ပါဘူး အဘ၊ ကျွန်တော် ဒီမှာ ဆက်နေ လို့ မသင့်တော်လို့ပါ၊ ကျွန်တော် ထွက်သွားတာက ပိုကောင်းပါတယ် အဘ ရယ်"

သူပြောတဲ့စကားတွေဟာ ကျုပ်ရင်ကို တိုက်ရိုက်ထိမှန်ပြီး စွေ့စွေ့ ခုန် မတတ်ဘဲ၊ နာကျင်တာလည်း မျက်လုံးတွေ ပြာဝေသွားတဲ့အထိ။ သူ တကယ်ပဲ သွားတော့မယ်လေ။

ကောင်လေးက မတ်တတ်ရပ်လိုက်တယ်။ နောက် သူ့ကုတ်အင်္ကျီ အစုတ်လေးကို ပခုံးပေါ်တင်လိုက်တယ်။

"နေပါဦး ကောင်လေးရယ်၊ မင်း ဘယ်ကိုများ သွားမလို့တုံး၊ အကျိုး နဲ့ အကြောင်းနဲ့ ငါ ပြောပြတာကိုလည်း နားထောင်ပါဦးကွာ၊ ငါနဲ့ အတူ မနေနိုင်လောက်အောင် မင်း ဘာများဖြစ်နေလို့လဲ"

"ကျွန်တော် သွားပါရစေတော့ အဘ၊ ကျွန်တော် ထွက်သွားတာက

အဘအတွက်ပိုကောင်းပါတယ်၊ အဘကလည်း အရင်လိုမဟုတ်တော့ဘူးလေ”

ကျုပ်ကို ပြောရင်းပြောရင်းနဲ့ သူ့ရဲ့ ရှိုက်ငိုသံက တဖြည်းဖြည်း ကျယ်လောင်လာတယ်။ နောက်ဆုံးမှာတော့ ရေလှောင်တာတမံတစ်ခု ကျိုးပေါက်သွားသလို ပွင့်ထွက်သွန်မှောက် ချုံးပွဲချ ငိုပစ်လိုက်တော့တယ်။

“ငါက အရင်လိုမဟုတ်တော့ဘူး၊ မင်း ဘာကိုပြောချင်တာလဲ ကောင်လေး၊ ငါက အရင်အတိုင်းပါပဲကွာ၊ မင်းသာ ဒီကထွက်သွားရင် လူမမည်ကလေး တစ်ယောက်လို ဖြစ်သွားမှာပေါ့”

“မဟုတ်ဘူး အဘ၊ အခုဆိုရင် အဘဟာ အပြင်ထွက်တိုင်း အဘရဲ့ သေတ္တာကြီးကို သေသေချာချာကြည့်ပြီးမှ ထွက်နေရပြီမဟုတ်လား၊ အဘ အဲဒီလိုလုပ်နေတာကို ကျွန်တော် မြင်ရတိုင်း၊ ကျွန်တော် ငိုနေရပြီ အဘ၊ ကျွန်တော့်ကို သွားခွင့်ပြုပါ အဘရယ်၊ အဘကို ဒုက္ခပေးမိတဲ့အတွက်လည်း ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် သွားပြီ အဘ”

အဲဒီနေ့က သူ ပြန်လာလိမ့်မယ်အထင်နဲ့ တစ်နေကုန် ကျုပ် စောင့်ပါသေးတယ်။ ဒါပေမဲ့ ပြန်မလာဘူး။ နောက်နှစ်ရက်မြောက်တဲ့အထိ ဒီက လေး ရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရတော့ဘူးလေ။ ကျုပ်ရင်ထဲလည်း ဒီကလေးအတွက် ပူပင်သောကတွေ ပိုပိုကဲလာတယ်။ သူ့အတွက် စားလို့ မရ၊ အိပ်လို့မရနဲ့ နေမထိ ထိုင်မထိဖြစ်နေတယ်။ ခင်ဗျား ယုံချင်မှ ယုံလိမ့်မယ်။ တကယ်ပါ။ ဒီကလေးဟာ ကျုပ်ရဲ့ ခြေတွေလက်တွေကို ဖြုတ်ယူသွားသလို ပဲ။ လေးရက်မြောက်တော့ သူ့ကို ရှာမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ကျုပ် အပြင် ထွက်လာခဲ့တယ်။

ဘုံဆိုင်တွေအားလုံးကို လိုက်ချောင်းကြည့်တယ်။ သူနဲ့ပတ်သက်တဲ့ နီးစပ်ရာတွေမှာလည်း စုံစမ်းကြည့်တယ်။ ဒါပေမဲ့ အဖြေကတော့ မသိဆို တာပဲပေါ့ဗျာ။ ဒီကလေး ပျောက်သွားပြီလေ။ သူတစ်ယောက်တည်း ဘယ် လိုများ နေထိုင်စားသောက်နေပါ့မလဲ။ မူးရူးပြီး လမ်းဘေးမှာများ လဲနေ မလား။ ဒီကလေးနဲ့ ပတ်သက်ပြီး တောင်တွေး မြောက်တွေးနဲ့ ကျုပ် စိတ် ဆင်းရဲနေရတယ်။ ကျုပ်ကိုယ်ကျုပ်လည်း သေပစ်ချင်တဲ့စိတ်တောင် ပေါက် လာတယ်။ နောက်နေ့လည်း ဒီလိုပဲ ထွက်လာခဲ့တယ်။

“ငါဟာ အရူးတစ်ယောက်လို ဒီကလေးကို သွားခွင့်ပြုလိုက်တာပဲ”

အဲဒီလိုကို ကျုပ်ကိုယ်ကျုပ် ကျိန်ဆဲနေမိတယ်။ ဒီလိုနဲ့ ၅ ရက်မြောက် လာတယ်။ အဲဒီနေ့က ရုံးပိတ်ရက်၊ လင်းအားကြီး ကျုပ်အခန်းတံခါး ဖွင့်သံ ကြားလို့ ကြည့်လိုက်တော့ ‘အီလီယစ်” လေ။ အခန်းထဲ ဝင်လာတယ်။ သူ့ မျက်နှာဟာ

ပြာနှမ်းလို့၊ ဆံပင်တွေဟာလည်း ညစ်ပတ်ပြီး ရှုပ်ပွနေတယ်။ ကျုပ် အကဲခတ်မိသလောက်တော့ ဒီကလေး လမ်းဘေးမှာအိပ်ပြီး ထလာ တဲ့ပုံမျိုး။ ခန္ဓာကိုယ်ဟာလည်း ပိန်ပြီး ခြောက်ကပ်နေတာပဲ။ သူ့ကုတ်အင်္ကျီ ကို ချွတ်လိုက်ပြီး သေတ္တာပေါ်မှာ ထိုင်ချလိုက်တယ်။ ပြီးတော့ ကျုပ်ကို တစ် ချက် လှမ်းကြည့်တယ်။ သူ ပြန်လာတာ တွေ့လိုက်ရတော့ ကျုပ်ရင်ထဲမှာ ပျော်နေတယ်။

ဒါပေမဲ့ ကျုပ်ဟာ အကုသိုလ်တစ်ခုခုကို ကျူးလွန်မိသလိုလည်း ခံစားနေရပြန်တယ်။ ဟုတ်တယ်လေ။ ဒီအချိန်မတိုင်ခင်က ကျုပ်ဟာ ခွေး တစ်ကောင်လို သေဆုံးခဲ့ရပြီးပြီပဲ။

အခုဒီကလေး အိမ်ပြန်လာပြီ။ ဒါပေမဲ့ ဒီကလေးကို တွေ့ လိုက်ရတော့ စိတ်မချမ်းသာ ဖြစ်ခဲ့ရတယ်။ သူ့ကိုကြည့်ရတာ မြေကြီးထဲ တဖြည်းဖြည်း ကျွံဝင်သွားတဲ့လူတစ်ယောက်ကို ကြည့်နေရသလိုပဲ။ ကျုပ် သူ့ကို ကြင်ကြင် နာနာပဲ ကြိုဆိုလိုက်တယ်။

"မင်း ပြန်လာတယ်၊ ဝမ်းသာလိုက်တာ ကလေးရယ်၊ ဒီလောက် အကြာကြီး ဘယ်တွေများ သွားနေတာ လဲကွာ၊ ဒီနေ့လည်း ဘုံဆိုင်တွေမှာ မင်းကို လိုက်ရှာဦးမလို့ပဲ၊ အခု မင်း ဆာနေပြီလား"

"မဆာပါဘူး အဘ"

"လာစမ်းပါ၊ ငါ သိပါတယ်၊ ဒီမှာ ဂေါ်ဖီဟင်းချို၊ မနေ့က လက်ကျန် လေ တွေ့လား၊ အသားတွေလည်း ပါတယ်၊ ကောင်းမှကောင်းနဲ့၊ ဟိုမှာက ပေါင်မုန့်၊ ကြက်သွန် လာပါ စားမှာ စားစမ်းပါ၊ ငါ ကျွေးတာ စားလို့ မင်း ဒုက္ခမရောက်ပါဘူး"

သူ စားနေတာကို ကြည့်ပြီး ဒီက လေး သုံးရက်လုံးလုံး အစာမစားရ သေးဘူးဆိုတာ ကျုပ် သိနေတယ်။ သူဟာ အစာငတ်နေတဲ့ ခွေးလို အကုန်လုံး စားပစ်လိုက်တယ်။ အခု ကျုပ်ဆီကို ရောက်လာတာလည်း ဆာလောင် တဲ့ ဒဏ်က တွန်းပို့ပေးလိုက်တယ်ဆိုတာ ကျုပ်သိနေတယ်။ ကျုပ်ရဲ့ နှလုံး သားတွေဟာ တစ်စစီ ကြေမွ လွင့်စဉ်သွားတယ်။ စိတ်ထဲမှာ သူ့ကိုလည်း ဒေါသမဖြစ်မိတော့ပါဘူး။ ပြီးခဲ့တာတွေလည်း ပြီးစေပေါ့။ သူ ကျေနပ်အောင် လည်း တစ်ခုခုလုပ်ပေးချင်သေးတယ်။ အဲဒီစိတ်ကူးနဲ့ ဘုံဆိုင်ဘက်ကို ထွက် လာပြီး ဗော်ဒကာအရက်တစ်လုံး ဝယ်လိုက်တယ်။

"ဟေ့ .... အီလီယစ်၊ ဒီနေ့ ရုံးပိတ်ရက်လေကွာ၊ ဒီတော့ တို့နှစ်ယောက် အရက်လေး ဘာလေး သောက်ကြရအောင်လား၊ ဘယ့်နှယ့်လဲ သောက်မယ် မဟုတ်လား၊ မင်းလည်း လန်းလန်းဆန်းဆန်း ဖြစ်သွားအောင်ပေါ့"

ကျုပ် ငုံ့ပေးတဲ့ အရက်ခွက်ကို သူ လှမ်းယူလိုက်တယ်။ ပြီးတော့ ငမ်းငမ်းတက် ခွက်ကို စိုက်ကြည့်နေတယ်။ နောက်တော့ ဘာစိတ်ကူးပေါက်သွားတယ်တော့ မသိဘူး။ ခွက်ကို ပြန်ချထားလိုက်ပြန်တယ်။ တစ်ခါခွက် ကို ပြန်ကောက်လိုက်ပြီး နှုတ်ခမ်းမှာတေ့ မော့ချလိုက်တဲ့ အခါမှာတော့ အရက်တွေဟာ အပေါ်တစ်ဝက် အောက်တစ်ဝက်နဲ့ သူ့အင်္ကျီပေါ် ဖိတ်ကျ ကုန်တယ်လေ။

"ဘာဖြစ်လို့လဲ ကောင်လေး"

" "ဘာမှမဖြစ်ပါဘူး အဘ၊ ကျွန်တော် ဟို ..."

"မင်း မသောက်ချင်လို့လား"

"ဟုတ်တယ် အဘ၊ ကျွန်တော် မသောက်ချင်ဘူး"

"နေပါဦးဟ၊ မင်းစကားက ဒီနေ့ မသောက်ချင်တာကို ပြောတာ လား၊ ဒါမှမဟုတ် အရက်ကို လုံးဝဖြတ်လိုက်တာကို ပြောတာလား"

ကျုပ်မေးတဲ့ မေးခွန်းကို မဖြေသေးဘဲ လက်ပေါ်မှာမေးတင်ပြီး ထိုင် နေတယ်။

"ဟုတ်တယ် အဘ၊ ကျွန်တော် တစ်မျိုးကြီးဖြစ်နေတယ်။ ဒါနဲ့ သူ့ကို အိပ်ရာထဲတွဲပို့ပေးလိုက်ရတယ်။ ဟုတ်တယ်၊ ဒီကလေး တကယ်နေမကောင်း ဖြစ်နေတာပဲ။ သူ့ခေါင်းဟာ ပူခြစ်ပြီး အဖျားသွေးကြောင့် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေတယ်။ ဒါနဲ့ ကျုပ်လည်း သူ့ဘေးမှာတစ်ချိန်လုံး ထိုင်စောင့် နေရတော့တာပေါ့ဗျာ"

ညရောက်တော့ ဒီကလေး အခြေအနေက ပိုဆိုးလာတယ်။ ကျုပ် လည်း စွတ်ပြုတ်ကလေးလုပ်ပြီး သူ့ကို ကျွေးကြည့်သေးတယ်။

"အီလီယစ် နည်းနည်းလောက်တော့ စားလိုက်ပါလား ကလေး၊ ဒါ မှ မင်း နေကောင်းသွားမှာပေါ့"

"ကျွန်တော် စားချင်စိတ်မရှိလို့ပါ အဘရယ်"

ဒါနဲ့ ကျုပ်လည်း လက်ဖက်ရည်ဖျော်ပြီး တိုက်ကြည့်သေးတယ်။ ကျုပ် လုပ်တာနဲ့ပဲ အိမ်ရှင်မိန်းမကြီးလည်း အငြိမ်မနေရတော့ဘူး။ ပျာယာ ခတ်သွားတော့တာပဲ။ ကောင်လေးရဲ့ အခြေအနေကတော့ ထူးခြားမလာ ပါဘူး။

ဒါဟာ ကောင်းတဲ့ အခြေအနေတော့ မဟုတ်ဘူးလို့ ကျုပ်လည်း

စဉ်းစားမိတာနဲ့ ဆရာဝန်ကို ပြေးပင့်လိုက်ရတယ်။ ဆရာဝန်ရဲ့ အိမ်ကလည်း ကျုပ်တို့နဲ့ တစ်လမ်းတည်းလေ။ နာမည်က “ကော့စကိုဗလာတော့” တဲ့။

ကျုပ် ဝန်ထမ်းဘဝနဲ့တုန်းက သိခဲ့ကြတဲ့ မိတ်ဆွေတွေ ဆိုပါတော့။ ဆရာဝန်က ကောင်လေးကို သေသေချာချာ စမ်းသပ်ကြည့်ပြီး သူ့ မှတ်ချက်က ကောင်လေးရဲ့အခြေအနေဟာ လုံးဝ ဆိုးဝါးနေပြီလို့ ဆိုတယ်၊ သူ့ရဲ့ကုသမှုဟာလည်း ဘာမှအကျိုးထူးမှာ မဟုတ်တော့ဘူးတဲ့။

ဒါပေမဲ့ ဆရာဝန်က ကျုပ် စိတ်ချမ်းသာအောင်တော့ ဆေးတချို့ ပေးသွားတယ်။ ကျုပ်လည်း သဘောပေါက်လိုက်ပါတယ်။ ဒါဟာ ကျုပ်ကို နှစ်သိမ့်သွားတာပဲ မဟုတ်လား။ ကောင်လေးကတော့ ကျုပ်ရှေ့မှာ ပက်လက်ကလေး၊ ကျုပ်က တံခါးဝမှာထိုင်ပြီး အလုပ်လုပ်နေလိုက်တယ်။ အိမ်ရှင်မိန်းမကြီးက မီးဖို ချောင်ထဲမှာ။ အားလုံးဟာ တိတ်ဆိတ် ငြိမ်သက်နေကြတယ်။ ဒီကလေး အကြောင်းကိုတွေးပြီး ကျုပ်ရင်ထဲ ဆူပွက်ပူလောင်နေတယ်။ သားအရင်း တစ်ယောက်ကို လက်လွှတ်ဆုံးရှုံးရတော့မယ့် ဖခင်တစ်ယောက်ရဲ့အဖြစ်လို ပဲ ခံစားနေရတယ်။

ကျုပ် သိပါတယ်။ ဒီကလေးဟာ တစ်ချိန်လုံး ကျုပ်ကို ကြည့်နေပြီး သူ တစ်ခုခုပြောချင်နေတယ်။ ဒါပေမဲ့ သူ့ကြည့်ရတာ မပြောရဲဘူး။

ဒါကြောင့် ကျုပ် သူ့ကို သေသေချာချာကြည့်လိုက်တယ်။ သူ့မျက်လုံး အိမ်ထဲမှာ ကြောက်စရာကောင်းလောက်တဲ့ ကြေကွဲ ဝမ်းနည်းမှုတွေကို တွေ့လိုက်ရတယ်။

ကောင်လေးရဲ့ အကြည့်တွေဟာ ကျုပ်ဆီကနေ နည်းနည်းလေးမှ မခွာဘူး။ ဒါပေမဲ့ ကျုပ် သူ့ကိုကြည့်လိုက်တဲ့အခါ မျက်လွှာချသွားပြီး အခြား တစ်နေရာကို လွှဲကြည့်လိုက်တယ်။

“အ… ဘ … ”

“ပြော ကလေး၊ မင်း ဘာပြောချင်လဲ”

“ကျွန်တော့်ကုတ်အင်္ကျီကို အဟောင်းတန်းမှာ သွားရောင်းရင် ဘယ် လောက်ရမလဲ အဘ”

“ငါ ဘယ်ပြောနိုင်မလဲ ကလေးရယ်။ တစ်ကျပ်လောက်တော့ ရချင် လည်း ရမှာပေါ့၊ ဘယ်လောက် ရမလဲဆိုတာသာ မသိတာ။ မင်းအင်္ကျီကို သွားရောင်းရင်တော့ အဟောင်းတန်းကလူတွေက ရှေးဟောင်းပစ္စည်းဆို ပြီး ငါ့ကို ဝိုင်းဟားကြမှာ သေချာတယ်ဟေ့”

ဒီကလေးဟာ တော်း၊ အေ တစ်ယောက်မှန်း ကျုပ် သိတာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ် ဒီစကားကို ပြောလိုက်တာ ဒီကလေး ပျော်သွားပါစေတော့၊ စိတ်သက်သာပါစေတော့ဆိုတဲ့ သဘောရိုးနဲ့ တမင် ပြောလိုက်တာပါဗျာ။ "ဒါပေမဲ့ အဘရယ်၊ သူတို့ ကျွန်တော့်အင်္ကျီကို သုံးကျပ်လောက် တော့ ပေးကြမယ် ထင်ပါတယ်၊ အသားကလည်း ကောင်းပါတယ် အဘရယ်၊ သက္ကလပ်စလေ"

"ငါကတော့ အဲဒါတွေမသိဘူး ကလေး၊ တကယ်လို့ မင်း ရောင်းမယ့် စိတ်ကူးရှိရင်တော့ မင်း ပြောသလို ၃ ကျပ်လောက်တော့ အရင် တောင်း ကြည့်ရမှာပေါ့"

ကောင်လေးက ဘာမှမပြောတော့ဘဲ ငြိမ်သွားပြန်တယ်။ တစ်အောင့်ကြာမှ ...

"အဘ"

"ပြော ကလေး၊ နားထောင်နေတယ်"

"ကျွန်တော် သေရင် ကျွန်တော့်ကုတ်အင်္ကျီလေးကို ရောင်းပေးပါ အဘ၊ ကျွန်တော့်ကို သင်္ဂြိုဟ်တဲ့အခါ အဲဒီအင်္ကျီကိုဝတ်ပေးပြီး မြေမမြှုပ်ပါနဲ့ အဘရယ်"

"အင်္ကျီကို ရောင်းလိုက်ရင် နည်းနည်းပါးပါးတော့ ရမှာပါပဲလေ၊ အဘအတွက် "အသုံး" လေးလည်း ရအောင်လို့ပါ"

ဒီကလေး ပြောတာတွေကို နားထောင်နေရင်း ကျုပ်ရင်ထဲ ဘယ် လောက် နာကျင်နေတယ်ဆိုတာ ခင်ဗျားကို ဘယ်လိုပြောပြရမလဲ။ ကျုပ် သိတယ်။ သေခြင်းဆိုတဲ့အရာဟာ သူ့ ဆီကို လာနေပြီ။ ကျုပ်တို့နှစ်ယောက် လုံးဟာ စကားတစ်လုံးမှ မပြောနိုင်ကြတော့ဘဲ တစ်နာရီလောက် ငြိမ်သက် သွားတယ်။ ဒီကလေး ကျုပ်ကို စိုက်ကြည့်နေတယ်ဆိုတာလည်း သိနေတယ်။ ကျုပ်က ကြည့်လိုက်လို့ သူ့အကြည့်နဲ့ ဆုံသွားတိုင်း သူ့မျက်လွှာကို ချပစ် လိုက်တယ်။

"ကလေး မင်း ရေသောက်ချင်နေလား"

"ဟုတ်ကဲ့"

သူ့ကို ရေနည်းနည်း တိုက်လိုက်ရတယ်။

"ကျေးဇူးပါပဲ အဘရယ်"

"ကလေး မင်း ဘာစားချင်သေးလဲ ဟင်"

“ဟင့်အင်း ဘာမှမစားချင်ဘူး ... အဘ၊ ကျွန်တော် ... တစ်ခု”

“ပြော၊ ကလေး၊ မင်း ဘာပြောချင်လို့လဲ”

“ဟို မြင်းစီးဘောင်းဘီ ခိုးသွားတဲ့သူ၊ အဲ့ဒီလူဟာ ဟို ... ကျွန်တော် ပါ အဘ”

“သြော် ... ကလေးရယ်၊ အဘ မင်းကို ခွင့်လွှတ်ပြီးသားပါကွယ်၊ မင်းဟာ သနားစရာ ကောင်းလောက်အောင် ဝမ်းနည်း ကြေကွဲတတ်တဲ့ လူသားတစ်ဦးပါပဲလား၊ ငြိမ်းငြိမ်းချမ်းချမ်းသာ မင်းရဲ့ခရီးကို ထွက်ခွာသွား ပါတော့ ကလေးရယ်”

ကျုပ်ရင်ထဲမှာ ဆို့နစ်ပြီး အသက်ရှူရပ်သွားတယ်။ ရုတ်တရက် မျက်လုံးထဲက လျှံထွက်လာတဲ့ မျက်ရည်တွေကြောင့် ကျုပ် မျက်နှာကို သူ့ ရှေ့က လွှဲပစ်လိုက်ရတယ်။

ဒီကလေး ကျုပ်ကို တစ်ခုခု ပြောချင်နေတယ်ဆိုတာ ကျုပ် သိတယ်။ ထထိုင်ဖို့ သူ ကြိုးစားသေးတယ်၊ တစ်ခုခုပြောဖို့လည်း ကြိုးစားသေးတယ်။ ဗလုံးဗထွေးနဲ့ တစ်ခုခုကိုတော့ ပြောနေတယ်လေ။ ဒါပေမဲ့ နောက်ဆုံး သူဟာ တဖြည်းဖြည်းချင်း နစ်မြုပ် ပျောက်ကွယ်သွားသလိုပါပဲ။ သက် ပြင်း တစ်ချက်ကို နာနာကျင်ကျင် ရှိုက်လိုက်ရင်း သူ့ဦးခေါင်းဟာ နောက်ကို လန်ကျသွားတော့တယ်လေ။

■

WHISPER of WORDS
Subscribe Telegram Channel
https://t.me/TheBookR